ဒုဏ္ဍမှုတာပေဆုရ

# တိမ်လွှာအောက်မှ စိမ်းလန်းသည့်မြေ

နန္ဒာခင်

|သဏ္ဍာပမြေ|



၂၀၁၃ ခုနှစ်၊ ပခုက္ကူဦးဖိုးဖေတည်ထောင်သော
ပခုက္ကူစာပေဆု၊ ဝတ္ထုရှည်၊ တတိယဆု

# ထိပ်ဈွာဝေဝေတော်မှ စိမ်းလန်းသည့်မြေ

## နန္ဒာခင် (သက္ကလမြေ)


တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)

အဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၇၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် ဒေဗ္ဗာစာတည်းမှူးချုပ်
ဦးမိုးမြင့်သန်း (ရွှေသင်နိုင်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၇၉၁၁ ဖြင့် ထုတ်ဝေသည်။
အောင်ဆန်းပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

## ကျေးဇူးတင်လွှာ

ဤစာအုပ်ရေးသားရန်အတွက် ဖျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းသို့ လေ့လာရေးသွားစဉ်က အကူအညီပေးခဲ့ကြသည့် ဖျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကထိက ဒေါ်ဝင်းမာသန်း (ဥယျာဉ်ခြံသီးနှံဌာန) နှင့် ဖျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ တတိယနှစ်ကျောင်းသူ မခင်မြူမွေး (နိဗ္ဗာန်ရွာ) တို့အားလည်းကောင်း၊ မြင်ပအဆောင်ပိုင်ရှင် အန်တီများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

# တိမ်လွှာစအောက်မှ စိမ်းလန်းသည့်မြေ

## အခန်း (၁)

ယနေ့မိုးကောင်းကင်မှာ ကြည်လင်လှ၏။ အပြာရောင်တောက်ပနေသော မိုးကောင်းကင်ကြီးမှာ မိုးတိမ်လုံးဝမရှိ ပကတိကြည်လင်နေသဖြင့် ရွှေရောင်တောက်နေသော နေမင်းကြီးသည် တိမ်လွှာအတားအဆီးမရှိ စွမ်းအားရှိသမျှဖြန့်ကြက်ထား၏။ နံနက်ခင်း၏ နေရောင်ခြည်ကြောင့် ချောင်းရေပြင်မှာ ရေလှိုင်းတို့သည် တလက်လက် လှုပ်လှုပ်ရှားရှား ... ရှိကြသည်။ ဘဲကျောင်းလှေကလေးတစ်စင်းသည် ချောင်းညာရှိ ဘဲအုပ်ကြီးကို မောင်းရန် လှော်ခတ်လာ၏။ ရေကျရက်မဟုတ်သဖြင့် ချောင်းရေသည် လယ်ကန်သင်းများကို ရိုက်ခတ်ဆော့ကစားနေကြသည်။ ဘဲကျောင်းလှေကလေးမှာ လူတစ်ယောက်နှင့် တောင်းတစ်တောင်းသာ တင်နိုင်သော စပ်လှေအသေးလေးဖြစ်၏။ တစ်ဦးသာ လှော်တက်ဖြင့် ဘယ်ညာပြိမ်အောင် ကျွမ်းကျင်စွာလှော်နိုင်မှ စီး၍ရသည်။ အစီးမကျွမ်းလျှင် တိမ်းမှောက်လွယ်၏။ လှေလှော်လာသူ စေါ်ဦး

သည် နေပူရောင်ပြင်းပြင်းကို မကြိုက်။ မိုးတိမ်ဖြူများ ဖုံ့တခါ သာတလှည့် ဖြစ်နေသည်ကို သဘောကျ၏။

"ဟေ့ . . . ဗေဒါဦးရေ့ . . . ဘဲသွင်းတော့မလားဟေ့ . . ."

"ဟုတ်ကဲ့ . . . အနီးပြုံး"

"ညည်း . . . အပြန်ရေဥရရင် အနီးပေးခဲ့စမ်းဟေ့ . . . ချက်စရာမရှိသေးလို့ . . ."

"ဟုတ်ကဲ့ . . . အနီး . . . အနီး ဘဲတွေ မဥဘူးလား"

"အေးကွယ် . . . အခုတလော ဥဆိုင်းနေတယ် . . . အတောင် ချပြီ ထင်ပါရဲ့ . . ."

"အပြန်ကို အနီးကြည့်နေနော် . . . ဒီနားထွက်ယူလှည့်"

"အေး . . . အေး"

ဗေဒါဦးက အနီးမယ်ပြုံးအား ပြန်အော်ပြောကာ ဆက်ထွက်လာခဲ့သည်။ ချောင်းရေတက်ချိန်တွင် ဘဲများ မြူးတတ်ကြ၏။ ရေတက်နှင့်ပါလာသော ငါး၊ ပုစွန်များကို ဖမ်းယူစားသောက်နိုင်သဖြင့် ဘဲများ ခြေရှည်ကြသည်။ သူ့ဘဲကိုယ်ဘဲ အုပ်စုချင်းရောသွားမည်စိုး၍ လှေငယ်ဖြင့် လိုက်သိမ်းရပါသည်။ ရေကျရက်ဆိုလျှင် ဒီမီတို့ တဲဝန်းကျင်အနီးမှ သိပ်မသွားပေ။ တဲကန်ထဲတွင် အနေများ၏။ စပါးစိုက်ပြီးစနှင့် ပျိုးထောင်ချိန်တွင် လယ်ကွက်ထဲသွင်း၍ မရသဖြင့် ဤသို့ ချောင်းထဲလွှတ်ကျောင်းရသည်။ ဘဲကောင်ရေနှစ်ရာ မွေးထားသော်လည်း အသေအပျောက်ရှိသဖြင့် အကောင်တစ်ရာကျော်သာ ကျန်တော့၏။ တဲစရိတ်၊ အိမ်စရိတ်ရရန် ဘဲပေါက်နှစ်ရာ၊ သုံးရာ လယ်တဲများ၌ မွေးထားတတ်ကြသဖြင့် ဘဲအုပ်မကြာခဏ ရောသွားတတ်ပါသည်။ သို့သော် ဘဲသည် သူ့အုပ်စုနှင့် သူစုရုံးနေ

တတ်သည့် သတ္တဝါပင်တည်း။ ရောသွားလျှင် ပြန်ခွဲရလွယ်၏။ သူ့အုပ်မဟုတ်လျှင် "တဂါးဂါး" နှင့် နားငြီးအောင် အော်နေတတ်သည်။ ခြံသွင်းထား၍လည်းမရတတ်ပေ။ ဗေဒါဦးသည် ပုခက်တွင်းကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သော မိခင်ဆိုနေကျ သားချော့တေး ဗေဒါလမ်းသီချင်းကို ဆိုညည်းနေ၏။

"ညိုပြာပြာ × × × လတာပြင်ခြေရင်း × × × လှိုင်းတက်ရာ ဗေဒါတက် × × × လှိုင်းသက်ရာဆင်း × × × အဆင်းနဲ့အလာ × × × ဗေဒါမအတွေး × × × အုန်းလက်ကြွေ × × × သူ့နံဘေး × × × စောင့်ခဲ့ရသေး × × × စောင့်ခဲ့လည်းမသက်သာ × × × နောက်တချီဒီတစ်လုံးက ဖုံးလိုက်ပြန်ရာ × × × မြုပ်လေပေါ့ × × × ပေါ်မလာ × × × မဗေဒါအလှ × × × တလံကျော လှိုင်းအကြွ × × × ပေါ်လိုက်ပြန်ရ × × × ပေါ်ပြန်လဲမသက်သာ × × × ချောင်းအစွယ် × × × မြောင်းငယ်ထဲက × × × ဘဲထွက်လို့လာ × × × ဘဲအုပ်က တစ်ရာ × × × နှစ်ရာ × × × မဗေဒါက တစ်ပင်ထဲ × × × အယက်အကန်ခံလို့ × × × ဗေဒါပျံ့အံ့ကိုခဲ × × × ပန်းပန်လျှက်ပဲ × × ×"

သီချင်းလေးတအေးအေးဖြင့် လှေငယ်ကို မှန်မှန်လှော်လာရာ ဘဲအုပ်နှင့် နီးလာခဲ့၏။ မိမိဘဲအုပ်ဟုတ်မဟုတ် ဆန်းစစ်ရန် ကမ်းကို ကပ်၍ လှော်တက်ကို ချလိုက်သည်။ မိမိဘဲအုပ်သည် အဝါဖျော့နှင့် ပြောက်ကျားကျားများသည်လေ။ ဦးလေးမြ ဘဲအုပ်က အညိုရင့်နှင့် ဘဲထီးစိမ်းများပါ၏။ ဦးလေးမြ ဘဲအုပ်မှာ ပိုများသလို ဘဲထီး ပါသဖြင့် ဘဲဥများကို ဓာတ်ဘဲဆိုင်က ဝယ်၏။ ဘဲပြန်ဖောက်ရန် ဖြစ်သည်။ မိမိတို့လို "ဘဲမ" ချည်းမွေးသည့် ဘဲဥမှာ လေဥသက်သက်

များဖြစ်သဖြင့် ဓာတ်ဘဲဆိုင်က မဝယ်ပါ။ ဓာတ်ဘဲဆိုင်ပို့၍ရသော ဥမှာ စျေးပိုရ၏။ ဥလည်းကြီးတတ်ပါသည်။

"ဟော. . . ငါ့ဘဲတွေက ဟိုဘက်ကွေ့မှာပဲကိုး"

ဖေဒါဦး လှေပေါ်ပြန်တက်၍ ဘဲအုပ်ကို မောက်ထွက်ကာ ချောင်းကွေ့သို့ လှော်ခဲ့ပြန်သည်။ ဦးလေးမြ၏ လယ်များကား စပါးရင့်အပင်များသာ တောင်တစ်ပင်မြောက်တစ်ပင် ဖြစ်နေ၏။

"ဖေဒါမရေ. . . ဦးလေးမြ ဘဲတွေ ဒီဘက်ခြောက်ပေးခဲ့စမ်းဟေ့. . . ရေပူနေပြီ သွင်းတော့မှ"

"ဟုတ်ကဲ့. . ."

ကမ်းနားတဲတစ်ခုမှ လှမ်းအော်ပြောသဖြင့် သူမက ဘဲများကို တဲဆီ "တရှူးရှူး" မောင်းတင်ပေးခဲ့လိုက်ပါသည်။

"ဦးလေးမြရေ. . . ဒီမှာ ရေဥနှစ်လုံးကောက်သွားပြီနော့ . . . အနီးပြုးတောင်းလို့. . . ပေးခဲ့မယ်နော်"

"အေး. . . အေး. . . ပေးလိုက်ပါ အဲ့ဒီမှုဆိုးမကို"

ဖေဒါဦး ပြုံးလိုက်မိသည်။ အတောင်းအရမ်းထူသော အနီးမယ်ပြုံးအား ဦးလေးမြ သိပ်ကြည့်ရသည်မဟုတ်။ သို့သော် ရေဥ (ဘဲများရေ၌ လွှတ်ကျောင်းစဉ် ကမ်းစပ်နားတွင် ဥခဲ့သော ဘဲဥ) ကို ပေးနိုင်းပါ၏။ ကပ်စေးနှည်းသူ ဒေါ်ပြုံးအား ပေးလည်း ပေး ပြောလည်း ပြောတတ်ကြ၏။ ချောင်းကွေ့ရောက်သော် ရေစပ်များတွင် ရေဥများကို ရှာကြည့်၊ စမ်းကြည့်ရသေး၏။ မဆိုးပါ။ သုံးလေးလုံးရပြန်သည်။ လှေဝမ်းချထားပြီး ဘဲအုပ်ကိုပြန်မောင်းကာ တဲဆီပြန်ခဲ့သည်။ ပတ်ဝန်းကျင်၌ ဘဲကျွန်မကျွန် အသံနားထောင်ရင်း ဘဲကိုစစ်ရ၏။ မျက်စိအလွန်လျင်မှ ရသည်။ ဖြတ်တွင်းသွင်းလျှင် တစ်ခါစစ်ရပေဦးမည်။

"အနိုးရေ. . . ဟောသည်မှာ. . . ရွှေတွေ. . . ဦးလေးမြ ဆီကလည်း တောင်းခဲ့ပေးတယ်"

"သာဓုပါအေ. . . မနက်ဆွမ်းပါချက်ရမယ်"

အနိုးပြုံး အပြေးတစ်ပိုင်းလာယူ၏။ အနိုးပြုံးလည်း လယ်တွေ ရေနစ်သဖြင့် စပါးခင်းမရချေ။ လယ်ကွက်များအားလုံး ရေပြင် သာသာ ဖြစ်နေ၏။ ဆောင်းထားသော ခမောက်ထဲထည့်၍ ဗေဒါဦးက ကမ်းပေးပြီး ခဏစောင့်၏။ အနိုးပြုံးက ပါလာသော အိတ်လေးထဲထည့်ကာ ခမောက်ပြန်ပေးရင်း. . .

"ဟဲ့. . . ဗေဒါမ ညည်းကျောင်းတက်ရက်ဆို. . . သန်းရှင် ဒုက္ခများလှပါတယ်အေ. . . ကျောင်းထွက်ပါတော့လား. . . မိန်းကလေးပဲ . . . တော်ပြီပေါ့. . . ရှစ်တန်းလည်း အောင်ပြီးပြီဟာ. . ."

"အမေက ဆယ်တန်းအောင်အောင်ထားမှာတဲ့ အနိုးရဲ့. . . အမေကလည်း မထွက်နိုင်းဘူး. . . သူလုပ်နိုင်ပါတယ်လို့ ပြောတယ်"

"ဟင်း. . . ငါ့တူမလေး သနားပါတယ်. . ."

"သမီး အကုန်ချက်ပြုတ်ပြီးမှ ကျောင်းသွားတာပါ. . . ညနေ ကျောင်းပြန်ရင်လည်း အိမ်အလုပ်၊ ဘဲအလုပ် သမီးပဲလုပ်တာ. . . အမေက ကျောင်းဖွင့်ရက်လေးပဲ ဘဲကျောင်းရတာပါ"

"အေးပါအေ. . . ငိုင်းလုပ်ပါ. . . သူတို့ခများ လယ်ထဲ၊ ရေထဲ ရှာဖွေရတာ ပင်ပန်းလှတယ်. . . ပြေလည်တယ်လည်း မရှိဘူး"

"ဟုတ်ကဲ့ပါ. . . သွားပြီနော်. . . အနိုး"

ဗေဒါဦး လှေကို အပြင်းလှော်၍ ဘဲအုပ်နောက်လိုက်ခဲ့သည်။ ဘဲများက တဲကိုမှတ်မိ၏။ တန်းနေအောင် ရေငုပ်ရင်း မြူးပျံ့စွာ သွားနေကြသည်။ တဲတိုင်း ဘဲမွေးတတ်ကြ၏။ လယ်မကောင်းသော် နေ့စဉ် ဘဲဥမှဝင်ငွေလေးနှင့် စားနေနိုင်ရန်ဖြစ်သည်။

"အင်း. . . ဟုတ်တယ်. . . ရွာကလူတွေဆို ငါ့အရွယ် ကျောင်းမထားကြတော့ဘဲ. . . စပါးရိတ်၊ ကောက်စိုက်၊ ဘဲကျောင်း၊ ပဲသီးခူး၊ ဆေးလိပ်လိပ်၊ ငါးရောင်း၊ ဖားရောင်းနိုင်နေကြတာ. . . အဖေနဲ့အမေသာ ငါ့ကို ကျောင်းဆက်ထားပြီး ပညာတတ်ဖြစ်အောင် ကြိုးစားနိုင်းနေတာ. . . ငါတို့မောင်နှမလေးယောက် ကျောင်းစရိတ် ကလည်း ကြီးပါဘိ. . ."

"သမီးရေ. . . ဟောဟို ဇလုံထဲမှာ ခရုတွေထောင်းထားပြီးပြီ . . . ဘဲစာနယ်ပြီးထည့်လိုက်တော့. . . အဖေ နွားသွားခွဲဦးမယ်"

"ဟုတ်ကဲ့ အဖေ. . . ဟောတော့. . . ပုစွန်ဖွဲလည်း ကုန်နေပါ ရောလား အမေရေ. . ."

"အေးလေ. . . ဘဲဥသွားရောင်းမှဝယ်ရမှာ. . . ဘဲဥ ဒီနေ့ သွားမရောင်းဖြစ်တော့ မဝယ်ရဘူးပေါ့. . . နည်းနည်းတောင် မကျန်တော့ဘူးလား သမီးရဲ့. ."

"အိတ်ခါချရင်တော့ ရမှာပေါ့. . . အမေ ရေနွှင်းဆီးစင်ပြီး ရောကျွေးလိုက်မယ်နော်. . . နေ့ခင်းမှ ရွာထဲဈေးဆိုင် သွားလိုက်မယ်"

"ကောင်းပြီလေ. . . အလုပ်ပြီးရင် ထမင်းစားကြစို့. . ."

"မိသားစု စုံစုံလင်လင် ထမင်းစားကြရအောင်ဟေ့. . . သားငယ်ရော ဘာလုပ်နေလဲ. . . လာ. . . နွားစာထည့်ပေးကွာ"

ဖခင် ဦးတင်လှသည် နွားများကို နွားတဲရှိ အတွင်း သွင်းချည်ကာ သားဖြစ်သူကို ခေါ်လိုက်၏။ ငါးထောင်ပလုံးကို ပြုပြင်နေသည့် ကြားကပြေးလာ၍ ဖခင်ရိတ်ထားသော မြက်ခင်း ထဲမှ မြက်များကို နွားစာကျင်းထဲထည့်ပေးလိုက်၏။

"အဖေ ရွှေအိုးကြီးက ကောက်ရိုးဆို မစားချင်တော့ဘူး. . . အဖေရဲ့ အသက်ကြီးလို့ထင်ရဲ့. . . မြက်နုလေးမှ သူကကြိုက်တာ . . . ဟုတ်လား. . . ဟော့ကောင်ကြီး"

နွားချစ်သော မောင်ကြာခိုင်သည် နွားအိုကြီးအား နှာနုပွတ်၍ စကားပြောနေ၏။

"နွားအိုမြက်နုကြိုက်ဆိုတာ. . . အဲ့ဒါပေါ့သားရဲ့. . . သူက သွားတွေသိပ်မရှိတော့ စားရတာမကြေညက်ချင်တော့ဘူးထင်ပါရဲ့ . . . သားထက် ရွှေအိုးကြီးက အသက်ကြီးတာကွ"

"အဟက်ဟက်. . . ဟား. . . ဟဲ့ကောင်ကြီး မင်းက ငါ့အစ်ကိုပေါ့နော်. . . ငါလည်း အလုပ်လုပ်နိုင်လာရင် မင်းကို ဘေးမဲ့ပေးမှာပါကွ. . ."

နွားအိုကြီးရွှေအိုးနှင့် နွားပေါက်သုံးကောင်အား နွားစာထည့်ပြီးသော် ကြာခိုင်တို့သားအဖ ရေချိုး၍ နံနက်စာစားရန် ထမင်းဝိုင်းထိုင်ကြလေသည်။

"ဘာဟင်းလဲ. . . အသန်းရေ"

"ရှင့်သားက ငါးပလုံးသွားထောင်တာ ဟင်းစားရလာလို့လေ . . . အဲ့ဒါ ကန်စွန်းရွက်နဲ့ချက်တယ်. . . လယ်ပဒိုတို့စရာနဲ့ ဘဲဥကြော်ပေါ့ ကိုလှရေ. . ."

"ကောင်းတယ်ကွာ. . . ထမင်းမြိန်ဦးတော့မှာ. . ."

"အဖေ ထမင်းမမြိန်တဲ့အခါများ ရှိသေးလို့လား. . . အမေချက်တာ အကုန်ကောင်း. . . အကုန်မြိန်တာပဲဟာ. . ."

ဦးတင်လှက ဒေါ်သန်းရှင်မျက်နှာကို ပြုံးပြုံးကြီးပြန်ကြည့်၍ သားဖြစ်သူကို

"မင်းတို့အမေက ဟင်းချက်ကောင်းတာကိုးကွာ. . ."

"ဟင်း. . . တော်ပါ. . . ဒါနဲ့ပဲ မီးဖိုထဲက မထွက်ရဘူး. . ."

ဒေါ်သန်းရှင်၏ မျက်စောင်းက ခိုင်းခနဲရောက်လာ၏။ ဟုတ်ပါသည်။ ဒေါ်သန်းရှင်၏ အဆင်ပြေပြေ စီစဉ်ချက်ပြုတ်တတ်သော အိမ်ရှင်မကောင်းပီသမှုသည် မိသားစုအတွက် အားဆေးများ နှယ်တည်း။ ကိုယ့်မိသားစုတွင်သာမက ဆွေမျိုးများ အလှူအတန်း တို့မှာများ၌လည်း ချက်ပြုတ်ရေးအတွက် အားကိုးတကြီး လာခေါ်တတ်ကြ၍ မည်သူ့အိမ်ရောက်ရောက် မီးဖိုထဲမှ မထွက်ရတတ်ပေ။

"အမေ. . . လူမှုရေးရော. . . အိမ်မှာပါ ပင်ပန်းတယ် မဟုတ်လား. . . အိမ်မှာ သမီးပဲချက်ပါ့မယ်၊ နောက်ဆို အမေ မီးဖိုထဲ မဝင်ပါနဲ့နော်၊ သမီးကြိုးစားချက်မှာပေါ့၊ သမီးကျောင်း သွားရင် ဘဲကြည့်၊ ဝက်စာကျွေးနဲ့ အမေသိပ်ပင်ပန်းတာ"

"ခုလည်း ငါသမီးချက်သွားတာပဲလေ. . . ဟင်းရန်လေး တစ်ခွက်လောက်သာ အမေချက်ရတာပါ၊ မပင်ပန်းပါဘူးအေ. . ."

"သူများတွေက ကျောင်းမနေကြတော့ သူတို့အမေတွေ သိပ်သက်သာတာပဲနော်၊ သမီးတို့မှာက မောင်နှမလေးယောက်လုံး ကျောင်းတက်နေကြတော့ ကျောင်းတက်ရက်မှာ အမေတို့၊ အမေတို့ ပင်ပန်းတာ သမီးသိပါတယ်. . ."

"အဲ့ဒါဆို မမ. . . နင်ကျောင်းထွက်လိုက်ပါလားဟ. . ."

"ဘာ. . . ဘာပြောတယ် ကြာခိုင်. . . မင်းနောက် ဘယ်တော့မှ ဒီစကားမပြောနဲ့ အမေတို့လုပ်နိုင်တယ်. . . မင်းတို့သာ စာကြိုးစားကြ. . . မင်းတို့ ဘယ်တော့မှ ကျောင်းမထွက်ရဘူး၊ စာမေးပွဲကျလည်း ဆက်ထားမှာပဲ. . . မင်းက ယောကျ်ားလေး ပိုကြိုးကြိုးစား. . ."

"အင်းပါ အမေရဲ့ . . . သားက တစ်ခါမှလဲ စာမေးပွဲမကျဖူး ပါဘူး. . . သားက ယောက်ျားလေးဆိုတော့ အိမ်ထောင်ဦးစီးဖြစ် ရမယ့်လူလေ. . . ပညာတတ်ထားရမှာပေါ့. . . အမေပြောတာ သားမှတ်ထားပါတယ်. . . အလွတ်ရနေပါပြီ. . ."

"အေး. . . အိမ်ထောင်ဦးစီးလုပ်မဲ့သားကလည်း ပညာတတ် ရမှာဖြစ်သလို ဇနီးမယားဖြစ်မဲ့သူ မိန်းကလေးကလည်း ပညာတတ် ရမှာပဲ. . . ကိုယ်က ပညာတတ်ထားတော့ ဘာမဆို သူများထက် ပိုသိ၊ ပိုတတ်ပြီး အမြင်ကျယ်တာပေါ့. . . အမေတို့ အမေတို့လို ပညာတွေမတတ်၊ စာတွေမတတ်နဲ့ လယ်ထဲမှာ နွားနဲ့ရုန်း၊ ရေထဲ ချောင်းထဲမှာ ငါးရှာ၊ ဘဲကျောင်းနဲ့ ဘာမှ တိုးတက်မှုလည်းမရှိဘူး . . . တစ်မျိုးတစ်ခွေလုံး. . . ဒို. . . တစ်ရွာလုံး ပညာတတ်တွေ သိပ်မရှိတော့. . . မိုးအထုံပိန်းပြီး လူအောက်တန်းနောက်တန်း ကျတယ် သားတို့ သမီးတို့. . ."

"ကဲ. . . တော်ပါတော့ရှင်. . . ထမင်းတစ်လုပ် ဖြောင့်ဖြောင့် စားပါရစေ၊ တကထဲမှ ရှည်လျားပါ့. . . ကလေးတွေက ဘာသိမှာ လည်း။ ကျောင်းမနေလို့မရဘူးဆို ပြီးရောပေါ့. . ."

"သိအောင်ပြောထားရတယ်လေကွာ. . ."

အငယ်နှစ်ယောက်မှာ ဘာမှမပြော ထမင်းကိုသာ အလုအယက် စားသောက်ပြီး တဲအောက်ဆင်းသွားကြ၏။ သူတို့ ငါးမျှားတံများ ငါးမိနေပြီလားဟု ချောင်းစပ်သို့ အပြေးသွားကြည့် ကြလေ၏။ မူလတန်းအရွယ်သာရှိနေသေးသော မောင်နှမ နှစ်ယောက်မှာ ဘာမှမသိတတ်သေးပေ။

"အဖေ. . . သမီးတို့မောင်နှမ ဒီနှစ်ကျောင်းသွားတက်ဖို့ လှေကို ပြန်ခွဲစီးမှရမယ်ထင်တယ် အဖေ၊ သမီးက ကိုးတန်း တက်ရမှာဆိုတော့ ညနေအချိန်ပိုတွေ ရှိလာမှာ. . . မောင်လေးတို့ ခုနစ်တန်းကျောင်းသားတွေက စောစောလွှတ်ပြီး ပြန်ကြမှာလေ၊ မော်တော်နဲ့စုလိုက်သွားရင် သမီးကျန်ခဲ့မှာ၊ တစ်ယောက်သဲဆို သူတို့မော်တော်က စောင့်မှာမဟုတ်ဘူး. . ."

"အခြား ကိုးတန်းသမားမရှိရင်လည်း ကိုယ့်မောင်နှမပဲ အတူစောင့်ပြီး ပြန်ကြပေါ့ ကိုယ့်လှေနဲ့ ကိုယ်တက်နိုင်အောင် အဖေ စီစဉ်ပေးပါ့မယ်. . ."

"ဟုတ်ကဲ့ အဖေ. . . ကြို့ပြောထားတာပါ. . ."

"မိထားတို့က ဆက်မတက်တော့ဘူးလား သမီးရဲ့"

"သူ့အမေက မထားတော့ဘူးပြောတာပဲ၊ အထည်ချုပ်စက်ရုံ မှာလုပ်ဖို့ မြို့ကိုလွှတ်မှာတဲ့. . ."

"ဟုတ်လား. . . တို့ရွာက အဲ့ဒါခက်တာ၊ ပညာကို ဆုံးခန်း တိုင်အောင်ထားဖို့ ဝွဲမရှိကြဘူးကွာ. . ."

"အိုတော်. . . ဒါလည်းလွယ်တာမှတ်လို့. . . နေ့စဉ် ထမင်းချိုင့်၊ မုန့်ဖိုး၊ ကျောင်းခွဲရေး၊ တွဲရေးနဲ့ သွားလာရေးက တော်ရုံနဲ့ အဆင်ပြေမလား၊ ကိုယ့်လိုဒုက္ခခံဖို့ဆိုတာ မိဘတိုင်း တာဝန်မယူနိုင် ဘူးရှင့်၊ လယ်သမားတွေ လယ်မကောင်းတော့ ကျောင်းဝေးလို့ စားဖို့တောင် အနိုင်နိုင်ရယ်. . ."

"သမီးကြိုးစားပါ့မယ်. . . အမေနဲ့အဖေရယ်. . . ဘယ်လို အခက်အခဲရှိပါစေ. . . ကျော်ဖြတ်ပါ့မယ်နော်. . ."

"အေးပါကွယ်. . . သမီးကျောင်းမဖွင့်ခင် ကိုးတန်းကို ဘာလိုင်းယူရမလဲ၊ သတ္တလက သမီးရဲ့ အကျိုးဆရာမတွေကို သွားတိုင်ပင်ပါဦး. . ."

ဟုတ်ပါရဲ့. . . သမီးကတော့ ဘိုင်အို (ဇီဝ) တွဲယူချင်တာ၊ အကျိုးခင်တို့ကို မေးကြည့်မယ်၊ အကျိုးတို့က နှစ်ကိုင်းလိုအဝ်တဲ့ စာအုပ်တွေပေးနေကျဆိုတော့ အငယ်တွေအတွက်ပါ စာအုပ်တွေ ပေးရင်လဲ ယူခဲ့ရအောင်. . . သမီးတို့မောင်နှမသွားမယ် အမေ. . ."

"အေး. . . ကောင်းတယ်ကွာ. . . သွားကြ. . ."

ထမင်းဝပြီးသော်လည်း စကားမပြတ်သဖြင့် လက်ခြောက် အောင်ထိုင်ပြောဖြစ်ကြသည်။ တောသူတောင်သားတို့ဘဝမှာ ထမင်းစားချိန် တစ်ချိန်သာ နားနားနေနေ မျက်နှာချင်းဆိုင် ဖြစ်သဖြင့် ပြောစရာစကားရှိလျှင် ဤသို့သာပြောဆိုတိုင်ပင်ကြရ၏။

* * * * *

## အခန်း (၂)

ဝေါဦးတို့ နီဗွာန်ရွာကလေးသည် ပဲခူးတိုင်းဒေသကြီး၏ တောင်ဘက်၊ ကဝမြို့နယ်တွင်ရှိပါသည်။ ပဲခူး-ခရမ်းသွား ကားလမ်းမကြီး၏ကြားရှိ ခမဲပြင်အောင်မြေကျွန်းမှ တာလမ်းမ အတိုင်း ဝင်ရောက်သော နှစ်မိုင်ခွဲမျှအကွာတွင် တည်ရှိ၏။ ရှေးက ခမဲပြင်တာလမ်းမပေါက်သေးမီ ဇုန္နဲ့ရွာသို့ သံတခါးရွာမှ ဖြတ်၍ သွားလာကြရ၏။ ယခုအခါ ပဲခူးမှ တာလမ်းကြီးအတိုင်း ရွှေရွှေမိုးမိုး ရွာနားထိ ဆိုင်ကယ်မောင်းလာ၍ရနေပြီဖြစ်၏။ ထိုသို့လာ၍ရသည် မှာ ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်ဘုရားကြီး၏ ကောင်းမှုကြောင့် ဖြစ်၏။

ထိုခမဲပြင်ထိပ်မှတစ်ဆင့် ကားစီးကာ သတ္တုလသို့သွားရမည်။ နီဗွာန်ရွာတွင် မူလတန်းကျောင်းသာရှိ၏။ မူလတန်းအောင်၍ ကျောင်းဆက်တက်သူများမှာ ဇုန္နဲ့ရွာအထက်တန်းကျောင်းသို့ မိုးအခါ ရေလမ်း။ နွေအခါ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားတက်ရ၏။ အချို့မှာ မြို့သို့ပြောင်းထားကြ၏။ အများအားဖြင့် မူလတန်းပြီးဆုံး ပါက ကျောင်းဆက်မထားကြသည်က များပါသည်။ သေစာရှင်စာ ရေးတတ်၊ ဖတ်တတ်လျှင် တော်လောက်ပါပြီဟူ၍သာ အလုပ်နိုင်း တတ်ကြ၏။

အချို့မှာမူ အတွေ့အမြင်ဗဟုသုတလေးတွေ ရှိပါစေတော့ ရယ်ဟု မြို့ကြီးပြကြီးသွားမထားနိုင်ငြား အနီးဆုံး ဇုန္နဲ့ရွာ

အ. ထ. က သို့ ငါးတန်း၊ ခြောက်တန်းမျှ တစ်နှစ်၊ နှစ်နှစ် ထားကြ သေး၏။ ပြီးသော် ကျောင်းစာမလိုက်နိုင်၍ ထွက်ကြပြန်လေသည်။ ခမိုးအကွာအဝေး နှစ်မိုင်မျှ ရေလမ်းခရီးသည် လှေလှော်၍သွား တက်ရသည့် အနွေရာသီက အလွန်ပူပန်ရ၏။ ချောင်းနက်ကြီးနှစ်ခု ကို တစ်လျှောက်လုံး ဆန်တက်သွားကြရသည်။ မိုးလေကြီးသော် ကျောင်းပျက်များရ၏။ နေ့ချင်းပြန်ခရီး ထမင်းချိုင့်နှင့် သွားပြန် လှော်ရသည့်အားက ပင်ပန်း၍ စာမကျက်နိုင်၊ မိုးချုပ်သည်နှင့် အိပ်ကြသည်ချည်းပင်။ သည်တော့ စာမလိုက်နိုင်ကြတော့ပေ။ ထို့နောက်ပိုင်း ချမ်းသာပြေလည်သည့် ရွာသားအချို့မှာ မိုးအခါ မော်တော်ဘုတ်နှင့်တက်၏။ နွေတွင် ဆိုင်ကယ်နှင့် ကျောင်းတက် လေ့ ရှိကြပါသည်။ ထိုကျောင်းသားများလည်း ဆယ်တန်းအောင်သူ သိပ်မရှိလှပေ။ လည်ပတ်သုံးဖြုန်းပြီး ကျောင်းပြေနေသည်ကများ၍ မိဘများစိတ်ကုန်ရှူးယ် လွှတ်လပ်နေတတ်ပြန်သည်။

ဗေဒါဦးတို့မှာ ကိုယ့်လှေကလေးကိုယ်လှော်၍ မောင်နှမ နှစ်ယောက် ကျောင်းတက်ခဲ့ရ၏။ မောင်ငယ် အလယ်တန်းမရောက်မီ သူငယ်ချင်းမတစ်ဦးနှင့် စပ်တူလှေတစ်စီးငှား၍တက်ရ၏။ ကြာခိုင် အလယ်တန်းတက်ရသောအခါ အဖေကြီးဦးထွန်းမြိုင်၏ လောင်းလှေဖြင့် ကိုယ့်ဘာသာလှော်တက်ခဲ့၏။ ပြီးခဲ့သောနှစ်တွင် မော်တော်ရှိသော ဈေးဆိုင်မှ ဈေးဝယ်တက်သော မော်တော်ကို အခပေးစီး၍ အသွားအပြန်စုငှားခဲ့ကြသည်။ အချိန်ကုန်၊ လူပန်း သက်သာစွာ အဆင်ပြေခဲ့သည်။

ယခုနှစ်၌ ဗေဒါဦးက အထက်တန်းဖြစ်လာပြန်သောအခါ အလယ်တန်းကလေးများလို ကျောင်းလွှတ်သည်နှင့် မြန်၍မရပေ။

ညနေပိုင်း၊ မနက်ပိုင်းများတွင် အချိန်ပိုခေါ်ယူသင်ကြားကြသဖြင့် အများနှင့်လိုက်၍ အဆင်မပြေပြန်။ ကိုယ့်လှေနှင့်ကိုယ်လှော်၍ တက်ကြရပေတော့မည်။

"တို့ရွာမှာ မူလတန်းကျောင်းရှိရင် ကောင်းမယ်နော်. . . မမ၊ အဲ့ဒါဆို မမတို့လို အထက်တန်းရောက်မှ ကျောင်းပြန်ရမှာ. . ."

"ကျောင်းသားအင်အားနည်းရင် ဘယ်ဖွင့်ခွင့်ပေးမှာလဲ မောင်လေးရဲ့. . ."

"ကိုယ့်ရွာမှာတက်ရမယ်ဆိုရင် ကျောင်းသားတွေ သည့်ထက် များလာမှာပေါ့. . ."

"အေး. . . နင်ရွာလူကြီးပဲဖြစ်ဖြစ်. . . ကျောင်းအုပ်ဆရာကြီးပဲ ဖြစ်ဖြစ် ဖြစ်လာမှ လုပ်ပေတော့. . ."

"ဖြစ်နိုင်ကာယ်မဟုတ်လား. . . ဟဲ. . ဟဲ. . ဟဲ"

"ဟော. . . ကားလာပြီ. . လာ. . လာ. . တားစီးကြမယ်. ."

ဖေဒါဦးတို့မောင်နှမ ကားဖြင့် (၇) မိုင်မျှကွာဝေးသော သဏ္ဍလရွာကြီးသို့ ရောက်ခဲ့ကြ၏။

"ဟယ်. . ဖေဒါဦးတို့ပါလား. . လာကြ. . လာကြ. . ဘာနဲ့ လာကြသလဲ သမီးတို့. . ."

"ကော်ဘီးအပ်ခဲ့ပြီ. . . ကားနဲ့လာခဲ့တာ အရီး. . ."

ဖျာဖျာသလဲကြိုဆိုသော ကြီးတော်တို့မှာ အဖေ့ဘက်မှ အစ်မနှစ်ဝမ်းကွဲတော်သူ ဆရာမများပင် ဖြစ်ကြ၏။ အရီးခင် (ကြီးတော် နန္ဒာခင်) မှာ ကျောင်းဆရာမဖြစ်သည့်အပြင် စာလေး ပေလေး အနည်းငယ်ရေးသူဖြစ်၏။ သူတို့ကို အမျိုးကြီးဆရာမ သုံးယောက်ပိုင်းအုံလာကြ၏။

"ကဲ. . တင်လှ သမီးတွေ သားတွေက စာတတ်တော့ လူရည်တွေလည်ပြီး သူတို့ဘာသာတောင် လာလည်တတ်ကြပြီ. . ."

"ဒီနှစ်. . . အားလုံးအတန်းတက်ကြရဲ့ မဟုတ်လား. ."

"ဟုတ်ကဲ့. . . အကြီးကြီး သမီးက ကိုးတန်းတက်ရမှာ၊ အဲ့ဒါဘာအတွဲယူရမလဲ အဖေက မေးခဲ့တဲ့. . ."

"သမီးက စာတော်သူပဲကွယ်. . . သိပ္ပံတွဲ ဘိုင်အိုယူပေါ့သမီး၊ စာကိုကြိုးစားနော်. . . ကိုယ့်မိဘက သားသမီးတွေကို ဖြစ်ထွန်းစေချင်လို့သာ ထားရတာ. . . ပြေလည်တာမဟုတ်ရှာဘူး၊ သူတို့ကစာမတတ်ခဲ့ရတော့. . . သားသမီးတွေ စာတတ်စေချင်ရှာကြတယ်. . . သနားပါတယ်ကွယ်. . ."

"ဟုတ်ကဲ့ပါ. . . အဂ္ဂိုခင်. . . သမီးတို့ကြိုးစားပါ့မယ်. . ."

"ရွာက တို့အမျိုးတွေလဲ ဘယ်သူမှထွန်းပေါက်အောင် မထားနိုင်ကြဘူး၊ နောက်ကလေးတွေကို မူလွန်လေးဖွင့်လာနိုင်ရင် ထားဖြစ်ကြဦးမှာ၊ ခုလို တဝေးလံသွားတက်ရတော့ မဖြစ်နိုင်ကြဘူးပေါ့၊ တို့များအိမ်လာထားဖို့ခေါ်လည်း လာမထားနိုင်ကြနဲ့. . . ခက်ပါတယ်. . ."

"သမီးတို့က အဖေ၊ အမေတို့နဲ့ အလုပ်ဝိုင်းလုပ်ရသေးတယ် အဂ္ဂိုရယ်. . . ဒါကြောင့် ဒီမှာလာမနေဖြစ်တာပါ. . ."

"အေး. . . လိမ္မာကြပါကွယ်. . . မိဘဖြစ်စေချင်တဲ့ ရည်မှန်းချက်ကို ဖြစ်အောင်လုပ်တာလဲ ကျေးဇူးဆပ်ခြင်းတစ်မျိုးပါပဲကွယ်၊ အားမလျှော့နဲ့. . . လိုတဲ့စာအုပ်တွေအားလုံးပေးလိုက်မယ်၊ အငယ်တွေကိုလည်း သမီးက ဂရုစိုက်နော်. . . စာမညံ့အောင်သင်ပြပေး. .၊ ရွှေဆောင်နွားလားပြောင်ပြောင်သွားမှ နောက်နွား

တစ်သိုက် ပြောင့်ပြောင့်လိုက်၏" တဲ့. . . အကြီးက စံပြနမူနာ ဖြစ်အောင် လုပ်ပြရမယ် သိလား သမီး. . ."

"ဟုတ်ကဲ့ပါ. . . အဘိုးခင်. . ."

"မောင်ကြာခိုင်ကလည်း တဲမှာအလုပ်ဝိုင်းလုပ်ရဲ့လား. . . အဖေ့အလုပ်တွေဝိုင်းလုပ်ရင်း စာကြိုးစား. . . မမ ပြောစကား နားထောင် ကြားရဲ့လား. . ."

"ဟုတ်ကဲ့ပါ. . ."

အမေ ပေးလိုက်သော ငါးပိထုပ်လေးနှင့် ကန်တော့ကာ မုန့်ဖိုးငွေနှင့် စာအုပ်များယူ၍ ပြန်ခဲ့ကြ၏။ ကျောင်းဆရာမများပီပီ လာတိုင်း ဆိုဆုံးမတတ်၏။ ဖခင် ဦးတင်လှကိုလည်း သူတို့ချစ်ကြသည်။ ရွာမှာ ဆေးရုံ ဆေးခန်းပြလျှင်ဖြစ်စေ၊ ဈေးဝယ်၊ မျိုးစေ့ ဝယ်လာသည်ဖြစ်စေ သည်အိမ်သို့ ဝင်ထွက်တည်းခိုကြ၏။ အဖေကြီး ဦးထွန်းကြိုင်ကိုလည်း ဦးလေးဝမ်းကွဲပေမယ့် အရင်လို ချစ်ခင်ကြပါသည်။

"မမ. . . နင်လည်း ဘွဲ့ရရင် အဘိုးခင်တို့လို ဆရာမလုပ်ပါလား။ ဒါမှ တို့ရွာမှာ အလယ်တန်းကျောင်းဖွင့်နိုင်အောင် လုပ်လို့ ရမှာ"

"ဟင့်အင်း. . . ငါက အဖေ့လယ်တွေဖြစ်ထွန်းအောင်မြင် အောင် သိပ္ပံနည်းကျကျ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့ စိုက်ပျိုးရေးပညာ ရှင်မကြီး ဖြစ်ချင်တာဟ. . ."

"အမလေးဟာ. . . အလှမ်းကျယ်ပါ့ဘိ. . . ဆယ်တန်းကို အောင်မှတ်လေးအောင်ဖို့တောင် မနည်းကြိုးစားရမှာ၊ အဲဒီလို လိုင်း ကောင်းကောင်းရအောင် မမှန်းစမ်းပါနဲ့. . ."

"အိုး. . . လူဆိုတာ အညွန့်နဲ့နေတာ. . . ကိုယ်ဖြစ်ချင်တဲ့ အတိုင်းဖြစ်အောင် လုပ်နိုင်တာပဲဟာ၊ နင့်လိုအပျင်း အောက်မေ့နေလား၊ ကြည့်ထား. . . ပေဒါဦးတို့က မြေကြီးကရွှေသီးအောင်ကို လုပ်ပြအုံးမှာ. . . အဟင်း. . ဟင်း. . ဟင်း"

လေနည်းနည်းလျော့ပါ မမရာ. . . တို့ရွာမြေတွေက မိုးရွာရေမြုပ်၊ နွေမှာမြေခြောက်ပတ်ကြားအက်တွေ တစ်ရွာလုံး လယ်သမားတွေ ဘယ်မှာချမ်းသာလို့လဲ၊ တစ်မျိုးမျိုးနဲ့ ပျက်စီးနေရတာ၊ လယ်တွေရောင်းသူရောင်း၊ ပေါင်သူပေါင်၊ ကြွေးတိုးဆပ်သူက ဆပ်နဲ့ မွဲကုန်ပြီ. . ."

"အဲ့ဒါပဲလေဟာ. . . ဆရာကပြောတယ်၊ မဖြစ်တာကို ဖြစ်အောင်လုပ်ဖို့ အမြော်အမြင်ရှာရမယ်တဲ့. . ."

"ရှာ. . . ရှာ ကျွန်တော်ကတော့. . . ဆယ်တန်းအောင်တာနဲ့. . . စစ်ဗိုလ်ကြီးသွားလုပ်မှာ. . ."

"အေးလေ. . . အဲဒါလဲ ငါမောင်လုပ်ဖို့ ရည်ရွယ်ချက်ပဲ ဖြစ်ကို ဖြစ်ရမှာပေါ့. . . မဟုတ်ဖူးလား. . ."

"ဟုတ်တယ်. . . ဟုတ်တယ်. . . ဗိုလ်ကြီးကြာနိုင်တဲ့နော်. . ဟဲ. . . ဟဲ. . . ဟဲ"

မောင်နှမနှစ်ယောက် မိုးမချုပ်ခင် တဲသို့ရောက်အောင် စက်ဘီးကို ခပ်သွက်သွက်နင်းခဲ့ကြလေသည်။

* * * * *

# အခန်း (၃)

တစ်မိုးကုန်၍ တစ်ဆောင်းသစ်ခဲ့လေပြီ။ တစ်မိုးတွင်းလုံး လှေလှော်၍တက်ခဲ့ရသော မောင်နှမနှစ်ယောက်သည် ရေအမြန်ခြောက်ပါစေဟုသာ ဆုတောင်းနေရ၏။ နေ့စဉ်ကျောင်းတက်၊ ကျောင်းဆင်း၊ လှေလှော်ရသောဘဝမှ ကျွတ်ချင်လှပြီဖြစ်၏။ နံနက်ကျောင်းသို့မလာမီ ဘုန်းမောင်းခေါက်ကတည်းက ထမင်းထချက်ရင်း စာကျက်ရ၏။ ညနေကတည်းက စီစဉ်ထားသောဟင်းလျာကို နွေးတန်နွေး၊ ချက်တန်ချက်ပြုလုပ်ရပါသည်။ မိုးလင်းလျှင် အဆာပြေစားရန်၊ ကျောင်းထမင်းချိုင့်များ အဆင်သင့်ဖြစ်ရန် လုပ်ရ၏။ အငယ်နှစ်ယောက်အတွက်ပါ ထည့်ပေးခဲ့သည်။ မိခင်ဖြစ်သူမှာ ဘဲကိစ္စ၊ ဝက်ကိစ္စ၊ လယ်မှ ငါးကိစ္စတို့ကို နေ့စဉ်ဒိုင်ခံလုပ်ရ၏။ နွားထုတ်၊ နွားစာထည့်၊ နွားချေးကျုံးအလုပ်ကို ဖခင်နှင့်ကြာနိုင်က ဝိုင်းလုပ်ပါသည်။ သူတို့တွေ ကျောင်းသို့ထွက်လာသည်နှင့် အဖေနှင့်အမေတို့ တဲအလုပ်များစွာဖြင့် ကျန်ခဲ့တော့၏။ အပိုငွေကုန်မည်စိုး၍ လူငှား၍ အလုပ်မခိုင်း၊ အဖေရော အမေပါ လုပ်စရာရှိသည်ကို မနားမနေ လုပ်ကြပါသည်။

"လူငှားပြီးခိုင်းရင် ငါ့သားသမီးတွေ ကျောင်းစရိတ်လျော့သွားဦးမယ်ကွယ်၊ အဖေတို့လုပ်ကိုင်နိုင်ပါတယ်၊ ငါ့သားသမီးတွေသာ ပညာတွေတတ်အောင်သင်ကြ"

မိဘတွေပြောနေကျစကားကို ပေဒါဦးအလွတ်ရနေပြီဖြစ်၏။ ထို့ကြောင့် မိမိလည်း တတ်နိုင်သမျှလုပ်ပြီးမှ ကျောင်းသို့လာခဲ့ခြင်းဖြစ်သည်။

တပြိမ့်ပြိမ့်စီးဆင်းနေသော ချောင်းရေပြင်တွင် ပေဒါပင်များက အုံ့ဖွဲ့၍မျောပါလာကြ၏။ ရေတက်နှင့်ရေလျှံထွက်လာသော ချောင်း အနီးကန်ကြီးများမှ ပေဒါဒိုက်များ ပါလာခြင်းဖြစ်၏။ အချို့ ရိုးပြတ်များ၊ ချောင်းကောများ၊ ဗျက်စပ်များမှလည်း တက်ရေနှင့် ဒိုက်သရောများ မျောပါလာတတ်သည်။ များသောအားဖြင့် မျောလာကြသည့်ဒိုက်များမှာ ပေဒါပင်အနွမ်းများ၊ ရေငတ်ပေဒါ အခြောက်များဖြစ်၏။ မည်သို့ပင်မျောလာလာ မျောသမျှ ပေဒါဒိုက်များကို ဦးတင်လှတို့က ကမ်းပေါ်ဆွဲတင်၏။ လန်းနေသောအပင်များကို ခွဲထုတ်၍ ကန်ထဲချထားသည်။ အနွမ်းအခြောက်များကိုမူ ငှက်ပျောပင်မြေရင်းနှင့် သရက်ပင်များ၏ မြေရင်းတွင်ပုံထား၏။ ချောင်းနှင့်နီးသော အကျိုးကျေးဇူးမှာ တန်ဖိုးရှိလှသည်။ လယ်ရေသွင်းလိုလျှင် သွင်း၍ရနိုင်သလို၊ စိုက်ကွင်းရေလောင်း၊ မှုံ့ရေပျိုးထောင်စသည်ဖြင့် ရေကိုလိုသလို လုပ်၍ရသည်။ သို့သော် ရေကြီး ရေလျှံပြီဟော့ ဆိုလျှင်လည်း စပါးပျက်သည်ထိတိုင် နေတတ်၏။

တန်ဖိုးရှိသော အရာကို တန်ဖိုးရှိအောင်သုံးတတ်မှ အဖိုးတန်မှန်းသိရပေလိမ့်မည်။ ရေမရှိလျှင် ဘာမျှလုပ်ကိုင်၍မရ။ ကျွဲ၊ နွား၊ ဝက်၊ ဘဲစသည့် အိမ်မွေးတိရစ္ဆာန်များကိုပင် ရေမရှိက ဒုက္ခပင်လယ်ဝေအောင် အခက်တွေ့စေ၏။ ယခုလို ရေတက်ချိန်၌ ပိုင်ကျူးရေထိန်းတံခါးကြီးမှ ရေပြွန်ပေါက်များဖွင့်ပေးထားခြင်းဖြင့် ပဲခူးမြစ်

ရေများ ချောင်းအသွယ်သွယ်မှ ဝင်လာစေသည်။ ရေကျချိန်၌ ချော်နန်ပေါက်များကို ပြန်၍ ပိတ်ချထားခြင်းဖြင့် ပြန်စီးကျမသွားတဲ့ ရေများတင်နေကြ၏။ တင်နေသည့်ရေများကို လိုသလို စက်ဖြင့် မောင်းတင်ကြပေရော့၊ စိုက်ကြ၊ ပျိုးကြ လိုသလိုပြုလုပ်ကြပေသည်။ မည်မျှအဖိုးတန်လိုက်ပါသနည်း။

ရှေးက ဤသို့ရေမရပါ၍ လယ်မြေပဝ်ကြားအက်ကြီးများကို ငဲ့ပြည်သို့ မြင်ရလုနီးပါး ဟက်တက်ကွဲတွေ့ရသည်။ တိရစ္ဆာန် အတွက်၊ စိုက်ခင်းအနည်းအပါးအတွက် ရေကန်ကြီးများမှ ဝေးလံစွာသယ်ယူရ၏။ သောက်ရေ သုံးရေ ချေတာရ၏။ ယခုအခါ သောက်ရေကြည်အတွက်သာ ရွာထဲမှဆင်ဖြူတော်ကန်တွင် သွားခပ်ထားရသည်။ သုံးရေအတွက် တဲကန်များခန်းလျှင် ချောင်းရေကိုသုံး၍ ရပါသည်။ သို့သော် ထိုရေသည် နွေစပါးစိုက် ရန်အထိ အသုံးမဝင်ပေ။

ချောင်းထဲမှဆယ်ယူထည့်ထားသော ဗေဒါပင်များသည် နှစ်ချို့စွာ သက်တမ်းရှည်သွားလျှင် အပင်ရင့်၍ ဗေဒါနိုးများ တစ်တောင်ကျော်ကျော် ရှည်လာ၏။ အရွက်များဝိုင်း၍ အစိမ်းရင့်ရင့် ကြီးများ ဖြစ်လာသည်။ ဗေဒါပန်းပွင့်ထွားထွားကြီးများမှာလည်း လှပအရောင်ရင့်လာကြသည်။ တဲကန်ကြီးတစ်ခုလုံးဗေဒါဖုံး၍ ရေမျက်နှာပြင်အပြည့်များလာလျှင် ဖေါ်သန်းရှင်က ကန်ပေါင်ပေါ် ဆွဲတင်ထား၏။ နွမ်းရိလာသောအခါ မြို့စိုက်ရန်အသုံးပြုတော့၏။

"ရင့်တဲ့ဗေဒါနိုးတွေကို အဲသလို မြေဩဇာမလုပ်ပစ်ပါနဲ့ မသန်းရှင်ရယ်၊ ဗေဒါနိုးတွေရောင်းလို့ရတယ်၊ ငါ့တပည့်မများ ဗေဒါနိုးနဲ့ သိုးတဲ့အိတ်လုပ်ငန်းမှာ အလုပ်လုပ်ကြတာ၊ သူတို့ပြော

တော့ အရွက်နဲ့အမြစ်တွေဖြတ်ပြီး အနီ့အရှည်တစ်တောင်လောက်ဆို အိတ်လုပ်ငန်းက ဝယ်သတဲ့၊ ဈေးရတယ်ပြောတာပဲ"

"ဟုတ်လား. . . အစ်မကြီးရယ်၊ အဲသလိုဝယ်ရင် အရင့်တွေ ဖြတ်ယူပြီး အခြောက်ခံထားမှာပေါ့ ကလေးတွေ ကျောင်းစရိတ်ရ နည်းလား၊ အစ်မကြီးရယ်နော်"

"အေး. . . အေး. . မေးပေးမယ်. . . စုထားကြွားလား. ."

အစ်မဝမ်းကွဲဆရာမများ၏ ဗဟုသုတရှိစွာ မေးမြန်းစုံစမ်း ပေးသောအခါ ဗေဒါနီမျှား သွားရောင်း၍ ဝင်ငွေရ၏။ ကန်ကြီး ထဲမှ ဗေဒါများကို မြေဆွေးလုပ်သည်။ ဗေဒါနီးမြေဆွေးကား သစ်ပင်များနှင့် မှိုစိုက်ရန် အကောင်းဆုံးမြေဩဇာပင်တည်း။

"ဗေဒါပွင့်တွေလည်း ဝယ်တယ်တဲ့. . . ကိုလှရေ၊ ဆီးချို ပျောက်ဆေးဖော်တာဆိုပဲ၊ အပွင့်ကို သုပ်စားရင်ဖြစ်စေ၊ အမှုန့် လုပ်ပြီး ဆေးဖော်ရင်ဖြစ်စေ သုံးလို့ရသတဲ့တော့. . . ကျွန်မတို့ ခူးရောင်းရအောင်"

"မင်းမလဲကွာ. . . လောဘကကြီးပါ့၊ ဗေဒါပွင့်ဆိုတာ အပင်မှာသာ ကြည့်လှပြီးလန်းနေတာ. . . ခူးလိုက်တာနဲ့ နွမ်းဖတ် သွားတဲ့ဟာ၊ တစ်ရပ်တဝေး ဘယ်လိုခူးပြီး သွားရောင်းမှာလဲ. . ."

"မိုးမှာတော့ ခူးပြီးရောင်းလို့မရပေမယ့် ပွင့်လင်းရာသီ ရောက်ရင် နေလှန်းပြီး မခြောက်တခြောက်မှာ ရောင်းလို့ရသတဲ့ ရှင်ရဲ့"

"အေး. . . အဲဒီအချိန်ကျ ရောင်းတာပေါ့ကွာ. . ."

လယ်နီးမှ ငါးထောင်၍ရသမျှ ရေမခန်းမချင်း ထောင်၍ ငါးပိ၊ ငံပြာရည်၊ ငါးခြောက်၊ ငါးပိကောင် အားလုံးလုပ်ထားသည်။

ရောင်းတန်ရောင်း၊ စားတန်စားနှင့် ဒိမ်စရိတ်စုမိ၏။ တဲရောက်တွင် ငါးသွင်းထားသဖြင့် တစ်နှစ် နှစ်ကြိမ်ကန်ဖော်၍ ငါးရောင်းလျှင် ငွေသိန်းနှင့်ချီ၍ ရလေသည်။ စပါးမထွက်သော်လည်း "ကန်" ကောင်းလျှင် ခံသာသေး၏။ စပါးသည် ရေကြီးဒဏ်ကို မခံနိုင်သဖြင့် စောစောကြခင်းလုပ်လျှင်လည်း သေ၏။ ထွန်ယက်ပြီးမှ မျိုးထောင်စိုက်လျှင် အနည်းငယ်မျှနောက်ကျ၍ မဖြစ်။ နောက်ကျသည်နှင့် ရေမြုပ်၍ ဒုက္ခပြန်၏။ မိုးဦးနှောင်းသည့်နှစ်တွင် မျိုးထောင်၍မရသဖြင့် နောက်ကျတတ်၏။ ချောင်းနီးသော်လည်း ရေတင်ရန်စက်မရှိသဖြင့် အဆင်မပြေဖြစ်ရသည်။ မိုးဦးစော၍ မိုးနှောင်းမရွာလျှင်လည်း ရေငတ်၍ခြောက်ကုန်သည်။ စပါးစိုက်ရသည်မှာ အထွက်နှုန်းကောင်းသည်ဟူ၍ မရှိလှပေ။ ပဲခင်းကိုသာ စောစောစိုက်နိုင်ရန် ကြိုးပမ်းရ၏။ လယ်သမားများဘဝမှာ စပါးနှင့်ပဲမှမရလျှင် ကြွေးလည်ပင်းရောက်ကုန်ကြသည်။

"အမေတို့က အလုပ်ကိုအစုံလုပ်နေလို့ ထမင်းမငတ်တာ. . လယ်တစ်ခုထဲနဲ့ဆို ရာသီမမှန်ရင် ငတ်ကရော၊ ဒါကြောင့် အလုပ်ကို မပျင်းကြနဲ့၊ သမီးတို့ လုပျင်းနတ်မ မရှိကြတဲ့. . ."

အမေ့၏ဩဝါဒများက နေ့စဉ်ကြားရဖန်များသောအခါ ဖေဒါဦး နှလုံးသားထဲ စွဲငြိနေသည်။ မိဘလက်ငုတ်လက်ရင်း (၁၀) ဧက တစ်ပွဲကို သမားမှိုကျ လုပ်ကိုင်နေရသော်လည်း စပါးမထွက်သောအခါ လယ်စိုက်စရိတ်၊ မျိုးစရိတ်များကုန်၍ ဦးတင်လှ စိတ်ပျက်ရ၏။ (၁၀) ဧကတစ်ပွဲမှ စပါးနှစ်ရာကျော်လေးရသဖြင့် ဝမ်းစာမကျန် အစိုးရဒိုင်ချစပါးမကျေနှင့် ဒုက္ခရောက်ရပါသည်။ ဖေဒါဦးလည်း အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသလို စိတ်ညစ်ရပါသည်။ မိမိက အကြီးဆုံးသမီးဖြစ်၍ အရာရာသိနေရပါ၏။

ကောက်စိုက်ချိန်တွင် စိုက်ခသက်သာစေရန် အမေနှင့်အတူ ကျောင်းအားချိန်၌ ဆင်းစိုက်ရသည်။ မိုးတောင်း၍ ဂအောင်မသော အခါ မျိုးဖိုးငွေကုန်သည်။ မျိုးဈေးကြီးပေးဝယ်ရ၏။ မျိုးဆွဲခ သက်သာစေရန် ချောင်းရေထဲအစုန်အဆန် ဦးတင်လှကိုယ်တိုင် ဖျိုးဆွဲရသည်။ လယ်သမားများ၏ဒုက္ခမှာ မသေးပေ။ သီးနှံမထွက် လျှင် စက်မှုလယ်ယာအဖြစ် စက်မဝယ်နိုင်၊ လက်မှုလယ်ယာမှ မတက်ပေ။

"သမီးကို့လယ်တွေ စပါးကောင်း။ ပဲကောင်းအောင် ဘယ်လို လုပ်ရမလဲ အမေရယ်. . . သမီးသိချင်လိုက်တာ၊ အဲသလို နည်းသိလို့ကတော့ သမီးမတိပ်ရရင်နေပါစေ. . . သွားသင်ယူပြီး ပြန်လုပ်ပါ့မယ်. . ."

"ဒီလယ်တွေက အရင်က ဒီထက်ဆိုးတယ်သမီးရဲ့. . . မြေစေး မြေမာတွေ၊ ဒါတောင် အမေတို့တစ်ကွက်ချင်းစီ နွားချေးနဲ့ ဖော်ပြာချပြီး မြေမြှင်ထားလို့ ဒီလောက်စိုက်လို့ရတာ၊ အမေကြီးတို့ လက်ထက်ကဆို အကြမ်းခံသက်တမ်းရှင့်စပါးတွေချည်း စိုက်ကြတာ . . . ပဲတွေဘာတွေ မစိုက်ကြဘူး၊ တစ်သီးစားပဲရတယ်. . . အမေတို့က မြေတွေမြှင်ပြီး ခင်တန်းကုန်းလိုပဲကျွင့်စိုက်ကြည့်လို့ ခုလိုရတာ. . ."

"ဟင်း. . . လယ်သမားဘဝတွေကလည်း ပင်ပန်းလိုက်တာ နော်၊ အမေ. . . အမေနဲ့အမေကို သနားလိုက်တာ. . ."

"အဲ့ဒါကြောင့် အမေက ငါ့သားသမီးတွေ လယ်ထဲမဆင်း ရအောင် ဒီဘဝကလွတ်အောင် လုပ်စေချင်တာ. . ."

"ဖိုး. . . ကျုပ်ကတော့ လယ်ကိုမစွန့်လွှတ်ဘူး. . . အဲ. . . နည်းလမ်းကိုပဲလေ့လာပြီး ပြုပြင်ကြိုးစားမှာ၊ ဖြစ်နိုင်ရင် လယ်မြေတွေ ထပ်တောင်ဝယ်ချင်သေးတာ. . . အဟင်းဟင်း. . ."

"တော်ပါကွာ. . . လယ်သမားဘဝက ချမ်းသာကြွယ်ဝတယ်လည်း မရှိနိုင်ပါဘူး. . . ရာသီတွေက တယ်ဖျက်တာပဲ. . ."

"ဘယ်လိုဖျက်ဖျက် နည်းလမ်းရှာပြီး စိုက်ပျိုးမယ်ရှင်၊ လယ်တွေကိုတော့ စွန့်လွှတ်ရောင်းချဖို့ စိတ်မကူးဘူး. . ."

"သမီးသာ ဆယ်တန်းအောင်ရင် စိုက်ပျိုးရေးနည်းလမ်းတွေကို သေသေချာချာသိနိုင်တဲ့ စိုက်ပျိုးရေးတက္ကသိုလ်ကို တက်ပြီး လေ့လာချင်လိုက်တာ. . ."

"ဖြစ်ရမှာပေါ့. . . သမီးရယ်. . . လိုလျှင်ကြံဆ နည်းလမ်းရတဲ့. . . ကြိုးစားစမ်းပါအေ၊ ဆယ်တန်းထိနေပြီး မအောင်ဘူးဆိုရင် လုံးဝကျောင်းမနေ စာမတတ်တဲ့သူနဲ့ ဘာမှမခြားဘူး. . . တောင်ကြီးခြားနေသလိုပေါ့၊ အဲ့ဒီတောင်ကို ကျော်ဖြတ်ပြီး ဟိုဘက်မှာ ဘာရှိသလဲလို့ မျှော်ကြည့်နိုင်ရမယ်. . . ပြေးတက်ကြည့်နိုင်ရမယ်. . . သမီးရဲ့. . ."

မိခင်ကိုကြည့်၍ ဝေဒါဦး အားတွေရှိလာရသည်။ အမေသည် စာသိပ်မတတ်၊ ရေးတတ်ဖတ်တတ်ရုံ မူလတန်းအောင်သည်ထိသာ ဘုန်းတော်ကြီးကျောင်း၌ (ဘ. က) ပညာသင်ခဲ့ရ၏။ အဖေဖြစ်သူမှာ ဘုန်းတော်ကြီးထွက် အငယ်တန်းကုန်အောင် ဘုန်းကြီးကျောင်းသားအဖြစ် စာသင်ခဲ့ရသူပင်တည်း။ ရိုးသားကြိုးစားသည်မှလွဲ၍ ဗဟုသုတနည်းပါးပေသည်။ လယ်သမားမိဘများမှ ဆင်းသက်လာရသူများပီပီ လယ်အလုပ်သာ ဇောက်ချလုပ်တတ်ကြသည်။

တစ်နှစ် တစ်နှစ် စပါးလေးငါးခြောက်ရာနှင့် ပဲတင်းတစ်ရာလောက် ပုံမှန်ထွက်လျှင် အဘယ်မျှကောင်းပါမည်နည်း။ အဲသလိုထွက်ပါက ဆိုင်ကယ်နှင့်ကျောင်းတက်၍ရသလို မိုးအခါ မော်တော်လေးနှင့်ပေါ့။ လယ်ရေကို စက်နှင့်မောင်းတင်ပြီး ကွန်ခေါင်းနှင့်လယ်ကို ထွန်၊ ရိတ်သိမ်းစက်နှင့် လယ်ကိုစပါးသိမ်း၊ သည်လိုသာဆို မိဘတွေအရမ်းကိုသက်သာမှာ။

ဟူး. . . ထွက်ရေက စက်သူဌေးတွက်ကြည့်တော့ စက်မရှိတဲ့ စိတ်ကူးယဉ်အဝပါလားနော်. . . ဗေဒါဦးသည် ကန်ရေပြင်မှ ဗေဒါတောကိုငေးမော၍ စိတ်ကူးနှင့်ပျော်နေမိတော့သည်။ ထို့ကြောင့် အစစအရာရာအားဖျက်ကာ မိုးအကုန် ရေအကျကိုသာ တမ်းတမိ၏။ စပ်လှေသည် လောင်းလှေလိုမပေါ့ပါးချေ။ ခရီးဝေးသို့သွားပါက ဘယ်ညာလှော်တက်ညီညီလှော်နိုင်ပါမှ ရှေ့သို့ပြေး၏။ လောင်းလှေမှာ ဦးတည်ရာသို့ လှစ်လှစ်ပါအောင်ပြေးလေ၏။ အဖေကြီး၏လောင်းလှေများ သက်တမ်းရင့်လာ၍ သုံးမရတော့သဖြင့် စပ်လှေနှင့်သာ နှစ်ပါးသွားရတော့သည်။ မိုးကုန်၍ ချောင်းရေကျလျှင် ကမ်းနားများပေါ်လာမည်။ ထိုအခါ ခြေလျင်သွားနိုင်ပြီဖြစ်၏။ တစ်နာရီခွဲမျှ လျှောက်ရသော ခြေလျင်ခရီးကို စက်ဘီးနှင့်ဆို ပိုမြန်သော်လည်း စက်ဘီးနှစ်စီးမရှိချေ။ ဖခင်၏ ယောက်ျားစီးစက်ဘီးကို မောင်နှမနှစ်ယောက်စီးသော် နင်းရသည်မှာ ပင်ပန်းလှ၏။ သို့ပါ၍ နွေရောက်လျှင်လည်း ကုန်းကြောင်းသာ တက်ကြရသည်။

အဆိုးထဲမှ အကောင်းကိုရှာကာ ဗေဒါဦး ကျေနပ်ရသည့် အချက်တစ်ခုရှိပါသည်။ ဩဂုတ်လတွင် ကျောင်းများ၌ အင်္ဂလိပ်

စွမ်းရည်ပြ ကျေပန်းစကားပြောပြိုင်ပွဲများ ပြုလုပ်၏။ ထိုအခါ စာတော်သော ဗေဒါဦးအား ဆရာမများက အထက်တန်းဆင့် ပြိုင်ပွဲသို့လည်း၏။ ဆရာမများသည် ဗေဒါဦးမြန်မာလိုရေးပေးသော "နေ့စဉ်ဘဝ" အကြောင်းအရာများကို အင်္ဂလိပ်လိုပြန်ဆိုရေးပေး၍ ကျက်မှတ်ထားစေ၏။ မြို့နယ်သို့တက်၍ ယှဉ်ပြိုင်ကြသောအခါ ဗေဒါဦး၏နေ့စဉ်ဘဝတွင် လှေကလေးကို ကိုယ်တိုင်လှော်၍ ကျောင်းတက်ခဲ့ရသောအဖြစ်ကို အမှုအရာဖြင့် အင်္ဂလိပ်လို ယှဉ်ပြိုင်ပြောပြရာ အမှတ်ပေးဒိုင်ဆရာကြီး၊ ဆရာမကြီးများ သဘောကျနှစ်သက်ခဲ့ကြပါသည်။

"လှော်. . . လှော်. . . လှေကိုလှော်. . . မြစ်ကိုစုန်ဆင်းမည် . . လှော်ကြ. . . လှော်ကြ. . . လှော်ကြ. . . မြစ်ကို စုန်ဆင်းမည်"

ဟူသော သီချင်းလေးကို ဆရာမက အင်္ဂလိပ်လိုထည့်ရေးပေးသဖြင့် ဗေဒါဦးက လှေလှော်သည့်ဟန်ဖြင့် ဆိုရင်းပြောရင်း ယှဉ်ပြိုင်ခဲ့ရာ မြို့နယ်ပထမမှ တိုင်းပထမထိ ရရှိခဲ့ပါသည်။ "အလျှော့မပေးသောစိတ်ဓာတ်ဖြင့် လှေလှော်သလို ဘဝကို အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်ခိုင် ကျော်ဖြတ်ပါမည်။ ကိုယ်ရဲ့ပန်းတိုင်ကို ရောက်ဖို့ ကိုယ်သာလျှင် ဗွဲကိုင်ရှင်ဖြစ်ကြောင်း နိဂုံးချုပ်ပါသည်" ဟု အဆုံးသတ်ပြောကြားသော ခန်းမတွင်းရှိ ပြိုင်ပွဲဝင်များ၊ ကြည့်ရှုသူများအားလုံး လက်ခုပ်ဩဘာပေးကြသည်မှာ ဘဝင်ထိညလေ တော့သည်။

"ကောင်းလိုက်တာကွယ် . . . ဒီကလေးမလေးဟာ တကယ်ကို လှေကလေးနဲ့ ကျောင်းလာတက်ရတဲ့ ကလေးတဲ့၊ ဟန်ပန်မူရာလေးနဲ့. . . အင်္ဂလိပ်လိုပြောသွားတာ. . . ချစ်စရာလေး။

ပုံစံလေးကရော. . . ကြည့်ပါဦး၊ ဆံပင်က ဆံတောက်လေးနဲ့ ကျောင်းဝတ်စုံအဖြူ အစိမ်းလေး နွမ်းနွမ်းဝတ်ထားတာ. . . တော သဘာဝ မြန်မာဆန်တယ်နော်. . ."

"ဟုတ်ပါရဲ့. . . တောသူကလေးတွေ အထင်သေးလို့မရဘူး တွေ့လား. . . ပြောတတ်တယ်နော်၊ ROW-ROW-ROW ဆိုပြီး လှေလှော်ပြတာလေးက အားမာန်အပြည့်ပဲ. . ."

"သီချင်းလေးကရော. . . လှေကိုလှော်သီချင်းလေးကို အင်္ဂလိပ်လို ဆိုသွားတာ ကောင်းပါ့၊ နွံတွာန်ရွာသူလေးတဲ့. . . ဆုတွေရဦးမှာ ကြည့်ထား. . ."

"သူတို့ရွာက မြန်မာဆန်တယ်နော်. . . ဆင်ဖြူတော်ရုပ်ကြီး ရှိတဲ့ရွာပေါ့. . . ရေတွေရှိတယ်. . ."

ပရိသတ်ထဲမှ ချီးမွမ်းသံများက လျှံထွက်လာပါသည်။ ဤပွဲမျိုးကို အမေ၊ အဖေတို့အား ဖေါ်ဦးပြချင်လှပါသည်။ သို့သော် အဖေတို့မှာ မိုးလင်းသည်နှင့် နွားအလုပ်၊ ဝက်အလုပ်၊ ဘဲအလုပ်များနှင့် ဖျင်ခြေလည်ကာ မနားကြရပေ။ လယ်မိုးတွင် ငါးထောင်ပြီး တစ်နှစ်လုံးစာ ငါးပိ၊ ငါးပိကောင်လုပ်ကြရသေး၏။ ကျောင်းသို့ မလိုက်နိုင်။ မိဘတွေ့ဆုံပွဲဆိုလျှင်သာ မဖြစ်မနေ လိုက်လာရသည်။ ဘဲဥရောင်းရန် ဘဲစာ၊ ဝက်စာ၊ မီးဖိုချောင်စားသုံးပစ္စည်းဝယ်ရန် တို့မှာ လိုအပ်သလို ဖေါ်ဦးဝယ်ခြမ်းခဲ့ရ၏။ ဇာနွံရွာကြီးသည် ဈေးဆိုင်ကြီးများ၊ ပွဲရုံများ၊ မနက်ခင်းဈေးများရှိ၍ စည်ကား၏။ ပတ်ဝန်းကျင်ရွာ (၁၀) ရွာမျှ အားထားရသော ရွာကြီးဖြစ်၏။ အ. ထ. တ ကျောင်းကြီးနှင့် မူလတန်းကျောင်းခွဲ (၃) ကျောင်း ရှိသည့် ရွာကြီးဖြစ်ပေသည်။ သမိုင်းဝင် (မင်းရဲကျော်စွာနှင့်

ရောင်းရောင်းတို့ ဘိုက်ပွဲကြမ်းခဲ့ရာနေရာအနီးမှ) ရွာကြီးလည်းဖြစ်၏။ ညည်းရာခံ့ဘုရား သွန်းဘုရားကြီးနှင့် မင်းရဲကျော်စွာ၏ သံလျက် ရေကန်တို့တည်ရှိရာဒေသဖြစ်သဖြင့် သမိုင်းလေ့လာသူ အဝင်အထွက်များသည့် ဒေသလည်းဖြစ်၏။ ထပ်သားစက်ရုံ၊ တန်တစ်ရာဆန်စက်ကြီးတို့လည်း ရှိလေသည်။ အုန်းရွာက ခေတ်မီ စည်ကားသလောက် နီဗွာန်ရွာမှာ တောဆန်ရှေးဆန်၏။

"သမီးလေးရဲ့ ဆံပင်က နဂိုကတည်းက ဒီလိုပဲထားခဲ့တာလား။ အခုပြိုင်ပွဲဝင်မှ ဒီပုံစံပြုလုပ်လာတာလား. . . သမီး"

"သမီးတို့ငယ်ငယ်ထဲက သျှောင်ပေစုးထားရတာပါ၊ လေးတန်းအောင်လို့ ငါးတန်းခြောက်တန်းမှာ အုန်းရွာ အ. ထ. ကကို ပြောင်းတော့မှ ဆံတောက်ထားရတာ၊ သမီးတို့ရွာမှာ ယောကျ်ား လေးဆိုလည်း ရှင်ပြုပြီးမှ ဆံရစ်ဝိုင်း (သျှောင်ပေစုး) ကို ဖြတ်ကြ ရတဲ့ဓလေ့ရှိပါတယ်၊ အဖေကြီးက ရှေးရိုးမပယ်ရပါဘူးရှင်. . ."

"ဪ. . . ကောင်းတာပေါ့. . . မြန်မာဆန်တယ်ကွဲ့"

ဓာတ်ပုံဆရာများက ပေဒါဦးကို ဓာတ်ပုံရိုက်ကြ၏။ ဖန်တီး လာသော ဆံပင်မဟုတ်၊ တကယ့်ဆံတောက်ထားခဲ့သည့် မိန်းကလေး ဟုဆိုကာ "ကိုးများအလယ် ဈိုင်းတင့်တယ်" နေသလို စိတ်ဝင်စား နေကြ၏။

"နီဗွာန်ရွာက အခြားရွာထက်ရှေးဆန်တယ်ဗျ၊ ရွာဘုန်းကြီး ကစ ခုထိရှေးမူမပျက်. . . နေထိုင်ပြောဆိုတုန်း၊ သမိုင်းဝင် ဆင်ဖြူတော်ရုပ်ကြီးရှိတဲ့ရွာမို့ထင်ပါရဲ့"

လူအများ၏စိတ်ဝင်စားမှု၊ လေးစားချီးမွမ်းမှုကိုခံရသော မိမိရွာနှင့် ဆရာတော်ကြီးအားလည်းကောင်း၊ ဆင်ဖြူတော်ရုပ်ကြီး

ရှိရာ ရွာအဖြစ်လည်းကောင်း ဂုဏ်ယူမိပါသည်။ အသက် (၈၀) ကျော် အဖေကြီး ဦးထွန်းကြိုင်လည်း မြေးများအားလုံးကို သူ၏ သားသမီးများ ငယ်စဉ်ကလိုပင် ရှင်မပြု နားမသရသေးလျှင် ဆံပင် အတိုညှပ်ခွင့်မရှိပေ။ ကျောင်းနေ၊ စာသင်ချိန်မှစ၍ သျှောင်ပေစူး (ဆံရစ်ဝိုင်း) ထားပေးသည်။ ရှင်ပြုနားသအလှူပွဲပြီးမှ အခြား ထားချင်သလိုထားခွင့်ရလေသည်။ ဖခင်ကို ချစ်ကြောက်ရိုသေသော ဦးတင်လှတို့မှာ သားသမီးများအားလုံးကို ဤသို့ပင် ပြုလုပ်နေထိုင် စေ၏။

သို့ပါ၍ မြန်မာ့ဓလေ့ထုံးတမ်းသင်ကြားတိုင်း ဖေဒါဦးတို့ မောင်နှမ၏ ပုံစံကို စံပြအဖြစ် ပြသလေ့ရှိကြ၏။ ကြာခိုင်သည် သျှောင်ပေစူးကို ဖြတ်ညှပ်ချင်လွန်း၍ မကြာခဏရှင်ပြုပေးပါဟု အဖေတို့ကို ပြောလေ့ရှိသည်။ စီးပွားရေးမကောင်းသေးသဖြင့် အဖေတို့မှာလည်း သားနှစ်ယောက်အား ရှင်မပြုနိုင်သေးပေ။

"သားရယ်. . . အဖေတို့ငယ်ငယ်ကလည်း ဒီလိုပဲထားခဲ့ရ တာ. . . ဒီနွေမှာ သားတို့ကို ရှင်ပြုပေးနိုင်အောင် အဖေကြိုးစား ပါ့မယ်။ ရွာဓလေ့နဲ့ဆရာတော်ရဲ့စကားကို အဖေကြီးကပယ်ဖျက်ရင် မကြိုက်ဘူး သားရဲ့၊ သားကအတန်းလည်း ငယ်ပါသေးတယ်ကွယ်"

ဖခင်၏ချော့မော့စကားကို မကျေမနပ်ဖြင့် ကြာခိုင် အမြဲ ဆန္ဒပြတတ်ပါသည်။

"ဒီနွေမှာ ရှင်ပြုပေးရင်ပြုပေး၊ မပြုပေးရင် ကျောင်းမနေ တော့ဘူး. . .၊ ကိုယ့်ဘာသာ ခေါင်းရိတ်ပစ်ပြီး ဘုန်းကြီးကျောင်း သွားနေမှာပဲ. . ."

"ကြားလား. . . သန်းရှင်. . . မင်းသားက ဆန္ဒပြပြီ. . ."

"ကျွန်မတို့လယ်ထွက် စပါးလေးရောင်းပြီးတာနဲ့ အကျဉ်းရုံးလေး လှူကြရအောင်. . . ကိုတင်လှရေ. . ."

မောင်ကြာခိုင်တို့ အတန်းတင်စာမေးပွဲပြီးသော် စပါးသိမ်းအပြီး၊ ပဲစိုက်အပြီး၌ အဖေကြီးက အလှူရက်သတ်မှတ်၏။ ဒွေမျိုးတစ်စုမှ မလှူရသေးသူမှန်သမျှ စု၍ လှူကြသည်။ မိန်းကလေးများ နားသကြသည်။ ယောကျ်ားလေးများ ကိုရင်ဝတ်ကြ၏။

"လွတ်ပြီ. . . ကျွတ်ပြီဟေ့. . . ကျာရင်ဖြုတ်ချပြီဟေ့. . ."

"အေးဟေ့. . . ဝေး. . ဟေး. . ဟေး"

ညီကိုဝမ်းကွဲများအားလုံး ပျော်ကြသလို အမျိုးသမီးဝမ်းကွဲများအားလုံး အုံ့လုံးသွင်း၍ ဆံပင်အခုပ်ထားကြရမည်ဟု ပျော်ကြသည်။ ဗေဒါဦးတို့မှာ လူကောင်သေးသဖြင့် သိပ်မသိသာသော်လည်း စိန်ရွှေတို့ သူဇာတို့မှာ အရပ်ရှည်၍ လူကောင်ထွားကြသဖြင့် အုံ့သုံးသွင်းလိုလှသည်မှာ ကြာပြီဖြစ်၏။ အဖေကြီးက ခွင့်မပြုသဖြင့် နားသလှူပေးမည့်ရက်ကို လက်ချိုးရေတွက်နေကြ၏။

"သမီး နောက်နှစ်ဆယ်တန်းရောက်တဲ့ထိ ဆံပင်ရှည်ကို ညှပ်ရပါ့မလားလို့ စိတ်ပူနေတာ၊ ဆယ်တန်းမှာ စာတွေများမှာ. . ဆံပင်အရှည်ကြီးနဲ့ဆို အလုပ်ရှုပ်တယ်အဖေရေ၊ ဒီအောက်ဆံပင်တိုနဲ့အညီ ဂုတ်ဝဲညှပ်လိုက်မယ်နော်အဖေ. . . နော်လို့"

"မညှပ်ပါနဲ့ သမီးရာ. . . အရှည်ပဲဆက်ထားလိုက်ပါ. . .။ မိန်းကလေးဆိုတာ ဗမာဆန်ဆန် ယဉ်ယဉ်လေးနဲ့မှ လှတာ. . ."

ဖခင်သဘောမကျ၍ ဗေဒါဦး ဆံပင်မညှပ်ရ၊ အုံ့လုံးသွင်းကာ အရှည်ဆက်ထားရပြန်သည်။ မိဘစိတ်ဆိုးမည့်အလုပ်ဆို ဗေဒါဦး ဘယ်သောအခါမှ မလုပ်ဖြစ်ပါ။

"ဟေ့..တစ်လှရေ့..ဝိုလ္လာ ဒီနှစ်တွဲဖက်အလယ်တန်းကျောင်း ဖွင့်မတဲ့ဟေ့၊ မူလွန်ဆိုလား ဘာဆိုလား...ငါတို့ကလေးတွေ အုန်းမသွားရတော့ဘူးဟ"

"ဟာ...ဟုတ်လား ကိုကြီးသိန်း...ကောင်းတယ်ဗျာ...၊ အဲ့ဒီလို စောစောနှစ်ကတည်းက လုပ်ရမှာ၊ ငါ့သားကြီးတို့ ကိုယ့်ရွာမှာ ကိုယ်တက်လို့ရပြီပေါ့..."

"ဒါဆို သမီးတစ်ယောက်ထဲ သွားတက်ရမယ့်အတူတူ ပဲခူးကိုပဲ ကျောင်းပြောင်းတက်တော့မယ် အဖေ..."

"နေပါဦး...သမီးရယ်...အဖော်တွေရှိမှာပေါ့...မြို့ကြီးပြကြီးပြောင်းတယ်ဆိုတာ မလွယ်ဘူးကွဲ့..."

"အင်း...သမီးပြောတာ မှန်ပါတယ်...အမေတို့ စိစဉ်ပေးပါ့မယ်ကွယ်..."

* * * * *

## အခန်း (၄)

အဖေကြီး၏အလုပ်မှာ စည်ကားလှန်း၏။ သားသမီး ဆယ့်တစ်ယောက်ရှိသော ဦးထွန်းကြိုင်၊ ဒေါ်အုံးမေတို့မှာ သားယောက်ျားလေးချည်း ရှစ်ယောက်ဖြစ်၏။ သမီးသုံးယောက်သာရှိသည်။ အားလုံးသောသားသမီးများမှာ အိမ်ထောင်သည်များဖြစ်ကြသလို သားသမီး၊ မြေးမြစ်များလည်း ပွားစီးနေပြီဖြစ်၏။ အဖေကြီးနှင့်အမေကြီးတို့၏ မြေးမြစ်များမှာ ငါးဆယ်ကျော်မျှရှိလေသည်။ ငယ်ရွယ်သူ မြေးမြစ်အားလုံး ရှင်ပြုနားသပွဲဖြစ်သဖြင့် စည်ကားပျော်ရွှင်ဖွယ်ဖြစ်၏။ ဆင်ဖြူတော်ကျောင်းသည် ဘိုးဘွားအစဉ်အဆက် ကိုးကွယ်ရာဖြစ်သဖြင့် ကျောင်းထိုင်ဆရာတော် ဦးဝိစုရမှာ ဆရာရင်းဒကာရင်းဖြစ်၏။

အလှူပွဲ၌ ရပ်ရွာလူကြီးတို့ တိုင်ပင်ပြောဆိုသံကို ဖေဒါဦးတို့ အသေအချာကြားရပြီဖြစ်၍ မောင်ငယ်ညီမငယ်များအတွက် ပျော်ရပါသည်။ တစ်ရပ်တစ်ရွာ၌ ပညာသွားရောက်သင်ယူစရာ မလိုတော့ပေ။ ကိုယ့်ရွာ၌ အိုးမကွာအိမ်မကွာ သင်နိုင်ပေပြီ။ ရွာမှ ကလေးအတော်များများလည်း အလယ်တန်းပညာကို ဆက်သင်နိုင်ကြမည်သာ။

"တင်လှရေ မင်းတို့လည်း ကျောင်းဆောင်လေးဆောက်ဖို့ အလှူငွေတွေ ထည့်ကြဦးဟေ့. . ."

"ဟုတ်ကဲ့. . . ဦးကြီး. . . ထည့်ပါ့မယ်ဗျာ. . . စိတ်ချပါ။ ကိုယ့်ကလေးတွေအတွက် ဝမ်းသာစရာမို့ ခွဲတမ်းအပြင် ပိုထည့်ပါ့မယ်. . ."

"ဟုတ်ပါ့ရှင်. . . မရှိ ရှိတာရောင်းထည့်မှာပါ. . ."

"အေး. . ဗေဒါမတစ်ယောက်တော့ မင်း အခြားပို့ရမှာပေါ့။ နောင်နှစ်တွေကျ ပါမစ်ကျောင်းအဖြစ် အလယ်တန်းဆိုင်ရှင်ရ အောင် ကြိုးစားမယ်ကွာ။ ဒါမှ တွဲဖက် အထက်တန်းလေးထိ ဖွင့်လို့ ရအောင်. . ."

"ကျွန်တော်လည်း ရွာအတွက် ကြိုးစားလိုက်ပေးပါ့မယ်. . . ဦးကြီး" ပဲခူးကြခတ်ဝိုင်းဆရာတော် ဘုရားကြီးကိုလည်း လျှောက်ထားရမယ်။ အခုဆို လမ်းအတွက် မပူရဘူး။ စာသင်ကျောင်း အတွက် လျှောက်ထားရမယ်လေ. . ."

"အေး. . . ဟုတ်တယ်. . . တို့တွေ အလှူကို ကြွလာတုန်း လျှောက်ထားတင်ပြကြတာပေါ့ကွာ။ ကိုယ့်ရွာဇာတိသား ဆရာတော် ဘုန်းကြီး ဘုန်းကံကြီးမားတုန်း လုပ်ထားမှ. . ."

ကြခတ်ဝိုင်းဆရာတော်ကြီးသည် ရွာ၏ လမ်းပန်းဆက်သွယ် ရေးကို အထူးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ရွာသား များ ရှေးကလောက် မိုးအခါ ဒုက္ခမရောက်ကြတော့ချေ။ ပဲခူးမှ ခရမ်းဘက်သွား ကားလမ်းမကြီးသည် ပဲခူးမှ သနပ်ပင်၊ ကမာစဲ၊ ရစ်ကန်ဘူတာ၊ ခမဲပြင်၊ အုန်ချွှေ၊ သဂ္ဂလ၊ ခရမ်းမြို့စသည်ဖြင့် အစဉ်အတိုင်းလာ၏။ ခမဲပြင်ကုန်းတော်မှ မြေနီတာလမ်းအတိုင်း နိဗ္ဗာန်ရွာထိပ် ဆင်ဖြူတော်ရှုပ်ရှိရာ နိဗ္ဗာန်တောင်ကျောင်းအထိ ဖောက်လုပ်ထားပါသည်။ ထိုလမ်းမှာ ပဲခူးကြခတ်ဝိုင်းစာသင်တိုက်

ဆရာတော်ကြီး ဘဒ္ဒန္တဇောတိပါလ၏ ဒါနအလှူပင်ဖြစ်၏။ သမိုင်းဝင်ဆင်ဖြူတော်ရုပ်ကြီးမှာ ရွာ၏ ကျက်သရေဆောင်ဖြစ်ပါသည်။ ရှင်ပြုနားသပြုလုပ်ပါက ဆင်ဖြူကန်ရှိ နတ်ကွန်း၌ နတ်ပြပြီး ဆင်ဖြူတော်ရုပ်တွင်လည်း ပွဲပေးရှင်ပြုရပါသည်။ သက်မဲ့ဆင်ဖြူတော်ရုပ်ကြီးဖြစ်သော်ငြားလည်း သက်ရှိဆင်မြင်းများ ဖြတ်သွားဖြတ်လာ ဦးမခိုက်၍ မရပေ။ ဆင်ဖြူရုပ်ရှိရာ ရေကန်ကြီးကို (ဆင်ဖြူကန်) ဟု ခေါ်ပါသည်။ ဆင်ဖြူကန်ရေသည် ဇုန်းရည်ကဲ့သို့ အမြဲ နောက်ကျိကျိလေးဖြစ်နေ၏။ ဆင်ဖြူတော်လေးရှိစဉ်က ရေကစားရာ (ဆင်ဖြူရေချိုး) ကန်ဖြစ်သည်။ "ဆင်ဖြူရေချိုး တပေါင်းလ" ဟူသော အဆိုအရ ဆင်ဖြူတော်လေးကို အမွှေးနံ့သာဖြင့် ရေချိုးကာ ကကြိုးတန်ဆာဆင်ပြီး တင့်တယ်စေခဲ့သည့်နေရာဖြစ်၏။ အင်းဝရွှေနန်းတော်သို့ ပင့်ဆောင်သွားကြသောအခါ ထိုရေအိုင်လေးအား ဆက်လက်တူးဖော်ခဲ့ရာ ရွာ၏ သောက်သုံးရေကန်ကြီးဖြစ်နေခဲ့ခြင်းပင်တည်း။ မည်မျှအပူရှိန်များ၍ အခြားကန်များ ရေခန်းသည်ဖြစ်စေ "ဆင်ဖြူကန်" ကား ရေမခန်းပါချေ။

ဆင်ဖြူတော်၏ ရာဇဝင်အကြောင်းကို အဖေကြီးက ပုံပြင်သဖွယ် ပြောပြခဲ့မှုသဖြင့် ဝေါဦးတို့ သိပြီးဖြစ်သော်လည်း မည်သူပြောပြော နားထောင်ကောင်းမြဲဖြစ်သည်။ တစ်ရွာလုံး၊ တစ်ရပ်လုံးသည်လည်း ဆင်ဖြူတော်ရုပ်ကြီးကို အလေးထားအရိုအသေပြုကြပါသည်။

**နီဗွာန်ရွာမှ နီဗွာနပစ္စယနောဂဆင်ဖြူတော်-သမိုင်း**

နီဗွာန်ရွာသည် မြန်မာနိုင်ငံအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ဘက်ရှိ ကဝမြို့နယ်၌ ရှေးအကျဆုံး နေရှုန်ရွာကြီး ဖြစ်၏။

လျှောင်းတော်မူ ဘုရားလေးမျိုးအရ အနောက်ဦးခေါင်းပြု လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီး တည်ရှိခဲ့ဖူးရာ ရွာဖြစ်သဖြင့် နေရှုယွန်ရွာမှ နောင်သော် "နီဗွာန်" ရွာဖြစ်လာခဲ့ပါသည်။

ရှေးကျသော ရွာဟောင်းကြီးတွင် ရှေးရိုးစဉ်လာအရ တောင်ယာလယ်လုပ် ရိုးရိုးကုပ်ကုပ် နေထိုင်ဝတ်စားကြလျက် ဘုရားသွားကျောင်းတက်ဥပုသ်သီတင်းစောင့် အလှူဒါနပြုဖြင့် ရွာသူ၊ ရွာသားများ မွေ့လျော်စွာ နေထိုင်ကြလေသည်။

၁၁၆၇ ခုနှစ်တွင် ပဲခူးနန်းတော်မှ မင်းမှုထမ်း (၄) ဦးသည် ရန်ကုန်သို့ တောလမ်းကို ဖြတ်၍ လာကြ၏။ ပဲခူးတောင်ဘက် ပန်းကျော်အရပ်၌ ချိုက်တောများ ထူပြောရာ၏။ တောလမ်း ကလေးသည် ပဲခူးရိုးမတောင်စွယ်အစွန်းရှိ ကျိုက်မတ်ကော်ဆံတော် ရှင် (ယခုဖလေး ဘုရား) ကုန်းတော်အနီး ဖြတ်ကြရ၏။ ထိုအခါ တောထူသဖြင့် မြင့်မားသော ဘုရားကုန်းတော်ပေါ်သို့ တက်၍ သားရဲဘေးမှ ကင်းရာ ပစ္စယံ၌ နားနေကြစဉ် တောကြီးမှာ ကြက်သီး ဖြန်းဖြန်းထလောက်အောင် ပုံ့တင်ရိုက်သံများ နားပွင့်မတတ် ရှိတော့သည်။ စစ်သည်လေးဦးသည် ဘုရားပစ္စယံမှ ကြည့်ရှုသော အခါ ဆင်မည်းအုပ်ကြီးမှာ များပြားလှစွာဖြင့် ဆင်ဖြူတော်လေး အား ရေချိုးပေးခြင်း၊ နှာမောင်းဖြင့်ပွတ်ပေးခြင်း၊ သစ်တောသစ်ပင် များအား ချိုးဖျက်ခြင်းတို့ ပြုနေကြသည်ကို တွေ့ကြရ၏။

သို့ပါ၍ မင်းလုလင် "ငပန်းဦး" နှင့် "ငကေနီ" တို့သည် မျက်ခြည်မပြတ်စောင့်ကြည့်၍ "ငတော်" နှင့် "ငမောင်" တို့က ဟံသာဝတီ (၃၂) ခရိုင်အုပ် သေနာပတိအမတ်ကြီးနှင့် မြို့ဝန်၊ ရေဝန်တို့ထံ လျှောက်ထားရန် လူစုခွဲတာဝန်ယူကြလေသည်။

ဟံသာဝတီမြို့တော် တောင်ဘက် သုံးဂါဝုတ်မျှဝေးကွာသော နီဗွာန်ရွာအနီးတွင် ဖြူဖွေးသန့်စင်သော ဆင်ဖြူတော်ရတနာလေးကို မွေးဖွားတွေ့ရှိကြောင်း သတင်းကောင်းပါးစေလိုက်ပါတော့သည်။

နီဗွာန်ရွာ၏အရှေ့တောင်ဘက် တစ်မိုင်သာသာအကွာတွင် နွယ်ချိုတောရှိ၏။ ထိုနွယ်ချိုတောသို့ ဆင်ကလေးကို ခွဲထုတ်ဖမ်းယူရန် မြို့တော်ဝန်၊ ရေတော်ဝန်များ။ သေနာပတိအမတ်ကြီးများဦးဆောင်ကာ ဆင်ဖြူတော်ရှိရာသို့ ချဉ်းကပ်လာကြပါသည်။ ဆင်စီး (၃၀)၊ ရဲမက် (၃၀၀၀) အား စစ်ကြောင်းသုံးကြောင်းခွဲ၍ ဆင်ဖြူတော်အားခြံရံနေသော မိခင်ဆင်မည်းမကြီးနှင့် အမည်းရောင် ဆင်ထီးကြီးများ၊ ဆင်ထိန်းဆင်မကြီးများကို ခွဲထုတ်ကြရ၏။ ဆင်ထိန်း၊ ဆင်ဦးစီးတို့၏အသံ၊ ညည်သံ၊ မောင်းသံ၊ တူမီးသေနတ်သံ၊ ဝါးမီးရှို့၍ ဖောက်ခွဲကာ မိုးလုံးပြီးန်း မြေကြီးတုန်မျှ ထင်မှတ်ကာ ဆင်ရိုင်းများအား မောင်းထုတ်ကြရ၏။

ဆင်ရိုင်းတစ်ကောင် ခစားခြံရံသော ဆင်ဖြူတော်လေးမှာ ကြောက်ရွံ့ခြင်းကင်းစွာ ရှိနေ၏။ နို့စို့အရွယ် ဆင်ဖြူငယ်လေး ပေမယ့် ရုတ်ရုတ်သဲသဲမရှိ တည်တည်ငြိမ်ငြိမ်ပင် မျက်ခြည်ပြတ်ကာ နွယ်ချိုတောသို့ဝင်၍ နွယ်ချိုပင်များကို စုပ်လျက်ရှိနေတော့သည်။

ဆင်ဖြူတော်လေးအကြောင်း သတင်းကောင်းမင်္ဂလာကို ကြားသိသည့် အင်းဝမြန်မာဘုရင် ဘိုးတော်မင်းတရားကြီးနှင့် ပြည်သူပြည်သားအများသည် အလွန်ဝမ်းမြောက်ဝမ်းသာ ရှိနေကြရပါတော့သည်။ ဆင်ဖြူတော်ရတနာအား အထိအခိုက် အပွန်းအပဲ့မရှိ ရွှေနန်းတော်အရောက် ပင့်ဆောင်နိုင်ရန် ဟံသာဝတီရေဝန်ကြီး "နေဘ်ရထာကျော်ခေါင်" အား အမိန့်ပေးဦးဆောင် ပင့်ဆောင်စေခဲ့ပါသည်။

နွယ်ချိုတောသို့ဝင်နေသော ဆင်ဖြူတော်လေးအား စတင်တွေ့ရှိသူ မြေမြန်တော်များဖြစ်သည့် ပေန်းဦး၊ ကောနီ၊ တော်၊ မောင်တို့က ရွှေဆုံးမှဝင်ကာ ၎င်းတို့ဝတ်ဆင်ထားသည့် (ပုဆိုးရှည်စ) များဖြင့် ရစ်ပတ်ရာ အနည်းငယ်မျှ ရုန်းကန်ခြင်းမပြု၊ ကြောက်လန့်တုန်လှုပ်ခြင်းလည်း မရှိပါဘဲလျက် တည်ငြိမ်စွာကျွမ်းဖြင့် လိုက်ပါလာ၏။ တူရိယာငါးပါးတီးမှုတ်ကြပြီး ရွှေကြိုး၊ ကဗ္ဗိပါကြိုးများဖြင့် တည်းခြင်း၊ ချည်ခြင်းများကိုလည်း အရေးမစိုက်၊ တည်ကြည်သောကျွမ်းမြေဖြင့် ရင်းရင်းနှီးနှီး လိုက်ပါခဲ့လေသည်။

ဤသို့ဖြင့် ဆင်ဖြူတော်လေးအား အနီးစပ်ဆုံးကျေးရွာ၊ နိဗ္ဗာန်ရွာသို့ ချော့မြှူ၍ ခေတ္တတည်းခိုထိန်းသိမ်းမွေးမြူကြရ၏။ လူနို့ဖြင့် စတင်မွေးခဲ့ရသည်။ သားငယ်လေးကဲ့သို့ ဝိုင်းဝန်းချစ်ခင်စောင့်ရှောက်ပြုစုကြသည်။ ဆင်ဖြူတော်လေးသည် အများချစ်ခင်အောင်နေတတ်၊ ထိုင်တတ်၊ ဆက်ဆံတတ်မှုရှိသည်။ ရွာသားများကလည်း ဘဝချင်းမတူသော်ငြား သားငယ်ကဲ့သို့ ကရုဏာဖြစ်ပြီးချစ်ကြ၏။ သားငယ်လေး ရေ၌ အိပ်ဖို့၊ ကစားဖို့ရန် တစ်ရွာလုံးဝိုင်းဝန်းသန့်စင်သော ရွာဦးရွာထိပ် (ယခုဆင်ဖြူကန်) ၌ ကြီးကျယ်လှပသော ရေကန်ကြီးကို တူးပေးထားကြပါသည်။

ရေကန်ကြီးပြီးသောအခါ တပျော်တပါးကြီးဖြင့် ဆင်ဖြူလေးကို ရေချပေး၏။ ရေချသောလမှာ တပေါင်းလဖြစ်၍ "ဆင်ဖြူရေချတပေါင်းလ" ဟုပင် အဆိုရှိခဲ့ပါသည်။ ထိုအခါမှစ၍ နိဗ္ဗာန်ရွာတွင် တပေါင်းလပြည့်နေ့တိုင်း သံဃာတော်များ အမှူးထား၍ ဒါနအစပြုရှိုးရာ အခမ်းအနားနှင့်အတူ ဆုတောင်းအမျှဝေ ဆင်ဖြူရေချပွဲအဖြစ် ကျင်းပခဲ့ကြပါသည်။ ထိုကာန်မှရေသည် ရောဂါ

မှန်သမျှပျောက်သည်ဟူ၍ အစွဲရှိကာ ယခုတိုင် သောက်ကြ၊ ချိုးကြ၊ ဦးခေါင်းဆေးကြ၏။ ရေ၏အရောင်မှာ ဘုန်းရည်ကဲ့သို့ပင် ဖြစ်နေသည်။

ဘိုးတော်မင်းတရားကြီးသည် ဆင်ဖြူတော်အား ရွှေဖောင်ဖြင့် ဆောင်ယူရန် စီစဉ်ချိန်ခဏ၌ နိဗ္ဗာန်ရွာ၌ ဆင်ဖြူတော်လေးအား အစောင့်အရှောက်ဖြင့်ထားရှိစေသည်။ ဆင်ဖြူတော်လေးသည် ကြန်အင်လက္ခဏာကောင်းမြတ်၍ တစ်ကိုယ်လုံး ဖြူဝင်းနူးညံ့စွာသော ဆင်ဖြူရတနာပင်တည်း။ နိဗ္ဗာန်ရွာအနီး နတ်တို့ဖန်တီး၍ အဓိဆင်မထားလာရသည့်အရာဖြစ်ပါသည်။ ဆဒ္ဒန်ရတနာဆင်ဖြူတော်ကို သိမ်းယူတော်မူရသည်မှာ "ကြောမင်း"၊ "မန္တတ်မင်း" စသည့် ဘုန်းသမ္ဘာကြီးတော်မူသော ရှေးမင်းများနည်းတူ ထုံးတမ်းစဉ်လာနှင့်အညီ ပြုလုပ်ခဲ့ပါသည်။

ဘုရင်ဘိုးတော်မင်းတရားကြီးသည် လျှာနီ၊ နှာနီ၊ မျက်လုံးအနီ ဆင် (၁၀) မျိုးတွင် အမြတ်ဆုံးဆင်ဖြစ်သည့် ဆဒ္ဒန်ဆင်ဖြူတော်မျိုးနွယ်စင်စစ်သော ဆင်ကလေးအား ရွှေဖောင်တော်ကိုစီးစေလျက် ပုဂံမြို့၊ နန်းတော်သို့ ပင့်ဆောင်တော်မူ၏။ ၁၁၆၈ ခုနှစ် တန်ဆောင်မုန်းလတွင် မင်္ဂလာရွှေဖောင်တော်ကို နိဗ္ဗာန်ရွာ၏ အနောက်ဘက်၊ ပိုင်ကျုံ့ရွာမ၌ ဆိုက်ကပ်ထားသဖြင့် နိဗ္ဗာန်ရွာမှ ပိုင်ကျုံ့ရွာသို့ ခြေကျင်ပင့်ဆောင်၍ ဖောင်ဆိုက်ထားသော ရေတာတ်၊ ရေကျ ပိုင်ကျုံ့ချောင်းမှတစ်ဆင့် ဖောင်တော်ကို စစ်အင်္ဂါလေးပါး ခြံရံ၍ စတင်ထွက်ခွာခဲ့သည်။ ထိုအချိန်က နိဗ္ဗာန်ရွာသူ၊ ရွာသားများ ဆင်ဖြူတော်ကလေးကို ပို့ဆောင်ရင်း မခွဲနိုင်ဖြစ်ကာ ရင်ကွဲမတတ် ငိုခဲ့ကြရ၏ဟု သိရပါသည်။

ထိုပိုင်ကျွန်းရှာတွင် ဖောင်တော်ဆိုက်ထားသောရေဆိပ်၌ "ဆင်ဖြူဆိပ်" ဘုရားဟု အမှတ်တရ ဘုရားတစ်ဆူတည်ထားခဲ့သည်ကို ယခုတိုင် ဖူးမြင်ရပါသည်။ ယင်းပိုင်ကျွန်းရှာမှ ကာ၀၊ သမြိုးဖားကူး၊ ဒလ၊ ခနောက်ဖြူး ဟင်္သာတ၊ မြန်အောင်၊ ပန်းတောင်း၊ ပြည်၊ မြေထဲ၊ မြင်းခွန်း စသည်ဖြင့် ဧရာဝတီမြစ်၏ ဝဲယာကမ်းတစ်လျှောက်တွင် ဟံသာဝတီမြို့ ရေဝန်တို့ကြီးကြပ်ဆောင်ယူသွားရာ ဝဲယာရွေနောက် ရွှေဖောင်ပေါ်၌ ပွဲသဘင်စုံ ငြိမ့်ငြိမ့်ညောင်းညောင်း ခြံရံတီးမှုတ်လာသကဲ့သို့ ပြည်သူပြည်သားတို့ကလည်း ကမ်းလုံးမျှ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ကောင်းချီးသြဘာသောမနာပြု ကြိုဆိုကြသည်။

ဘိုးတော်မင်းတရားသည်လည်း မင်းကွန်းတစ်ဖက် အလယ်ကျွန်းစံနန်းတော်ရှေ့တွင် ရွှေဖြင့်ပြီးသော ဘုံငါးဆင့်ပြာသာဒ်၊ အဆောင်အယောင်များကို ဖန်၊ မှန်၊ ပတ္တမြားစသည်ခင်း၍ ရွှေသားနှီးတိုင်၊ ရွှေသားမိုးအုံး အုံး မွေ့ရာစသည် စီရင်ဆောက်လုပ်စေသည့်ပြင် ပုဂံမြို့မှ မင်းကွန်းစံနန်းတော်အထိ ငှက်ပျောပင်၊ ကျွဲပင် ရာဇမတ်၊ တံခွန်၊ ကုက္ကားစသည် တန်ဆာဆင်ပြီး ရေကြောင်းတွင်လည်း ရွှေလှေ၊ ရွှေလောင်းပွဲသဘင်၊ တူရိယာအစုံဖြင့် မြို့တိုင်းမြို့တိုင်းမှ ကြိုဆိုစေသည်။

စစ်ကိုင်းမြို့ မြစ်ကမ်းနဖူးနှင့် အမရပူရမြို့တော်၊ မြစ်ကမ်းမြစ်ဆိပ်များတွင်လည်း မှန်စီရွှေချတန်ဆောင်းပြာသာဒ်များ ဆောက်လုပ်၍ တင့်တယ်ခမ်းနားစွာ ကြိုဆိုစေသည့်ပြင် ဘိုးတော်မင်းတရားကြီးကိုယ်တော်တိုင် "မြည်ကြီးမွန်ဖောင်တော်" ကိုစီးလျှက် မိဖုရားခေါင်ကြီးမှအစ သားတော်၊ သမီးတော်၊ မြေးတော်၊ မှူးတော်၊

မတ်တော်၊ ဆွေတော်၊ မျိုးတော်တို့ပါ ခေါ်ဆောင်ကာ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲသဘင်ကျင်းပလျက် ကြည်းကြောင်း၊ ရေကြောင်းစစ်အင်္ဂါလေးပါးပြည့်စုံစွာ ခြံရံပြီးလျှင် ပုဂံမြို့၊ လောကနန္ဒာအရပ်ထိ လာရောက်ကြိုဆိုတော်မူပါသည်။

ဆင်ဖြူတော်အား "နိဗ္ဗာန ပစ္စယနာဂရာဇာ" ဟူသောဘွဲ့ကို ချီးမြှင့်လျက် ဘိသိတ်သွန်းပွဲ ပြုလုပ်ပါသည်။ ဆင်တော်ကို စတင်တွေ့ရှိသူ လေးဦးအားလည်း ရာထူးငွေကြေးများ ချီးမြှင့်ခဲ့၏။

ဆင်မင်းကြီးအား မင်းတရားကြီးမှ (၁၆၆၂၂၀၀) (တစ်ဆယ့်ခြောက်သိန်းခြောက်သောင်းနှစ်ထောင့်နှစ်ရာ) ချီးမြှင့်ခဲ့သည်။ ဆင်မင်းကြီးသည် မိခင်ဆင်မကြီးနှင့် လသားအရွယ်ခွဲယူထားသဖြင့် လူနို့ထိန်း (၁၆) ဦးမှာ နေ့ညဉ့်အလှည့်ကျ နို့တိုက်ကျွေးရ၏။ လူနို့စို့သောအခါ နှာမောင်းကလေးကို ဦးခေါင်းပေါ်တင်လျက်နို့စို့၏။ ငယ်စဉ်ကတည်းကပင် လူနှင့်နီးစပ်ကြီးပြင်းလာသောကြောင့် လူစကားကို ကောင်းစွာနားလည်၍ သူ၏လိုအင်ဆန္ဒတို့ကိုလည်း ဟန်အမူအရာဖြင့် ညွှန်ပြနိုင်လေသည်။

ကျင်ကြီး၊ ကျင်ငယ်တို့ကိုလည်း စနစ်တကျငွေအင်တုံအတွင်း၌ စွန့်တတ်လေသည်။ သူ၏အနီးသို့သွားလျှင် ဖိနပ်မစီးဘဲ ကြိုတင်သတိပေးချက်မပြုပါ... 

မကြိုက်ပေ။ လပြည့်လကွယ်သီတင်းနေ့တိုင်း ဘုရားပုထိုးများကို အဖူးအမြော်ထွက်ခြင်း၊ ရဟန်းသံဃာတို့ကို လူတို့ကဲ့သို့ လျှူဒါန်းခြင်း၊ တရားနာခြင်း၊ ရွှေကရားဖြင့် ရေစက်သွန်းခြင်းများပြုလုပ်၍ ဥပုသ်နေ့များတွင် မွန်းလွဲသောအခါ ရေမှတပါး အစားအစာများကို မစားသောက်ဘဲနေသည်ဟု သိရပါသည်။ ဆင်မင်းထံ ရဟန်းသံဃာများ သီလပေးခြင်း၊ ပရိတ်ရွတ်ခြင်းများပြုလုပ်သောအခါ

နှာမောင်းကို ဦးခေါင်းထက်တွင်တင်ကာ ရှိုးနာယူသည်ဟု သိခဲ့ရပါသည်။

ဆင်မင်း၏အခြေအရံအမှုထမ်းများက ဆင်မင်းအား လူမင်းတို့ကို ပူဇော်သကဲ့သို့ ပူဇော်ကြရသည်ဟု ဆို၏။ ဆင်မင်းကြီးသည် တံတားအလှူနှင့် ဘုရားတန်ဆောင်းကျောင်းကန်များကိုလည်း လှူဒါန်းခဲ့ဖူးသည်။ ယခုတိုင် ဆင်မင်းတံတားရှိ၏။ နိုင်ငံအတွင်း ဖြစ်ပျက်မည့်အန္တရာယ်များကိုလည်း ကြိုတင်သိတတ်ပေသည်။ စိတ်တိုင်းမကျသည့်အခါတွင် တောခိုသွားတတ်သည်။ နန်းတွင်းရေးကျေအေးမှသာ အသာတကြည်ပြန်၍လာ၏။

ဘိုးတော်မင်းတရားကြီးမှစ၍ ဘကြီးတော် ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းတရားကြီးလက်ထက်တော်အထိ မင်းငါးဆက်တိုင်တိုင် ဆင်မင်းကြီးအဖြစ် နှစ်ပေါင်း ငါးဆယ့်တစ်နှစ် (၅၁) နှစ်တာမျှ ဆင်မင်းစည်းစိမ်ကို ခံတော်မူလေသည်။

မင်းတုန်းမင်းလက်ထက် ၁၂၁၉ နယုန်လဆန်း (၁၄) ရက်၊ သောကြာနေ့ညနေ (၃) ချက်တီးတွင် ကံတော်ကုန်လေ၏။ ယင်းဆဒ္ဒန်ဆင်မင်းကြီး ပုံတူအရွယ်တူ ထုလုပ်တည်ထားကာ မီးကြွင်းအရိုးတို့ကို မြေမြှုပ်သင်္ဂြိုလ်ခဲ့ကြလေသည်။ ထိုနေရာသည် အမရပူရမြို့အနောက်တောင်ထောင့် မဟာဝိဇယရံသီသရက်တောပုထိုးတော်ကြီးဘုရားတံတိုင်းပြင်ဘက် အနောက်မြောက်ထောင့်တွင် ဖြစ်ပါသည်။

"နိပ္ပန ပစ္စယနာဂရာဇာဘွဲ့ခံ ဆဒ္ဒန်ဆင်မင်းကြီး၏စွယ်တော်ကို ဖြတ်ယူထားခဲ့ရာ ယခု ရန်ကုန်မြို့၊ ဗဟန်းတိရစ္ဆာန်ရုံအတွင်း သဘာဝသမိုင်းပြတိုက်၌ နိုင်ငံတော်မှ ပြသထိန်းသိမ်းထားပါသည်။

(မကြာမီအချိန်တွင် နေပြည်တော်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရပါသည်။)

လုံးပတ်နှစ်ထွာလက်လေးလုံးရှိ၍ အလျားလေးထောင့်နှစ်ထွာ လက်လေးလုံးရှိ၏။ အလေးချိန်မှာ (၂၉) ပိဿာ (၅) ကျပ်သား ရှိပါသည်။

ဤကား ဗေဒါဦးတို့ရွာထိပ်ရှိ ဆင်ဖြူတော်ရုပ်ကြီး၏ သမိုင်း အစစ်အမှန်ဖြစ်၏။ ထိုအကြောင်းအရာများမှာ နှစ်ပေါင်းကြာမြင့် ခဲ့ပြီဖြစ်သော်လည်း ရွာသူရွာသားအပေါင်း၏ နှလုံးသားဝယ် အစဉ် အဆက်ထည့်ပေးထားသော အကြောင်းအရာအစစ်အမှန်ဖြစ်၍ ရွာ၏ မျိုးဆက်သစ်အားလုံး စိတ်ဝင်စားသည့်အကြောင်းအရာ တစ်ခုဖြစ်ပါသည်။

လွန်ခဲ့သော (၁၀) နှစ်ကျော်က ထိုနှစ်ထွာန်ဆင်ဖြူတော်ရုပ်၏ ဘေး၌ မိခင်ဆင်မည်းရုပ်ကြီးကို ထပ်မံပြုလုပ်ထားရှိခဲ့ပါသည်။ ထိုအခါ ရွာမှ သက်ကြီးရွယ်အိုမိန်းမကြီးများ ငိုယိုကြ၏။ ဆင်ဖြူ တော်လေး၏ ပုံတူရုပ်ထုမှ နှာမောင်းများကို မိခင်ဆင်မည်းကြီး ဘက်သို့ အနည်းငယ်ယိမ်းရန် နှာမောင်းကိုပြုပြင်ကြခြင်းကို အထိအပါးမခံ မလုပ်ကြပါရန် ဖက်တွယ်ငိုယိုကြသည်။

ဤမျှထိ ရွာသူရွာသားတို့ အစဉ်အဆက် ဆင်ဖြူတော်ရုပ်ကို အထိအပါးမခံ မြတ်နိုးချစ်ခင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်း ဖြစ်သည်။

"ဒါဆို. . . အခု ရန်ကုန်မြို့ကပြထားတဲ့ ဆင်စွယ်ကြီးက သားတို့ရွာက ဆင်မင်းရုပ်ကြီးရဲ့ အစွယ်ပေါ့နော်။ သားတို့ကျောင်း ဖတ်စာထဲမှာတောင်ပါတယ်. . . မမရဲ့"

"အေးပေါ့. . . အဲဒီလို သမိုင်းဝင်စံထားရတဲ့ တို့ရွာဟာ ထူးခြားပဲ့ အရပ်ဒေသဖြစ်တယ် မောင်လေးရဲ့။ ဒါကြောင့် ကိုယ့်ရပ်ရွာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားရမှာ. . ."

"ကျွန်တော်တို့ကတော့ ဒီလိုရွာမှာ လူလာဖြစ်ရတာ ဂုဏ်ယူသွားပြီ သိလား. . . မမ"

"အေး. . . မမလည်းဒီလိုပဲ. . . ဒါပေမဲ့ ပါးစပ်က ဂုဏ်ယူတယ်ပြောနေလို့ချည်းမရဘူးကွ။ ကိုယ့်ရပ်ရွာဂုဏ်ယူလောက်တဲ့ သားကောင်းသမီးကောင်းဖြစ်အောင် ကြိုးစားကြရမှာ. . ."

"အင်းပါဗျ. . . မမ ဒေါ်ဦးလို ကြိုးစားမှာပေါ့. . ."

"ဟုတ်တယ်. . . ဟုတ်တယ်"

စာဖတ်ဝါသနာပါသော ဒေါ်ဦးက သူ၏ဆွေမျိုးတစ်စုမှ ကလေးများအား ဆင်ဖြူတော်ကြီးအကြောင်း ပြောပြနေခြင်း ဖြစ်ပါသည်။ အလှူ၌ လူကြီးများအလုပ်ရှုပ်နေကြသလို ရှင်လောင်း လှည့်ရန် ရှင်လောင်းဝတ်စုံပြည့်နှင့် ရွာနတ်ကွန်းအနီး ထိုင်နေကြရင်း ဒေါ်ဦးပြောသမျှ ငေးမောနားထောင်ကြခြင်းဖြစ်၏။

"ဟဲ့. . . ကလေးတွေ လူစုံပြီလား မောင်ရှင်လောင်းတွေ. . . နားသတဲ့မိန်းကလေးတွေ လာကြ၊ ဆင်ဖြူရှေ့လာကြဟေ့. . . မြင်းတွေ ရောက်နေပြီ. . ."

ဘကြီးမောင်၏ အသံပြဲကြီးမှာ အလှူ၌တီးခတ်နေသော ညော်တော်သံကို ဖုံးလေ၏။ ရွာရှိ အပျိုချော၊ လူပျိုချော အကုန်ထွက်လာကုန်ကြပေပြီ။ လူပျိုများနှင့် အမျိုးသားကြီးများမှာ မှင်ထိန်းနှင့် စည်တော်ဝိုင်း၊ ဗုံစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းနှင့် လူကုန်ဖြစ်လောက်ချေ၏။

အပျိုချောများမှာမူ ကွမ်းတောင်၊ ပန်းတောင်ကိုင်၍လည်းကောင်း၊ လှူဖွယ်များရွက်၍လည်းကောင်း လှူစေမအားလပ်တော့ပေ။ ရပ်ဝေးရပ်နီးမှလာကြသော ဆွေမျိုးအများအပြားမှာ အဖေကြီးဦးထွန်းကြိုင်၏ သားသမီးမြေးမြစ်များကို သဘောကျစွာကြည့်၍ ချီးမွမ်းကြ၏။ ရှေးနိုးကိုမစွန့်ကြသောမူဖြင့် သျှောင်ပေစူးကိုဝိုင်း၍ ပန်ထားသော သဇင်ပန်းခြောက်များမှာ မောင်ရင်လောင်းများလှုပ်ရှားတိုင်း တလှုပ်လှုပ်နှင့် ကြည့်ကောင်းလှလေ၏။ ယောကျ်ားလေးရော၊ မိန်းကလေးများပါ ငယ်ငယ်ကတည်းက နားဖေါက်ဖောက်ပေးထား၍ နားကွင်း၊ နားကောက်ဝတ်ပေးတတ်ကြ၏။ ဖန်စီနားကပ်လှလှလေးများ သေချာဝတ်ဆင်မြှုပြင်ပေးထားကြသဖြင့် အမြင်ဆန်း၍ ချစ်စရာကောင်းနေကြပါသည်။ ယခုတိုင်ရှေးဆန်သော ဘုန်းတော်ကြီးနှင့် သက်ကြီးရွယ်အိုများ၏စကားကိုရွာသူရွာသားများ မပယ်ရှားဘဲ အလေးထားကြ၏။

"အားလုံးပြီးရင် တန်းစီထွက်ကြစို့ဟေ့. . ."

ရွာ၏တောင်ဖျားမှ ရွာလယ်သို့ အစအဆုံး လှည့်လည်လျှောက်ကာ ရွာမြောက်ဘက်ရှိ မြောက်ကျောင်းတော်ကြီးဆီသို့ ကန်တော့ကြရမည်ဖြစ်၏။ ထိုမြောက်ကျောင်း ဘုန်းတော်ကြီးကျောင်းသည် လူ့တစ်ဖက်စာရှိ ကျွန်းတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသောကျောင်းကြီးဖြစ်သည်။ ရှေးဆန်သော အနုလက်ရာများနှင့် ဆင်မြှုတော်ကြီး၏ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူသည် ပန်းချီကားကြီးများရှိပါသည်။ ကျောင်းတော်ကြီးမှာ မြေပြင်နှင့် လူ့လက်ခုပ်တစ်ဖောင်မြင့်၏။ ထို့အထက်၌ နှစ်ထပ်ကျောင်းတော်ကြီး (ပေါင်းသုံးထပ်) ဖြစ်ပါသည်။ သက်တမ်းနှစ်ရာကျော်မျှ

မှုံ့သော်လည်း ယိုယွင်းပျက်စီးခြင်းမရှိသော ခိုင်ခံ့သည့် ကျောင်းတော်ကြီး ဖြစ်၏။ ရှေးဆရာတော်ကြီးများ အစဉ်အဆက်၊ သီတင်းသုံးခဲ့သော ကျောင်းကြီးဖြစ်ပေသည်။ (ဆင်ဖြူတော်လေးအား ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ပို့ဆောင်လိုက်သဖြင့် ဘုရင့်လက်ဆောင်ရ ဘွန်းလုံးတိုင်ကြီးများဖြစ်သည်။ ရှေးအနုပညာ ပန်းပု၊ ပန်းချီ သက်ရာရှိသော သမိုင်းဝင်ကျောင်းကြီးလည်းဖြစ်၏။)

"အဖေကြီးက ငါ့မြေးတွေကို ဒီလိုမြင်းတွေနဲ့တင်မကဘူး . . . ဆင်နဲ့ပါတင်ပြီး လှည့်လည်ရှင်ပြုပေးချင်တာကွဲ့. . ."

အဖေကြီးသည် ခါးကိုင်းသော်လည်း မျက်လုံးနှင့်နား အကောင်းပါသေး၏။ သားများကို ရှင်ပြု၊ ရဟန်းခံပြုပေးခဲ့ခြင်း၊ သမြေးများနှင့် ဦးကြီးများအား ရှင်ပြု၊ ရဟန်းခံပြုပေးခြင်း၊ ယခု တတိယအကြိမ်မြေးကြီးများနှင့် မြေးငယ်များကို ရဟန်းခံရှင်ပြု ပြုလုပ်ပေးခြင်းဖြင့် ဘဝ၌ လယ်ယာမှုရှာဖွေ၍ ရသမျှ လှူဒါန်းရင်းဖြင့်သာ စိတ်ကျေနပ်သူဖြစ်လေသည်။

အဖေကြီးနှင့် ဖေဖေဦး၏ ဘကြီး၊ ဘထွေးများမှာ ကောင်းလှေလှော်အလွန်တော်သော နိုင်ငံ့ဂုဏ်ဆောင် လှေလှော်သားကြီးများလည်း ဖြစ်ကြ၏။ နိုင်ငံမှအားထားရသော မြန်မာ့ သက်ရှေးစင်ကြီးများပင်တည်း။ ဖေဖေဦး၏ဖခင်မှစ ညီကိုတစ်တွေမှာ ရန်ကုန်မြို့ ကန်တော်ကြီးလှေလှော်ပြိုင်ပွဲကို ရှေးက အကြိမ်ကြိမ် ပြိုင်ဆိုင်ခဲ့ဖူး၏။ မန္တလေးတိုင်း၌လည်း လှေလှော်နည်းပြဆရာများ အဖြစ် ပြုလုပ်ပေးခဲ့ကြရသည်။

ထို့နောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံ လှေလှော်အသင်းအဖွဲ့အား ရွှေတံဆိပ်၊ ငွေတံဆိပ်များ

ယူဆောင်ပေးခဲ့ကြသူများပင်တည်း။ ဝေါဦး၏ဖခင် ဦးတင်လှပင် အရန်လှေလှော်သားအဖြစ် ပါဝင်လိုက်ပါသွားရသေး၏။ အမေကြီး ဦးထွန်းကြိုင်သည် လှေနှင့်ပတ်သက်လျှင် အလွန်ဝါသနာကြီးသူ ဖြစ်၏။ သားများလှော်ရန်လောင်းလှေနှင့် လှော်တက်ကို သစ်သား ရွေးချယ်ရာမှအစ သူကိုယ်တိုင် စီစဉ်ပြုလုပ်ပေးတတ်သူဖြစ်၏။ ကျွန်းလုံးအနှစ်အသားကာစ အမေကြီးအထူးကရုတား ရွေးချယ်တတ် ကြောင်း အမေတို့ပြောဆိုသံကို ဝေါဦးငယ်စဉ်ကတည်းက ကြားနေခဲ့ရပါသည်။ "ဦးမှာကြက်ရင်၊ ဝမ်းမှာဝက်ကြော၊ ပဲ့မှာ ဆန်ကော" ဆိုသည့်အတိုင်း အမေကြီးလှေကို မည်သူမျှမယှဉ်နိုင်ပေ။

လှေထွင်းရာ၌လည်းကောင်း၊ လှော်တက်ခုတ်ရာ၌ လည်းကောင်း ဘုန်းတော်ကြီးထံခွင့်တောင်း၍ နေ့ကောင်းနေ့မြတ် ရွေးချယ်ကာ စတင်ပြုလုပ်လေ့ရှိကြပါသည်။ လှေများရေသို့ချလျှင် လည်း ဘုန်း၊ ငှက်ပျောပွဲပေး၍ ရေသို့ချကြပါသည်။ ထိုသို့ မြန်မာမှု ဓလေ့အယူအဆကြီးသောသူများပေတည်း။ နီဗွာန်ရွာသည် ကဝဖြို့နယ်အတွင်း၌ အခြားရွာများထက် ခေတ်နောက်ကျနေသည် ဟု ဝေါဦးတို့ထင်မိသည်။ သေချာစဉ်းစားကြည့်သော် ရှေးရိုး အစဉ်အလာမပျက် မြန်မာမှုကိုမြတ်နိုးစွာ ထိန်းသိမ်းကြလွန်း၍ ဤသို့ဖြစ်နေခြင်းပင်။ အခြားမကြည့်ပါနှင့်၊ မိန္နီးဖလာလယ်ယာ လုပ်ကိုင်ကြသည်ကိုပင်ကြည့်၊ အရပ်ရပ်အရွာရွာ၌ ကျွဲနွားဖြုတ်ကာ စက်ကြီး၊ စက်သေးများ ဝယ်သုံးနေကြသော်လည်း ဝေါဦးတို့ရွာမှ ဘကြီး၊ ဘထွေးလယ်သမားကြီးများမှာမူ ကျွဲ၊ နွားများကို ကျေးဇူးရှင် ကြီးများအဖြစ် လက်မလွှတ်ချင်ကြပေ။ "နွားနှင့်ဖက်ရှန်း" ကြသည် ဆိုသည့်အတိုင်း တစ်ကာယ်ကို နွားနှင့်အတူ တစ်မိုးအောက်၌ တစ်ရေထဲသောက်နေကြတုန်းဖြစ်သည်။

"ကုသိုလ်အမျှ. . . အမျှ. . . ယူတော်မူကြပါကုန်လော့. ."

"သာဓု. . . သာဓု. . . သာဓု"

အမေကြီး၏အလှူဒါနများမှ သာဓုခေါ်သံသည် ဆင်မြူးတော် ကျောင်းတိုက်မှ ဘဝဂ်တိုင်မြည်ဟည်းသွားတော့၏။ ပိုးပဝါလေး ခေါင်းပေါင်းထားသည့် အမေကြီးနှင့်မုတ်ဖုံချည်တဘက်လေး ပခုံးပေါ် တင်ထားသည့် အမေကြီးခေါ် ဘိုးမေတို့သည် သားသမီးမြေးမြစ်များ ကို ခြံရံလျက် ရေစက်သွန်းချနေရာမှ ဝမ်းသာအားရထကာ ရွှေမိုး ငွေမိုးရွာပေးကြပါတော့သည်။ စည်တော်ကြီးမှ အောင်ပါစေကလည်း သွန်းလေသည်။ အမေကြီးသည် ကွမ်းသီးလုံးမျှ ငွေချောင်စောင်းလေး ပေါ်အောင် ပေါင်းထားသော ခေါင်းပေါင်းလေးအားဖြုတ်၍ မြှောက်ကာ၊ မြှောက်ကာ ခါ၍ ပျော်လေတော့၏။ အမေကြီးမှာ ခင်းသမီးကြီး မမြရင်ပမာ ချက်ကျလက်ကျကလေတော့၏။ မိန်းမကြီး၊ မိန်းမငယ်များ အမေကြီးနား အတင်းတိုးဝေ့ကကြ လေတော့သည်။

သကြားလုံးနှင့်ပိုက်ဆံခေါက်ကို ပေါက်ပေါက်ပန်းများကြား အတင်းဝင်လုကောက်နေကြသော ကလေးသူငယ်၊ ကိုရင်ငယ်တို့မှာ ကခုန်သူများတက်နင်းမိမည်စိုး၍ ဝေးဝေးရှောင်ကာ ဖယ်ပေးရ တော့၏။ လူကြီးများပျော်လျှင် ကလေးများ လက်မြှောက်အရွှံ့ပေး ရသည်ဆိုသည်မှာ ဤပုံပင်ဖြစ်ချိမ့်မည်ဟု ဗေဒါဦးသဘောကျစွာ တွေးနေမိ၏။ တီးသူများက တီးနိုင်သလို ကသူများကလည်း လက်မချတမ်း ကနိုင်ကြပါပေ၊ အမှန်မှာ အပိုဆုကြေးမရမချင်း ခုန်ကြမည်မဟုတ်ပေ။

ရွာသူရွာသားများရော ဆွေမျိုးသားချင်းများပါ ပြုံးပျော်ရွှင် နေကြသည်မှာ ဗေဒါဦး မျက်ရည်ကျမတတ် ခံစားနေမိပါသည်။

ဤသို့သော ဆွေမျိုးတစ်စု ပျော်ရွှင်ဖွယ်အလှူဒါနမျိုး နှစ်စဉ်ပြုလုပ်ပေးသွားနိုင်လျှင် အဘယ်မျှကောင်းပါမည်နည်း။ အဖေကြီးနှင့် အမေကြီးတို့ ကျန်းကျန်းမာမာရှိနေစဉ် မိမိတို့မိသားစု၏ငွေကြေးဖြင့် အလှူပြုလုပ်ပေးနိုင်ရန် ကြိုးစားရပေမည်။ ယခုအခါ အဖေကြီးငွေဖြင့်မတည်၍ထည့်နိုင်သည့် သားသမီးက ထည့်နိုင်သလောက်လေး ဝိုင်းထည့်ကြပြီး အလှူကိုဝိုင်းဝန်းကြရခြင်းဖြစ်၏။

"...ဒီ့ထက်ပျော်ရွှင်စရာကောင်းတဲ့ အလှူကြီးမျိုးထပ်ပြီးလှူနိုင်အောင်...သမီးကြိုးစားပါမယ်...အဖေကြီးရယ်"

မောင်လေးကြာခိုင်တို့သည် ကိုရင်ဝတ်လေးဖြစ်သွားချေပြီ။ ကျောင်းမဖွင့်ခင်အထိ သူတို့ဝတ်ကြမည်ဟု ဆိုကြသည်။ ဗေဒါဦးတို့ မိန်းကလေးများမှာမူ အလှူကိစ္စသိမ်းဆည်းပြီးပါက ကိုယ့်တဲ၊ ကိုယ့်အိမ်အလုပ်များဖြင့် မအားလပ်နိုင်ဖြစ်ကြပေတော့မည်။

"ဟဲ့...ဗေဒါဦး...ကိုရင်တွေက ဆယ်သုံးပါးတောင်၊ အဖေကြီးတဲကနေ ဆွမ်းချက်ပို့ကြမယ်တဲ့။ နင်လည်းလာခဲ့...သိလား။ တို့တွေ အာရုံဆွမ်း၊ နေ့ဆွမ်း ဝိုင်းချက်ပြီး ကျောင်းကိုပို့ပေးရအောင်..."

"အမေ လာမှာပေါ့...မမ စောမူရယ်...ကျွန်မက တဲမှာ အမေလာချက်ပေးနေရင် အလုပ်တွေလုပ်ရဦးမှာ၊ အဖေတစ်ယောက်ထဲ နိုင်မှာမဟုတ်ဘူး။ အားတဲ့အခါ ပြေးလာမယ်နော်...ကျောင်းပြန်တက်ဖို့လည်း ပြင်ဆင်ရဦးမှာ..."

"ညည်းမလဲအေ...ကျောင်းနေမနေပါနဲ့တော့...ဦးကြီးတို့ ပင်ပန်းလှပါတယ်။ ကျောင်းတက်ပြီး ဘွဲ့ရဖြစ်တော့ကော ဘာအလုပ်ရမှာမို့လဲ...ကိုယ့်တဲအလုပ်ပျက်တယ်..."

"ပြော်. . . မမစောမူရယ်. . . စာသင်ထားတော့ ကိုယ့်အလုပ်ကိုယ်လုပ်ဦးတော့. . . အတွေးအမြင်ကျယ်တာပေါ့. . ."

"အတွေးအမြင်ကျယ်တော့လည်း. . . ငွေရှိမှ ဘာမဆိုလိုက်လုပ်နိုင်တာအေ့၊ ပိုက်ဆံရှိအောင်သာ အလုပ်တွေကို ငယ်တုန်းလုပ်ထားရမှာ၊ ညည်းတို့ဘွဲ့ရတော့ရော လခက ဘယ်လောက်ရတာမှတ်လို့. . ."

"ဟုတ်ကဲ့ပါ. . . မမစောမူရယ်. . . ကျွန်မ ပညာသင်ရင်း အလုပ်တွေလည်း လုပ်မှာပေါ့. . . မမတို့ပြောစကားတွေလည်း မှတ်ထားပါမယ်. . ."

ဆွေမျိုးသားချင်းများသည် မိမိတို့ကျောင်းထားရ၍ ဦးတင်လှ ခွဲနေသည်ဟု တထစ်ချထင်မှတ်ထားပုံရလေသည်။ အဖေနှင့် အမေကလည်း ဘယ်သူဘာပြောပြော မတုန်လှုပ်ပေ။

". . . ဘွဲ့ရပညာတတ်ဖြစ်ရင်တော်ပြီ။ ဘာအလုပ်မှမရဘဲ . . . လခစားမဖြစ်လည်း ကျေနပ်တယ်အေ. . . ပညာတတ်ဖို့သာ ရည်ရွယ်တာ. . . တတ်ထားရင်ရပြီ၊ တတ်ထားတဲ့ပညာကို ကောင်းကောင်းအသုံးချတတ်ဖို့ လိုအပ်တယ်။ ဘယ်သူတွေ ဘာပြောပြော အမေတို့ယုံကြည်ချက် မပျက်ဘူး. . ."

". . . ဆယ်တန်းကို တစ်နှစ်ထဲနဲ့ အောင်အောင်ကြိုးစားသမီး. . . ဆယ်တန်းမှမအောင်ရင် လုံးဝကျောင်းမနေခဲ့တဲ့သူနဲ့ အတူတူပဲ ဘာမှမထူးခြားဘူး. . . ကုန်ရကျိုးမနပ်ဘူး. . ."

မိခင်နှင့် ဖခင်တို့ မကြာခဏပြောသည့်စကားများကို ပေဒါဦးနှလုံးသားထဲအထိ စွဲနစ်စွာထည့်ထားသည်။ ညီမငယ်လေး ကြည်ပြာဦးနှင့် မောင်ငယ်ချစ်နိုင်တို့၏ ပညာရေးသည်လည်း

သမီးကြီး မိမိပေါ်တွင် တာဝန်ရှိသည်လေ။ ကြာခိုင်နှင့် မိမိသည် အငယ်နှစ်ယောက်အတွက် တပြန်တာဝန်ယူသင့်သည်မဟုတ်ပါလား။

တံလျှပ်ထနေသော လယ်ကွင်းများကိုဖြတ်၍ ဗေဒါဦး အတွေးနယ်ချဲ့လာမိသည်။ သည်နှစ် ဗေဒါဦးဆယ်တန်းတက်ရမည်လေ။ တောင်ကာမ်းပါးယံကို ကျော်ဖြတ်ရန် ဗေဒါဦး အားမွေးရပေတော့မည်။ ကုန်ကျလာဦးမည့် ငွေကြေးစရိတ်များကို ရင်မောနေ၍ မဖြစ်၊ ကုန်သင့်တာကုန်၊ ကြိုးစားသင့်တာ အစွမ်းကုန်ကြိုးစားရပေမည်။ မဗေဒါ မိမိသည်လည်း ဘဝအတွက် အံခဲထားရမည်ပေါ့။

* * * * *

# အခန်း (၅)

"ကလေးပင်ပန်းတယ်ကိုလှ. . . ဘာမှမထူးဘူး၊ သန်းခေါင်အပြင် ညဥ့်မနက်တော့ဘူး၊ မြို့ကျောင်းသာပြောင်းပေးလိုက်တော့မယ်ရှင်. . .။ ရွာကနေတက်ရင် အချိန်ကုန်လူပန်းပြီး ငွေလည်းသက်သာမှာမဟုတ်ဘူး. . . ဒီတော့. . . ကျောင်းပြောင်းလက်မှတ်ယူဖို့လုပ်မယ်. . ."

"မြို့ကျောင်းဆိုတော့ နေစရိတ်ကကြီးပါဘိ. . . သန်းရှင်ရာတို့တက်နိုင်ပါ့မလားဟ. . . သဏ္ဍာလရွာကို ပြောင်းမလား. . . သူ့အကျိုးခင်တို့ဆီ. . ."

"မဖြစ်ဖြစ်အောင် လုပ်ရမှာပဲကိုလှရေ. . . ဆင်ပြောင်ကြီးအမြီးကျမှတော့ အတာစ်အခံနိုင်ဘူး၊ ငွေတိုးနဲ့ဖြစ်ဖြစ်ယူပြီး ပို့ရမယ် . . . ခရမ်းချဥ်စိုက်ပြီးမှ ပြန်ဆပ်ကြတာပေါ့. . . ဒါမှမဟုတ်. . . ဝက်တွေရောင်းသင့်ရောင်းရမှာပဲ။ သူ့သူငယ်ချင်းအဖော်တွေရှိရာပဲခူးပဲထည့်ကြမယ်. . ."

မြေသင်းနံ့နှင့်အတူ ဘဝရေ့ရေးကို အစီအစဥ်ချနေသော မိဘများအား ဖေဒါဦး ငေးကြည့်နေမိသည်။ မိမိပဲခူးမြို့သို့ကျောင်းပြောင်းပါက မိဘများငွေကြေးကုန်ကျမည်ကို တွေး၍သနားနေမိသည်။

ရည်မှန်းချက်ရောက်အောင် လှမ်းတက်ရာ၌ စွန့်သင့်သည်ကိုစွန့်၊ ကုန်သင့်သည်ကို ကုန်ရမည်မဟုတ်ပါလား။ မောင်ငယ်

နှစ်ယောက်နှင့် ညီမငယ်လေးများ ရွာကျောင်း၌ပင် တစ်စုတဝေး ပညာသင်ရသဖြင့် ဖေဒါဦးအနည်းငယ် စိတ်အေးရသည်။ ရွာ၏ တဲ့ဖက်အလယ်တန်းကျောင်းလေးမှာ ကျောင်းဖွင့်ချိန်အမီ ရပ်လုံး ပေါ်လာပြီဖြစ်၏။

သကြံန်ပြီးကတည်းက မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီး မိုးဆက် ဝေးနေပြီ။ ပျိုးထောင်ရန် ပြင်ဆင်နေသော ဦးတင်လှတို့မှာ မိုးမရွာ သဖြင့် စိတ်ပျက်နေကြရ၏။

"မိုးမင်းကြီးရယ်. . . ရွာလိုက်ပါတော့. . ." မျိုးကောင်းမှ စပါးကောင်းရမှာ၊ စပါးကောင်းမှ ပဲကောင်းကောင်းစိုက်လို့ဖြစ်မှာ၊ ဝမ်းစာမပြည့်စုံပါပဲ ပဲခင်းကို ရင်းနှီးရလျှင် စားရေးခက်လှပေသည်။ ရာသီများမမှန်သ၍ ဆင်းရဲပြီးရင်း ဆင်းရဲပေတော့မည်။

"ကျွန်တော်တော့ အခြောက်ကြဲထားမလို့. . . မိုးတစ်မကို စောင့်နေတာ ကိုတင်လှရဲ့. . .၊ စက်မောင်းပြီး ပက်ထားလိုက်မယ် ဗျာ. . . ရချင်ရ မရချင်နေ. . ."

"မြက်တွေနဲ့. . . စပါးပင်က တိုးနိုင်ပ့ါမလား ရှင်. . ."

"ကိုလေးအောင်က လယ်များတော့ ဟုတ်တာပေါ့. . .၊ ကျုပ်တို့မှာ လယ် (၁၇) ကေထဲဗျာ. . .။ ကြခင်းမဖြစ်ရင် ရင်ကျိုး မယ်ဗျ။ စက်မောင်းမနာတော့ မြက်ကလည်း တောထမှာ၊ စပါးပင် ကို ဂုတ်နှိပ်ထားသလိုဖြစ်မှာ. . . ရေနုတ်ဖက်က အကွက်တွေဆို ပိုဆိုးတယ်. . ."

"စက်ယူမောင်းပါဗျာ. . . အားမနာပါနဲ့၊ လယ်ချင်းနီးတွေ တစ်ဦးကိုတစ်ဦး အပြန်အလှန် ကူညီရမှာပေါ့. . ."

"ကိုလေးအောင်ကို ကြွေးထိုးပေးထားတဲ့ လယ်တွေက သိပ် မကောင်းပေမယ့် မြူပြင်နိုင်ရင်တော့. . . ဟန်ကျတယ်ဗျ. . .။

အနှံ့မရှိဘူး။ ကျုပ်ပြောသလို ထုံးနဲ့ စက်ပြာချပြီး မွှေထား. . . မြက်သေအောင် ခုတ်ထားရင် ပဲခင်းအတွက်လည်း ကောင်းတယ်. . . မြေဩဇာလည်း ခံတာပေါ့၊ နွားချေးနဲ့. . . အပင်မြေဆွေးတွေက မြေကို အားပြန်ဖြည့်တာဗျ. . ."

"အေးပါဗျာ. . . အကြံဉာဏ်ပေးကြပါဦး. . . လယ်ဆေးတွေ၊ မြေဩဇာဓာတ်တွေ ရောင်းရတာလည်း အကြွေးတွေကျ၊ ပိုးကြွက်၊ ဈေးမကောင်းတော့ လယ်ညံ့တွေပဲ ကြွေးထိုးပေးကြတာ. . . ဈေးမြစ်ဆိုတော့ ယူရပြန်ရော. . . ကုမ္ပဏီကိုကျတော့ ကိုယ်က ငွေအသားတင် ရှင်းလိုက်ရတာ၊ ဒီရထားတဲ့ လယ်ဆိုး လယ်ညံ့တွေ နိုင်သလို့ရမှ ငွေပြန်ပေါ်မှာပါဗျာ"

"စိတ်မပျက်ပါနဲ့ ခင်ဗျားလူငှားတွေကို ကျုပ်ကူညီကြီးကြပ်ပေးပါ့မယ်၊ ကျုပ်ကလေးတွေ ပညာရေးအတွက် အရေးပေါ်ငွေလိုချင်သာ ချေးပေးပါဗျာ၊ နောက်ဆုံးမဆပ်နိုင်ရင် လယ်တွေယူပေါ့ဗျာ. . . အဟား. . . ဟား. . . ဟား"

"ဘာလဲဗျ. . . ချောင်းစပ်က ရေနက်ကွင်းတွေလား ဟား . . . ဟား. . . ဟား. . . ရတယ်နော်. . . ဘာပေးပေး. . . လေးအောင်တို့က အယူချည်းပဲ. . . အဟင်းဟင်း"

"အမလေး. . . လေး. . . ကိုလေးအောင်ရယ်. . . ကျွန်မလယ်လေးကိုတော့ မျက်စောင်းမထိုးကြပါနဲ့ အထိမခံနိုင်ပါဘူးနော်. . . မချေးချင်မှနေရော. . . ရှိတာအကုန်ရောင်းချလိုက်ပါ့မယ်. . ."

"အလကားပါဗျာ. . . စနောက်တာပါ. . . မသန်းရှင် စိတ်မပူပါနဲ့ ငွေလည်း ချေးပါ့မယ်၊ စက်တွေလည်း ယူမောင်းပါ ကလေးတွေ ပညာရေးကိုတော့ ကျုပ် အားပေးပါတယ်. . ."

နွားတစ်ကောင်တစ်မြီးမှ မရှိပါဘဲ လယ်ယာသုံးထွန်စက် အကြီးအသေးသုံးလေးစီးဖြင့်သာ လယ်ဧက (၃၀-၄၀) ကို လုပ်ကိုင်နေသူ ကိုလေးအောင်မှာ ဦးတင်လှအား အလွန်အားကိုးယုံကြည်၏။ မြို့ကလေး၌ အခြားစီးပွားရေးလုပ်ငန်းများလည်းရှိသဖြင့် လယ်ထဲသို့ လာရောက်မကြီးကြပ်နိုင်ပေ။ အလေးပြေးကားလုပ်ငန်း လယ်ယာသုံးဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်ကြီးများလည်း ရှိသေးသဖြင့် အလုပ်မလည်၊ ကိုယ်ခွဲမရှိ ဖြစ်နေ၏။ လယ်လုပ်ရန်လည်း မကျွမ်းကျင်ပေ။

"ဖေဒါဦးကျောင်းအပ်ဖို့. . . လိုသလောက်ယူပါဗျာ. . .၊ ဈေးမကောင်းသေးဘဲ ဝက်တွေ အရမ်းမရောင်းပါနဲ့ဦး. . . မသန်းရှိ အတိုးလည်း မယူပါဘူး. . . လိုသလောက်ယူလှည့်ပါ. . ."

ဖေဒါဦးအား စာကြိုးစားမှန်းသိ၍ ကိုလေးအောင် ဖြစ်ထွန်းစေချင်ပုံရ၏။ လူကြီးများ စကားဝိုင်းမှ အသံကို ကြာခိုင်က ကြားလာက-

"မမရေ. . . တို့ရဲ့ ဘောစိ (ဘော့စ်) က သဘောကောင်းသဟ. . . သူတို့ ပြောနေတာ ကြားတယ်နော်. . ."

"အင်း. . . ငါတော့ ကံကောင်းလာပြီ ထင်ပါရဲ့. . ."

ဤသို့ဖြင့် ဖေဒါဦးအား ပဲခူးမြို့၊ ဆွေမျိုးသားချင်းများအနီး အခန်းလေးတစ်ခန်းငှားကာ အခြားရွာမှ သူငယ်ချင်းအဖော်များနှင့်အတူ နေထိုင်ကျောင်းတက်စေခဲ့ပါသည်။ တောကျောင်းမှ တက်သွားသူ ဖေဒါဦးတို့မှာ နေ့ရာသီလပြတ်ကျူရှင်လည်း တက်မထားဘာသာစုံ Special ဝိုင်းကျူရှင်လည်း မတက်နိုင်သည့် တောသူမများဟူ၍ အားလုံးက ဝိုင်းနှိမ်တာ ခံကြရလေသည်။ တန်းခွဲနောက်ဆုံး

၌သာ နေရ၏။ တသင်ဘာကလည်း တောကျောင်းနှင့် မတူပေ။ မနည်းမိအောင် လိုက်ယူရ၏။ ကျူရှင်များပေါသော်လည်း ကျူရှင်လခက ကြီးလှပါဘိ။

"ဟင်း. . . တောသူတွေဆိုပြီး နှိမ်ထားတွေ့မယ်. . . ကြည့်တားကြဦးပေါ့. . . ဟွန်း"

မကျေမနပ် ဖေဒါဦး အံကြိတ်ထားရသည်။

"ငါ့သမီး မလိုက်နိုင်တဲ့ဘာသာ ကျူရှင်ယူလေ သမီး၊ အမေတို့ကို မငဲ့နဲ့ တစ်နှစ်ထဲ အောင်မှ ဖြစ်မှာဆိုတော့. . . တက်. . . တက်. . . ကျူရှင်တက်ဦး. . ."

"မတက်ပါဘူး အမေရယ်. . . ရပါတယ်. . . အောင်ရင်ပြီးရော မဟုတ်လား. . ."

"ဟဲ့. . . တစ်ဘာသာလေးဆယ်နဲ့ပဲ အောင်ရင် ဘာမှလုပ်မရတဲ့ အမှတ်ဖြစ်နေမှာပေါ့၊ ဖောင်ရှိုနဲ့ မပြီးသေးဘူးနော်. . ."

"ဟုတ်ကဲ့ပါ. . . အမေ. . . သမီး ကတိပေးပါတယ်၊ အောင်ရုံလေးမဖြစ်စေရပါဘူး. . ."

တစ်ပတ်တစ်ခါ ဟင်းများ ချက်ပို့ရင်း လာတွေ့သော မိခင်အား ဖေဒါဦး စိတ်ပူစွာ မှာတတ်သည်က-

"အမေ. . . တော်ရုံအလုပ်ဆို ကြာခိုင်ကို ခိုင်းနော်၊ ချစ်ခိုင်ကိုလည်း ဘဲတွေ၊ ဝက်တွေ တာဝန်ပေးထား။ အမေတို့ အမေတို့ သမီးမရှိတော့ အရမ်းပင်ပန်းမှာ. . ."

"အိမ်ကို မပူပင်ပါနဲ့အေရယ်. . . ညည်းသာ ဒီမှာ ကြိုးစားစမ်းပါ။ ရော့. . . ဒီလ လစာငွေ. . . အမေ အခု ကောက်ရိုးမှိုတွေ

ရောင်းလာတာ. . . ဈေးလည်း ကောင်းတယ်၊ ငါ့သမီးလုပ်ထားတဲ့ ငှက်ပျောပင်ခြေရင်းက မှိုကုန်းတွေ အတော်ပွင့်တာ. . . အဖူး လည်း လှမှလှ (၃၀၀၀) ဈေးရောင်းရတယ်၊ ဘဲဥလည်း ဈေးတက် ပါတယ်၊ အမေတို့ အဆင်ပြေပါတယ်အေ. . ."

ဒေါ်ဒါဦးက မိမိစိတ်ချမ်းသာရန်သာ ပြောနေတာလားဟု မိခင်မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်နေ၏။

"သမီး. . . နွေကျရင် ဗီထက်ကောင်းတဲ့ မှိုစိုက်၊ မြေတွေလုပ် ဦးမှာ၊ ဒီ စာမေးပွဲဖြေပြီးလို့ကတော့ ဘာမဆို သမီး အကုန်လုပ်မှာ ပဲ၊ သစ်ခင်းတွေလည်း စိုက်မယ်. . .၊ တောင်ယာတွေလည်း လုပ်မှာ ပဲ. . ."

"ဒါပေါ့ သမီးရဲ့. . . လုပ်ရမှာပေါ့၊ မြေရှိရင် ငွေရှိတာပဲ. . .၊ အမေ စိတ်မပျက်ပါဘူး. . ."

စိတ်ဓာတ်မာကျောသူ မိခင်အတွက် ဒေါ်ဒါဦး စိတ်ချလိုက်ပါ သည်။ ကျောင်းပိတ်ရက်များ၌ ဒေါ်ဒါဦး ရွာပြန်ချေ။ အပတ်စဉ် လစဉ် စာမေးပွဲများ၊ နှစ်ဝက်စာမေးပွဲများကြောင့် စာများနှင့် လုံးချာပတ်ချာလည်နေတော့၏။ သီတင်းကျွတ်လပြည့်ညဆိုလျှင် အဖေကြီး၊ အမေကြီးတို့ကို လသာသာ၌ သွားကန်တော့ကြပုံကို အလွန်သတိရမိပါသည်။ သားသမီးမြေးမြစ်များ လာကန်တော့လျှင် ကျွေးမွေးရန် မုန့်များ ဖုတ်ထားလေ့ရှိသော အမေကြီးတို့ တဲအိမ်ကို အလွန်လွမ်းမိပါသည်။ ရပ်ဝေးမှ ဘကြီး၊ ဘထွေးများ ပြန်လာကြ သော သီတင်းကျွတ်လပြည့်ရက်သည် ရွာ၏ သိုက်ကျွတ်သရောင် တည်း။

. . . ဒိုး. . . ငါက ပညာရှာနေတာပဲ. . . နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်နိုင်ဖို့ သည်တစ်နှစ်တော့ သည်းခံရမယ်. . . ဆွေမျိုးတွေကို ထာဝရပျော်ရွှင်စေဖို့ ငါကြိုးစားရမယ်. . .။ ရွာမှယောက်ျားလေးလူငယ်အတော်များများမှာ ပြည်ပ၌ အလုပ်သွားလုပ်ကုန်ကြ၏။ သို့သော် မိမိတို့ဆွေမျိုးများတော့ မပါသေးပေ။ ပြည်ပ၌ရှာအလုပ်သွားလုပ်သည်ကို အဖေကြီးက ခွင့်မပြုချေ။

ပေဒါဦး လွှမ်းစိတ်ကို ချိုးနှိမ်ခုံးမထားခဲ့ပါသည်။ လယ်ကောင်း၍ စပါးမရသော ဆွေမျိုးများ၊ ပဲခင်းပိုးဖျက်သောကြောင့် အရင်းပါပြုတ်သော ဆွေမျိုးများ၊ လယ်ရှိသော်လည်း ကြွေးတိုးဆပ်၍ ဆေးလိပ်ယူလိပ်စားနေရသော ဆွေမျိုးများ၊ ငါးရှာ၊ ဖားရှာရှာဖွေစားနေရသော ဆွေမျိုးများကို ပေဒါဦးစိတ်မှန်းဖြင့်တွေး၍ ရင်မောနေမိသည်။ အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသလို သီတင်းကျွတ်လပြည့်ည၏ လရောင်နှင့်အတူ ပေဒါဦး၏လွှမ်းစိတ်တို့ကို လေပြည်လေညင်းက ရွာဆီသို့ ခေါ်ဆောင်သွားကြလေသည်။

“မြားတစ်စင်းကို အရှိန်အဟုန်နှင့် ပစ်ခွင့်လိုလျှင် လေးကြိုးကိုပြင်းပြင်းဆွဲပါ” ဟု တရုတ်စကားပုံတစ်ခုက ဆိုထားပါသည်။

ပေဒါဦး အားပြင်းပြင်းဆွဲခဲ့သော လေးကြိုးမှမြားသည် အရှိန်အဟုန်ဖြင့် ဗဟိုကိုထိမှန်ခဲ့လေပြီ။

“အဖေ. . . အဖေ. . . အဖေ. . . မမ စာမေးပွဲအောင်တယ် အဖေရဲ့၊ မမသူငယ်ချင်းတဲ့. . . ဘဘလေးအောင်တို့ဆိုင်ကို ဖုန်းဆက်တယ်၊ ဟေး. . . မမ အောင်ပြီ အဖေ. . . အမေကလေ . . . ဝမ်းသာလွန်းလို့ အဲဒီမှာ ဖုန်းလည်းနားထောင်ပြီးရော. . . ငိုတော့တာပဲ. . .”

“ဟုတ်လားသား. . . အမေက ဝမ်းသာလို့ ပျော်လို့ပါကွာ . . . အဖေ. . . အဖေတောင် ငိုချင်လာပြီ. . .”

“ဟာ. . . အမေကလည်း လုပ်ပြန်ပြီ၊ ဘာလို့ငိုရမှာတုန်းဗျ . . . ပျော်ရမှာ၊ ပေါ့. . . မမ. . . မြန်မြန်လာ. . . မမ စာမေးပွဲအောင်ပြီ. . . မမသူငယ်ချင်းဖုန်းဆက်ပြီ. . .”

“ဟယ်. . . တကယ်”

မောင်ကြာနိုင်သည် မိခင်ကိုမစောင့်ဘဲ စက်ဘီးဖြင့် အပြေးပြန်လာကာ တာလမ်းမကြီးထိပ်ကတည်းက လှမ်းအော်ပြောလာ၏။ ပြီးလျှင် ချောင်းစပ်မှ ရေတက်နှင့်ပါလာသော ဗေဒါကိုက်များကို ဆယ်ယူဆွဲတင်နေသည့် သူ့မမထံ ပြေးပြောပြန်၏။

“တကယ်နော်. . . မောင်လေး. . . ဟား. . . ပျော်လိုက်တာ . . . ပျော်လိုက်တာ၊ ငါဖြစ်ချင်တာတွေ ဖြစ်ရတော့မယ်၊ ဘုရား. . . ဘုရား. . . အမှတ်ကောင်းကောင်းလေးရပါစေ၊ အို. . . အမှတ်က အိပ်မက်ထဲမှာမဟုတ်ပါဘူး. . . ငါမှတ်စုံပဲဟာ၊ အမေရော ကြာနိုင်. . . အမေ လာပြီလား. . .”

“မလာသေးဘူး. . . ဘဘအောင်တို့နဲ့ စကားပြောရစ်ခဲ့တယ်၊ အမေက ငိုသေးတယ်. . .”

“ဟုတ်လား. . . အေးပေါ့လေ. . . အမေတို့က ပိုပြီးဝမ်းသာမှာ၊ သူတို့ ပင်ပင်ပန်းပန်းလုပ်ပေးခဲ့ကြရတာကိုး၊ ဒါပဲနော် ကြာနိုင် ငါတာဝန်တော့ တစ်ထမ်းကျေသွားပြီ၊ မင်းအလှည့်ကျရင်လည်း ကျေအောင်လုပ်ရမယ်. . .”

“အို. . . စိတ်ချပါ မမရဲ့. . . ကြာနိုင်ဆိုတာ ဒီရွာမှာ တစ်ယောက်ပဲရှိတာ၊ ကြည့်ထား. . . အားလုံးထက်သာရမယ်. . . ဟဲ. . . ဟဲ”

"အပြောမကြီးပါနဲ့ကွာ. . . အလုပ်နဲ့သက်သေပြပါ"

"သားရေ. . . အမေ့ကို သွားကြိုဦးလေ. . .အမေ. . . အမေကြီး၊ ဘဘကြီးတို့ကို သွားပြောလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့. . . အမေ. . . သား သွားမြန်ကြိုပါ့မယ်. . ."

စိုးရိမ်စိတ်ဖြင့် ညကတစ်ညလုံးအိပ်မရသော်လည်း သတင်းကောင်းကြောင့် လူက လန်းဆန်းနေ၏။ ဝေလီဝေလင်းကတည်းက အမေဖုန်းသွားစောင့်နေသည်။ ယနေ့အောင်စာရင်းထွက်မည်ဟု ကြေညာထားကတည်းက တစ်မိသားစုလုံး စိုးတထိတ်ထိတ်ဖြစ်နေကြသည်မှာ ယခုမှပင် အလုံးကြီးကျသွားတော့၏။

ဖေဒါဦးသည် ချောင်းထဲမှ တစ်မနက်လုံးဆွဲတင်ထားသော ဖေဒါပင်ကြီးများကို ကြည့်၍ တစ်ဦးတည်းစကားပြောနေမိ၏။

"တဲ. . . ဖေဒါသခင်တို့ရေ. . . နင်တို့နဲ့ ငါတို့ဘဝတူတွေပဲ . . . ဘဝအတွက် အံခဲပြီး ကြိုးစားလိုက်ကြဦးစို့ရယ်. . ."

တန်ကြီးထဲမြွန်ဆွဲချနေရသော ဖေဒါပင်များသည် အမြဲမပျက်စိမ်းလန်းလျက်သာတည်း၊ ရေကန်ကြီးထဲမှ တစ်နှစ်ပတ်လုံးမခန်းခြောက်သည့် ရေကြည်များသည် လူအတွက်ရော၊ တိရစ္ဆာန်များအတွက်ပါ အဖိုးတန်လှပေ၏။ ရေခန်းမှုမဖြစ်စေရန် ဖေဒါပင်များ ရေမျက်နှာပြင်အပြည့် ဆွဲတည့်ထားရ၏။ ထိုကန်ကြီးပတ်လည်၌ ငှက်ပျောပင်၊ သရက်ပင်များက စိမ်းစိမ်းအုံ့အုံ့ရှိနေကြသည်။ ငှက်ပျောတောပင်ခြေများတွင် မကြာခဏ ဖေဒါခြောက်ပင်များဆွဲတင်ထား၏။ ထိုအပေါ်သို့ စပါးရိတ်သိမ်းစဉ်က နှံမြွတ်ပင်ကြွင်းများ စပါးအမှော်၊ ပဲအမှော်များ ဖြန့်အုံ့ထားခဲ့ရာ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာထားသော် မြေပြင်ပေါ်မှ အမှော်အမှိုက်များ အုံ့နေတော့၏။

ငှက်ပျောရွက်ခြောက်များဖြင့် အုပ်ထားလိုက်သောအခါ မှိုမျိုးစေ့ ဝယ်ချစရာမလိုတော့သော ကောက်ရိုးမှိုလုံးအဖူးကြီးများဖြစ်လာကြလေသည်။

တစ်ခါတစ်ရံ (၆) ပိဿာမှ အချိန်တစ်ဆယ်နီးပါးခူးရ၏။ ကန်ပေါင်အရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း အပြည့်ပွင့်သည့်နေ့ဆိုလျှင် ပဲခူး-သနပ်ပင်-အုန်းတို့သို့ လူခွဲ၍ သွားသွင်းယူရသည်ထိ အချိန်တစ်ဆယ်ကျော် ရရှိပါသည်။ ထို့ကြောင့် မိုးတစ်ပြိုက်နေတလိုက်ဖြစ်လျှင် ဒေါ်သန်းရှင်ပိုကြိုက်ပါသည်။

မှိုဖူးကြီးများကို ညနေခင်း၌ ဖော်ဆွတ်ထားပြီး အမှိုက်သန့်ထား၏။ လေလုံအောင် ယောက်ျားလုံကွင်းနှင့် ထုပ်၍ ပတ်ထားရပါသည်။ သို့မဟုတ်ပါက အပွင့်ကြီးများအဖြစ် ပွင့်ကုန်တော့၏။ အပွင့်ဖြစ်သွားပါက ဝယ်သူမကြိုက်ကြချေ။ အရသာလည်းမရှိဖြစ်သွားသည်။ ဒေါ်သန်းရှင်နှင့် ဗေဒါဦးတို့မှာ ကျွမ်းကျင်စွာလုပ်တတ်လာပြီဖြစ်၍ အထာနပ်နေ၏။ ကောက်ရိုးမှိုမှာ ဝင်ငွေကောင်းသဖြင့် ဗေဒါဦးမှိုမျိုးဆက်မပြတ်အောင် အထူးဂရုစိုက်နေမိပါသည်။

"ဟေး. . . ငါ့တူမကြီး ဗေဒါမရေ. . . အောင်တယ်ဆို. . . ဝမ်းသာသဟေ့. . ."

"ဦးကြီးစိန်အောင်. . . လှေနဲ့ဘယ်သွားမလို့လဲ. . ."

"ငါးမြွေထိုးပုံးသွားထောင်မလို့ဟေ့၊ ငါ့သားသမီးတွေ မြန်မြန်အိမ်ထောင်ပြုပေးလိုက်မှပဲဟေ့၊ နို့ဖြင့် သူတို့ကို လုပ်ကျွေးရတာ တယ်ပင်ပန်းသကိုး. . ."

"အဟင်း. . . ဟင်း. . . ဒါလည်း ကုသိုလ်တစ်မျိုးပေါ့. . . ဦးကြီးရယ်. . ."

"ငါ့တူမကြီး. . . ဇေဒါမ လို. . . လိမ္မာသူ မပါဘူးကွယ်. . . သွားပြီပေါ့. . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဦးကြီးစိန်အောင်မှာ သားသမီးငါးယောက်ရှိ၏။ ကိုယ်ခွဲမရသေးပေ။ ကျောင်းထားပါသော်လည်း ကျောင်းပြေး၍ သုံးဖြုန်းပြီး မှင်သေသေပြန်လာသည့်သားများကြောင့် ဦးကြီးစိတ်ညစ်ခဲ့ရသည်။ ကျောင်းမှတိုင်စာများ ပလူပျံစွာရောက်လာခဲ့၍ နောက်ဆုံး ကျောင်းသားအား မိဘထံပြန်လည်အပ်ခြင်းခံခဲ့ရသည်။ သမီးလေးများမှာ အရွယ်မရောက်ကြသေး၍ ရွာကျောင်း၌သာရှိသေး၏။ မူလတန်းအောင်လျှင် ဆက်မထားတော့ဟု ဦးကြီးညည်းညူတတ်ပါသည်။

ဖုန်းဆိုင်မှ သတင်းကောင်းပိုက်၍ပြန်လာသော မိခင်သည် ဇေဒါဦးအား ရင်ခွင်ထဲပွေ့ဖက်၍

"သမီး. . . ဇေဒါဦး ငါ့သမီးလေး. . . အခုတော့ ဆယ်တန်းအောင်ပြီ၊ အမေဝမ်းသာလိုက်တာ. . . အမေပင်ပန်းရကျိုးနပ်ပြီ သမီးရဲ့၊ ငါ့သမီးတာဝန်ကျေပါတယ်၊ အမေတို့ စိတ်ချမ်းသာလိုက်တာ. . ."

"သမီးတာဝန်တွေ ကျန်သေးတယ်အမေရဲ့၊ မောင်လေးတို့ ညီမလေးတို့ကို သမီးလိုဆယ်တန်းအောင် အောင်လုပ်ပေး ပို့ပေးရဦးမှာ. . ."

"အမလေး. . . တော်လိုက်တဲ့ သမီးရယ်၊ ငါ့သမီးပြောရုံနဲ့ အမေတို့ကျေနပ်ပါပြီ၊ တို့ဆွေမျိုးထဲမှာ ဆယ်တန်းအောင်တဲ့ထိ ထားတာ အမေတို့ပဲရှိတာ. . . နောက်ဆို ဘွဲ့ရကြီးဖြစ်တော့မှာ. . ."

"ကဲပါ. . . သန်းရှင်ရာ. . . အဲဒါထား. . . တဲနားဝန်းကျင်ကို ငါ့သမီးအောင်တဲ့အထိမ်းအမှတ်နဲ့ ကြက်သားဟင်းချက်ကျွေး ရအောင်၊ အမေကြီးတို့လဲ ပို့ရမယ်. . ."

မောင်ငယ်၊ ညီမငယ်များ ပျော်သွားကြလေသည်။

"ဟေး. . . ဟုတ်တယ်. . . ဟုတ်တယ်. . . ဝေးဟေးဟေး"

အားလုံးဝမ်းသာရွှင်မြူးကြကုန်၏။ ဖေဒါဦးလည်း ပျော်ပါသည်။ ဖေဒါဦးသည် ပါးစပ်၊ နားရွက်မို့တိမတတ် ပြုံးပျော်မော်နေသော ဖခင်အားကြည့်၍ ကျေနပ်နေမိပါသည်။ ကိုယ်ကသာ လိုချင်ပါက ဘာမဆိုရနိုင်သည်. . . ဟူသော အဆိုကို ဖေဒါဦး ယုံကြည်မိပါပြီ။ နောင်လည်း ဖေဒါဦးလိုချင်မှုတွေက တစ်ချိုးတစ်ခု ရရှိလာဦးမှာလေ. . .။

* * * * *

## အခန်း (၆)

မိုးကျပြီဆိုသည်နှင့် ဗေဒါဦးတို့ရွာတွင် ရေကလျှံတက်လာကြသည်။ ပဲခူးမြစ်နှင့်တစ်ဆက်တည်းဖြစ်သည့် ရွာချောင်းကြီးသည် တစ်နှစ်လုံး ရေတက်ရေကျဝင်သည့်ချောင်းကြီးဖြစ်၏။ ရှေးကတဆိုပင်ရှိခဲ့သေး၏။

"ဇာနဲ့မှာတိမ် သံတာခါးသိမ်

နီဗွာန်မှာကျောင်း ပိုင်ကျဲချောင်း

မိုးနိုင်ကြီးမှာ လောင်း" ဟူ၍ဖြစ်သည်။ အဖေကြီး၏ မမှီနိုင်သော ရပ်ရွာစာချိုးကဗျာပိုဒ်လေးမှာ ဗေဒါဦးတို့ငယ်ငယ်ကတည်းက အလွတ်ရနေကြသည်။ ဗေဒါဦးတို့အလယ်တန်းသွားတက်ရသည့် ဇာနဲ့ရွာကြီးသည် အိမ်ကြီးအိမ်ကောင်းများ ပေါများသည့် ရွာကြီးဖြစ်ခဲ့၏။ ဂျပန်ခေတ်၌ ဗုံးကြဲခံရသည့်ထဲ ပါဝင်သဖြင့် ဘုန်းတော်ကြီးကျောင်းတချို့ ကြီးမားသောအိမ်ကြီးများ ပျက်စီးခဲ့ရသည်။ သို့သော် ယခုတိုင်ကျန်ရှိနေသေးသော ကျွန်းသားနှစ်ထပ်အိမ်ကြီးများကို တွေ့နိုင်ပါသေးသည်။ တချို့မှာမူ မပျောက်ပျက်သေးပေ။

နီဗွာန်ရွာနှင့် ထိုဇာနဲ့ရွာကြီးအကြား သံတာခါးရွာလေးတစ်ရွာရှိပါသေး၏။ ထိုရွာလေးမှာ ရေထဲ၌တည်ထားသော ရေရွာလေးဖြစ်သည်။ မိုးအခါ တစ်ရွာလုံးရေလွှမ်းနေတတ်ပါသည်။ တုန်းဇေယျ ဟူ၍ ရွာဦးဘုန်းတော်ကြီးကျောင်း၌သာ မိုးအခါ တွေ့ရပါသည်။

လှေမရှိလျှင် ခြေကျိုးကဲ့သို့ မည်သည့်နေရာမှ သွား၍မရ၊ ထိုလယ် လုပ် ငါးရှာရွာကလေး၌ ရှေးအကျဆုံးသိမ်ကြီး ရှိလေ၏။ ဤနယ် တစ်ပိုင်းမှ သံဃာများ နှစ်စဉ်ပဝါရဏာပြုရသောသိမ်ကြီးဖြစ်၍ နိုင်ခံ့ကြီးမားလေသည်။ ယခုတိုင်လည်း သံတခါးရွာ၏ ပဝါရဏာ မှာ ထင်ရှားဆဲဖြစ်ပါသည်။ ဗေဒါဦးတို့နီဗွာန်ရွာ၌မူ ရွာ၏ မြောက်ပိုင်း၌ရှိသော ဘုန်းတော်ကြီးကျောင်းမှာ (ဆင်ဖြူတော်ပို့စဉ် က ဘုရင်ဆုချခဲ့သည့်) ကျွန်းတိုင်လုံးကြီးများဖြင့် တည်ဆောက် ထားသဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ကြီးမားခိုင်ခံ့သော နှစ်ထပ်ကျောင်းကြီးဖြစ်ခဲ့၏။ ယခုတိုင်လည်း ရှေးလက်ရာမပျက် ထိန်းသိမ်းပြုပြင်ထားနိုင်ခဲ့သဖြင့် မြို့နယ်အတွင်း နာမည်ကြီးကျောင်း ကြီးဖြစ်ပါသည်။

နီဗွာန်ရွာနှင့် သံတခါးရွာ၏အနောက်ဘက်တွင် ရေတက် ရေကျကြမ်းပြီး ဝဲဂယက်ကြီးများရှိသည့် ပိုင်ကျွံရွာချောင်းမကြီး ရှိပါသည်။ ထိုချောင်းမှ ကျော်ဖြတ်၍နီဗွာန်ရွာ၊ သံတခါးရွာများသို့ ဆန့်တက်လိုလျှင် ရေလမ်းကြောင်း အင်မတန်ကျွမ်းကျင်မှသာ သွားလာနိုင်၏။ ရေစီးကြမ်းသော ပိုင်ကျွံချောင်းမကြီးမှာ မြို့နယ် အတွင်း နာမည်ကြီးသော ချောင်းကြီးဖြစ်ပါသည်။ (ဆင်ဖြူဆိပ် ဘုရားရှိရွာ)

ထို့နောက် နီဗွာန်ရွာ၏မြောက်ဘက်တွင် မိုးနိုင်ကြီးရွာဟူ၍ ရှိသည်။ တောင်ကုန်းမို့မို့ပေါ်တွင် တည်ထားသော မိုးနိုင်ကြီးဘုရား (ဆင်နှာမောင်းသဏ္ဍာန် မိုးမအစွယ်တောင်ထွတ်) ကိုအစွဲပြု၍ မိုးနိုင်ကြီးရွာ၍အမည်ရှိ၏။ ထိုရွာသည်လည်း ချောင်းမကြီးကို ပေါ်ပြု၍ တည်ထား၏။ ရေရှားဖြစ်၍ လှေသမားများပေါများ၏။

မိုးအခါ လှေမရှိလျှင် အိမ်ပြင်ထွက်၍ မရပေ။ ကလေးမှအစ အဘိုးကြီး၊ အဘွားကြီးအထိ လှေထိုးလှေလှော် ကျွမ်းကျင်ကြသည်။ လှေလှော်ပြိုင်ပွဲများလည်း မကြာခဏမြူလုပ်လေ့ရှိကြသည်။ လောင်းလှေပြိုင်ပွဲဆိုလျှင် မိုးနိုင်ကြီးရွာမှလောင်းလှေကို မည်သည့်ရွာမှ မနိုင်ကြချေ။ နာမည်ကျော် "ပြည်ချစ်သား" လောင်းလှေကြီးမှာ ရန်ကုန်မြို့၊ ကန်တော်ကြီးပွဲ၌ "တိုင်းကျော်" ဟူသော ဧရာဝတီမြစ်ဝကျွန်းပေါ်လှေကြီးနှင့် အနိုင်ချိအပွဲပွဲနွှဲ၍ နိုင်ခဲ့သော လှေကြီးဖြစ်လေသည်။ ထို့ကြောင့် မိုးနိုင်ကြီးမှာ "လောင်း" ဟူ၍ နာမည်ကျော် တချီးခံရခြင်းဖြစ်၏။

တချီးနှင့်အညီ ရေရွာများတွင် လူဖြစ်ခဲ့ရသော ဗေဒါဦးတို့အဖို့လည်း လောင်းလှေ၊ ကတ္တူလှေ၊ စပ်လှေပါးစသည်ဖြင့် မည်သည့်လှေအမျိုးမဆို လှေလှော်၊ လှေထိုးကျွမ်းကျင်ခဲ့ကြရပါသည်။ မောင်ငယ်၊ ညီမငယ်များကို ကျောင်းသို့လှေလှော်ပို့ရင်း ဗေဒါဦးတွေးမိသည်က မိမိရွာအတွက် ဘာလုပ်ပေးရလျှင်ကောင်းပါမည်နည်း။ မိမိအောင်မှတ်သိရလျှင် ဝင်ခွင့်လျှောက်ရန် ရွေးချယ်စဉ်းစားရပေဦးမည်။ ဗေဒါဦးဖြစ်ချင်သည့်ဆန္ဒမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ချင်သည်။ လယ်ယာမြေကို မက်မောတွယ်ငြိမြတ်နိုးလှသည့် မိဘဘိုးဘွားများအတွက် ဗေဒါဦး အတတ်နိုင်ဆုံး ကြိုးစားပေးချင်ပါသည်။ ခေတ်မီနည်းစနစ်ဖြင့် အထွက်တိုးအောင် စွမ်းဆောင်နည်းပြလမ်းညွှန်နိုင်သူတစ်ဦး အလွန်ဖြစ်လိုလှပါ၏။

"ဟေး . . . ဗေဒါမ ရေ . . . ကလေးတွေ ကျောင်းပို့သွားကာလား ဟေ့ . . ."

"ဟုတ်တဲ့ ဒေါ်လေး. . . ဒေါ်လေးက ကန်သင်းရိုးမှာ ဝါးကိုင်းတံကြီးကိုင်လို့ ပျိုးခင်းစောင့်နေတာလား. . ."

"အေးလေ. . . မိုးဦးခေါင်ပြီး စပါးတွေဝဲကိုက်လို့ အပေါက်တွေ ရတဲ့ထဲ. . . ပေါက်တဲ့အပင်လေးငှက်ကချို ဘဲကဝင်စားနဲ့ ကုန်တော့ မယ်. . . ဒါနဲ့ မနက်ညတိုင်စောင့်နေရတာ၊ နေမြင့်ရင်တော့ တဲပြန်ဝင်ရတာပေါ့. . ."

"သွားပြီ. . . ဒေါ်လေးရေ. . . နွေခင်းတဲမှာလာနားပါလား၊ သမီးလက်ဖက်သုပ်ကျွေးပါ့မယ်. . ."

"အေးအေး. . . ငါ့တူမလေးက လိမ္မာလိုက်တာတော်. . ."

ဖခင်၏ညီမ ဒေါ်လေးမြင့်ကြည်သည် လယ်ပိုင်ငါးဧကသာ ရှိသဖြင့် တနိုင်တပိုင်လေး လုပ်စားနေရသူဖြစ်၏။ သားသမီး များသောကြောင့် အလျှင်မီအောင် မနည်းကြိုးစားနေရရှာသည်။ ရာသီဖျက်သောအခါ စပါးပျက်၊ ပဲပျက်ဖြင့် မပြေလည်ရှာပေ။ ဖေဒါင်ဦးတို့တဲ၌ ငါးပိ၊ ငါးခြောက် အလုပ်ကျပ်သည့်အခါ လာ၍ ဝိုင်းဝန်းလုပ်ပေးတတ်သဖြင့် ဖေဒါင်ဦးတို့အလွန်ချစ်သော အဒေါ် ဖြစ်သည်။

. . . အင်း. . . ဒီဆွေ ဒီမျိုးတွေကို ချမ်းသာကြွယ်ဝစေရန် မည်သို့ကူညီပါမည်နည်း။ ဖိခင် ဒေါ်သန်းရှင်က သူကိုယ်တိုင် အလုပ်လုပ်သူဖြစ်၍ အလုပ်ကြိုးစားသူတွေကိုလည်း ချစ်ခင်ပေးကမ်း စေတနာရှိလေသည်။ အမေက အပြောဆိုးသော်လည်း လက်မတို တတ်ပါ. . .။

"ကိုယ်လည်း အလုပ်ကြိုးစားပြီး ရပ်တည်နေရတာ၊ ကိုယ့်လို အလုပ်ကြိုးစားသူကိုဆိုရင်လည်း မေတ္တာရှိပါ့၊ အလုပ်ပျင်းတဲ့သူတွေ ကိုတော့ မေတ္တာကိုမရှိဘူး. . ." ဟု ဟစ်ကြွေးတတ်လေသည်။

"အမေ. . . ဒီနှစ် နွေစပါးစိုက်ရင် ဒေါ်လေးမြင့်ကြည်ကိုပါ မျိုးစပါးချေးပြီး ရေမောင်းတင်ပေးလိုက်ပါလား အမေရယ်၊ ဒေါ်လေးတို့ သနားပါတယ်၊ အခုလည်း မျိုးမရရင် စပါးစိုက်ဖို့ ခက်မယ်ထင်တယ်။ မျိုးပိုရင်လည်း ပေးရအောင်နော်၊ ဘဘလေး က နွေစပါးစိုက်ချင်တာ"

ဆွေမျိုးများအား သံယောဇဉ်ကြီးတတ်သည့် သမီးကို ဒေါ်သန်းရှင်ကြည့်၍ သက်ပြင်းချ၏။ ချောင်းနှင့်နီးသည့် လယ်မှိုပါသော်လည်း အရင်းအနှီးမရှိလျှင် နွေစပါးစိုက်ရန်မလွယ်။ မိမိတို့က ဆံထုံးလည်းစိုက်၊ ဆီလည်းစိုက်လုပ်ပေးပါမှ သူတို့ရကြမည်လေ။ ယောင်းမကို သနားသော်လည်း သူ့ယောကျ်ားနှင့် သားသမီးများက ပါးစပ်ကသာ လိုချင်သည့် လူတွေကအဖျင်းများ-

"နွေစပါးတစ်ကေဆို ရေမောင်းတင်ဖို့ စက်ဆီဖိုးကနည်းတာ မဟုတ်ဘူး သမီး။ အမေတို့က စက်ပဲပေးနိုင်မှာ၊ ဆီဖိုး သူတို့ခံပေါ့ . . . မျိုးစပါးနဲ့ စက်ဆီဖိုးပါစိုက်ရရင် ဘယ်တတ်နိုင်မလဲ. . ."

"ဒါဆို သူတို့က အဲသလို လူစိုက်လေးတောင် လုပ်ချင်ပါ့မလား မသိဘူး၊ ဖျင်းသူတွေအတွက် ကံကောင်းခြင်းတွေက ရောက်မလာ နိုင်တာသမီးအသိပဲ၊ အမေတို့က ကူတယ်ထား. . . သူတို့စိတ်ပါမှကွ"

"ဟုး. . . သူတို့အနေနဲ့ ထွန်ယက်စိုက်ပျိုးဖို့တော့ လုပ်နိုင်မှာပါ အမေရယ်၊ ဒေါ်လေးကို ပြောပြရင် ဝမ်းသာရှာမယ်. . ."

အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသလို ဖေဒါဦးမှာ ဆွေမျိုးသားချင်းများ ဒုက္ခဆင်းရဲရောက်သည်ကို မကြည့်ရက်ပေ။

"အမေ. . . သမီးတို့ ဒီနှစ် ခရမ်းချဉ်စောစောပျိုးကြမယ်နော်. . . အမေ၊ တော်သလင်းလဆန်းကတည်းက အိတ်နဲ့ပျိုးထားပြီး

အမိုးလုပ်ထားကြမယ်၊ သမီးကျောင်းတက်ဖို့က ကြားမှာလိုသေးတာ ဆိုတော့ လုပ်နိုင်သမျှအလုပ်တွေ အားလုံးလုပ်ကြမယ်လေ၊ သမီး လုပ်နိုင်တယ်နော် အမေ. . . ကုန်းရှိသမျှ ကန်ပေါင်စောင်းတောင် မချန်စိုက်ကြမယ်၊ အပင်ရှိမှ အသီးရှိမှာလေ၊. . . အသီးရမှ ငွေရမှာ၊ အင်း ငွေတွေ စုနိုင်သမျှ စုထားရမယ်. . . သမီးရည်ရွယ်ချက်တွေက ငွေရှိမှဖြစ်မှာ. . ."

"မြေရှိရင် ငွေရှိပါတယ် သမီးရယ်. . . မပူပါနဲ့"

"ဒီမှာ သမီး. . . အဖေ့ပခုံးတွေ အသမာတက်ပစေ. . . အဖေ မမှုဘူး ငါ့သားသမီးတွေသာ ကြီးစား. . . ငွေအတွက်လည်း မပူနဲ့၊ ကြွေးလည်ပင်းမကလို့ ခေါင်းပါမြုပ်ပစေ. . . အဖေ အကြေဆပ်မှာ. . . ငွေအတွက်မပူနဲ့ သမီး. . ."

"ငွေရှာတာက လွယ်တယ်ဆိုတာ သမီးသိပါတယ်. . . အဖေ၊ အဖေတို့ အမေတို့က ရိုးသားကြိုးစားကြသူတွေဆိုတော့ သူဌေး မရှားပါဘူး။ ဒါပေမဲ့ အတိုးကအတိုးပဲလေ၊ အတိုးမပါတဲ့ ငွေချည်း သက်သက် ဘယ်သူကထုတ်ချေးမှာလဲ အဖေရယ်၊ ဒီတော့ သမီး ကျောင်းစရိတ်က တစ်နှစ်ပတ်လုံးကုန်ရမှာ၊ အတိုးနဲ့သာ နှစ်ပတ်လည် ယူရရင် သမီးတို့ သေပြီပေါ့၊ ဒီတော့. . . အတိုးလွတ်နိုင်သမျှလေး လွတ်အောင် ကြိုတင်လုပ်ကိုင်စုဆောင်းမိအောင် သမီးအလုပ်တွေ လုပ်မယ်လေ. . ."

"ဟုတ်တာပေါ့. . . သမီးပြောတာဟုတ်တယ်၊ အခု မျိုးခင်း ကွက်လေးဟာနကျရင် မျိုးမဝယ်ရတော့ဘူး။ လယ်ကိုနွားနဲ့ရော၊ စက်နဲ့ပါထွန်ယက်ထား၊ မြက်ခွဲထား၊ စိုက်ကွင်းအဆင်သင့်ဖော်ပြီး

ရေလာတာနဲ့စောစောစိုက်ရမယ်၊ ရေနုတ်တွက်တွေတော့ မျိုးရင့်မှ စိုက်ကြမယ်၊ အခုဆို ပိုင်ကျွဲရေထိန်းတံခါးတွေကြောင့် ရေက လိုသလိုရနေတာမပူရဘူး။ ခရမ်းချဉ်လဲ စောစောပျိုးမယ်၊ ကိုယ်လည်း စိုက်၊ ပျိုးပင်လည်း ရောင်း။ ခရမ်းခေါင်းသီး၊ ဘူး၊ ဖရုံတို့ နံ့ပတီတို့ စိန်ခြယ်တို့. . . ဒို့ သစ်စေ့ရသမျှ အကုန်ပျိုးကြ မယ်၊ ရသမျှ အမြတ်ပဲ. . . ရာသီသာမဖျက်ရင် အမေ လုံးဝ မကြောက်ဘူး၊ ငါ့သမီးလည်း ပိုင်းလုပ်နိုင်နေတာ. . ."

မိခင်ကိုကြည့်၍ ဝေဒါဦး အားရှိလှ၏။

"ကိုလေးအောင်ကပြောပါတယ်ကွာ. . . ငွေလိုရင် လိုသလောက် ယူသုံးပါတဲ့၊ အတိုးနဲ့မသတ်မှတ်ပါဘူးတဲ့၊ သူလယ် တွေကို ကိုယ်ကကြည့်ရှုပေးနေတာ ကျေးဇူးတင်လွန်းလို့ပါတဲ့. . ."

"အိုတော်. . . စက်တွေငွေမယူဘဲ မောင်းမောင်းပေးနေတာ နဲ့တင် တော်လောက်ပါပြီ၊ ကျုပ်တို့လိုတဲ့ စပါးအတွက် မြေဩဇာ အိတ်တွေ၊ ပဲအတွက်ဆေးတွေလည်း ထုတ်ပေးထားတာ နှစ်တိုင်း၊ ပဲပြီးမှ ပဲသူ့ဆီရောင်းပြီး နှုတ်တဲ့ဟာ. . . တော်လောက်ပါပြီ၊ အရေးပေါ်မဖြစ်မနေမှ ချေးကြတာပေါ့၊ လုပ်နိုင်သမျှတော့ လုပ်ကြမှာပဲ. . ."

"ဒါပေါ့. . . ကြာခိုင်တို့ ကျောင်းစရိတ်က ဘဲဥနဲ့တင် လုံလောက်ပါတယ်ကွာ. . . သိပ်မကုန်သေးပါဘူး. . ."

"အမေ့. . . အမေ ဘာဖြစ်လို့ ကိုတို့ကို ကြာခိုင်လို့ နာမည် မှည့်ပေးတာလဲ၊ ကြာပွင့်ကြီးနဲ့ မွေးလို့လား. . ."

သမီးငယ် ကြည်ပြာဦးအမေးကြောင့် အားလုံးဟုံဟားသင့် သွားကာ-

"သမီးလေးက ဘာစိတ်ကူးရသွားလို့လဲ မသိဘူး. . . ရှာရှာဖွေဖွေမေးပြီး. . . အဟင်း. . . ဟင်း. . . ဟင်း"

"ဒီလိုသမီးရဲ့. . . မမဝေဒါဦးကိုမွေးတုန်းက အမေက ကန်သစ်ကြီးထဲက ဝေဒါပင်ကြီးတွေကို ကန်ပေါင်ပေါ်ဆွဲတင်ပြီး ဓားနဲ့နုတ်နုတ်စင်းနေတာ၊ ဝေဒါပင်တွေကလည်းလေ ကန်ထဲမှာ ကျွပ်ခဲပြီးပွင့်လိုက်တာ၊ အစိမ်းရင့်ရောင်အမှိုနဲ့ အရွက်ကြားမှာ ခရမ်းနုရောင်တောက်တောက်လေးတွေကို ပြာလဲ့ပြီးတောထနေတာပဲ၊ သိပ်ကြည့်ကောင်းတာ လှမှလှ၊ ဒါနဲ့ အပင်ကျွပ်တဲ့နေရာက ဝေဒါပင်တွေကို မြေဩဇာကောင်းတယ်ဆိုပြီး ဓားနဲ့စင်း. . . နောက်ချေးနဲ့နယ်လုပ်နေတာ၊ အဲ့ဒီအချိန်မှာ ဗိုက်နာပြီး မမဝေဒါဦးကိုမွေးတာ၊ သမီးဦးလေးဆိုတော့. . . ဝေဒါဦးလို့ နာမည်ပေးဖြစ်သွားရော. . ."

"ကိုကို့ ကိုရော. . ."

"သမီးကိုကိုကလေ အခု ချောင်းဘေးကကန်သစ်ကို တူးတဲ့နှစ်မှာ ရေတွေငါးတွေသွင်းပြီး ကန်သစ်ထဲဝေဒါတွေ အသစ်ချပေမယ့် ဝေဒါသိပ်မဖြစ်ဘဲ ကြာပန်းတွေပွင့်ကြတယ်ကွဲ့၊ ကြာပန်းမြမြတွေ ပြာပြာလေးတွေ အနီတွေမှအစုံပဲ. . . ထူးဆန်းတယ်၊ အမေတို့လည်း ကြာမျိုးမချ၊ မစိုက်ခဲ့ဘဲ ကြာတွေလာဖြစ်နေတာ . . . ဒါနဲ့ ကြာနိုင်လို့မှည့်ခဲ့တာ သမီးရဲ့. . ."

ကြာနိုင်ပြီးတော့ ကိုကိုလေးကို ချစ်နိုင်လို့မှည့်လိုက်တာပေါ့၊ မီးမီးလေးကိုတော့ မမနဲ့ဆင်တူသွားအောင် ကြည်ပြာဦးလို့ ပေးလိုက်တာလေ. . ."

"တကယ်တော့. . . ညီမလေးကို ကြည့်ပြာတွေလို့ မှည့်ရမှာ အမေရဲ့. . . ဟဲ. . ဟဲ. . ဟဲ"

"ဟင့်အင်း. . . မကြိုက်ပါဘူး. . . ကြည့်ပြာဦးပဲကောင်းတယ်၊ ပေဒါကလည်း ပြာတာတာလေး. . . မီးမီးကလည်း ကြည့်ပြာလေးပဲ . . အတူတူပဲနော်. . . အမေ"

"အေး. . . ဟုတ်တယ်. . . ဟုတ်တယ်. . . ပေဒါဆိုတာ ရေလှိုင်းဒဏ်ကို ကြံ့ကြံ့ခံအံတုနိုင်ရမယ်လို့ အမေက ရည်ရွယ်ပြီး ပေးခဲ့တာ၊ ငါ့သားတွေကတော့ ကြာပန်းနိုင်လို မိုးတိုရင်ဆိုင်ပြီး ငွားငွားစွင့်စွင့် လန်းဆန်းတင့်တယ်အောင် ဘဝအခြေခိုင်ခံ့အောင် ရည်ရွယ်ပြီး မှည့်ထားခဲ့တာကွဲ. . ."

"ဒီကြာနိုင်ဆိုတဲ့ နာမည်က ပေါ့သေးသေး အတိတ်နိမိတ် မဟုတ်ဘူးနော်၊ အမေတို့ ပဲခူးမြို့၊ ကြခတ်ဝိုင်းဆရာတော်ကြီး (အဘိဓမ္မ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒစရိယ-ပုံလွှန်) ဟာ တို့ရွာသားစစ်စစ်ကွဲ၊ ဆရာတော်ကြီး မမွေးခင်က မိခင်ကြီးမှာ အိပ်မက်မက်သတဲ့. . . ပဒုမ္မာကြာနိုင် တွေကို ဆင်ဖြူကြီးက နှာမောင်းနဲ့ပွေ့ချီရစ်ပြီး အိမ်ရှေ့လှေကား ထစ်ပေါ် လှမ်းတက်သတဲ့တွယ်၊ ဒါနဲ့ ပေခင်တွေတွက်ချက်ကြည့် တော့. . . ဘုန်းကံမြင့်မားတဲ့ သားယောကျ်ားလေး မွေးဖွားမှာလို့ ဟောသတဲ့၊ ဟောတဲ့အတိုင်းပဲ တကယ့်ကို သီလသမာဓိနဲ့ပြည့်စုံတဲ့ . . . သာသနာ့ပြုဆရာတော်ကြီး ဖြစ်ခဲ့ရပါပကော၊ ဆရာတော်ကြီးရဲ့ ငယ်မည်တလည်း မောင်ကြာနိုင်တဲ့လေ၊ အမေက သိပ်သဘောကျ ခဲ့တာ ဆရာတော်ကြီးကိုလည်း အမေတို့ ကြည်ညိုလေးစား အားကိုး ကြရတာ ခုထိပဲလေ. . ."

"အပဲ. . . ဟဲ သားလည်း ဘုန်းကံရှိပါတယ်အမေရ. . . ကြည့်ထားပါ၊ ခုတောင် ကိုရင်က ထွက်ချင်တာမဟုတ်ဘူး၊ ကျောင်းဖွင့်ပြီ ထွက်တော့လို့ ဘုန်းဘုန်းကြီးကပြောလို့ပါ၊ ဆယ်တန်းသာအောင်ရင် စာသင်တိုက်ကို ကိုရင်ဝတ်နဲ့သွားမှာ. . . သိလား. ."

"အေး. . . အေး. . . သွားပါ. . . သားရယ် သွားပါ. . . ဆယ်တန်းအောင်လို့ကတော့ သားသဘောပါ၊ အမေတို့ လုံးဝမတားဘူး၊ စစ်ဗိုလ်ကြီးလုပ်မယ်လို့ သားငယ်ငယ်က ပြောခဲ့ပေမယ့် . . . အခုဘုန်းကြီးလုပ်ချင်လည်းလုပ်. . . အမေတို့ အသက်ရှိနေသမျှ သားသမီးတွေရဲ့ဆန္ဒကို ဘာမဆိုလုပ်ပေးမှာ မပူနဲ့. . ."

"မီးက ကျောင်းဆရာမကြီးလုပ်မှာ. . ."

"သားက ဆရာဝန်ကြီးနော် အမေ. . ."

ကြည်ပြာဦးနှင့် မောင်ချစ်ခိုင်တို့က ရင်ကော့ကာ ဖြေကြ၏။ ဦးတင်လှသည် သားသမီးများ၏ ဖြစ်ချင်သည့်ဆန္ဒများကို ကြားရရုံဖြင့် အားရကျေနပ်နေတော့၏။

ဇေဒါဦး တဲပေါ်မှ ရေကန်ကြီးဆီ လှမ်းမျှော်ကြည့်လိုက်မိသည်။ တည်ငြိမ်နေသော ကန်ရေပြင်တွင် စိမ်းစိုလန်းဆန်းသည့် ဇေဒါတောကြီးက သန့်စွမ်းစွာ အပွင့်များဝေလျက်. . .

ကမ္ဘာ့ရာသီဥတုကပ်ဆိုးကြောင့် မြန်မာနိုင်ငံမှ လယ်သမားများလည်း ကံဆိုးခဲ့ကြသည်။ ယခုနှစ်၌လည်း ဇေဒါဦးတို့ပင် မိုးမရသဖြင့် လယ်ခုနစ်ဧကမျှ လွှတ်ထားလိုက်ရ၏။ မိုးထောင်ချိန်နှင့်စိုက်ပြီးချိန်တို့၌ မိုးများပြီးရေမကျသဖြင့် စပါးပင်တို့သေကြရ၏။

"ဟေး. . . ဇေဒါမလား. . ."

"ဟုတ်ကဲ့. . . ဘကြီးအောင်"

"ဗေဒါမရေ ခရမ်းပျိုးပင် တစ်ထောင်လောက် ဘကြီးတို့ဖို့ ချန်ထားပါဦးကွယ်. . . အပင်ပေါက်ပလား. . ."

"ရှေ့အပတ်ဆို အပင်မြင်ရပြီ ဘကြီး၊ စိတ်ချပါ သမီးကိုယ်တိုင် ပျိုးအိတ်လာပို့ပါ့မယ်. . ."

"အေးကွယ်. . . ဘကြီးလယ်စပါးမကောင်းတော့ ချောင်းစောင်းကလယ်ကွက်တွေ ခရမ်းချဉ်ပဲချတော့မယ်၊ ဝဲခင်းကလည်း မိုးလွတ်မှ အဆင်ပြေတာ. . . ချောင်းရေကိုခွဲ့နဲ့ ပက်တင်ပြီး တောင်ယာစိုက်တော့မယ်. . ."

"ဟုတ်ကဲ့. . . စိုက်ပါဘကြီးရယ်. . . ခရမ်းချဉ်လေးသာ ဖြစ်ရင် ဝမ်းစာမပူရတော့ဘူးပေါ့. . ."

"ဟင်း. . . ခရမ်းချဉ်ပျိုးပင်ပိုပျိုးမှ ဖြစ်တော့မယ်. . . ဆွေမျိုးတွေ အပိုဝင်ငွေလေးရရှိအောင်လုပ်ရင် ရောင်းချတော့ ငွေမြင်ရ စားရသောက်ရတာပေါ့လေ. . ." လယ်မကောင်းသော ဆွေမျိုးများအတွက် ဗေဒါဦး ရင်လေးနေရ၏။

လယ်ကွင်းပြင်တစ်လျှောက်ကို ကြည့်လိုက်ရာ စပါးပင်မရှိ ကွင်းပြောင်ချောကြီးငုံးတီတီကို ခြောက်သွေ့စွာ တွေ့ရသည်။ ဝါတစ်ခါ၊ စိမ်းတာလှည့် ယိမ်းနွဲ့နွဲ့လယ်ခင်းပျိုးများမှာ ယခုတော့ မြက်ပင်ကျဲကျဲနှင့် မြေသားပြောင်ချောဖြစ်ပြီး တံလျှပ်ထနေတော့၏။

. . . ဟူး. . . သည်လယ်မြေတွေကို ဘယ်လိုစိတ်ရပါ့. . .

အချို့အရပ်ဒေသ၌ သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးလယ်မြေများ ပျက်စီးကြခြင်းဖြစ်သည်။ မိမိတို့ဆီမှာတော့ ရာသီဆိုးမိုးကြောင့် လယ်ယာသီးနှံများ ပျက်ရသည်။ ပိုးကိုက်ခြင်းကြောင့် အပင်ဖြစ်ပြီးမှ ပျက်စီးကြရသည်။ လယ်သမားအများစုမှာ စိတ်ပျက်

ရွာ လယ်ယာမြေကို စွန့်ခွာကြကုန်၏။ လယ်များကို အချို့ပစ်ထား လိုက်သည်။ အချို့ရောင်းစား ပေါင်စား လုပ်ကြသည်။ ရွာရှိ လူငယ် ကျား/မ အတော်များများ မြို့ပြသို့တက်၍ လည်းကောင်း၊ ပြည်ပ နယ်စပ်များသို့လည်းကောင်း ရရာအလုပ်များ လုပ်ကိုင်ကြရန် ထွက်ခွာကုန်၏။ ရွာပျက်မတတ် ကာဆိုကလျှား ဖြစ်နေကြသည်။

ငွေကြေးတတ်နိုင်သူ တစ်ဦးတစ်လေတို့မှာ မျက်မြှူဆိုက်လေ ဆရာကြိုက်လေဆိုသလို ဖိုးကျိုင်းဟုတ်များဖြစ်နေကြ၏။ အားသမျှ လယ်သီးစားယူ၍ ငွေအား၊ စက်အားဖြင့် ပဲတီစိမ်း၊ မတ်ပဲများ တိုးစိုက်ကြ၏။ အပင်အားဆေး၊ အရွက်အားဆေး၊ အသီးအားဆေး များဖြင့် ဓါတ်အားပေးကာ စိုက်ကြ၏။ ရာသီမဖျက်၊ ပဲဈေးတက်သော် သီးသမျှ မြတ်လေသည်။

ဗေဒါဦး စိတ်မကောင်း၊ ကိုယ့်ဒေသမျိုးများကို ထိုသို့ဖြစ်ထွန်း စေချင်သည်။ အရင်းမတတ်နိုင်၍ လက်မှိုင်ချသည့်အဖြစ်မျိုး မဖြစ်စေချင်။ ယခုတော့ ရာသီပင်လေးမျှသာ မိမိနိုင်သရွေ့ အားပေးစိုက်စေရန် ရည်ရွယ်ထားရ၏။

ဖခင်ဖြစ်သူကို ပြောပြသောအခါ လက်ခံ၏။ ဦးတင်လှ သဘောပေါက်စွာ ပျိုးစင်ကို ကန်စောင်း၍ သုံးစင်းတိုးလိုက်ခြင်း၊ တစ်ထောင်တင်ပျိုးနိုင်သည့် စင်များဖြစ်အောင် ပြင်ဆင်ထား၏။ (၄' x ၆') ပလတ်စတစ်အကြည်အိတ်များထဲ သမထားသည့် မြေဩဇာများရှေပမည်။ ရေစိမ်ထားသော မျိုးစေ့မြုပ်ပြီးမှ စင်ပေါ် တင်ရ၏။ စင်ပေါ်မတင်မီ တစ်အိတ်သုံးလေးငါးစေ့မြုပ်ထားပြီး အပင်စို့လာမှတင်ရမည်။ ကြွက်ဝက်မထိုး၊ မဆိတ်စေရန် စင်နှင့် ပျိုးခြင်းပင်၊ အစေ့မှအပင်စို့ရှည်လာလျှင် အမိုးပြင်ဆင်ပေးရ၏။

နှီးစဝင်ဘိုင်ချန်ထားခဲ့ရာ ထိုတိုင်များပေါ် ပလတ်စတစ်အကြည်ကို တပ်ကွက်ခံမိုးပေးထားလျှင် မျိုးပင်ငယ်များ ရေဒဏ်နေဒဏ်မှ သင့်သလို ကာကွယ်နိုင်ပေသည်။

သီတင်းကျွတ်လပြည့်ကျော်သည်နှင့် မျိုးလိုက်လျှင် တန်ဆောင်မုန်းလဆန်းတွင် မျိုးပင်ထွက်လာသည်။ နတ်တော် လဆန်း၌ မျိုးပင်ရွှေ့စိုက်မည်ဖြစ်၏။ ရေခြောက်သွားသော ကုန်းမြေလွတ်ရှိသမျှ ချစိုက်လိုက်ပါက အသီးဦးမှာ ဈေးကောင်း ရပေမည်။ ခရမ်းချဉ်သည် ရေကြိုက်သောအပင်ဖြစ်သော်လည်း အပင်သက်တမ်းတိုသော အပင်ပျော့မျိုးဖြစ်၍ ရေ-ပ်သော၊ စိမ်းစွဲ သောမြေများကို မကြိုက်ပေ။ အမြစ်ရိ ပုပ်သွားတတ်သည်။ မြေဩဇာနှင့် လုံးဝမပျိုးပေ။ ဝေါသန်းရှင်သည် နောက်ချေးနှင့် ပေါင်းနှံခင်းထားသော နုပ်မြေချေးကို နှစ်နှင့်ချီ၍ ပြုလုပ်ထားပြီး ဖြစ်သည်။

ဓာတ်မြေဩဇာသည် မျိုးပင်ငယ်များကို ပျော့စေပြီး အမြစ် ဒိုယော်စေ၏။ ခရမ်းချဉ်မျိုးနည်း၊ စိုက်နည်းတို့ကို ဝေါသန်းရှင် သေသေချာချာ သွားလေ့လာပြီးဖြစ်၍ ဤရွာ၌ သူ့လောက်မည်သူမျှ မကျွမ်းကျင်ပေ။ ရန်ကုန်တိုင်းအတွင်းရှိ ရွာကလေးတစ်ရွာတွင် ၄င်းနှင့်သွားစောင့်ကြည့်ပြီး လေ့လာခဲ့ရသည်။ ယခုဆိုလျှင် တစ်မိသားစုလုံး လက်တွေ့ပြုလုပ်ပြန်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်၏။ မြေပြင် ပေါ်သို့ စိုက်သည့်အခါ မျိုးဘိတ်များကို အချို့က ပြန်ယူ၍ နောက်တစ်ဖန်ပျိုး၍ရရန်အတွက် သိမ်းကြသည်။ ဗေဒါဦးတို့လည်း ပထမထိုသို့လုပ်၏။ ထိုအခါ ရတ် (၂၀) သား၌ ဓာတ်မြေဩဇာ ကျွေးချိန်တွင် အပင်၏အမြစ်ထဲ တစ်ခါတစ်ရံ အချိန်အဆမမှန်သော်

အထိမြန်၍ အပင်က အောက်ခြေဒဏ်မခံနိုင်ဘဲ သေကုန်တတ်ကြသည်။ အိတ်အတိုင်းခွဲ၍စိုက်ပါက မြေဩဇာဒဏ်၊ ရေဒဏ်ကို ပိုခံ၍ အကာအကွယ်ဖြစ်တတ်ပါသည်။ သို့ပါ၍ အိတ်ခွံကိုပြန်မယူဘဲ ခွဲကာချစိုက်ရ၏။ အတွေ့အကြုံသည် ပေဒါဦးတို့အတွက် အလွန်အဖိုးတန်၏။

"သန်းရှင်တဲက ခရမ်းချဉ်ခင်းကို ဘယ်သူမှမမီဘူးဟေ့. . . အသီးလည်း ကောင်း၊ အထွက်နှုန်းလည်း ကောင်းပါ့ ဈေးကောင်းရလို့ တင်လှတို့တော့ ချမ်းသာနေပြီ. . ."

"ထိုင်ဝမ်မျိုးဆိုတော့ အသီးထွားတယ်ကွ. . ." ဟူ၍ ဝယ်ချင်သူများ ယုံကြည်စွာ မှာထားကြလေသည်။

ပေဒါဦးမှာ နေ့နေ့ညည ခရမ်းချဉ်ပျိုးစင်နှင့် ခရမ်းခေါင်းပင်ပျိုးခင်းများနားမှ မခွဲမခွာ အရိပ်တကြည့်ကြည့် ဖြူဖွေးစောင့်ရှောက်ရင်း ချောင်းရေတွင်မျောပါလာသည့် ပေဒါဒိုက်များကို ချောင်းထဲမှ ဆွဲတင်နေမိသည်။ ကျေးရူးရှင် ပေဒါသခင်များသည် ပေဒါဦးဘို့အဖို့ ရွှေကျင်ယူရသကဲ့သို့ မြတ်နိုးတန်ဖိုးထားခဲ့ကြသည်။ မသိသူကျော်သွား သိသူဖော်စားဆိုသည်မှာ တကယ်မှန်ပေ၏။

ငါးသွင်းကန်ထဲမှ အပင်သန်ကြီးများကို သောက်သုံးရေကန်ထဲဆွဲထည့်၊ ရေကြည်ကန်မှ ပေဒါရင့်ကြီးများကို ကန်ပေါင်ပေါ်ပြန်ဆွဲတင်၍ အရိုးပြောင်ပြောင်ရင့်ရင့်ကြီးများအား စနစ်တကျဖြတ်ယူရ၏။ အရွက်နှင့်အမြစ်မွှားများကို ဘဲစာစင်း (သို့) မြေဩဇာပြုလုပ်လိုက်ကြသည်။ ပေဒါပင်ခြောက်များကိုကား ကောက်ရိုးဖြင့်အထပ်ထပ်အုပ် ပဲမှော်ဖြူး၊ ငှက်ပျောရွက် အုပ်ထားလိုက်သည်။

နိုးစာ ကောက်ရိုးမှိုအတွက် စိတ်မပူရပေ။ မစိုမခြောက် ပေါ်ဒါရိုး ခြောက်များကို ဘိတ်သွတ်၍ အဝယ်ဒိုင်သို့ တင်ပို့ရ၏။ မြန်မာမှု လက်ရာဖြင့် ပေဒါရိုးဖြင့် အိတ်ထိုးသည့်လုပ်ငန်းတဝယ်ယူ၏။ ပေဒါပွင့်ကား တိုင်းရင်းဆေး ကုန်ကြမ်းအဖြစ် သွင်းရပြန်သည်။ နေပြင်းပြင်းဖြင့် သန့်ပြန့်စွာ ဖူးလှန်းထားသည့် ပေဒါပွင့်အခိုင်များ မှာ နုးညံ့လွန်းသဖြင့် အထိအခိုက်မခံပေ။ အခိုင်မပျက်စွမ်းရုံဖြင့် သွားပို့ရသည်။ ဆေးဖော်သူတို့အား အပူခံစက်ဖြင့် အခြောက်အမှုန့် လုပ်ယူကြသည်။

ပွင့်လင်းရာသီကူးသည်နှင့် တဲရှိလူကုန် အလုပ်များမအားလပ် ရပေ။ အလုပ်နှင့်လက်မပြတ်လုပ်နေရ၍ ထမင်းနပ်မှန်ပြီး ပိုလျှံ စုဆောင်းမိလာခြင်းဖြစ်၏။ အရင်းရှာပြီး စပါး၊ ပဲစိုက်ရသော် အတိုးနှုန်းမည်သို့နည်းနည်း ကျန်သင့်သလောက် မကျန်ဖြစ်တတ် သည်။ လယ်ရိုးမှ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တို့ကလည်း နွေမိုး စာစုဆောင်းပြီးပါက ရောင်းချစား၍ရ၏။ သစ်ခင်းများမှ ဘူး၊ ဖရုံ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းခေါင်းသီး၊ သဘော်သီး၊ သရက်သီး၊ ငှက်ပျောသီးတို့မှာ ပတ်လည်ဝင်ငွေရလာပြီဖြစ်၏။

"အမေတို့ လုပ်နိုင်သမျှလုပ်နေတာ၊ ငါ့သားသမီးတွေ လူတလုံး၊ သူတလုံးဖြစ်အောင် ပညာသင်ဖို့ပဲ၊ အမေတို့က အလုပ် မကြောက်ဘူး။ အတိုးကြောက်တယ်သားတို့ သမီးတို့. . . အတိုး လွတ်အောင် နေနိုင်ကြရင် သူဌေးပဲ၊ လူကိုလူချင်းမျိုလို့ ရတယ် ဆိုတာ အတိုးကြောင့်ပဲ. . ."

မိခင်၏ အိပ်ရာဝင်ပုံပြင်များက ပေဒါဦးတို့နှလုံးသား၌ စွဲမြဲစေသည်လေ။ ထို့ကြောင့်လည်း အရိုး၊ အပွင့်၊ အရွက်၊ အမြစ်မှစ

အသုံးဝင်အဖိုးတန်သော ပေဒါပင်များကို "ပေဒါဦး" အထူးဂရုစိုက် သယ်ယူခြင်းဖြစ်ပေသည်။ ရေကန်ကြီးနှစ်လုံးမှ ပေဒါ (သို့) ပြင်သစ် ပင်များသည် လူရောစိတ်ပါ မည်မျှပျော်နေကြပါစေ. . . စိမ်းလန်း စိုပြည်အပျော်ပြေစေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ကြည့်မဝ ရှုမဝ လှပနေကြပါပေ၏။

"တင်လှရာ မင့်တဲရောက်ရင် အလိုလို ရင်ကိုအေးမြသွား တာပဲ၊ သရက်ပင်၊ ကုက္ကိုပင်အုံ့အုံ့ဆိုင်းဆိုင်း။ ငှက်ပျောတောက ညို့ညို့မှိုင်းမှိုင်းနဲ့ ရေကန်ကြီးနှစ်လုံးကလည်း ရေအပြည့်ကြည်လင် လို့၊ တန်တွေ့ပေတ်လည်မှာလည်း စိုက်ထားလိုက်ကြတာ. . .စုံနေ တာပဲ ပျော်စရာလေးကွာ၊ ကလေးတွေကလည်း အားလုံးအလုပ် တွေလုပ်ကြပါ့ စာတွေလည်း တော်ကြတယ်. . . မင်း. . . ဒီတော ကောင်းမှာပါကွယ်. . ."

ဘကြီး၊ ဘထွေးများလာကြသူတိုင်း ရင်အေးကြသည်ဖြစ်၍ ဦးတင်လှ တပြုံးပြုံးသဘောကျနေတတ်သည်။ မှန်ပါသည်။ ကလေး သုံးယောက်မှာ ပေဒါဦးနိုင်းသမျှ ဂျင်ခြေလည်အောင် လုပ်ကြရ သည်။ ဖခင်ဦးတင်လှက နွား (၃) ရှဉ်းစာ မြက်ရိတ်မြက်ထမ်း လယ်ထဲဆင်း။ မိခင်ဒေါ်သန်းရွှင်က အသီးအနှံနှင့် ငါးရောင်းချ နိုင်ရသည့်နေ့ မြို့တက်ရရှင့် လှည့်မကြည့်နိုင်။ တောက်နိုမှိုများများ ရသည့်နေ့တွင် ဝင်ငွေကောင်းသဖြင့် အမေ့မျက်နှာရွှင်နေတတ်၏။ "မိုးရတဲ့မျက်နှာ" ဆိုတာ ဒါပဲထင်ပါရဲ့. . . ဟု ပေဒါဦး စလျှင် ရယ်ပျော်နေတော့၏။

ငါးကန်ကို မိုးရှောင်းနှင့် ရွှေရှောင်းနှစ်ကြိမ် ဖော်၍ ငါးထုတ် ရောင်းသော် ငါးအလေးချိန်ပိဿာ (၅၀) မျှ ရသေး၏။ ဤသို့

အလုပ်များလုပ်ကြရသည်မှာ ပင်ပန်းကြသော်လည်း အလုပ်ကြောင့် ငွေမြင်ကြသဖြင့် အမောပြေကြရပါသည်။

ယခုလို ရေကြီးသည့်နှစ်များတွင် ပေါ်ကြခင်းနှင့် ဝိုက်ခင်းများ ပျက်စီးသော် ပေါင်ဦးတို့အဖို့ ခံသာသေးသည်။ အခြားသူများအဖို့မှ လူးလှိမ့်ပြီး နာလန်မထူနိုင်ဖြစ်ကြရ၏။

* * * * *

## အခန်း (၇)

ချောင်းခွဆုံမှ ဘဲအုပ်များသည် ရေစီးနှင့်မျောပါလာသော ဒိုက်သရေရာများကို လုယက်ထိုးဆိတ်နေကြ၏။ ဗေဒါပင်များ အပါအဝင် ဒိုက်သရေရာများမှာ ရွာမှ ဘဲအုပ်များကြား မြုပ်ချည် ပေါ်ချည် အလူးအလဲခံနေကြရရှာသည်။ ချောင်းရေသည် သီတင်းကျွတ်နောက်ပိုင်းဆိုလျှင် ရေထိုးကျသွားတော့၏။ ရေထရက်၌ ပိုင်ကျုံရေတံခါးဖွင့်တင်ထားလျှင်တော့ ရေသည် ကမ်းပါးထိပြည့်နေ တတ်ပါသည်။ မိုးရာသီလွန်သော် တက်လာသည့်ရေသည် မဝါတော့ပေ။ ရေညိုညိုစိမ်းစိမ်းများ ဖြစ်လာသည်။ ရေစီးလည်း မသန်တော့ချေ။ ငြိမ့်ငြိမ့်ညောင်းညောင်းသာ တက်နေ၏။ ရေကျ ရက်တွင် ရေတံခါးများပြန်ပိတ်ချထားသဖြင့် ရေကျတိုင်နေသော အခါ ချောင်းရေများ စိမ်းညိုရောင်သန်း၍ တန့်နေတော့၏။

သာမန်ဆိုလျှင် မိုးရေသည် ကြည်၍ဖြူ၏။ လယ်ရေသည် နီကျင်ကျင်နှင့်ကြည်၏။ ချောင်းရေကား ဝါကျိကျိ နောက်နေတတ်၏။ စမ်းရေကား ကြည်လင်အေးမြလှပေသည်။ နွေရာသီ မတ်၊ ဧပြီ မေ၌ ချောင်းရေများ လုံးဝခန်းခြောက်သွားပြီး ရေတံခါးမှတက် လာသော မြစ်ရေသည် စိမ်းညိုညိုဖြစ်နေ၏။ နွေစပါးစိုက်ချိန် တပေါင်း၊ တန်ခူးဆိုလျှင် ချောင်းရေတို့ "စိမ်းပုပ်မဲပြာ" လာကြချေ ပြီတည်း။ စက်ဖြင့် နွေစပါးစိုက်ခင်းထဲ တစ်နေကုန်မောင်းတင်

သွင်းရ၏။ ဆီဖိုး၊ အလုပ်သမားဖိုး အတော်ရင်းရပေသည်။ နွေစပါး အောင်၍ ရှုံးပြီဆိုလျှင်လည်း တက်တက်ပြောင်ကြပြန်သည်။ အချို့မှာ ရေအတွက် စိတ်ချရအောင် သနပ်ပင်မြို့နယ်အစပ်ရှိ ဒီးပင်ရွာ၌ နွေစပါးသွားစိုက်ကြ၏။ နွေစပါးတွင် ရေသည် အခရာ ဖြစ်၏။ အစို့ရှင်ပေါက်နေသော ရေထိန်းတံခါးတို့သည် ရေကို လိုသလို မတင်ပေးနိုင်ပေ။

လယ်သမားများ လိုသလိုသုံး၍ရရန် ပဲခူးမြစ်ရေတက်ချိန်၌ ဝိုင်ကျုံရေထိန်းမှ ဖွင့်တင်ထားသောမြစ်ရေသည် နုန်းပြင်ကို ဖြတ်၍ အောင်းရေနှင့်ရောကာ မဲပြာစိမ်းပုပ်သည့်အရောင်ဖြစ်သွားခြင်းပင်။ ကြည်သော်လည်း အနံ့မကောင်းပေ။ နွေစပါးသည် မျိုးခင်းထောင် စဉ်ကတည်းကပင် ရေကိုသုံးရသဖြင့် ရေတင်စက်မရှိသူတို့ မစိုက်နိုင်၊ စပါးမအောင်တတ်။ ရေ "အ" တတ်၏။ အောင်သည့် လယ်သမားများသည်လည်း တစ်ကေတစ်ရာကျော်ရတတ်သဖြင့် နှစ်သီးစား၍ ချမ်းသာသွားကြပါသည်။

"ဒီနွေတော့ နွေစပါး. . . တိုးစိုက်ကြမလား ကိုလှရေ. . ."

"အဖေ့ကို တစ်ကေလောက်စိုက်ပေးချင်တယ်ကွာ၊ အဖေတို့ မိုးစပါးမရတော့ ဝမ်းစာခက်မယ်. . ."

"စိုက်ပေးပေါ့. . . အဖေ့ သမက်တွေကိုတော့ ဝိုင်းလုပ်ခိုင်း ရမယ်၊ မျိုးထောင်လို့စပါးစိမ်ကတည်းက မျိုးစပါးထမ်းပြီးလာလို့ ပြော၊ ကျုပ်တို့ကလေးတွေပင်ပန်းလို့ သေလိမ့်မယ်. . ."

"အေးပါကွာ. . . ဒါနဲ့ငါ့သမီး ပေဒါဦးတစ်ယောက် အမှတ် သွားထုတ်တာ နေမြင့်လှပြီ၊ မရောက်သေးဘူးလားဟ. . ."

"ဟုတ်ပါတော်. . ."

မိဘများက ပျော်နေကြသော်လည်း ဖေဒါဦးမှာမူ စက်ဘီး လေးတာလမ်းဘေးထောင်၍ ချောင်းထဲမှ ဘဲအုပ်ကြီးကို ငေးကြည့်ရင်း မျက်ရည်များစီးကျနေ၏။

"...မင်းတို့ကတော့ ရေထဲမှာပျော်နေကြတယ်နော်၊ ငါ့မှာတော့ သေသာသေလိုက်ချင်တော့တယ်၊ ငါ့ရည်မှန်းချက်တွေ မဖြစ်နိုင်တော့ဘူး...ဘဲလေးတွေရေ မင်းတို့လိုရေထဲငုပ်ပြီး ပြန်မပေါ်အောင် နေလိုက်ရင်ကောင်းမလား..."

တဂါးဂါးနှင့် ပျော်မြူးနေသော ဘဲများမှာ ဒိုက်သရောမှ ဖေဒါပင်များအား စုပြုံထိုးဆိတ်ခြေမွှစားသောက်နေကြသည်။ ဖေဒါပင်များကလည်း မည်သို့ပင် နှိပ်စက်၊ နှိပ်စက် အားခဲပြန်ပေါ် လာသည်ချည်းပင်။

"အို...လူဆိုတာအညွှန့်နဲ့နေတာ...ငါက ဖေဒါဦး၊ ဖေဒါပင်ဘဝပဲ ဘဝကိုအံခဲပြီးကြိုးစားရမှာပေါ့...အမှတ်လေးရော ကျော်မရလို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မတက်ရပေမယ့်လဲ အခြားသင့်တော်ရာအဲ့တစ်ခုခုရရင်ပြီးတာပဲ...အဟင့် ဟင့် ဟင့် လယ်ယာနဲ့ ပတ်သက်တဲ့နည်းစနစ်တွေ ငါမလေ့လာရတော့ဘူး.. အီး ဟီးဟီး..."

ရွာထဲမှ ဘဲအုပ်ခွဲရန် ဘဲသမားလေ့များထွက်လာကြ၏။ ဘဲအုပ်တွေကို ငေးကြည့်နေသည့် ဖေဒါဦးအား သူတို့မြင်သွား၏။

"ဟေး...ဖေဒါဦးရေ အမှတ်ပေါင်းဘယ်လောက်ရလဲဟေ့"

"တော်ပါပြီ ဦးကြီးရယ်...သုံးလို့မရတဲ့အမှတ်ဖြစ်လာလို့ သေချင်နေတာ..."

"ဟ. . . ဘာလို့သေရမလဲ. . . အောင်တာပဲ တော်လှပြီ၊ ဘယ်နှစ်မှတ်ရရကျေနပ်တယ်ဟေ့. . . တဏ္ဍသိုလ်ဆက်တက်. . ."

ဦးကြီးစန်းမောင်က သူ့သားသုံးလေးနှစ်မြေရာ မအောင်သဖြင့် ဖေဒါဦးလို နှစ်ချင်းပေါက်အောင် သူ့ကို ချီးမွမ်းပုံရ၏။ ဖေဒါဦးမှာတော့. . . ထိပေါက်ပြီး လက်မှတ်ပျောက်သလို ခံစားနေရ၏။

"ညို့. . . ပြာ. . . ပြာ. . . လတာပြင်ခြေရင်း လှိုင်းတက်ရာ ဖေဒါတက်. . . လှိုင်းသက်ရာ ဆင်း × × × အဆင်းနဲ့အလာ. . . ဖေဒါမအတွေး × × × အုန်းလက်ကြွေ သူ့နံဘေး × × ×"

သီချင်းလေးတအေးအေးဖြင့် ဘဲကျောင်းလှေကလေး လှော်လာသော မမသင်းက သူ့ကိုမြင်သွား၏။

"ဟေး. . . ဖေဒါမ ဘာလုပ်နေတာလဲ၊ ဘယ်သွားတာလဲဟေ့"

"ပဲခူးကျောင်းမှာ အမှတ်စာရင်းသွားထုတ်တာပါ. . . မမသင်းရယ်၊ အိမ်ရောက်ရင် အမှတ်နည်းတာကို ပြောပြဖို့ အားမရှိလို့ ဒီနားထိုင်နေတာ. . ."

"အမလေးလေ. . . ဒါများ နည်းနည်းများများ စိတ်မညစ်မေ်းပါနဲ့၊ ကျောင်းဆရာမလုပ်လို့ရလည်း ဘာဖြစ်လဲအေ့. . . ကိုယ့်ရွာနဲ့ကိုယ် အောင်ထားပြီး တစ်နေ့ဘွဲ့ရရင် ဆရာမလုပ်ပေါ့"

သူသိသလို သင်ညာက်ပေးနေသော မမသင်းကို သူပြုံးကြည့်နေမိသည်။ ပညာရေးတောလိပ်လျှောက်လွှင်ပင် အမှတ်သုံးရာကျော်လေးရာမှ ပါနိုင်သည်ကို ရွာမှလူများမသိကြ။

"ဟဲ့. . . ညည်းမျက်နှာက အီးမှန်ထားသလိုဖြစ်မနေနဲ့. . . ငါမည်နဲ့လူမလိုက် လိုက်တာအေ၊ ဘာကျောင်းမှတက်မရရင်

တာပေးတာယူနဲ့ဖြေ၊ တဲမှာပဲ အလုပ်တွေလုပ်၊ ညည်းအမေ ကူဖေ
လောင်ဖက်ရတာပေါ့. . . သွားသွားပြန်တော့၊ ဟင်း. . . နာမည်
ကသာ ပေဒါမ. . . လူက စိတ်ပျော့ပါဘိ. . ."

အစ်မဝမ်းကွဲတော်သူ မမသင်း၏စကားများကြောင့် ပေဒါဦး
စက်ဘီးပေါ် လွှားကနဲပြန်တက်ကာ ရွာ၏တာထိပ်အထိ အမြန်နင်း
ခဲ့သည်။ ခုလောက်ဆို တဲက ကြာနိုင်လေ့နှင့် လာစောင့်နေရောပေါ့
အသွားတုန်းက ဖခင်ဦးတင်လှ လှေထိုးပို့ပေးခဲ့သည်။

"ပဲခူးကားပေါ်တက်ရင် စက်ဘီးသေချာအပ်ထားခဲ့နော်
သမီး၊ ရွာကကားကြီးစောင့်ပြန်ရင် ကြာမှာစိုးလို့. . . တဲက
စက်ဘီးကို တင်ထိုးခဲ့တာ. . . ရရချင်း အမြန်ကားနဲ့ ပြန်ခဲ့ အဖေတို့
မျှော်နေရမှာ. . ."

ခမဲပြင်ကားလမ်းတာထိပ်၌ စက်ဘီးအပ်ကာ မှန်လုံကားဖြင့်
ပဲခူးသို့သွားပြန်လုပ်ခဲ့သည်။ အပြန်မျက်နှာပန်းမလှသောကြောင့်
ပေဒါဦး ရင်မောရသည်။ စက်ဘီးပင်မနင်းနိုင်တော့။ သူတက်လို
သော ရေဆင်းတက္ကသိုလ်ကိုမှန်း၍ မရတော့ချေ။ အောင်ပြ
သော်လည်း အမှတ်မကောင်းလျှင်မလွယ်ကြောင်း ကိုယ်တွေ့သိရှိ
ပြီဖြစ်၍ အငယ်များအတွက် နမူနာယူရမည်။ သူမအားမျှော်
ကြသော မိဘများကို ပေဒါဦး မျက်ရည်နှင့် ရှင်းပြသောအခါ-

"စိတ်မပျက်ပါနဲ့ သမီးရာ. . . အဖေ ကိုအောင်လေးတို့
မေးမြန်းပါဦးမယ်။ သူတို့ဆိုင်ကို မကြာခဏ ဝင်ထွက်သွားလာနေတဲ့
လယ်စိုက်ရှင်းက မန်နေဂျာတွေရှိတယ်ကွ၊ ဘဲ့ဒါမေးမြန်းစုံစမ်းရင်
တစ်ခုခုတော့ ထူးခြားမှာပါ. . ."

"ဟုတ်ပါရဲ့. . . ကျွန်လည်း သူ့ဆရာမတွေကို မေးမြန်းဦးမယ်။ သာမန်နိုးနိုးတက္ကသိုလ်တက်ရုံနဲ့ ကိုယ့်အလုပ်တွေက အံမကိုက်ဘူး တော့၊ လခစားအလုပ်တန်းမရတာတောင် ကိုယ့်လယ်ယာလေးမှာ အသုံးဝင်မယ့် ပညာတွေသင်ရမှ ဖြစ်မှာတော့. . ."

"အေးပါကွာ. . . ငါတို့က ပညာမတတ်တော့ ဒါတွေ ဘာမှ နားမလည်ဘူးမဟုတ်လား။ နားလည်တဲ့သူတွေကို မေးရမပေါ့. . . မင့်စမ်းပါနဲ့သမီးရာ. . . ဒါငို စရာမဟုတ်ဘူး၊ လိုလျှင်ကြံဆ နည်းလမ်းရတဲ့. . . အခုလည်း သုံးရာကျော်ဆိုတာ နည်းလား. . ."

"သမီး စိုက်ပျိုးရေးဘက်ကိုပဲ ဝါသနာပါတာ၊ အခြားဘာမှ မတက်ချင်ဘူး. . ."

"အေးပါ. . . ငါ့သမီး နား. . . နားတော့၊ အဖေ ဟိုဘက် တဲသွားဦးမယ်. . ."

ကွမ်းတစ်ရာ ပါးစောင်ထဲငုံ၍ ဦးတင်လှ တဲပေါ်မှဆင်းသွား သလို ဒေါ်သန်းရွှင်လည်း ဆူးပုပ်ရွက်ညှပ်ရန် ကတ်ကြေးနှင့် ဆန်ခါ ကိုင်ကာ တန်ပေါင်စောင်းမှ စိုက်ခင်းများဆီထွက်သွား၏။ ဖေဒါဦး လည်း ခေါင်းအုံး၌မျက်နှာအပ်ကာ မျက်ရည်စိုးရွှာချမိသည်။ မိမိကို မိဘများစိတ်ပျက်ကုန်ပြီလော။ ကြိုးစားခဲ့ပါသော်လည်း အတွက်အထိပ်သို့မရောက်ခဲ့. . . ကို ဘယ်လိုလုပ်ရပါ့. . . ဘာမှ မစဉ်းစားဘဲ စာမေးစာယူနဲ့အဝေးသင်ယူပြီး မိဘတွေနှင့်ဝိုင်းလုပ် တာ သည့်လိုပဲနေတော့ရင် ကောင်းမလား။ သူနာပြုလျှောက်လျှင် ကောင်းမည်လား။ ပညာရေးကောလိပ်တက်လျှင်ရော-

"သမီးရေ. . . ဖေဒါဦး. . . လာ. . . လာဦး သမီးရေ ဒီမှာ သမီးဘဘက ပြောဦးမယ်တဲ့. . ."

တစ်ဖက်တဲကြီးမှ ဦးလေးအောင်က-

"ဘာမှစိတ်မပျက်နဲ့ ငါ့တူမလေး. . . အမှတ်နည်းပေမယ့်
စိုက်ပျိုးရေးသိပ္ပံကျောင်းတက်လို့ရအောင် ဘဘကူညီမယ်၊ အဲဒီ
ကျောင်းကလည်း ဖျဉ်းမနားမှာပဲရှိတယ်၊ ရေဆင်းတက္ကသိုလ်လို
စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းစနစ်တွေသင်ပေးတာပဲ၊ သူက
သုံးနှစ်တက်ရတဲ့ကျောင်း။ ဒီပလိုမာဘွဲ့ပေးတာပေါ့ အဲဒီကဆင်းရင်
စိုက်ကွင်းကြီးကြပ်တို့ ဘာတို့ဖြစ်တာပေါ့ မြို့နယ်လယ်စိုက်ရှင်းမှာ
အလုပ်ဝင်လို့ရတာပေါ့လေ၊ အိမ်က သားကြီးအောင်တုန်းက ဒါထက်
နိုင်းတာ ဝါသနာမပါဘူးဆိုပြီး နည်းပညာပဲ တက်ခဲ့တာလေ. . .

"ဟင်. . . ဟုတ်လား. . . ကိုလေးအောင်ရယ်. . . ဝမ်းသာ
လိုက်တာ၊ အဲ့ ဒီလိုကျောင်းမျိုးလဲရှိတယ်လား၊ ကျွန်မလေ
တို့တက္ကသိုလ်ကြီးကို အမှတ်မမီလို့ မတက်ရပေမယ့်. . . သမီးကို
ဒီလိုကျောင်းမျိုးရှိရင် ဝမ်းသာပါ့မယ်၊ ကူ. . ကူညီပါဦးနော်. . . အဟင့်
. . . ဟင့်. . . တင့်"

"ကူညီမှာပေါ့ဗျာ. . . မနက်ဖြန် မြို့နယ်စိုက်ပျိုးရေးရုံး
သွားပြီး မေးကြည့်မယ်. . . ပိုသိရတာပေါ့ လယ်သမားသားသမီး
လယ်ယာမြေကို စိတ်ဝင်စားတာ နှိုးကျူးရမယ်လေ၊ ကျွန်တော်
မြို့နယ်စိုက်ပျိုးရေးမန်နေဂျာတို့ ခင်မင်ပါတယ်. . ."

"ဟုတ်လိုက်လေဗျာ. . . တဲ. . . သမီးမငိုနဲ့ မျက်ရည်သုတ်
သမီးငိုတော့ အမေစိတ်မကောင်းဘူး သမီးရာ. . . နှီး. . ."

"ဟုတ်ပါရဲ့ရှင်. . . ကျွန်. . . ကျွန်လည်း ခုနတုန်းကတော
မှာ မျက်ရည်ကျမိသေးတာ၊ ကျွန်မသမီးလေးဖြစ်ချင်တာ
မဖြစ်တော့ဘူးဆိုပြီးလေ"

မိခင်က မျက်ရည်စမ်းစမ်းနှင့် ပြောလေ၏။

"အမလေးဗျာ. . . တစ်မိသားစုလုံး အားငယ်နေကြတာ ကြည့်ပါဦး. . . ဘာမှမပူကြနဲ့ ဖေဒါဦးက ကြိုးစားသူပဲ၊ တကယ်လို့ စိုက်ပျိုးရေးသိပ္ပံကျောင်းတက်ဖြစ်သွားရင်. . . ထူးချွန်သွားနိုင်တယ်။ ကျွန်တော်တို့ ဒီတစ်ဝိုက်က လယ်တွေအတွက် အားကိုးရမှာ အသေအချာပဲ။ အဲဒီကျောင်းကပြီးရင် ထူးချွန်သူတွေကို ရေဆင်း တက္ကသိုလ်ကြီးမှာ ဆက်တက်ခွင့်ရှိတယ်ထင်တယ်၊ ကျွန်တော် သိပ်တော့ မသိဘူး. . ."

"ဟင်. . . ဒီ. . . ဒီလိုလား. . . အဲဒါဆို ဝမ်းသာစရာပဲ ဘာဘာရမယ်၊ သမီး အစွမ်းကုန်ကြိုးစားမှာပါ. . . သမီးကြိုးစားပါ့မယ်"

ဖေဒါဦး ဝမ်းသာသွားပါသည်။ အခွင့်လမ်းကောင်းရှိလို့ကတော့ လုံးဝလက်လွှတ်မခံ၊ အစွမ်းကုန်ကြိုးစားမည်။ လင်းလက်သောသော အနာဂတ်အလင်းရောင်ဖျော့ဖျော့ကို ဖေဒါဦး မှန်းမျှော်ကြည့်ရင်း အိပ်ပျော်စားဝင်ဖြစ်သွားရပါတော့သည်။

ဤသို့ဖြင့် ဖေဒါဦးတို့ မြို့နယ်လယ်စိုက်ရှင်းရုံးသို့ရောက်ကြသော် မန်နေဂျာကြီးက ရှင်းပြ၏။

"ကလေးရဲ့ရည်ရွယ်ချက်က ကောင်းပါတယ်ခင်ဗျား၊ လယ်သမားစိုက်ပျိုးရေးမိသားစုလည်း ဖြစ်ရမယ်၊ ဝါသနာလည်း ပါရမယ်ဆိုတော့ အံကိုက်ပါပဲခင်ဗျား၊ ဒါပေမဲ့ ဒီစိုက်ပျိုးရေးသိပ္ပံက တစ်မြို့နယ်မှ တစ်ဦး၊ နှစ်ဦးလောက် ရွေးချယ်ပို့လွှတ်ရတာလေ၊ အခြားသိပ္ပံကျောင်းတွေနဲ့ မတူဘူးနော်. . . အရန်ပေပင်ပန်းပြီး စနစ်ကျနမှုရှိတယ်. . ."

"ဟုတ်ကဲ့. . . သမီးခံနိုင်ရည်ရှိပါတယ်၊ အရမ်းလည်
စိတ်ဝင်စားလို့ပါ။ သမီးတို့ လယ်ယာမြေတွေ သည့်ထက်ပိုပြ
ဖြစ်ထွန်းဖို့ သမီးကိုယ်တိုင်လေ့လာပြီး ပြုလုပ်သွားချင်လို့ပါ၊ ရာသ
ဖျက်လို့ ပျက်စီးရတာနဲ့ နည်းစနစ်မကျနလို့ မဖြစ်ထွန်းတာတို့ကို
သမီးအနေနဲ့ ကာကွယ် လုပ်ဆောင်ချင်လို့ပါရှင်. . ."

"ဟုတ်ပြီလေ. . . ကလေးမက သိပ်တက်ကြွစိတ်ဝင်စားနေ
တော့. . . ဘဘတို့က ကူညီပေးရမှာပေါ့။ တို့နိုင်ငံက စိုက်ပျိုးရေ
ကို အခြေခံတဲ့နိုင်ငံဆိုပေမယ့်. . . လူတစ်ရာမှာတစ်ယောက်
စိုက်ပျိုးရေးကျောင်းကို စိတ်ဝင်စားဖို့ မလွယ်တဲ့ခေတ်မှာ သမီးလေးက
သိပ်ကိုတက်ရောက်ချင်တယ်ဆိုတော့ ဖြစ်အောင်လုပ်ပေး
ရမှာပေါ့. . ."

"သူ့မိဘတွေက ကျောင်းဆရာမလေးဖြစ်ရင်လည်း ကျေနပ်
ပါတယ်ခင်ဗျား. . . ဒါပေမဲ့ သမီးက ဒါမှဒါဖြစ်နေလို့ပါ. . ."

"သမီးက ကလေးတွေကို ပြုစုပျိုးထောင်ဖို့ထက် အဲဒီကလေး
တွေကို ထောက်ပံ့ပေးမဲ့မိဘတွေကို ပိုပြီးအားဖြည့် ပေးချင်တာပါ
မိဘက စီးပွားရေးပြေလည်မှ သားသမီးကို ပညာပေးနိုင်မှာလေ
မဟုတ်ဘူးလားဘဘရယ်. . ."

"ဟုတ်ပါလေရော. . . ဟုတ်ပါလေ့၊ ဒါဆို သမီးလေးက
လယ်သမားမိဘတွေကို ကူညီချင်လို့ပေါ့. . ."

"သမီးတို့ရဲ့ မိဘဆွေမျိုးတွေက တောမှာနေကြပြီး
လယ်သမားတွေက များပါတယ်၊ ဒါကြောင့် ဒီရပ်ရွာကြီးအတွက်
ကြိုးစားပေးချင်လို့ပါ. . ."

"ဒီလိုပဲပြောကြတာပဲကွယ်. . . ဒီပလိုမာပြီးလို့ အလုပ်တွေဝင်၊ ပညာတော်သင်တွေ စေလွှတ်၊ လေ့လာရေးတွေသွားနိုင်းပညာတွေလည်းပြည့်စုံရာ. . . ပြည်ပကနေ ပြန်မလာကြတော့ဘူး၊ သစ္စာဖောက်ခံရတာတွေချည်းများနေပြီ ကလေးမရေ ဒါကြောင့်အာမခံတွေ သိပ်မရဲနဲ့နော်. . ."

"အို. . . မဟုတ်တာ. . . သမီးကိုယုံပါဘဘရယ်၊ သမီးဘယ်တော့မှ သစ္စာမဖောက်ဘူး. . . မိဘဆွေမျိုးတွေကို ဆင်းရဲတွင်းက ဆွဲထုတ်ချင်လို့ပါ။ သမီးတစ်ယောက်ထဲသွားလုပ်ရင် သမီးရဲ့မိသားစုပဲချမ်းသာမှာပါ. . . သမီးက ဆွေမျိုးတွေနဲ့ တစ်ရွာလုံးတစ်ရပ်လုံး ချမ်းသာစေချင်ပါတယ်ရှင့်၊ အလုပ်ချက်ချင်း ်ရလဲသမီးလယ်ထဲမှာ လုပ်ကိုင်နေနိုင်ပါတယ်. . ."

မန်နေဂျာကြီး ခေါင်းတညိတ်ညိတ်လုပ်၍

"ကောင်းပါပြီဗျာ. . . ဝင်ခွင့်ပုံစံကို ဖြည့်လာခဲ့ပါ ပုံစံ (၁၀)ကို့ အိမ်ထောင်စုဇယားတို့ပါ မိတ္တူဆွဲပေးပါ။ ကျန်တာ ဘဘတို့တာဝန်ထား၊ သမီးက ကျောင်းတက်ဖို့သာပြင်ဆင်ပေတော့. . ."

"ဟယ်. . . အဲဒါဆို သေချာပြီပေါ့. . . သမီးကြိုးစားပါမယ်ရှင်၊ ဝင်ခွင့်ပြန်အကျကို ဘုရားရှိခိုးပြီး စောင့်နေပါမယ်. . . ဘဘရယ်. . ."

"ဘဘတို့ထောက်ခံပြီး တင်ပေးမှာမို့ သေချာမှာပါ. . ."

အားလုံးလာရကျိုးနပ်ပြီး ပျော်ရွှင်သွားကြရ၏။

"ခင်ဗျားတို့လည်း ရောက်တုန်း စံပြစိုက်ကွင်းတွေကိုကြည့်သွားကြပါဦးလားဗျာ. . . ကိုလေးအောင်၊ ခင်ဗျားလယ်တွေ

ရော ဟောင်းရဲ့လား၊ ဘောင်နဲ့ပျိုးပြီးချပါလို့ ဗျွန်တော်ပြောသားနဲ့ . . . ခင်ဗျားတို့လယ်သမားတွေက နည်းသစ်တွေကို မလုပ်ချင်ကြတာ. . ."

"ဟုတ်တယ်. . . ဆရာစကားနားထောင်မိရင်ကောင်းမှာ ခုတော့ လယ်တွေပျက်တာများတယ်ဗျာ. . . ဆရာတို့စိုက်ကွင်းလေးကတော့ ခံပြစနစ်တကျစိုက်ပြထားတော့ အရမ်းကောင်းတာပေါ့ဗျာ. . ."

"လယ်သမားတိုင်း စိတ်ဝင်စားသင့်တယ်ဗျာ. . ."

မန်နေဂျာကြီးလိုက်ပို့ပြသသော စပါးခင်းများမှာ သန်စွမ်း၍ အားမာန်အပြည့်ရှိလှသည်။ စီတန်းညီညာနေသော စပါးပင်များမှာပင် ခွဲဖုံကြီးသလို အသီးစပါးနှံများ ပြွတ်ခဲနေကြ၏။ မကြာမီ ရိတ်သိမ်းနိုင်ပေတော့မည်။ ရေကို လိုသလို စက်ဖြင့် တင်ပေး၍ ရသဖြင့် သာမန်စိုက်ခင်းများထက် သာနေခြင်းဖြစ်ပေမည်။ ဒေါ်ဦးရင်ထဲ အားတွေရှိလာသည်။ မိမိလည်း ကျောင်းပြီးပါက လယ်တွေအားလုံးကို သိပ္ပံနည်းကျတကျ သည်လိုစိုက်ပျိုးပေးနိုင်ပါက ရွာသားများ စပါးအရ တောင်းကြပေမည်။ ဝမ်းစာဖူလုံ၍ ရောင်းစပါးရှိလာလျှင် ချောင်လည်လာကြပေမည်။

"ဒီမျိုးသန့်စိုက်ကွက်တွေက တစ်ဧက (၁၅၀) နီးပါး ထွက်ကြတယ်. . . ဦးဘေးဓာတ်ခံရဲ့ သေသေချာချာ တန်းပစ်စိုက်ကြရတာဆိုတော့ မှန်းလို့လည်းရတာပေါ့၊ ရေထုတ်ပြီး သမန်းအကြိုက်နှိုး နောက်လက်နဲ့စိုက်ရတယ်. . . ပြီးမှ ရေပြန်သွင်းတာ. . ."

"ဩ. . . ဒါကြောင့် ပိုအထွက်ကျတာကိုး. . ."

"ဟိုဘက်စိုက်ကွက်က စပါးအစေ့လိုက်ချစိုက်တာလေ. . . သူလည်း ပိုကိုက်တယ်ဗျ၊ စိုက်ခမကုန်သလို. . . မျိုးနုတ်ခ သယ်ယူခပါ မကုန်ဘူး၊ အပင်တွေကိုကြည့်. . . အရမ်းသန်စွမ်းရောပဲ. . ."

"အေးပေါ့ဗျာ. . . ရှင်ဘုရင်ပုဆိုးပိုးချည်းပဲပေါ့၊ ဆရာတို့ကိုယ်တိုင် စံပြစိုက်ထားတဲ့ လယ်တွေဆိုတော့ ကောင်းပြီပေါ့. . . ကျုပ်တို့လို ဧက (၅၀) လောက် စိုက်ကွင်းဖော်ပြီး စိုက်ရမယ့်လူတွေဆို သေပြီပဲ. . ."

"မသေပါဘူးဗျာ. . . စက်အင်အားသုံးပေါ့၊ စက်ကြီး၊ စက်လေး အစုံခင်ဗျားမှာရှိတာပဲ၊ ခင်ဗျားစိုက်ချင်လို့ကတော့ ကျုပ်တို့ရုံးကြီးကြပ်တွေ လွှတ်ပေးပါ့မယ်ဆို"

"ဟုတ်ပါပြီ. . . ဒီတစ်ခါမှ လာခေါ်ယူပါ့မယ်ဗျာ"

ဗေဒါဦးက လယ်ကွက်များကို ငေး၍ သက်ပြင်းချမိသည်။ မိမိရော ဤသို့လုပ်နိုင်ပါမည်လားဟု. . .

အပြန်လမ်းမှာ တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြပေ။ အတွေးကိုယ်စီဖြင့် ရွာအနီး တာထိပ်ရောက်သော်-

"ဘဘတို့က အဲဒီမြို့နယ်ရုံးမှာ လေ့လာပြီးနည်းနာသူ၊ ဆရာတစ်ဦးခေါ် လက်တွေ့စမ်းသပ်လုပ်ကြည့်ရမှာနော်၊ ဘာလို့မလုပ်ဖြစ်တာလဲဟင်. . ."

"အော်. . . သမီးရယ်. . . ခေါ်တယ်ဆိုတာ မလွယ်ဘူးကွ၊ သူတို့ကို စားဝတ်နေရေး လိုလေသေးမရှိအောင် လုပ်ပေးရမယ်လေ . . . ရက်အကြာကြီးခေါ်ချင်လို့လည်း မရကြဘူး၊ ရုံးဝန်ထမ်းတို့၊ နေ့တွက်ခတွေလည်း ရှင်းပေးရဦးမယ်၊ မလွယ်ဘူးကွဲ. . . ဒါကြောင့်

မခေါ်ဖြစ်တာ၊ ဒီကိုခေါ်လာပြီး လေ့လာကြရအောင်လည်း သူတို့နည်းက ငွေရင်းများတယ်ထင်ပြီး တို့ရွာသားတွေက စိုက်ပျိုးနည်းကို မပြောင်းချင်ကြဘူး. . ."

"ဪ. . . ဒီလိုလား. . . သမီးသာ အဲဒီလိုပညာတွေတတ်လာရင် ဘဘတို့ရော၊ ဆွေမျိုးတွေရော အားလုံးကို သမီးလုပ်ပေးမှာ. . ."

"အေး. . . ကောင်းတယ်. . . ဘဘကလည်း အဲ့ဒီလိုမျိုးတွေ အားကိုးချင်တာ. . ."

လယ်ကန်သင်းပေါ်၌ မြက်နုများက စိမ်းစိုနေသည်။ တောက်ပသော နေရောင်ခြည်သည် လောကကြီးကို အားပါးတရ ဖြန့်ကြက်ထား၏။ မြက်ခင်းနုလေးများကို နွားစာရိတ်နေသည့် ဖခင်၏ပုံရိပ်ကို ပေဒါဦး အဝေးကပင် လှမ်းမြင်နေရသည်။ မိမိတို့ကို မျှော်၍မျှော်၍ကြည့်ရင်း အလုပ်လုပ်နေသော ဖခင်ဆီသို့ ပြေး၍ ပေဒါဦးသတင်းပေးလိုက်သည်။

"အဖေ. . . အဖေရေ. . . သမီးတို့ အဆင်ပြေတယ်အဖေရဲ့"

"ဟေ. . . ဟုတ်လား. . . အဖေမျှော်နေတာ သမီးရာ. . ."

"ဟေး. . . သမီးရေ အဆင်ပြေလား. . ."

တဲဆီမှ မိခင်ဖြစ်သူကပါ အပြေးထွက်လာ၍ အမောတကော မေးလေ၏။

"အဆင်ပြေတယ်အမေရဲ့. . . မန်နေဂျာကြီးက စိတ်ပါလက်ပါကို ကူညီမယ်တဲ့၊ ဘဘလေးအောင်ကလည်း ပိုင်းပြောတာပေါ့. . . စိုက်ကွင်းတွေတောင် သမီးတို့ကို လိုက်ပြသေးတယ်၊ ကောင်းလိုက်တာ အမေရာ၊ အပင်တွေကသန်စွမ်းပြီး နည်းစနစ်ကျနမှုကျန. . . တစ်ကေတစ်ရာကျော်ထွက်တာတဲ့. . ."

"ဟုတ်လား. . . အမေတို့လယ်တွေသာ ဒီအတိုင်းဆိုရင် သိမ်ကောင်းမှာပေါ့အေး၊ ကိုယ့်လယ် (၁၇) ကေဆို အမလေး သူဌေးဖြစ်ပြီ သမီးရဲ့. . . အဟင်း. . . ဟင်း. . . ဟင်း"

"ဖြစ်ရမှာပေါ့သမီးရယ်. . . ဒီမှာလေ ပေါ်ဦးတဲ့၊ မဖြစ်သေးတာပဲရှိမယ်. . . မဖြစ်တာမရှိအောင်ကို လုပ်ပြပါမယ်၊ အမေနဲ့ အဖေ စိတ်အေးအေးလေးထားနော်. . ."

"အေးပါအေ. . . အမေ. . . ငါ့သမီးကြီးကို ယုံပါတယ်. . ."

ဖခင် ဦးတင်လှက ဖွံ့ဖွံ့ကြီးနှင့် မြက်ရိတ်ရင်း ခေါင်းညိတ်ညိတ် လုပ်နေ၏။ ဟုတ်တယ်လေ. . . လူဆိုတာ အညွန့်နဲ့နေတာ မဟုတ်ပါလား။ ဘဝဆိုတာ အားမာန်အပြည့်နှင့် ရှန်းကန်ရမည်ပေါ့။ နာမည်ကိုက ပေါ်မတဲ့နော်. . . .။

"အဖေ. . . ဟိုဘက်က ပြည့်နေတဲ့မြက်ခြင်း သမီးထမ်းသွားမယ်. . ."

"ခါးနာပါ့မယ် သမီးရာ. . ."

"ရပါတယ်. . . အဖေရ. . . ဒီမှာတွေ့လား. . . ဟဲ. . ဟဲ. ."

အားမာန်အပြည့်ဖြင့် မြက်ခြင်းကြီးနှစ်ခြင်းကို ထမ်းပိုးဖြင့် ထမ်းပြလိုက်၏။ ယခင်က လေးလံ၍ မထမ်းနိုင်ဟုထင်ရသော ခြင်းကြီးများမှာ ခွေ့ကနဲ ပေါ်ဦးပခုံးပေါ်ပါလာကြ၏။ သဘောကျစွာ ခါးဆန့်လိုက်သော ဖခင်၏ရွှေရင်မှ ချွေးပွင့်များ စိန်ပွင့်များနှင့်မခြား လက်လက်ပြာ ဝီးကျနေကြသည်ကို နေရောင်၌တွေ့လိုက်ရ၏။ နဖူးမှချွေးသည် ရင်သို့ ရင်မှချွေးသည် မြေမသို့ကျအောင် လုပ်ကိုင်ရသော လယ်သမားတို့ ဘဝပါတကား. . .။

* * * * *

## အခန်း (၈)

ရည်ရွယ်ချက်အပြည့်ဖြင့် အရာရာကို လန်းဆန်းတက်ကြွစွာ ကျောင်းတက်ရန် ပြင်ဆင်နေသည့် ဗေဒါဦးသည် မောရပန်းရမှန်း မသိပေ။ "တောင်သူပျော်တုန်း တန်ဆောင်မုန်း" ဆိုသည့်အတိုင်း ကောက်ဦးစပါးပေါ် စလယ်သမားများ ရိတ်သိမ်းကြ၊ မုန့်ဆန်းထောင်းကြ၊ လယ်နတ်တင်ကြ၊ မျိုးစေ့ဦးလှူကြနှင့် တောခရေ့အရ အလုပ်ရှုပ်သလောက် ပျော်စရာကောင်းသောအချိန်လည်း ဖြစ်၏။ သို့သော် ယခုနှစ်၌ စပါးမရကြ၍ အပြည့်အဝမပျော်ပိုက်ကြချေ။

ဆောင်းဝင်ပြီဖြစ်၍ မြောက်ပြန်လေတွင် နှင်းမှုံမှုံလေးများ ပါလာချေပြီဖြစ်၏။ ရာသီဥတုအခြေအနေမှာ ပုံမှန်အနေအထား ရှိနေ၏။ စပါးကို တလင်းထဲပို့ကာ ကောက်ဆိုင်ပုံလုပ်ထားပြီး ပဲခင်းများအပြီးသတ်နေကြသော လယ်သမားများမှာ မိုးကို အလွန်ကြောက်နေကြ၏။ အချို့သောပဲခင်းများမှာ လက်တစ်ညှိုး၊ တစ်မိုက်ဖြစ်နေချေပြီ။ တောင်ယာခင်းများကား စိမ်းစိုဖုံ့ခဲလာကြလေ၏။ ခရမ်းချဉ်ခင်းနှင့် ခရမ်းခေါင်းပင်များ သန်စွမ်းစွာ ညှို့တက်နေသဖြင့် ဗေဒါဦး ကျေနပ်လှ၏။ တစ်မျိုးလုံး တစ်ဆွေလုံးကို ခရမ်းပင်ဝေငှစိုက်ခဲ့သူ ဝိဝိ လိုက်လံအကဲခတ်ရသည်မှာလည်း အမောပင်၊ ဖြစ်နိုင်လျှင် ဝိဝိတို့တဲမှာလို မိုးစိုက်စေချင်သေးသည်။ သို့သော် သူတို့၌ ဗေဒါ မြေမွေး ကောက်နှိုးပုပ်အခံမရှိသဖြင့် အသစ်ပျိုး၍ချက်ချင်းမရနိုင်။

ခရမ်းချဉ်ခင်းတွေ ဖြစ်ထွန်းကြပါစေဟုသာ ဆုတောင်းပေးနေရ၏။ မိုးလွတ်လာသော အပင်များကြောင့် စိတ်ချရပြီဖြစ်၏။ မြေဩဇာ ကျွေးနည်းကို လိုက်လံပြသပေးသွားမှ ဖြစ်မည်။ မြေဩဇာကြောင့် အပင်ရှိန် သေနိုင်သည်။

"ဒေါ်လေးတို့ . . အရမ်းစိတ်ကူးနဲ့မလုပ်နဲ့နော်၊ သမီးပြောတာ မမှတ်မိရင် အမေ့ကို မေးမြန်းပြီးမှ အသီးအားဆေးကျွေးပေး . . အပွင့်အဖူးလှမ်းလာမှနော် . ."

"အေးပါကွယ် . . ငါ့တူမလေး ကျောင်းသွားရင် ဒေါ်လေးတို့ အားငယ်ပါဦးမှာပဲ . . ."

"အို . . အမေတို့တဲမှာရှိနေတာ ဘာမဆိုသွားမေးကြပါ။ နွေစပါးလည်း ရလိုရငြားစိုက်ထားတာ . . ဝီနိယရှိပါစေ ဒေါ်လေးရယ်၊ မိုးစပါးက မရပေမယ့် အခုရမှာပေါ့ . . အားမငယ် ပါနဲ့"

"ကျောင်းပိတ်ရင် ပြန်လာနော် . . သမီး"

"ဟုတ်ကဲ့ပါ . . သမီးကို သတိရရင် အပင်တွေကို ဂရုစိုက် ပြီးနေကြ၊ ဒါမှ အသီးရောင်း ငွေဖြစ်မှာ . ."

"အေးပါအေ . . အသီးရောင်းချိန်ကျ ကျောင်းစရိတ်လေး ပေးဖို့ စုထားပါမယ် . ."

"ကိစ္စမရှိပါဘူး ဒေါ်လေးရဲ့ . . သမီးမှာ စုထားပါတယ်။ အဖေကြီးတို့ကိုသာ ကျန်းမာရေးဂရုစိုက်ပေးလိုက်ပါ . ."

"ဗေဒါမရယ် . . မမသင်းက လိုက်ပို့ချင်တာ . . ဘဲတွေနဲ့ ပစ်ထားခဲ့လို့မရလို့အေ . ."

"ဘဘလေးအောင်တို့ လိုက်ပို့မှာလေ. . . စိတ်မပူပါနဲ့၊ ဒီမှာသာ အလုပ်တွေလုပ်ကြစမ်းပါ. . . မမသင်းရာ. . ."

"မိထားတို့တော့ ဘရှုနိုင်းဆိုလား ဖွတ်မလို့ သူ့အမျိုးတွေနဲ့ ပါသွားသတဲ့တော်. . ."

"သမီးက ဘယ်တော့မှ နိုင်ငံခြားသွားမလုပ်သေးဘူး။ ကိုယ့်လယ်ကိုယ့်မြေမှာပဲ မဖြစ်တာကို ဖြစ်အောင်. . . မရတာကို ရအောင် ကြိုးစားလုပ်မှာ. . . ကိုယ့်ရွာနဲ့ဆွေမျိုးတွေကို လုံးဝမခွဲနိုင်ဘူး. . . မမသင်းရာ၊ မမသင်းရဲ့ သမီးကိုလည်း အမှတ်ကောင်းကောင်းနဲ့ အောင်အောင်လုပ်ပေး. . . သမီးကတော့ တစ်ချက်လွဲသွားတာနဲ့ အတော်သိသွားပြီ၊ ဒါပေမဲ့ သမီးဖြစ်အောင် ကြိုးစားမှာပါ. . . ကဲ သွားပြီနော်. . . မနက်ဖြန် ကျောင်းကို သွားပြီဟို့"

"အမလေး. . . မခွဲသေးဘူး လွမ်းလိုက်တာ မေဒါမရယ်. . ."

"ဟုတ်ပါတော်. . . အဟင့်. . . ဟင့်. . . ဟင့်"

ဆွေမျိုးကို ချစ်သောမေဒါဦးအား ဆွေမျိုးများကလည်း ချစ်ကြသည်။ တစ်ဘဝလုံးအတွက် တစ်ခဏခွဲရတာဟု မေဒါဦး အံတင်းတင်းခဲထားသည်။ မျက်ရည်မကျစေရ။ ဝေ့လာသော မျက်ရည်တို့ကို ပုတ်ခတ်ဖျောက်ဖျက်၍ ဘကြီး၊ ဘထွေးတို့တဲများဆီသို့ လှည့်လည် ကြည့်ရှုခဲ့သည်။

အဘအောင်တို့တောင်ယာခင်းမှာ အပွင့်ဦးပင် လှမ်းနေပြီဖြစ်၏။ မကြာမီ အစိမ်းရောင်ကျောက်စိမ်းခင်းပင်များ၌ အနီရောင်ပတ္တမြားသီးကြီးများ ရဲမှည့်လာပေတော့သည်။ မိမိသာ သည့်ထက်တတ်ကျွမ်းစွာ စိုက်ပျိုးတတ်လာလျှင် ဆွေမျိုးတွေအားလုံး

တစ်ရွာလုံး စိတ်ချမ်းသာစေရမည်လေ။ ဤစိတ်သည် ပေဒါဦးကို အမြဲ တွန်းအားပေးနေသော စိတ်ဆန္ဒဖြစ်ချေ၏။

"သမီးရေ. . . ပေဒါဦး. . . မနက်သွားဖို့ပြင်ဆင်ပြီးပလား"

"ဟုတ်ကဲ့. . . ဘဘအောင်. . . အိပ်ရာလိပ်၊ အဝတ်သေတ္တာ၊ ခြင်းကြီးတစ်ခြင်း ဒါပါပဲ၊ အဖေက သွားလွယ်အိတ်လေးယူလိမ့်မယ်"

"ဟုတ်ပြီလေ. . . မှန်လုံနဲ့သွားကြမယ်၊ ပဲခူးရောက်ရင် ရထားစီးရမှာမို့ စောစောကြိုသွားပြီး လက်မှတ်ဝယ်ရမယ် သမီး"

"ဟုတ်ကဲ့ဘဘ. . . အားလုံးအဆင်သင့်ပါပဲ၊ ထမင်းလည်း အမေကထည့်ပေးလိုက်မယ်တဲ့. . ."

"အေးအေး. . . ဘဘသွားမယ်၊ မနက်ကိုးနာရီ ထွက်ကြမယ်နော်. . ."

"ဟုတ်ကဲ့ပါ. . ."

မရောက်ဖူးသေးသောအရပ်သို့ သွားရပေတော့မည်။ မြို့ပြဆို၍ ပဲခူးနှင့်ရန်ကုန်သာ သွားဖူးသောကြောင့် ပေဒါဦး စိတ်လှုပ်ရှားနေမိသည်။ မိမိတစ်ယောက်တည်း ဘဝသစ်စတင်ခဲ့ပေပြီ။

တဂျုံးဂျုံးတဂျတ်ဂျတ်ဖြင့် တရွေ့ရွေ့ထွက်ခွာလာသော ရထားကြီးပေါ်၌ အတွေ့အကြုံဆန်း၊ အမြင်ဆန်းတို့ဖြင့် ငေးမော ပါလာခဲ့ရသည်။ ရထားကြီး၏အလူးတန်းထိုင်ခုံများမှာ သက်သောင့် သက်သာရှိလှပေသည်။ ရွာနှင့်အိမ်ကို လွမ်းစိတ်ကြောင့် ဘာမှ စားချင်မဝင်ပေ။ တဖြည်းဖြည်းမြို့ပြအဝေ်များများကို ဖြတ်ကျော် လာခဲ့သည်။ ပဲခူးရိုးမတောင်တန်းကြီးကိုလည်း လှမ်းမြင်နေရချေ ပြီတည်း။ စစ်တောင်းမြစ်ဝအခြေ၌ မွေးဖွားကြီးပြင်းခဲ့ရသော

လယ်သမားဆင်းရဲသားမိမိတို့ဘဝမှာ မြန်မာပြည်အနှံ့ ခြေမဆန့်ခဲ့ရဖူးပေ။ ရထားပင် ယခုမှ စီးဖူးခြင်းဖြစ်၏။

"အမေ. . . ဟောဟိုက တောင်တန်းကြီးတွေတွေ့လား . . . အဲဒါ ပဲခူးရိုးမကြီးထင်ပါရဲ့. . ."

"ဟုတ်လား. . . ငါ့သမီးက သိသားပဲ. . ."

"သမီးတို့ သင်ခဲ့ဖူးတဲ့ မြေပုံအရဆို ဒါပဲခူးရိုးမပေါ့. . ."

"ဟုတ်ပါ့ဗျာ. . . ဦးတင်လှရေ အဲဒါ ပဲခူးရိုးမတောင်တန်းပါ။ ဒီရထားကြီးရဲ့ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လိုက်ပါဦး. . . အဲဒါက ရှမ်းရိုးမတောင်ကြီးတွေပဲပေါ့. . ."

"အားပါးပါး. . . ဟုတ်လား. . . တောင်နိုပ်တွေများသားဟ"

ပဲခူးတိုင်း၏တောင်ဘက်ဆုံး ခေါင်းလောင်းပုံ စစ်တောင်းမြစ်ဝှမ်းရှိသော မိမိတို့အရပ်ဒေသသည် တောင်ကုန်းတောင်တန်းဟူ၍မရှိပေ။ မြစ်ဝမြေနုကွင်းပေါ်အရပ်ဖြစ်၍ မြေပြန့်များသာရှိသော နယ်ဖြစ်၏။ ကုန်းမြင့်မြင့်ဟူ၍ ကျိုက်မတ်ကော် ဆံတော်ရှင် (ဖလေးဘုရားကုန်း) သည်သာ အမြင့်ဆုံးဖြစ်ပါသည်။ မြူနှင်းများ လွှမ်းခြုံရစ်သိုင်းထားသော ရှမ်းတောင်တန်းအထပ်ထပ်တို့သည် ရင်သပ်ရှုမောဖွယ် မှုန်ပြာရီမှိုင်းစွာ လှမ်းမြင်နေရသည်။ ထိုတောင်တန်းကြီးများ၏အခြေ၌ သစ်တောသစ်ပင် စိမ်းညို့ညို့များရှိ၏။ ထိုသစ်တောအုပ်တို့နှင့် ကားလမ်း၊ ရထားလမ်းတို့ကြား၌ ကြခင်းများ၊ ပြောင်းခင်းများ၊ အစွင့်ဖွေးဖွေးနှင့် လေယူရာတိမ်း၍ ယိမ်းနွဲ့နေကြပါသည်။ လှလိုက်ပါဘိတော့။

ရထားလမ်းကြီး၏ အနောက်ဘက်ခြမ်းတွင်မူ ပဲခူးရိုးမတောင်တန်းကြီးက နီနိုလိုက်မြင့်လိုက်၊ နိမ့်လိုက်ပေါလိုက်ဖြင့် တဖေး

တမော ကြည့်၍ကောင်းလှပါသည်။ တောင်ခြေရွာကလေးများမှာ မီးခိုးငွေ့တလူလူဖြင့် စာထဲအတိုင်း ကြည်နူးစရာ မြင်ကွင်းများ ဖြစ်နေ၏။ ရွာများနှင့်ရထားလမ်းကြား၌ ရွှေဝါရောင်လယ်ကွင်းများ ရိတ်သိမ်းစ ရှိနေသည်။ ဆောင်းသီးနှံနှင့် နွေစပါးအတွက် မြင်ဆင်နေကြသည်ကို တွေ့ရပါသည်။ မိမိတို့ရွာမှ ကွတ်တိကွက်ကျား တံစဉ်ကိုင် လွယ်သည့်လယ်များနှင့် တခြားစီမြင်နေရ၏။

ဗေဒါဦး လုံးဝမအိပ်ချင်။ ဤမြင်ကွင်းအလှများသည် ဗေဒါဦးအား ဖမ်းစားနိုင်လွန်း၏။ လှပလွန်းသော ပန်းချီကားကြီး တစ်ခုလို မြင်မြင်သမျှ မြတ်နိုးစွာကြည့်ရင်း ဝမ်းသာနေမိသည်။ ကိုယ့်နိုင်ငံ၏ တစ်စိတ်တစ်ဒေသအလှပင် ဤမျှလှပကြည်နူးစရာ ကောင်းနေပါလျှင် တစ်နိုင်ငံလုံးဆိုပါမူ အဘယ်မျှ လှပကြည်နူး မြတ်နိုးဖွယ်ကောင်းလိုက်ပါမည်နည်း။ တစ်နေ့ကျလျှင် မိသားစုနှင့် တကွ ဤသို့ကြည့်ရှုလေ့လာနိုင်အောင် ကြိုးစားရမည်။

"သမီးရေ. . . ဘာစားမလဲ. . . ဘဘတို့ ထမင်းစားတော့ မယ်. . ."

"ခြော်. . . ဟုတ်ကဲ့. . . ဘဘ. . . အမေနဲ့ဘဘတို့ စားကြပါ။ သမီး မဆာသေးလို့. . . ဒီမှာ ထမင်းချိုင့်နဲ့ ရေဘူး. ."

တကယ်ကို ဗေဒါဦး မဆာပါ။ ဝမ်းသာကြည်နူးမှုက ရင်ကို ပြည့်ဝစေလေသည်။ ရထားပြတင်းမှ ရှုခင်းမျိုးစုံကိုသာ တစိမ့်စိမ့် ကြည့်ရင်း လိုက်ပါခဲ့ရပါသည်။ နေပြည်တော်ရထားဘူတာရုံကြီးက ခမ်းနားကြီးကျယ်လှပေ၏။ ထိုမှ ပျဉ်းမနားသို့ ကားကလေးများဖြင့် ပြန်ဆင်းကြရမည်တဲ့လေ။

"တဲ. . ရောက်ပြီ. . . သမီးရေ. . ဘဘ ဂိတ်ဝမှာ စုံစမ်းဦးမယ်၊ ညည်းတို့သားအဖ ဒီအဝမှာ နေရစ်ဦး. . ."

ငှားလာသော သုံးဘီးဆိုင်ကယ်နှင့် ဖေဒါဦးတို့ ခဏစောင့်နေကြရ၏။ အဝင်ဝ၌ ဆိုင်းဘုတ်ကြီးတစ်ခုက ကြိုဆိုနေသယောင်ရှိသည်။ ဒါ ဖေဒါဦးတက်ရမည့် "စိုက်ပျိုးရေးသိပ္ပံ" ကျောင်းပေါ့လေ"

"လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊
စိုက်ပျိုးရေးသိပ္ပံ၊ ပျဉ်းမနား"

ဟူသည့် အစိမ်းရောင်ဆိုင်းဘုတ်ကြီးက ဖေဒါဦးအား နွေးထွေးစွာကြိုဆိုနေ၏။

"သမီးရေ. . . လာဟေ့. . . ရုံးခန်းသွားကြမယ်၊ မိန်းကလေးဆောင်က ဟိုးအရှေ့ဘက်ထိပ်မှာတဲ့. . ."

ဘဘအောင်ကအစ ဦးဆောင်၍ ကျောင်းအပ်ခြင်း၊ အဆောင်သို့ ပို့ပေးခြင်း၊ အဆောင်မှူးနှင့် အပ်နှံခြင်းတို့ကို ပြုလုပ်ပေး၏။ မိန်းကလေးဆောင်က "ခရေဆောင်" ဖြစ်၍ ယောက်ျားလေးဆောင်မှာ "စကားဝါ" ဆောင်ဖြစ်လေသည်။ ဖေဒါဦးတို့မသိသည်ကို ကထိကဒေါ်ဝင်းမာသန်း (ဥယျာဉ်ခြံသီးနှံဌာန) မှ ရှင်းပြပေးပါသည်။ ဆရာမ၏ တည်ကြည်လေးနက်သော အသံလေးက ဖေဒါဦး၏အသည်းနှလုံးတွင် စွဲနစ်ဝင်နေရပါတော့သည်။ အားဆေးအခွက်တစ်ရာ သောက်လိုက်သလို အားရှိသွားပုံရပါသည်။ ပထမနှစ်ကျောင်းသားအဖြစ် (ဇီဝဘာသာတွဲ) နှင့် ဘွဲ့ရပြီး အသက် (၂၅) နှစ်အောက်များလည်း တက်၍ရသည်ဟု သိရပါသည်။ အချို့မှာ စိုက်ပျိုးရေးဆေးကုမ္ပဏီများ၌ အလုပ်ဝင်

လို၍ ဤကျောင်းတွင် လာတက်ကြသည်များလည်း တွေ့ရပါသည်။ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်ခုအနေဖြင့် စိုက်ပျိုးရေး ကျောင်းများကို ပစ်ပယ်၍မရမှန်း ပြည်သူလူထုက လက်ခံလာကြ ပေပြီ။ ပေဒါဦးတို့မှာ မည်သည့်ကုမ္ပဏီမှ သွားလုပ်ရန် စိတ်မကူးပါ။ ကိုယ့်လယ်ကိုယ့်ယာ၌ တိုးတက်အောင်သာ လုပ်ဆောင်လိုကြောင်း ဆရာမအား ပြောပြလိုက်သည်။ ကထိက ဆရာမသည် သဘောကျ သွား၏။

"ကျွန်မတို့ကျောင်းက အခြားစိုက်ပျိုးရေးသိပ္ပံကျောင်းတွေနဲ့ မတူပါဘူးရှင်၊ သိပ္ပံကျောင်းတွေဖွင့်ကတည်းက ပင်မကျောင်းကြီးလို ဖြစ်နေတဲ့အပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့လည်းနီးတော့ ပိုစိတ်ဝင်စားကြပါတယ်၊ တက်လိုသူတွေက ဒီကျောင်းလျှောက်တာ များတယ်. . ."

"အခြားကျောင်းတွေရော ရှိသေးလားဆရာမရယ်. . ."

"ဟုတ်ကဲ့. . . ရှိပါတယ်၊ အခြားကျောင်း (၆) ကျောင်း ရှိပါသေးတယ်။ သထုံ၊ မြောင်းမြ၊ သာယာဝတီ၊ ရွှေဘို၊ ပုသိမ်ကြီးနဲ့ ပွင့်ဖြူတို့မှာလည်း စိုက်ပျိုးရေးသိပ္ပံကျောင်းတွေ ဖွင့်ထားပါတယ်၊ အခုဆို သီးနှံအထူးပြုသင်တန်းကျောင်းဖြစ်တဲ့ အောင်ပန်းနဲ့ မြိတ်မှာပါ ရှိနေပါပြီ၊ နိုင်ငံတော်ကလည်း စိုက်ပျိုးရေးကို အားပေး နေပါတယ်။ စက်မှုလယ်ယာတွေဆီ အသွင်ပြောင်းလဲလာပါပြီရှင့်"

"အော်. . . ဒီလိုလား. . . ကျောင်းတွေအများကြီးကိုး၊ ကျွန်တော်တို့က ဘာမှမသိပါဘူးခင်ဗျာ။ မြို့နယ်ရုံးက ညွှန်တဲ့ အတိုင်း လာခဲ့ရတာပါ၊ ဝင်ခွင့်တင်တော့လည်း သူတို့ပဲကူညီတာပါ၊ အကြောင်းကြားစာရမှပဲ ခုလိုလာခဲ့ရတာပါ၊ ကျွန်တော့်တူမလေးက

စိုက်ပျိုးရေးကို သိပ်ဝါသနာပါလွန်းလို့ ခုလိုပို့ရတာပါခင်ဗျား. . . ဒါသမီးရဲ့အဖေပါ၊ လယ်သမား၊ ယာသမား လူမျိုး၊ လူအတွေပါ၊ တူမလေးကိုလည်း အပ်ပါတယ်ခင်ဗျား၊ ဆုံးမကြည့်ရှုစောင့်ရှောက် ပေးပါနော်. . . ဆရာမရယ်. . ."

"ဟုတ်ပါတယ် ခင်ဗျား. . . ကျွန်တော့သမီးလေးကို အပ်ပါတယ်. . . ဆရာမရယ်၊ သူတို့လိုကျောင်းသူတွေ အများကြီး ရှိမှာလား ခင်ဗျား. . ."

"ဟုတ်ကဲ့. . . ဒီနှစ်ဝင်ခွင့်တင်လာတဲ့သူတွေများပါတယ်။ ပထမနှစ်မှာကို (၆၀)၊ (၇၀) လောက်ရှိပါတယ်၊ ဒုတိယနှစ်၊ တတိယနှစ်မှာက လူတစ်ရာကျော်လောက်ရှိတော့ အားလုံးနှစ်ရာ လောက်ပေါ့လေ၊ အခုနှစ်မှာ လုပ်ငန်းခွင်တွေ စစ်ဘက်၊ ရဲဘက်က လူတွေပါ ဒီမှာ စိုက်ပျိုးရေးကျွမ်းကျင်အောင်၊ ဒီပလိုမာလက်မှတ် ရအောင် လာတက်ကြတာတွေ့ရပါတယ်၊ အခုနောက်ပိုင်း စိုက်ပျိုး ရေးကို စိတ်ဝင်စားလာကြတယ်. . ."

"ဩော်. . . သူတို့လည်း ဒီ (၃) နှစ်ကို ထပ်တက်ရတာကိုး၊ အကျအပြုရော ရှိလားဆရာမရယ်. . ."

"ရှိတာပေါ့. . . တော်ရုံအကြမ်းပတမ်းမခံနိုင်တဲ့သူတွေနဲ့ မကိုက်ဘူးရှင့်၊ လက်တွေ့စိုက်၊ နုတ်၊ သိမ်း၊ ပျိုးထောင် စတဲ့အလုပ် တွေကို သေချာကျွမ်းအောင် သင်ပေးရတာဆိုတော့. . . အလုပ် မလုပ်ချင်တဲ့သူတွေနဲ့မကိုက်ပါဘူး၊ သမီးကရော. . . ပင်ပန်းတာ ခံနိုင်ရည်ရှိပါ့မလား"

"ဘို. . . သမီးက သိပ်တက်ချင် သိချင်တာပါ၊ လယ်ထဲမှာ လည်း တကယ်ကိုလုပ်ခဲ့ရသူပါ၊ ခံနိုင်ရည်ရှိပါတယ်ရှင့်. . ."

"အေး. . . ကောင်းတယ်ကွဲ့. . . ဒါမှပေါ့. . . ကြိုးစားပါ သမီးရယ်၊ ဒီမှာနောက်ဆုံးနှစ်အမှတ်မီရင် စိုက်ပျိုးရေးတက္ကသိုလ် ပေါ်င်းကူးကို ဝင်နိုင်တာပဲ၊ အခွင့်အရေးတွေရှိပါတယ်။ ပါရဂူဘွဲ့လွန်တန်း (Ph.D) နိုင်ငံခြားပညာတော်သင်တွေလည်း ရွေးချယ်ပို့လွှတ်ပါတယ်၊ သုံးနှစ်နဲ့ ဒီပလိုမာဘွဲ့ရရင်ပဲ အစိုးရရုံးတွေမှာ အလုပ်ဝင်ရင် လက်ထောက်ကြီးကြပ်ရေးမှူးဖြစ်မှာပါ။ မြင်ပမှာဆိုရင်လည်း ကုမ္ပဏီတွေက ခေါ်ချင်နေကြတာ. . ."

"သမီး. . . ကြိုးစားမှာပါ ဆရာမ. . ."

"အေးကွယ်. . . အခွင့်အလမ်းတွေက ကြိုးစားရင် ကြိုးစားသလောက်ရနိုင်ပါတယ်၊ အခုအချိန်က နိုင်ငံမှာ သိပ္ပံနည်းကျစိုက်နည်းတွေနဲ့ သီးနှံပွဲဖြူးရေးတွေ အင်တိုက်အားတိုက်လုပ်နေချိန်မှာ (SAT) ကျောင်းဆင်းတစ်ယောက်ဟာ သိပ်အဖိုးတန်သွားပြီရှင့်"

"ကျွန်တော်တို့ရွာမှာ ပညာတတ်တွေ ရှားပါးလွန်းလို့ မဖြစ်ဖြစ်အောင် ဖွဲ့နဲ့ထားပေးခဲ့ရတာပါ။ ချမ်းသာလို့တော့ မဟုတ်ပါဘူး ခင်ဗျား. . ."

"ဒါပေါ့ရှင်. . . လယ်သမားသားသမီးတွေအနေနဲ့ စိုက်ပျိုးရေးပညာကို စိတ်ဝင်စားပြီး ကြိုးစားတာဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ပဲ ကြိုးစားပါသမီးရယ်၊ ကြိုးစားသူအတွက် အောင်မြင်မှုပန်းတိုင်ဟာ မဝေးပါဘူး။ ကြိုးစားမှုအကြောင်းခံမှ အောင်မြင်မှုအကျိုးတရား ရတာလေ. . ."

"အားရှိလိုက်တာဆရာမရယ်. . . သမီးကြိုးစားပါ့မယ်. ."

နွေးထွေးသော အမိစိုက်ပျိုးရေးသိပ္ပံကျောင်းတော်ကြီး (SAT-STATE AGRICULTURAL INSTITUTE) က

ဗေဒါဦး၏နှလုံးသားကို သိမ်းပိုက်လိုက်ချေပြီတကား။ ဘာဘအောင်နှင့်ဖခင်တို့ ပြန်သွားသော်လည်း မလွှမ်းမဆွေးအားတော့ပေ။

"အကြွင်အလုပ်တစ်ခု၏ရလဒ်သည်
စစ်ကိုလည်း အားမပေး. . .
ရွှေငွေရတနာကိုလည်း အဓိကမပြု
လူတန်းစားခွဲခြားခြင်းကိုလည်း မမူဘဲ
အတ္တဟိတနှင့် ပရဟိတအကျိုးနှစ်ဝကို
တစ်ပြိုင်တည်းရစေလျက် အလုံးစုံသော
ဝိဇ္ဇာပညာနှင့် သိပ္ပံပညာတို့၏ ဦးခိုက်ရာဖြစ်အံ့။
ထိုအလုပ်ကား စိုက်ပျိုးရေးသာလျှင်တည်း။"

(ဂါးဖီးလ်)

ကျောင်းရှေ့ပန်းခြံထဲ၌ ရေးသားထားသော ဤစာစုကို ဗေဒါဦးကူး၍ အရကျက်ထားမိသည်။ မှန်၏၊ "စိုက်ပျိုးရေး" သည် အားလုံးသော ဝိဇ္ဇာ၊ သိပ္ပံပညာတို့ထက် အရေးကြီးပြီး အဓိကကျသောအလုပ်ပင်ဖြစ်သည်။ အထူးသဖြင့် မိမိတို့၏နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံအနေဖြင့် ဤပညာရပ်များသည် သင်ကို သင်ကြားထားသင့်သည့် ပညာများပင်တည်း။ ဗေဒါဦးသည် ပျော်ရွှင်စွာ ပထမနှစ်၏ ဘာသာရပ် (၇) ခုကို လေ့လာသင်ကြားဖြေဆိုနိုင်ခဲ့ပါသည်။

ပထမနှစ်တွင်သင်ကြားရသော လယ်ယာသိပ္ပံ (Agro) ၌ စပါး၊ ကြံ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့၏ စိုက်ပျိုးထုတ်လုပ်ပုံအကြောင်းကိုလည်းကောင်း၊ ဥယျာဉ်ခြံသိပ္ပံ (Horit) ၌ ပန်းအလှပင်၊

ပန်းအမျိုးမျိုး၊ နှယ်သာကီ၊ ကျောက်ခက်၊ နှင်းပန်းစသည်တို့ စိုက်ပျိုးခြင်းကိုလည်းကောင်း၊ တိရစ္ဆာန်မွေးမြူရေးမှ ဝက်၊ နွား၊ ကျွဲ၊ ကြက်၊ ငှက်စသည်တို့ မွေးမြူပုံကိုလည်းကောင်း၊ လေ့လာသင်ကြားရပါသည်။

ပေဒါဦး အလွန်စိတ်ဝင်စားပါ၏။ မိမိတို့ရပ်ရွာ၌ ခက်ခဲနေသော အဆင်မပြေမှုများကို ဖြေရှင်းရန် ဤလေ့လာမှုများကို သေချာဂနသိမှ ဖြစ်မည်လေ။ ပထမနှစ်ဝက် ပြီးမှတွန်ထိ ကျောင်းပိတ်ရက်သည် တစ်လဖြစ်သဖြင့် ပေဒါဦး ရွာသို့ပြန်လာခဲ့သည်။ မြို့နယ်တူသူငယ်ချင်း တစ်ယောက်မှာ မြို့ပြရှိ နေအိမ်သို့သာ ပြန်သွားသဖြင့် ပေဒါဦးတို့ ပဲခူးရောက်သော် လမ်းခွဲခဲ့ကြပါသည်။ ပေဒါဦးပြန်လာသဖြင့် မိဘဆွေမျိုးများ ဝမ်းသာအယ်လဲပျော်ရွှင်ကြ၏။

"ဟေး. . . မမ ပြန်လာပြီဟေ့၊ အမေရေ မမပေဒါဦး ရောက်ပြီ၊ ဟေး ဟေး မမသားတို့ဖို့ဘာပါလာလဲ. . ."

မိသားစုကို လွမ်းသည့်စိတ်က မြင်မှပိုဆိုးသွားရ၏။ ရွာ၏ နေဝင်ချိန်ဆည်းဆာကို သေချာစွာကြည့်၍ မိုးမတောင်ကြီးများနှင့် ရှမ်းတောင်တန်းကြီးများကို သတိရမိပြန်သည်၊ နွားရိုင်းသွင်းချိန် ဖြစ်သဖြင့် ချေကူသံနှင့် ဘုတ်အီးသံတို့က ပေဒါဦးကို ကြိုဆိုနေကြ၏။

"အမလေး. . . ပေဒါမရယ်. . . ကျုပ်တို့မှာ လွမ်းလိုက်ရတာအေ၊ ညည်းရဲ့ ခရမ်းချဉ်တွေကလဲ ဖြစ်လိုက်တာတော်၊ ကျုပ်တို့မှာ တစ်နွေလုံးဈေးသုံးလည်းရ၊ စားလည်းစားရနဲ့ အဆင်ပြေပါ့. . ."

"ငါ့ညီမလေး ဝိန်ပြီးမည်းသွားတယ်ဟဲ့. . ."

"ဟုတ်တယ်. . . မမသင်းရဲ့. . . လယ်ကွက်ထဲ၊ မြံထဲ လက်တွေ့တွေလုပ်ခဲ့ရတာ. . . မည်းတာပေါ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးကပြောတယ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းသား တွေဟာ မည်းနေမှ သဘာဝကျတယ်တဲ့၊ ဒါမှ လယ်တွေ့လုပ်သူ တဲ့လေ. . ."

"ဟဲ့. . . ဝန်ကြီးတွေ ဘာတွေ ကျောင်းကိုလာတယ်လား. ."

"လာတာပေါ့. . မမရဲ့. . . ဝန်ကြီးတွေက သိပ်အားပေးတာ၊ လိုအပ်တာတွေလည်း လုပ်ပေးတယ်၊ သီးနှံတွေကိုလည်း မျိုးစပ်ပြီး အသစ်ဖြန့်ဖြူးစေတယ်. . . သမီးတို့က လက်တွေ့လုပ်ကြရတာ၊ သမ္မတကြီးရဲ့ မိန့်ခွန်းတွေဆို အားရှိစရာကြီး. . ."

"ကဲ. . . ပြောပါဦးအေ ဘာတွေတတ်လာပြီလဲလို့. . ."

"အို. . . တတ်တာပေါ့. . . ကိုယ်က လယ်သမားပဲဟာ၊ အခြေခံတတ်ပြီးသားဆိုတော့ နည်းသစ်တွေကိုသာ အသေအချာ သင်ယူထားတာ၊ အခုဆို သမီးတို့လယ်တွေ စပါးထွက်နှုန်းကောင်း အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သမီးသေသေချာချာ ဂဃနဏ သိရပြီ၊ အဲ့ဒီနည်းအတိုင်းလုပ်မယ်၊ ဒေါ်လေးတို့ မမသင်းတို့ကလည်း ဘာမှမပူနဲ့. . . သမီးလုပ်ပေးမယ်၊ မြေကိုပြုပြင်ဖို့ပဲလိုတာ. . ."

"အမလေး. . . အားရှိလိုက်တာသမီးရာ. . . ငါ့သမီးကို အမေတို့အားကိုးရတော့မယ်၊ ဒီမှာ သမီး. . . တစ်ခါမအောင်မြင်ရင် နောက်တစ်ခါပေါ့. . . စမ်းပြီးသာလုပ်၊ အမေတို့ လိုတာလုပ်ပေးမယ်၊ စပါးလည်းထွက်၊ ပဲလည်းထွက်ဆို. . . တို့ဆွေမျိုးတွေ ချမ်းသာပြီ. . အဟင်းဟင်း"

ဧဝဒါဦးနားဝိုင်း၍ သတင်းမေးကြသူ ဆွေမျိုးများ၏ မျက်ဝန်း၌ မျှော်လင့်ချက်ရောင်ခြည်များနှင့် လင်းလက်လျက် ရှိကြပါသည်။

"ကျောင်းမှာ သမီးတို့သင်ရတဲ့ မြေပြုပြင်မှုတွေ၊ မျိုးစေ့မျိုးပုံတွေနဲ့ စိုက်ပျိုးပုံတွေက တခြားစီဖြစ်နေတာကို . . . အမေရဲ့၊ ဒါကြောင့် သမီးတို့မှာ ထွက်သင့်သလောက်မထွက်တာ၊ ဒီတစ်ခါ ပေါ်မျိုးထောင်ရင် ကျောင်းကသင်တဲ့နည်းနဲ့ လုပ်ကြည့်ကြမယ်နော် အမေ၊ သမီးတို့ဖြစ်ရင်အမျိုးတွေကို လုပ်နည်းဖြန့်ဝေပေးရအောင်"

"အမလေးအေ . . . လုပ်ပါ . . . လုပ်စမ်းပါ . . . ဘာပဲဖြစ်ဖြစ် လုပ်ကြည့် . . . အမေတို့အားပေးတယ် . . ."

"အမေ . . . ရွာကလူတွေ ပဲထွက်ကြရဲ့လား။ မမသင်းတို့ . . . မမစောမူတို့ရော ပဲထွက်ကြရဲ့လား . . ."

"အိုအေ . . . ထွက်တာနဲ့ အသီးအားဆေး၊ ခပင်အားဆေး၊ ပိုးသတ်ဆေးဖိုးနဲ့ မကျန်ပါဘူး . . . ဈေးကနည်းသေး . . ."

"ပိုးကိုက်လို့ . . . တစ်ဧကလောက်က ငွတ်တိုပဲကျန်တယ်၊ အမေတို့လယ်တွေမှာက တော်သေး . . . နင့်အဒေါ်လယ်ဆိုကုန်ရော"

"ဟင်း . . . အဲဒီပိုးကို စိတ်အပျက်ဆုံးပဲ၊ ဆေးတွေကလည်း ဈေးကြီးပါ့အေရယ် . . ."

"စိတ်မပျက်ပါနဲ့ . . . နောက်တစ်ကြိမ် ကျောင်းပြန်ဖွင့်ရင် အဲ့ဒီပိုးသတ်ဆေးရည် ဖော်စပ်နည်းကို ရအောင်သင်ကြားခဲ့မယ်။ ကျောင်းမှာ ဖော်စပ်နည်းရှိတယ် . . . စမ်းသပ်ရုံဘာ . . ."

"လုပ်ပါဦးကွယ် . . . ဈေးကြီးမပေးရတဲ့နည်းတွေနဲ့ဆို တို့များ ပဲမိုးလေးကျန်တော့ သုံးစွဲရတာပေါ့ . . ."

"ဘဘတို့က သမီးကို ယုံကြည်ဖို့ပဲလိုတာလေ. . ."

"ယုံပါတယ်. . . ဆရာမကြီးရယ်. . . ယုံကြည်ပါတယ်၊ လယ်တွေအားလုံးကို ဝကွက်အပ်ပါမယ်. . အဟား. . . ဟားဟား"

"အဟင်း. . . ဟင်း. . ဟင်း ငါ့သမီးလေးနားပါဦး. . . ပင်ပန်းလာတာ. . ."

အားလုံး၏ အားကိုးမျှော်လင့်ချက်များက ဗေဒါဦးထံ စုပြုံလာကြသည်။ ဗေဒါဦးကလည်း ကျောင်း၌ သင်ခဲ့ရသမျှ လက်တွေ့လုပ်ကြည့်ချင်နေရာ အတော်ပင်ဖြစ်နေတော့၏။

"အမေ. . . ဗေဒါတွေဆယ်ဖြစ်ကြရဲ့လား၊ မြေဩဇာပုံကြီးရော အတော်များရဲ့လားအမေ၊ မှိုတွေရောပွင့်ရဲ့လား. . .၊ ဒီလိုမြေဩဇာက သိပ်အဖိုးတန်တာမှန်း သမီးတွေ့ခဲ့ပြီ. . ."

"အမလေး သမီးရယ်. . . နားပါဦး၊ ငါ့သမီးမရှိတော့. . . အလုပ်မလည်ဘူးကွယ့်၊ ရေတက်နဲ့ပါတဲ့ဗေဒါပင်တွေလည်း သိပ်မဆယ်ဖြစ်ဘူး၊ ကန်ထဲမှာ ပွားနေတာတွေရှိပါတယ်. . ."

"သမီး ခြံထဲဆင်းကြည့်ဦးမယ်. . ."

ဗေဒါဦး တဲခြံကြီးကိုပတ်ကြည့်လိုက်သည်။ ပန်းခဲ့သမျှ လန်းသွားရ၏။ ရေကန်ကြီးထဲမှ ဗေဒါပင်များက စိမ်းစိမ်းညို့ညို့နှင့် ကြီးမားသန်စွမ်းကြ၏။ ပန်းနီလာ (ဗေဒါပွင့်) များကလည်း လန်းစွင့်လျက်ရှိကြပေသည်။

"ဟေး. . ဗေဒါသခင်တို့ရေ. . . မင်္ဂလာပါကွယ်. . ."

အစိမ်းရင့်ရောင် ဗေဒါပင်ရင့်ကြီးများက လေညှင်းသွဲ့သွဲ့၌ ယိမ်းနွဲ့နေကြသည်။ မိခင်စင်းဖြတ်ထားသော ဗေဒါပင်မြေဩဇာမှုန့် တို့မှာ အများအပြားပင်ဖြစ်နေ၏။ တစ်မိုးတွင်းလုံး ငွေဖြစ်သွားသော

ရိုကုန်းမြေများမှာ မြေခွေးကုန်းဖြစ်နေချေပြီ။ ငှက်ပျောတောသင် ခြေရင်း၌ တမြုန့်တမျော ရှင်းထုတ်ရပေဦးမည်။ လုပ်စရာရှိသော အလုပ်များကို မေဒါင်း ကြည့်လာ၍ မနက်ဖြန်မှစ၍ လုပ်ရပေမည်။

"အမေတို့လယ်တွေ မြက်ခုတ်၊ မြက်ဆွဲလုပ်နေပြီလား၊ ဖက်မောင်းပြီး ကြမလို့လားအမေ. . ."

"အေးလေ သမီးရာ. . . မျိုးစပါးမကောင်းတော့ဘူး. . . ကြခင်းလုပ်ထားမလားလို့၊ စပါးပင်မဖြစ်လဲ. . . ပဲခင်းစောစော ရတာပေါ့ နှစ်သီးလုပ်ဖို့က ကြာလေစိတ်ပျက်လေပဲ. . ."

"အဲ့သလိုမလုပ်ပါနဲ့အမေရာ. . . သမီးပြောမယ်၊ ဒီမိုးစပါးကို ဘောင်နဲ့ ကျောင်းကသင်တဲ့နည်းအတိုင်း ပျိုးစိုက်ကြည့်ကြရအောင် ပါနော်၊ သမီးလုပ်ကြည့်ချင်လို့ပါ. . ."

"ဖြစ်ပါမလား. . . သမီး"

"အိုတော်. . . သမီးက လုပ်ကြည့်မယ်ဆိုလုပ်ပါစေ၊ လိုတာသာ ကျွပ်တို့ဝိုင်းလုပ်ကြရအောင်၊ ကိုယ့်လယ်နဲ့ကိုယ်ပဲဟာ လုပ်သာလုပ်. . . မျိုးစပါးမလုံလောက်ရင် ထပ်ဝယ်ကြမယ်. . ."

"မလိုဘူး အမေရဲ့. . . သမီးတို့ နှစ်စဉ်ထားတဲ့ မနော်သုခ မျိုးစပါးနဲ့ရတယ်၊ အဲ. . . ပျိုးဘောင်အတွက် ငွေတော့ ဝါးဖိုးနည်းနည်း ကုန်မယ်အမေ. . ."

"အမေ့မှာ စုထားတာရှိပါသေးတယ်သမီးရဲ့၊ တောင်ယာခင်းက ထွက်တဲ့ အသီးတွေရောင်းတာ၊ မှို့ရောင်းတာ၊ ပေါ်ဒါနီ့ရောင်းရတာ တွေ စုထားတာပေါ့ သမီးကျောင်းစရိတ်ပို့တာ ဒါတွေပဲလေ. . ."

"ပဲတွေဈေးကျနေသေးလို့ကွာ. . . ဈေးတက်ရင် အမေ သွားရောင်းတော့မှာ. . ."

"ပဲမကောင်းရသေးပေမယ့်. . . နှီတာနဲ့လုပ်လို့ရပါတယ် အဖေတို့ ခါတိုင်း ဝါမဆိုခင်လေးမှ စပါးစိုက်ကြတယ်မဟုတ်လား အခု သမီးပျိုးပင်က စောစောစိုက်လို့ရတယ်အဖေရဲ့၊ ရေလိုရှင် ဘာဘာအောင်စက်နဲ့တင်ထည့်ပြီး မြေကို အဆင်သင့်ပြင်ထားလို့ ရတယ်လေ. . ."

"ကဲပါ. . . လုပ်ကြပါ၊ သမန်းတွေ မိုးမစောင့်ဘဲ စိုက်လို့ရရင် . . . စပါးလည်းရ. . . ပဲလည်းရ ရာသီမကြောက်ရတော့ဘူးပေါ့ ငါ့အားလုံး လိုတာပေးပါမယ်ဟာ"

"ဘာဘာအောင်အတွက်လည်း လုပ်ပေးပါမယ်၊ သိပ္ပံနည်းတွေ (၁၄) ချက်အတိုင်း စိုက်ကြရမှာ. . ."

"အေး. . . အဲဒီလို အားကိုးချင်ကာဟ"

တဲအိမ်ပေါ် တက်လာသော ဦးလေးအောင်က သူမကို အားပေးမည့်သူဖြစ်၏။

ဤသို့ဖြင့် ဗေဒါဦးလုပ်ငန်းစတော့သည်။ သကြံန်ပြီးချိန်၌ မြေအတွက်လိုအပ်သော နွားတဲကုန်းဘေးမှ နောက်ချေးမြေဆွေးကို လှန်၍ သယ်ထုတ်ကာ တဲရှေ့၌ပုံလိုက်၏။ ဘုန်းရွာကြီးမှ ဆန်စက်များမှာ ဖွဲပြာများကို လှည်းဖြင့် တိုက်ယူကာ ပုံရပြန်သည်၊ သဲဆန်သော ချောင်းစပ်မှ နုန်းမြေပြာကို သယ်ယူ၍ ပုံရပြန်၏၊ ထိုမြေများကို နွားချေးမြေက နှစ်ဆ၊ သဲဆန်သောမြေက တစ်ဆ ဖွဲပြာနှစ်ဆဖြင့် ကောင်းနှင့်ခြင်ကာပုံပြီး ပေါက်တူးဖြင့် သမအောင် မွှေရပါသည်။

"သမီးရယ်. . . ဖယ်ဖယ် အဖေ မွှေမယ်၊ ငါသမီး ပင်းပန်းလိုက်တာ. . ."

"ရပါတယ် အဖေရ. . . သမီးတို့ကျောင်းမှာ ဒါတွေ ဗီလိုပဲ လက်တွေ့လုပ်ရတာ၊ အဖေတို့လယ်ထဲမှာ လုပ်ရတာလောက် မပင်ပန်းပါဘူး။ အဖေ နားနေပါ. . ."

ဖခင်နှင့်လူငှားမြှုလုပ်ထားသော ဝါးလုံးကြီးများ ဘောင်ခတ်၍ (၃'x၁၂၀'x၄") ရှိသော ပျိုးဘောင်များ၌ ပလတ်စတစ်အကြည်စများ ခင်းထားရ၏။ ဝါးလုံးကြီးများ၊ ပလတ်စတစ်အကြည်စများ၏ တန်ဖိုးသည် နည်းသည်မဟုတ်။ သို့သော် အရင်းရှိမှ အမြတ်ရှိမည် မဟုတ်ပါလား။ ဘဘလေးအောင်သည် လယ်တွင်းထဲ၌သာ မြေပေါင်လုပ်၍ ပျိုး၏။ သူ့လယ်ကများသောကြောင့် ဖြစ်သည်။

မြေပြုပြင်ပြီးပါက မျိုးစပါးကို တစ်ပေါင်လျှင် ခြောက်ပြည်နှုန်းနှင့် (၇) ဘောင်အတွက် ခြင်ယူရသည်။ စပါးစေ့များကို ဆားနှင့် ဖျော်ထားသော နွားစာကျင်းထဲရှိရေတွင် စိမ်လိုက်ရသည်။ ဆားရေ၌ ပေါ်ထွက်လာသော စပါးစေ့အဖျင်းအမှော်များကို ဆယ်ယူဖယ်ရှားလိုက်ရ၏။ ဆားရေ၌ နစ်မြုပ်နေသော စပါးသည်သာ အစေ့အဆန်ပြည့်ဝစွာ ဖြစ်ထွန်းနိုင်သည့်မျိုးစေ့ဖြစ်သည်။

စပါးမျိုးစေ့တစ်တင်းခွဲကို ဆားသုံးပိဿာခွဲဖျော်ထား ရေ လေးဂါလန်ထဲသို့ ခွဲ၍ ထည့်ဆေးရသည်။ ပေါ်လာသော စပါးမျိုးစေ့ များကို ဖယ်ရသဖြင့် မျိုးစေ့အနည်းငယ် ပိုထည့်ထားရသည်။ မြုပ်သောစပါးစေ့များကို ရေစင်ကြယ်အောင်ထပ်ဆေး၍ အနည်းငယ်ခြောက်သွေ့အောင် ဖြန့်ထားလိုက်ရပါသည်။

"အမလေး. . . သမီးရာ. . . ပင်ပန်းလိုက်တာကွာ. . ."

"အနာခံမှ အသာစံတဲ့အဖေရဲ့၊ အထွက်နှုန်းကျရင် အဖေ ကြည့်လိုက်၊ . . . နှစ်ဆ၊ သုံးဆကွာတာ. . ."

"အဖေတို့နည်းက မျိုးစပါးအိတ်ကို ရေကန်ထဲ နှစ်ရက်လော ချထားလိုက်၊ ပြီးရင်ဆယ်တင် မျိုးစင်မှာအုပ်ထား၊ အစို့ထွက်ရ ကြဲဖြန့်ပေးလိုက်ပြီးတာပဲ၊ လယ်သာ မျိုးကွက်အတွက် ညက်ည ပါအောင် ထွန်ယက်ထားရတာ၊ မျိုးခင်းကောင်းလို့ကတော စိုက်ပေတော့၊ နုတ်မကုန်၊ စိုက်မကုန်ပဲ... အဲ မိုးမရွာလို့ ရေမရရ လည်း သွားပေရော့... မျိုးစေ့တွေ ခြောက်ကရော၊ မိုးများလိ ရေနစ်ရင်လည်း ဖောက်ထုတ်ပေရော့... အနေတော်၊ ခုတော သမီးဟာက... ပင်ပန်းပါ့..."

"အဲ့သလို မိုးကိုစောင့်စရာမလိုဘူး အဖေရဲ့၊ ရေလည် ဖောက်ဖို့မလိုဘူး၊ ကိုယ့်ဘာသာကြည့်ပြီး ရေလောင်းပေးရုံပဲ... ကြည့်နေပါ... နောက်ကျရင် အဖေတို့သဘောကျသွားမှာ စပါးပင်လည်းမနာဘူး... မျိုးနုတ်ခတို့ မျိုးဆွဲခတို့ မကုန်ဘူး..."

မြို့မှဝယ်လာသော လက်အိတ်ကြီးစွပ်လျက် ခွေးတစ်လုံးလုံ လုပ်ကိုင်နေသော ဖေဒါဦးအား ဦးတင်လှနှင့် လူငှားများ ဝိုင်းကူ ရ၏။ မိခင်ဒေါ်သန်းရှင်မှာ သဘောကျစွာ လာသမျှလူကို လှမ်းခေါ်၍ ပြနေ၏။

"လာကြည့်စမ်းပါတော်... ကျုပ်သမီးက နည်းသစ်နဲ့ မျိုးထောင်နေတာ တွေ့လား၊ ရှင်တို့ နမူနာယူထားကြ..."

ရေနွေးကြမ်း၌ လက်ဖက်သုပ်ထည့်ကာ လာကြည့်သူတို ကျွေးမွေးပြသကြွားဝါနေတော့၏။ ရွာမှလူများသည် ဖေဒါဦးကို မယုံရဲ ယုံရဲ အရိပ်အခြည်စောင့်ကြည့်နေကြ၏။ မျိုးထောင်သည် ကုန်ကျမှုများကိုလည်း နှမြောနေကြပုံရပါသည်။

စပါးမျိုးဘောင်သည် အရပ်နည်းနှင့်ဆိုပါက အကျယ်လက်တစ်ကမ်း၊ အရှည် ဝါးကြီးသုံးပြန်စာရှိပါသည်။ မြေပြင်ပြန့်ပြူးသောနေရာကို ရွေး၍ သုံးရပါမည်။ ရောစပ်ထားသော မြေဆွေးများကို ထိုမျိုးဘောင်၌ အထု သုံးလေးလက်မမျှထူအောင် ထည့်ရပါမည်။ နှံစေ့ကို တစ်စေ့ချင်းကွဲပြားအောင်ချ၍ ကောက်ရိုး လေးလက်မခန့်ထုအောင် ဖုံးပေးရပါသည်။ (၃၆) နာရီအကြာ တစ်ရက်ခွဲကြာသော်စပါးပင်အစို့ထွက်လာ၏။ စပါးပင် သုံးလက်မရှည်လာလျှင် ရေချိုကိုတစ်လက်မခန့် အနက်သွင်းပေးရမည်။ ရေချိုမဟုတ်ပါကမျိုးပင်များ ပျက်စီးနိုင်ပါသည်။

"သောက်ရေကန်ထဲက ရေချိုကို ထမ်းပြီး အသာထည့်ပေးရမယ် အဖေ. . .၊ ဒီအချိန်က မျိုးပင်ပေါက်စဆိုတော့ သတိထားမှ အမြေကြက်တွေ ငှက်တွေ အနားမကပ်အောင် ကြည့်ပေးကြနော်. . ."

"အေးပါ. . . အေးပါ. . . ရက်ပေါင်းဘယ်လောက်ကြာရင် ချိုက်လို့ ရမလဲ သမီးရဲ. . ."

"သမီးတို့ လယ်တွေက မိုးရေရမှ စိုက်လို့ရတာဆိုတော့ မျိုးနည်းနည်း အရင့်ခံပြီး စိုက်ရမှာပေါ့. . .၊ ရေသွင်းစိုက်တဲ့ လယ်ဆို ရက် (၂၀) လောက်ဆို ချိုက်ပြီပေါ့. . .၊ အခုက ရက် (၃၀) ကျော်လောက် ထားမယ်အဖေ. . .၊ အဖေတို့ မြေအဆင်သင့်ဖြစ်ရင် ချိုက်ဖို့. . ."

"ရေက ဖျန်းရဦးမလား. . . သစ်ခင်းဖျန်းတဲ့ ဆန်ခါထုတ်သမ်းပုံးတွေနဲ့ ဖျန်းမယ်လေ. . ."

"မျိုးဘောင်ကို ရေလျှံအောင် မဖျန်းရဘူးအဖေ. . . ရေပါးပါးသွင်းရတော့မယ်၊ မြေမခြောက်ရုံပေါ့၊ ဓာတ်မြေဩဇာလည်း

ထပ်မထည့်ရတော့ဘူး၊ လယ်ကွက်ထဲမှာသာ အဖေ မြေကို သမန်းမန္တးခင်ထည့်ပြီးလုပ်ထားရမှာ၊ တစ်ဧကစာ ကွန်ပေါင်း တစ်အိတ်၊ ယူရီးယား အိတ်ဝက်နဲ့ နွားချေးသုံးအိတ် ရောနှပ်ထားနော် အဖေ. . .”

“အေးပါ. . . သမီး. . . ဘဘအောင်ဆီမှာ လိုတဲ့မြေဩဇာ တွေ အကုန်ယူလို့ရတယ်. . .”

ဖခင်တို့က တက်ကြွစွာ ဗေဒါဦးညွှန်ကြားသည့်အတိုင်း လုပ်ကိုင်နေကြ၏။ ဖျံ့ဘောင်များ အပင်စိမ်းစိမ်းစိုစို သန်သန်မာမာ ဖြစ်နေကြလေပြီ။ ဦးလေးအောင်သည် နေ့စဉ်လာလာကြည့်၍ သဘောကျနေ၏။ ရွာသူ ရွာသားများမှာ မိမိတို့စိုက်ပျိုးနည်းနှင့် တခြားစီဖြစ်နေ၍ အထူးအဆန်းသဖွယ် အကဲခတ်နေကြပါသည်။ ယုံကြည်မှုတော့ ရှိပုံမရကြပါ။ ဗေဒါဦးအား အထင်သေးနေကြ၏။

* * * * *

# အခန်း (၉)

မုတ်သုံမိုးနံ့က ရနေချေပြီ။ ရှစ်ခွင်တိုင်း၌ မှိုင်းညှို့ငယ်ဆင်နေသည့် မိုးသားတိမ်လိပ်တို့က ရွာမယောင်ဟန်ဆောင်၍ ပြနေကြ၏။ သကြံန်ပြီးစတွင် မိုးတစ်မ၊ နှစ်မရွာထားသဖြင့် မြေသင်းနံ့က ပျံ့ပျံ့ မွှေးနေ၏။ မိုးဦးခေါင်မည်ထင်သော်လည်း မိုးရနံ့ကြောင့် လယ်သမားများ ဝမ်းသာနေကြ၏။ ဘောင်နှင့် ပျိုးထောင်ချိန်၌ မိုးခေါင်မည်ကို မကြောက်၊ ရေသွင်းယူ၍ရသည်။ မိုးများမည်ကိုသာ ကြောက်၏။ ရေဖောက်ချ၍ရသော်လည်း ပျိုးပင်ကို မိုးပေါက်ထိသည့်ဒဏ်တ အပင်ကိုပြားဝပ်၍ ပျက်စီးနိုင်သည်လေ။ ပျိုးဘောင်တွင်မိုးမိက ကိစ္စမရှိ အမိုးလုပ်ထားနိုင်သည်။ ချိုက်ပြီးမှ မိုးများလျှင် ပိပြားနိုင်၏။ ရေဒီယိုမှ ရာသီဥတုကြေညာချက်ကို နားထောင်၍ ပျိုးပင်ရွှေ့စိုက်ရန် ရက်တိုးသင့် တိုးရမည်။

ဦးတင်လှတို့သည် ချောင်းစပ်လယ်ကွက်တစ်လျှောက်ကို ထွန်ယက်ထားကြသည်။ ငါး‌ေကကျော့မျှရှိမည်။ ရေသွင်းလွယ် ဖောက်လွယ်၊ လုပ်ရလွယ်ဖြစ်၏။ ဝေဒါဦး နည်းပြအဖြစ်ပျိုးထောင်ထားသော စပါးပင်ဘောင်တို့မှာ အများမှ တဖြည်းဖြည်းရင့်သန်လာကြပြီဖြစ်လေသည်။ အရိပ်တကြည့်ကြည့်နှင့် ချိုက်၍ရလာချိန်နီးပြီဖြစ်၍ စိုက်ကွက်များဖော်နေကြပြီဖြစ်၏။

"လယ်စိုက်လုပ်ရမှာဆိုတော့. . . အခြားသူတွေမခေါ်နဲ့တော့ အမေ၊ . . . အမေရယ်၊ သမီးရယ်၊ မမသင်းရယ်၊ မမစောမူရယ် ဒေါ်လေးရယ် စိုက်ကြမယ်၊ ကြီးတန်းပစ်ဖို့က ကြာခိုင်တို့ကို သုံးရမှ . . . ကလေးလည်းဝိုင်းလုပ်လို့ရတယ်. . ."

"ကောင်းတယ်ဟေ့. . . ကောက်စိုက်ထုတ်မသုံးရတော့ အပင်မနာဘူး၊ . . . ဘုရား. . . သကြား. . . မိုးရယ် မရွာပါစေ ဦးဗျာ. . ."

"ရွာလည်း ရွာပေါ့အမေရာ. . . ကိစ္စမရှိပါဘူး၊ ရွာရ ရက်ရွှေ့လို့ရတာပဲ၊ မျိုးနုတ်ပြီးခဲ့ရောမှ မလိုတာ. . ."

"ရတနာ နဒီမိုးက
ရွှေမိုးညိုဟန်ဆင်တယ်
ရွာချင်ထင့်လေး
ကိုးနယ်ပိုင်ရှင်
ရွှေထွန်နှင်တဲ့သည်ခါတွင်းမှာ လင်းပါလှလေး"-

မိုးရိပ်မိုးသားတို့ကြောင့် ဖခင်၏ပုပန်မှုက အထွတ်အထိပ်သို့ ရောက်နေ၏။ ရေဒီယိုမှ မိုးလေဝသသတင်းသည် နောက်နှစ်ရက်မှ လည်း မိုးကြီးရွာမည့်ပုံမဟုတ်၊ ဖေဒါဦး မစိုးရိမ်ပါ။ မိုးဖွဲရွာလိုက် မိုးပြေးရွာလိုက်နှင့် မုတ်သုံလေတို့က တိုက်ခတ်သယ်ဆောင်သွား နေ၏။

"ငါ့သမီး ကျောင်းဖွင့်ရက်နဲ့စိုက်ပြီးချိန် အံကိုက်ပါ့မလားကွယ် ကျောင်းနောက်ကျပြီး စာပျက်များမယ်. . ."

"ရပါတယ် အဖေ. . . ဖုန်းဆက်ပြီး ခွင့်တောင်းထားနိုင် လိုက်ပါ့မ ပ်. . . အခုမှလကုန်မှာ. . ."

"မြက်ခေါင်းပြောင်လို့ သမန်းလဲကျပြီ၊ စိုက်ခင်းတာတွေ အဖေ အားလုံးပြင်ပြီးပြီ သမီး၊ မိုးတစ်မရွာချလိုက်စေချင်တာ၊ ဒါမှ ဝိတ်ချပြီး စိုက်လို့ဖြစ်မှာ. . ."

အဖေ စိတ်ပူသည့်အတိုင်း ညမိုးသည်းကြီးက ရွာတော့၏။ ညဥ့်နက်လာသည်နှင့်အမျှ အမှောင်ထုက ပို၍ မည်းမှောင်လာ၏။ မိုးသားတိမ်လိပ်မည်းတို့က ကြယ်ရောင်ပင်မမြင်ရအောင် ဖုံးအုပ်ထားကြသည်။ မေလမိုးက အပြီးဖြင့် ရွာချပြီတည်း။ လယ်သမားများ ဝမ်းသာရွှာကြသည်။ ဖေဒါဦး မိုးလေဝသသတင်းကို မပြတ်နားထောင်နေမိသည်။ နံနက်စောစော ရောင်နီလာသဖြင့် ဝမ်းသာရ၏။ မိုးရန့်များဖြင့် ထုံယစ်ရောယှက်နေသည့် လေနုအေးက ညှင်းသွဲ့သွဲ့တိုက်ခတ်နေကြ၏။ ပျိုးဘောင်များကိုကြည့်သော် အမိုးအကြည်များအောက်၌ ပုံစံမပျက် လန်းဆန်းနေကြ၏။ မိုးနှစ်ရက်ရွာပြီးသော် စိုက်ရန်ဆုံးဖြတ်လိုက်သည်။ အခြားလယ်များ ထွန်ယက်ရန် စတင်တုန်းအချိန်၌ ဖေဒါဦးတို့က စိုက်တော့မည်ဖြစ်၍ ထူးခြားစွာလာကြည့်ကြလေသည်။

"ဒါက စိုက်ပျိုးရေးဌာနက စံပြစိုက်ကွင်းနည်းတွေပါကွာ၊ လယ်စတာနည်းသူတွေမှ ကိုက်တာ၊ တို့တွေလို အများအပြားလုပ်သူတွေဆို ကုန်ကျစရိတ် ဘယ်ကာမိမှာလည်း၊ စိုက်ခလည်း အလွန်လုဝင်တာကွ၊ လက်နဲ့ဘယ်သူမှ မစိုက်ချင်ကြဘူး၊ . . . လက်ပန်းကုံးကြား နွံ့ဝင်လွန်းလို့ ကောက်စိုက်မ ရှားတယ်. . ."

"ရှားပေမယ့်. . . တောသူတွေပဲဗျာ၊ ကိုယ့်လယ်ကိုယ် စိုက်ကြရင် ဖြစ်ပါတယ်. . ."

ဒေါ်သန်းရှင်က လက်စိုက်ဖြစ်သူများကို လုပ်အားပေ ခေါ်ထားသဖြင့် ခွေမျိုးထဲမှ စုစုပေါင်း ဆယ့်နှစ်ယောက် လုပ်အား ပေးကြ၏။ ဗေဒါဦးက လက်အိတ်အကြည်လေးများ တစ်ထုပ် ဝယ်ထားကာ ဝေပေးလိုက်၏။ လက်သည်းကြား နွံမဝင်စေရန် ဖြစ်သည်။

"အမလေးအေ. . . တို့များလက်က နွံဝင်လည်းမမှုပါဘူး ဒီနွံကမွေးကတည်းက ဝင်နေကျ၊ အသမာတက်ပြီးသားလက် နွံမတိုးနိုင်ပါဘူး။ အလကားပိုက်ဆံအကုန်ခံပြီး ဝယ်ရတယ်လို့

"ကျောင်းမှာလည်း ဒီလိုစွပ်ပြီး စိုက်ကြတာ. . . အဖိုးမကြီး ပါဘူး၊ စွပ်ထားပါ ဒေါ်လေးရဲ့. . ."

အားလုံး ပျော်ပျော်ပါးပါး စိုက်ကြ၏။ အဆာပြေ ကောက်ညှင်း ပေါင်းနှင့် ငါးခြောက်ဖုတ် ကျွေးလိုက်သည်၊ ဗေဒါဦးတို့ နှုတ် ပေးသော ပျိုးဘောင်မှအပင်လေးများမှာ တစ်တောင်နီးပါးရှိ၏ မျိုးချေး (မြေချေး) ကို ခါချပြီး ယူရန်မလိုသဖြင့် အပင်အနာပါချေ ပျိုးဘောင်၌ အောက်ခံပလတ်စတစ်သာ ကျန်သဖြင့် မြေချေ အကုန်ပါသွားခြင်းသည် ပို၍ကောင်းပါသည်။ ကောင်းဖြင့်စိုက်မှု လယ်ဆီ ဝိုင်းသယ်ပေးကြရင်း လာကြည့်သူများ ကူညီကြသည် လယ်ကွက်ကို အရှေ့အနောက် ကြိုးတန်းပစ်၍ ထားပေးရ ညီညာစီတန်းနေ၍ စိုက်ကွက်လှ၏။

ပျိုးပေါင်း ခုနစ်ဘောင်သည် တစ်ဧကနှင့် ဒသမ (၆၀) ကွက် စိုက်၍ရ၏။ မိုးရွာထားသဖြင့် ရေအနေတော်ရှိနေသည်။ ပျိုးဘော ခုနစ်ဘောင် မျိုးစပါးကြိုစီစဉ်ထား၍ နောက်လယ်များအတွ ထပ်ပျိုးယူရမည်ဖြစ်သည်။

"× × × တို့တောခလေးမှာ × × × ပျော်မွေ့ကြသလို × × × စပါးပင်ပျိုးကွင်းကစိုစို × × × ရွှေသီးနှံညှင်းရယ် × × × တူဆင်းတော့မလို × × × ပျိုးခင်းမှာ (ဝဲကာ)[၉] ပျံကြသလို × × × နေညိုညိုအချိန်ကုန်ရင်ဆို × × × မိုးတွေကဖုံ့ကာမဲညို × × × ရွှေဝါပြာနွှာသံကချို × × × တမ်းတလို့လွမ်းစပို × × × ဝှဲရှည်ကြီးနဲ့တီးလို့ဆို × × × အချိန်တန်ရင်အိမ်ပြန်ချင်သလို × × × ချစ်သူနဲ့လမ်းမှာတွေ့မလို့ × × × ကြံမယ်လို့ပြောတာကပို × × × မိုးမင်းကမစဲနိုင်သလို × × × ထဘီတိုတို × × × ရွှဲကာရွှဲကာ × × × စို"

မာမာအေး၏ "ကောက်စိုက်မ" သီချင်းကို မမသင်းက ချက်ကျလက်ကျဟစ်၍ ဆိုနေ၏။ သူတို့ခေတ်က မာမာအေး သီချင်းဆို အလွန်ကြိုက်ကြသည်။ မမသင်းတို့မရသည့် မာမာအေး သီချင်းမရှိ။ ပိုင်နိုင်စွာ ဆိုနိုင်ကြ၏။

"ဟဲ့. . . မိသင်းရဲ့ နင့်ယောက်ျားက အဲဒီလိုကြိုခဲ့ရောလား၊ ဒါကြောင့် မိသင်းတို့ အစောကြီးလင်ရသွားတာဟ"

"ကြိုက်တဲ့လူနဲ့လွဲပြီး ဆွဲတဲ့လူနောက်ပါသွားခဲ့ရတာလေ. . ."

"အဟား. . . ဟား. . . ဟား မိသင်းတို့ကတော့ နာမည်ကြီးပဲ"

ဝိုင်းစသဖြင့် မမသင်း အသံကုန် ပို၍ဟစ်တော့၏။

"× × × ချောင်းရေကလျှံ × × × ကန်ရေကတိုး × × × သည်လယ်ကို × × × သည်လေ့ဆိုက်တယ် × × × ဆီးကြိုပါ × × × စိန်ပါတိပျို့မောင်သက်လှယ်ရယ် × × × ထွန်တုံးဖြုတ်ရင် × × × တို့အိမ်သို့ပြန်စို့ကွယ် × × ×"

"ဟာ. . . တောပါသေးတယ်. . . မပြန်ပါနဲ့ဦး၊ ဒီကောင်ဘာလို့ အစောကြီးလာကြိုတာလဲဟ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား"

မမသင်းယောက်ျား ကိုသောင်းကလည်း တိုက်တိုက်ဆိုင်ဆိုင် ဘဲကျောင်းလေှကလေးဖြင့် လယ်ကန်သင်းနား ရောက်လာ အားလုံး ပိုင်းစကြပြန်သည်။ ကိုသောင်းခမျာ ရှက်ကိုးရှက်ကန်းဖြင့်

"သူလာကြိုတာ မဟုတ်ပါဘူးဗျာ၊ ဘဲတွေချောင်းထဲလွှတ် ကျောင်းတာ သိမ်းရင်းနဲ့ လယ်စိုက်တာ လာကြည့်တာပါ. . ."

အားလုံးဝိုင်းရယ်ကြပြန်၏။

"တော်ပါကွာ. . . မင်း. . . သန်းလှရဲ့ကောက်ညှင်းပေါင်း စားချင်လို့လာတယ်ပြောပါကွာ၊ လာလက်စနဲ့ လုပ်အားပေးဦးကွာ"

ပျော်စရာမြင်ကွင်းလေးကို ပေဒါဦး ကြည့်ရင်း ရွာသူ ရွာသားတွေ ဆွေမျိုးသားချင်းများကို ပိုချစ်ခင်လာမိသည်။

"မပြန်နဲ့ဦးကိုယ့်လူ. . . နေ့လယ်စာ ဘဲသားနဲ့ ဘူးသီးမင်းစိမ် ချက်ကျွေးဦးမှာ၊ စားပြီးမှပဲ သိမ်းပြန်. . ."

"အဟက်. . . ဟက်. . . ဟက် မမသင်းရဲ့ လျှော်တက်စာ မိနေဦးမယ်. . ."

"ဟုတ်ပါ့ဗျာ. . ."

"× × တစ်ကောတော့ ဒေသမတစ်ရာဆို. . . လယ်ကွက် အပိုင်ခဲနိုင်အောင်ဆို × × သီချင်းသံချိုချို × × ပျိုးတွဲသူများထက် . . . သူများထက်ပိုမို × × ဟန်ဆောင်ရန်သတို ကောက်စိုက်ရှာကြ တောင်သူမို့ × × ရွာမလိုလို မဲကာညိုညို × × နေရာယူတော့မယ် ရွှေမိုးစိုစို အမျိုးဖော်တစ်သင်းတို့နဲ့ × × ဟင်းရွှက်ရှာကြသလို × × (မိုးမင်းကညို)၂ × × လယ်ကန်သင်းတလျှောက်မှာ × × ကောက်စိုက်မတို့ သီချင်းသံတွေပြိုင်လို့ဆို × × × × ×"

မမသင်း၏အသံမှာ တကယ့်ကိုနားထောင်ကောင်းလှပေသည်။ သီချင်းလေးတအေးအေးဖြင့် တစ်နေကုန်သော်ချောင်းစပ်လယ်များအားလုံး စိုက်ပြီးဖြစ်၏။ နုတ်ပြီးပျိုးပင်များကိုနောက်ထပ် အစိုဖောက်စပါးထပ်ထည့် ပျိုးရပြန်၏။ နှစ်ပြန်ပျိုးပြီးသော် ကုန်းတန်းလယ်များအားလုံး စိုက်ပြီးမည်ဖြစ်သည်။ ရေနက်ကွင်းအတွက် မျိုးပို၍အောင်းထားရမည်ဖြစ်၏။ မျိုးမရမှာမပူရသောကြောင့် လယ်သမားများ စိတ်ဝင်စားလာကြ၏။

"မြို့နယ်လယ်ယာစိုက်ပျိုးရေးရုံးက မန်နေဂျာတွေပြောတုန်းကဒီလို မြန်ကောင်းသက်သာဖြစ်မယ်မှန်း မသိဘူးကွာ၊ ခုဟာကဘယ်ဟန်သကိုး. . . ပျိုးပေါင်ဖိုးပဲကုန်တာကွ. . ."

"အဲဒါ တစ်ကေကို အနည်းလေး တစ်ရာနီးပါးထွက်မယ်ဘဘကြီးရဲ့ ပင်ပွားများမှာ. . . တစ်တန်းနဲ့ တစ်တန်း ခြောက်လက်မကျော်သာ ခြားပြီးတန်းပစ်ထား. . . ပေါင်းလိုက်လို့လည်းကောင်း။ ပင်ပွားလည်း ကျယ်တာပေါ့. . ."

"မြေဩဇာ ဘယ်အချိန်ထပ်ထည့်ရမလဲ ဖေဒါမရေ"

"သုံးရက်တစ်ခါ ရေကိုကြည့်ချိန်ရမယ် ဘကြီးရဲ့၊ မိုးမရွာရင်ရေနည်းနည်းသွင်းပေးရမှာ၊ ရင့်မှည့်ချိန်မှာ ရေထုတ်ရေသွင်းကကျွန်မတို့ သာမန်နည်းအတိုင်းပါပဲ. . . အဲ. . . ဖုံးတုန်းလုံးတုန်းချိန်မှာ ယူရီးယားလေးချိုးတစ်ချိုးနဲ့ နွားချေးသုံးအိတ် ရောနှပ်ထည့်ပေးရတာ. . ."

"အလိုလေး. . . စပါးထွက်တာလည်း မပြောနဲ့. . . ညည်းဟာက ဓာတ်မြေဩဇာတွေထည့်ရတာနည်းလား၊ စပါးဈေးမကောင်းရင် ဘယ်ခံနိုင်ပါ့မလဲ. . ."

"အဲ့ဒါက သမီးတို့လယ်တွေက မြေဩဇာကုန်ခန်းသလို ဖြစ်နေတာကိုး၊ ပဲပြီး ပေါ်စိုက်နေတာ အာဟာရလျော့နေလို့လေ မြေကို အဲသလိုပြန်ပြုပြင် ကျွေးမွေးပေးရတယ်တဲ့၊ . . . နွေကျရင် ပဲခင်းမစိုက်ခင် မြေပြန်စစ်ရဦးမှာ. . . မြေမှာ ကုန်ခန်းနေတဲ့ ဓာတ်တွေရှိတယ်၊ ပြန်ဖြည့်ဖို့မြေတွေကို စစ်ဆေးရမယ်တဲ့ ဘာဘကြီးရဲ့ ပြီးတော့မှ လိုတဲ့ဓာတ်တွေ ပြန်ဖြည့်ပေးရမှာ၊ ဒီမှာက မစစ်ဘဲ ကိုယ့်ဘာသာကျွေးချင်တဲ့မြေဩဇာကျွေး. . . ဖျန်းချင်တဲ့ဆေးဖျန်း လုပ်နေကြတာကိုး၊ ဘယ်မြေဓာတ်အနှီးညီတော့မလဲ. . . မြေညံ့လို့ သီးနှံညံ့တာပေါ့. . . အခု သမီးကောင်းကောင်းသိပြီ အဘရဲ့. . ."

အားလုံးသောလယ်သမားဆွေမျိုးသားချင်းများ ဖေဒါဦး ပြောသမျှ စိတ်ဝင်စားစွာ နားထောင်နေကြ၏၊ ခုကျောင်းပြန်ဖွင့်၍ တက်လျှင် ပိုးမွှားထိန်းသိမ်းသည့်ဆေးဖော်စပ်နည်းတွေ သင်ယူ လာပြီး ပြန်လုပ်ရပေမည်၊ သို့မှသာ ပိုးဆေးဖိုးသက်သာလာပေလိမ့် မည်ဖြစ်၏၊ ကြော်ငြာကောင်းရောင်းရသော ဆေးမျိုးစုံတို့မှာ ဖော်စပ်နည်းကိုချဲ့ထွင်၍ အမည်တစ်ထားခြင်းပင်တည်း၊ အဓိက မြေခံအတွက် သွင်းအားစုနည်းမှန်ပါက မည်သည့်အားဆေး သိပ်မလိုပေ။

"ဖေဒါဦး ကျောင်းပြန်သွားရင် ကျုပ်တို့တော့ ခုတွေ့ပဲတော် သူ့အပင်တွေ ဘယ်လိုကြည့်ရှုရမယ်ဆိုတာ သေချာမှတ်ထားဦး. . . ကိုလှရေ"

"မလုပ်ခဲ့ဘူးရယ်. . . သမီး ဖုန်းဆက်ပြီး ညွှန်ကြားပေးမြို မှာပေါ့"

"အင်း. . . ဖုန်းဆိုင်ကွဲကို လုပ်ကျွေးကြရဦးမယ်ပေ့. . ."

အဖေ့မှတ်ချက်ကြောင့် အားလုံးရယ်မောကြပြန်သည်။

"ဒီလိုစိုက်တာ. . . ပဲကွက် စောစောထွန်လို့ရတာပေါ့၊ မြေလှေ့စက်ကလေးရှိရင် ပိုကောင်းမယ်၊. . . တလင်းမပူရတော့ ဘူး. . ."

"ကိုလေးအောင်တော့ ဝယ်မယ်ပြောတယ်. . . သူလည်း အခု မျိုးဘောင်နဲ့ စမ်းစိုက်မှာ၊ တစ်ပွဲလောက် စိုက်ကြည့်ပြီး ချိန်ကြည့်မယ်တဲ့. . ."

"အေးကွာ. . . မိုးမကြီးရင်တော့ လွတ်ကောင်းတာပေါ့. ."

"လုပ်ကြည့်ရမှာပေါ့. . . ဘဘကြီးရယ်၊. . . အများပျက်လို့ ပျက်ရတာတော့ ဘယ်တတ်နိုင်ပါ့မလဲ၊. . . ရာသီလုံးလုံးမပျက်ရင် ထူးကိုထူးခြားပြီး ထွက်တယ် ကြည့်ထား. . ."

ပေဒါဦး၏ အပြောကို အားလုံးမယုံရဲ ယုံရဲဖြင့် စောင့်ကြည့် နေကြပါသည်။ ဦးလေးအောင်နှင့် ဘကြီးအောင်တို့သာ လိုက်လုပ်စမ်းသပ်စိုက်ကြ၏။ ပေဒါဦး ကျောင်းပြန်ခဲ့ရသော်လည်း နောက်ပိုင်း လယ်တွေကို စိတ်မချချေ။ လိုအပ်သည်များ တရရ မှာကြားခဲ့ရသည်။

* * * * *

## အခန်း (၁၀)

ပျဉ်းမနားမြို့၏ အရှေ့ဘက်မြို့စွန်တွင်ရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းသည် ရှမ်းရိုးမတောင်တန်းကြီးများ အထပ်ထပ်ကို အနီးလေးသဖွယ် မြင်တွေ့နေရ၏။ "အမြင်နီးပြီး ခရီးဝေးသည်က တောင်" ဆိုသလို၊ တကယ်တမ်း တောင်ကြီးများမှာ ခရီးဝေးလှပေသည်။ အနောက်ဘက်၌လည်း ပဲခူးရိုးမတောင်စွယ်တောင်ကုန်းများရှိသဖြင့် တောင်များဝန်းရံနေသည့်မြို့ ဖြစ်နေ၏။ မင်းလွင် ဆို့ဆိုင်းမြူတွေမှိုင်း လျက်လျှောင်ချိုင့်အတွင်းရောက်နေသည့် ငှက်ငယ်လို ငေးမျှော်ကြည့်တိုင်း လွမ်းမောဖွယ်ဖြစ်စရာပင်။ ရွှေးမွေးမြူရေးခြံမှ မြောက်ဘက်သို့ထွက်သော ဝက်ခြံနှင့် သရက်ခြံသို့ ရောက်လေ၏။ ကြံစိုက်ခင်းများ အကွက်ဖော်ရန် သင်ကြားမည်ဖြစ်၍ ကျောင်းစိုက်ကွင်းလယ်သို့ ထွက်လာကြရခြင်းဖြစ်သည်။

ကြံစိုက်ခင်းများ၏တောင်ဘက်တွင် လမ်းမခြားကာ နေကြာ၊ နှမ်းနှင့် စပါးစိုက်ခင်းများ ရှိကြပါသည်။ မကြာသေးမီက မြှုလုပ်ထားသော ဆည်ရေလွှတ်မြောင်းများမှာ ပြုပြင်နေဆဲဖြစ်၏။ ရေရှိမှသာ လက်တွေ့စိုက်ခင်းများ၊ မျိုးစပ်ခြင်းများကို ပြုလုပ်၍ ရမည်မဟုတ်ပါလား။ နွေတွင် နွေစပါးများစိုက်ပါက ရေသည် အဓိကဖြစ်၏။ ရေရှိပါက မည်သည့်သီးနှံဖြစ်စေ လက်တွေ့ စိုက်ပျိုးပြသနိုင်ပေမည်။ ပထမနှစ် လက်တွေ့အဖြစ် စပါး၊ ကြံ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့ကို လက်တွေ့သင်ကြားစိုက်ပျိုးကြရ၏။

ပိုးမွှားထိန်းသိမ်းရန် ဆေးရည်ဖော်စပ်ရာ၌ ရေနံတစ်ဆ၊ ဆပ်ပြာရည်နှစ်ဆနှင့် ဆေးရွက်ကြီးပြုတ်ရည် သုံးဆတို့ကို ရောစပ်ကာ ဖျန်းပေးပါက ဘေးထွက်ဆိုးကျိုးမရှိသောကြောင့် ဒေါ်ဦး အရမ်းသဘောကျမိသည်။ ထိုဆေးကြောင့် အပင်၌ဖြစ်တည်မည့် ပိုးမွှားများသည် ပျောက်ပျက်ရကုန်၏။ အပင်နှင့်မြေကြီးအား ဘေးဥပဒ်မဖြစ်စေပါ။ အချို့သော ပိုးသတ်ဆေးအချို့သောအများ သည် လူကို အန္တရာယ်ရှိစေနိုင်၏။ အပင်အားဆေးအချို့သည်လည်း အပင်ကို အားပေးသလို အပင်၌ရှိသော ပိုးဥ၊ ပိုးကောင်ကြီးများ အား ပို၍ ကြီးထွားဖြစ်ထွန်းစေပါသည်။ ဆန့်ကျင်ဘက်သော ဓာတ်မြေဩဇာအမျိုးအမည်များသည်လည်း မြေဆီ [illegible] ဓာတ်ပျက်စေနိုင်သဖြင့် အလွန်အကျွံမသုံးစွဲသင့်ကြောင်း သင်ကြားရသည်။

ထိုအခါ ဒေါ်ဦးတုံ့ဩရ၏။ ကြော်ငြာကောင်း [illegible] အမျိုးအမည်များစွာသော ဆေးရည်များမှာ ညီနှ [illegible] ထားမှုများ နည်းပါးကြောင်း သိလာရ၏။

အင်း. . . ဟုတ်ပြီ. . . ဒါဆို တို့ရွာက လယ် [illegible] ဓာတ်တမျိုးမျိုး ပျက်စီးနေတာဖြစ်မယ်. . . [illegible] စမ်းသပ်ပြီး ပြန်ပြုပြင်သင့်တာပေါ့ ဒါမှ ပိုကောင်း [illegible] မျှတပြည့်ဝတဲ့ မြေသားတွေပြန်ဖြစ်မှာ. . . [illegible]. . .

ဒေါ်ဦးမှာ လက်တွေ့စိုက်ပျိုးသင်ကြား [illegible] တန်ဖိုးကို ချက်ချင်းသိလာရပါသည်။

တိရစ္ဆာန်မွေးမြူရေးနှင့် မြေဆီလွှာဌာန [illegible] တို့ကိုလည်း ပထမနှစ်တွင် သင်ကြားရ၏။ သဘော [illegible]

တိရစ္ဆာန်များ၏ မစင်များ၊ မြက်နှင့် အပင်မျိုးစုံတို့၏ သစ်ရွက်ဆွေးများသည် မြေဆွေးအဖိုးတန်များပင်တည်း။ ထိုသို့သိလေလေ ရွာပြန်၍ အလုပ်များလုပ်ချင်လေ ဖြစ်နေမိသည်။ ယခင်ပထမနှစ်စဉ်၌ ရွာကို သိပ်မလွမ်းအားသော်လည်း ယခုကျောင်းဖွင့်ချိန်၌ စိုက်ပျိုးခဲ့သော စပါးကွက်များကို ပူပန်နေမိပါသည်။ နှစ်ဝက်ကျောင်းပြန်တက်ချိန်သည် ဗေဒါဦးအတွက် ကြာသည်ဟု ထင်နေရ၏။ နှစ်ပတ်တစ်ခါ ရွာသို့ပြန်ကြည့်၍ စပါးပင်တို့၏ အခြေအနေကို သုံးသပ်ရသည်။ ဖျဉ်းမနားမြို့နှင့် နီးွာန်ရွာကို ကူးလူးယှက်သွယ်၍ လွန်းပျံ့ကျောင်းတက်နေရသလို ဖြစ်နေသည်။ ပင်ပန်းသော်လည်း ဗေဒါဦး ပျော်ရွှင်နေမိပါသည်။ မိမိ၏ လက်တွေ့စမ်းသပ်ချက်သည် ရုပ်လုံးပေါ်လာချေပြီတည်း။

ကောက်ပင်စိမ်းတို့က ယိမ်းနွဲ့၍နေကြလေပြီ။ မြသားကမ္ဗလာခင်းကြီးလို စိမ်းစို၍လေပြည်အနေ၌ ကျောက်စိမ်းခင်းလှိုင်းလုံးကြီးသဖွယ် နိမ့်ချည်မြင့်ချည် စီစီရီရီရှိလှ၏၊ အပင်တို့မှာ ရေဒဏ်ကိုလည်း ခံနိုင်သွားပြီဖြစ်၏။ ဤမြင်ကွင်းကာ မိုးစပါးစိုက်ပျိုးမှု တစ်ဝက်အောင်မြင်သွားပြီဟု ဆိုရပေမည်။ အနှံထွက်ချိန်၊ ရင့်မှည့်ချိန်၊ ရိတ်သိမ်းချိန်များ၌ ဆိုးဝါးသောရာသီဥတုဒဏ်ကို မခံရလျှင် ရာနှုန်းပြည့်အောင်မြင်ပေတော့မည်။ နည်းစနစ်မှန်စွာ စိုက်ပျိုးထားသဖြင့် ရွှေက လယ်စိုက်ကွင်းများနှင့် အကွာကြီး ကွာနေသည်ကို ရွာမှလယ်သမားတိုင်း သိနေကြသည်။ အပင်ကို ကြည့်၍ အသီးကိုခန့်မှန်းနိုင်ကြသော ဝါရင့်လယ်သမားကြီးများကို ဗေဒါဦး ထပ်ကြားဝါစရာမလိုတော့ပေ။ ယခုတိုင် ရွာမှ အချို့လယ်ရှင်များ စိုက်၍မပြီးသေးချေ။ မိမိတို့ပေါင်းနှင့် ပျိုးစိုက်

သော စိုက်ခင်းများမှာ အပင်ပွားများနှင့် သန်စွမ်း၍ ပေါင်းပင်လိုက်ပြီး နေပြီဖြစ်၏။

"တင်လှတို့တော့. . . ဒီလိုပုံဆို စပါးတွေအောင်ပြီကွ၊ သူ့သမီးလေးရဲ့ သိပ္ပံနည်းစနစ်နဲ့စမ်းစိုက်တာ. . . ကောင်းလိုက်တာကွာ၊ ပေဒါမက နှစ်ပတ်တစ်ခါ ကျောင်းကနေပြန်လာကြည့်တာ. . ."

"လေးအောင်ကြီးရဲ့လယ်တွေပါ. . . အဲ့ဒီနည်းနဲ့လုပ်ထားတာ၊ အချို့လယ်ပွဲတွေ မတွေ့ဘူးလား. . . အရမ်းဖြစ်တာ၊. . . သူ့မှာ စက်တွေလည်းရှိတော့ အဆင်ပြေတာပေါ့. . . လယ်ကွက်ကြီးကြီး ထဲမှာ ပျိုးပေါင်များများလုပ်ပြီး ပျိုးထောင်တာ ကောင်းလိုက်တဲ့ ပျိုးပင်တွေကွာ. . ."

"မြို့နယ်စိုက်ကြွပ်ပြောတာရှိသေးတယ်၊. . . ဒီထက်ကောင်းတာက စပါးစေ့အဝိုင်းချတဲ့နည်းလေ၊ ပျိုးဘောင်ဖိုးနဲ့ လယ်စိုက်ခပါ မကုန်ဘူးဗျ. . . ရွှေ့စိုက်ရင် အပင်ကအနည်းဆုံး (၁၅) ရက်လောက်တော့ အရွက်ဝါပြီးထိုင်သွားတာပဲမဟုတ်လား၊. . . စပါးမျိုးစေ့ချစိုက်တာက ပိုကောင်းသတဲ့ဗျ. . ."

"အဲ့ဒါက နွေစပါးစိုက်မှ ပိုအဆင်ပြေတာ၊. . . တို့အရပ်က မိုးများတတ်တော့ အစေ့လိုက်စိုက်တဲ့နည်းကို မိုးစပါးမှာ မစိုက်သင့်ဘူးကွ"

"တို့တွေလည်း နောင်နှစ်ကျ ပေဒါမလို သိပ္ပံနည်းစနစ်နဲ့ လုပ်ကြစို့. . . မိုးစပါးစိုက်နည်း ပြောင်းကြစို့ကွာ၊. . . ပြီးတော့ မျိုးစပါးကိုလည်း အထွက်နှုန်းကောင်းတဲ့ ပုလဲသွယ်၊ ဝင်မှုံးနဲ့ ဆင်းရေကရီစပါးတွေကို စိုက်မှဖြစ်မှာ"

"အစစ ပြောင်းလဲဖို့. . . ငွေရင်းလိုတယ်ကွ. . ."

"အရှိန်မရခင် တစ်နှစ်တော့ မျိုးစပါးမိုးကာအစ. . . မြေပြဲဝေါ်ိုး ပျိုးပေါင်မိုးတွေ ကုန်ရမှာ. . . စက်မိုးတွေက ရှိသေး. . ."

"စပါးက အရင်ကထက်ပိုထွက်မှာလေကွာ. . . သမားမျိုးကျ ဆို စပါးတစ်ဧက (၃၀) ထက်ပိုလို့လားကွ. . ."

"တင်လှတို့ကို စောင့်ကြည့်ရမယ်. . . ဒါမှသိရမှာ. . . သူတို့ရဲ့ ကောင်းကွက်က ကုန်းပေါ် မှာပျိုးလို့ရတာ ဟန်ကျတယ်. . . တို့ရေနက် ကွင်းတွေအတွက် အံကိုက်ပဲ. . ."

ဤသို့ဖြင့် စပါးရိတ်သိမ်းချိန်တို့ ရွာသားများ၏စိတ်ကို ဆွဲဆောင်စေခဲ့၏။ စပါးမရိတ်မီ သီတင်းကျွတ်မီးထွန်းပွဲပြီးသော် ဇေဒါဦးတို့ ကျောင်းပိတ်လိုက်ပြီဖြစ်၍ အမြန်ပြန်လာ၍ လယ်သိမ်းရန် စီစဉ်တော့၏။ ဇေဒါဦးတို့အရပ်သည် အညာမြေလို မိုးနည်း၍ လိုသလို ဆည်ရေကို ရေသွင်းရေထုတ်ပြုလုပ်ထားသော ဒေသ မဟုတ်၊ ရေနှင့်ဝေးသဖြင့် မိုးရေမလုံလောက်ပါက စပါးအ တတ်သလို အခါမဟုတ် မိုးကြီးလျှင်လည်း စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၌ ဒုက္ခရောက်ရတတ်၏။ မုတ္တမပင်လယ်ကွေ့နှင့်နီးသော စစ်တောင်း မြစ်ဝဖြစ်၍ မိုးက အချိန်မရွေးလာတတ်သည်မဟုတ်ပါလား။

"အဲဒါ သမီးတို့ရဲ့အခက်အခဲပဲအဖေ၊ ကြည့်ပါဦး စပါးတွေ သီးလိုက်တာ ပြွတ်ခဲနေတာပဲ၊ ပင်ပွားတွေများပြီး အပင်တိုင်း အသီးအနှံတွေအောင်တယ်၊ မောင်ညို ရိတ်ရင်တောင်ချီး ဒါပေမဲ့ လူနဲ့ရိတ်ရမှာ. . . ကောက်လှိုင်းတွေ ကန်သင်းရိုးမှာတင်မှရမှာ၊ ပြီးရင် မိုးလွတ်အောင် အမိုးရှိတဲ့အောက်မှာ အမြန်ထားရမယ်၊ စပါးနဲ့တွေ မိုးမိရင် ကြွေမယ်၊ လေမယ်၊ အစို့တွေပေါက်မယ်၊ အလုပ်သမား နိုင်နိုင်သုံးရမှာ. . . အဖေ"

"အေးကွာ. . . ခြေလှေ့စက်နဲ့ဆို ဟန်ကျမှာနော်. . ."

"အင်းပေါ့. . . ကျောင်းစိုက်ကွင်းတွေမှာက ခြေလှေ့စက်နဲ့ သိမ်းတော့ ဘာမှ အခက်အခဲမရှိဘူး၊ လေလည်း မလေလွင့်ဘူး၊ မိုးလည်းလွတ်တယ်၊ စက်မှုလယ်ယာဖြစ်ဖို့လိုတာ သဲဘောပေါက်ပြီလား အဖေ. . ."

"ပေါက်ပါတယ်. . . သမီးရယ်၊ အဖေက သဘောပေါက်ပြီးသား၊ ဒီလိုသာစပါးတွေထွက်ရင် အဖေတို့ နောင်နှစ်တွေဆိုစက်တွေ ဝယ်ရမှာပေါ့ သနပ်ပင်မြို့နယ်က စိုက်ကွင်းတွေလိုပေါ့ မိုးစပါး၊ နွေစပါး. . . စက်အားနဲ့လုပ်ကြတာ. . ."

"ကဲ. . . ခုတော့. . . ဘဘအောင်ရဲ့ ရိတ်သိမ်းစက်ကိုပဲ ကပ်သုံးကြတာပေါ့ အဖေရယ်. . ."

တစ်သက်တစ်ခါ ဤမျှစပါးမဖြစ်ဖူးသေး၍ ဦးတင်လှနှင့် ဒေါ်သန်းရှင်တို့မှာ ဝမ်းသာအားရဖြစ်နေကြ၏။ လှေကြီးထိုးရိုးရိုးဖြင့်သာ ရှေးမူမပျက်စိုက်ပျိုးနေလာခဲ့သော လူမှီးလူအများပီပီ ယခုလို စပါးများသီးခိုင်ဖြိုးစွာ ရင့်မှည့်နေသည်ကိုကြည့်၍ ရိတ်ပင်မရိတ်ရက်စွာ ခံစားနေ၏။ ရှေးဆန်သော သမိုင်းဝင်ရွာနှင့် လူရှီးများကို ဗေဒါဦးက ခေတ်သစ်သို့ လှစ်ဟပြလိုက်သလိုပင် ဖြစ်နေသည်။

"လယ်မြင်မှာ ဆင်ကောင်ပျောက်တယ် ဖြိုးမောက်လို့သီး" ဆိုသော စာဆိုမှာ တကယ်မှန်ပေ၏။ မြေနိမ့်လယ်ကွက်များ၌ နောက်စိုက်စပါးပင်များမှာ အနံ့စိမ်းတုန်းဖြစ်၏။ မငိုက်မျှင်းသေးပေ။ ထိုလယ်များ၏ ကန်သင်းရိုးတွင် လူဝင်ပျောက်သော် မမြင်ရပေ။

"ဒီလိုသာ စပါးကောင်း၊ ပဲကောင်းရင် တစ်ရွာလုံးချမ်းသာပြီ သမီးရဲ့. . . အဟား. . . ဟား. . . ဟား"

"အင်း. . . သူတို့က သမီးတို့လို သဘောပေါက်ပြီ လိုက်လုပ် ဦးမှလေ အဖေရယ်၊ ဦးကြီးကျော်လွင်ပြောသလို နင့်နည်းက မြေဩဇာဖိုး၊ စပါးမျိုးဘောင်ဖိုး၊ စက်ခတွေကုန်တာနဲ့ ရတာ ဘာမှ မကာမိဘူးလို့ အပြစ်တင်ပြီး ပြောချင်ပြောမှာ. . ."

"အိုး. . . အပြစ်ပြောပြီး ဇီဇာကြောင်နေတဲ့သူတွေကို အဖေတို့က လက်တွေ့အမြတ်ကျန်ကြောင်းပြရမှာ၊ တစ်ဧက (၈၀) ပဲ သီးတယ်ထား. . . ကျန်တယ်သမီး၊ သူတို့သွားရည်ယိုလာမှာ ကြည့်ထား. . ."

ဖေဒါဦး စိတ်ပျက်နေ၍မဖြစ်။ နည်းစနစ်သစ်ဖြင့် အမြန် လက်တွေ့အကောင်အထည်ဖော်ပြမှရပေမည်။ စပါးရိတ်ရက်ကို သတ်မှတ်ပြီး လူစုလိုက်သည်။ နေ့စားခ (၃၀၀၀) ပေး၍ တဲကုန်း ပေါ် အရောက် ရိတ်သိမ်းစနစ်ဖြင့် တစ်ခါတည်းလုပ်ကြရန် ညှိလိုက် ကြသည်။ ဦးလေးအောင်၏ ခြွေလှေ့ရိတ်သိမ်းစက်အသစ်ဖြင့်လည်း ဝိုင်းရိတ်သိမ်းကြမည်ဖြစ်၏။

မရိတ်သိမ်းခင် ရွှေရောင်တောက်နေသော စပါးခင်းကြီးကို ဖေဒါဦး မမှိတ်မသုန် ကြည့်နေမိသည်။ မြောက်ပြန်လေ၍ပါလာ သော ဆောင်းရနံ့က ကျီစယ်နေသဖြင့် လူရောစိတ်ပါ ပိုလန်းဆန်း နေ၏။ မိမိတို့လယ်ပွဲတွင် လူစည်နေသည်။ လူဖြင့် တစ်စုကိုင် ရိတ်မည့်အဖွဲ့၊ ရိတ်သိမ်းပြီး ကောက်လှိုင်းသယ်ယူမည့်အဖွဲ့၊ ခြွေလှေ့ရိတ်သိမ်းအဖွဲ့ဖြင့် သုံးဖွဲ့ခွဲလုပ်နေကြသည်။ ရွာရှိ အခြား လယ်များ မည်သူ့လယ်မှ မရိတ်ကြသေးသဖြင့် လယ်သမားများ

အားလပ်နေချိန်လည်းဖြစ်ရာ လာရောက်နေ့စားလုပ်သူများ လုပ်အားပေးသူများ များပြားသည်။ အထူးသဖြင့် ရိတ်စက်ကို စိတ်ဝင်စားကြ၏။

"ကိုတင်လှရေ. . . မြို့နယ်ကို ကျေပ်ဖုန်းဆက်ထားတယ်ဗျ၊ မြို့နယ်ရုံးက ရိတ်သိမ်းစက်ကို ကူညီဖို့တောင်းလိုက်တာ သူတို့ လာကြလိမ့်မယ်၊ မန်နေဂျာကြီးက အားရဝမ်းသာလိုက်လာမယ်တဲ့ ဗျာ. . . သူရဲ့ "ပန်းပွင့်လေး ဗေဒါဦး" က တကယ်အလုပ်လုပ်တာမို့ အားပေးရမယ်တဲ့လေ၊ . . . ဗေဒါဦးကို ချီးကျူးပြောတာဗျ. . ."

"ဟယ်. . . ဟုတ်လား ဘဘအောင်. . . မန်နေဂျာကြီးကို သမီးက နောင်တျောင်းပြီးမှ ဂါရဝပြုဦးမယ်လို့ စိတ်ကူးနေတာ၊ အခုလိုလာတော့လည်း ကောင်းပါတယ်. . . ဝမ်းသာစရာကြီးပေါ့"

"သူက သမီးသတင်းကို နားထောင်နေတာ၊ မကြာခဏ ဘဘဆီ ဖုန်းနဲ့မေးတာ၊. . . သမီး ဘာတွေလုပ်နေသလဲ. . . ဘာတွေစိုက်ထားသလဲလို့လေ. . ."

ဟုတ်ပါလိမ့်မည်၊ ကိုယ်ပျိုးထားသည့် ပန်းတစ်ပွင့်အတွက် စိတ်ဝင်စားစွာ စောင့်ကြည့်နေမည်ပေါ့လေ။ သည်ပန်းပွင့်က အဘယ်မျှ လန်းဆန်းဝေဆာမည်ကို ကြည့်ထားကြပေရော့. . . ဟု ဗေဒါဦးရင်ထဲမှ ပြောနေမိပါသည်။

"အမေ. . . ညီသည်တွေအတွက် ကျွေးမွေးဖို့လုပ်ကြရအောင်၊ ဒေါ်လေးကို ဆင်းမရိတ်နိုင်းဘဲ ချက်ခိုင်းနော် အမေ. . ."

"အမလေး သမီးရယ်၊. . . ကလေးတွေနဲ့ အမေချက်မှာပေါ့၊ ဒေါ်လေးရိတ်ပါစေ. . . သူက အရိတ်ကျွမ်းတယ်၊. . . မြန်မြန် ပြီးအောင်ရိတ်ပါစေ၊. . . ထိုက်ထိုက်တို့၊ ကြည်ပြာတို့ ချစ်နိုင်တို့နဲ့

အမေချက်မယ်၊. . . ငါးရံ့ခြောက်ဖုတ်လုပ်ပြီးပြီ. . . လာရင် အဆင်သင့်ပဲ၊. . . လက်ဖက်နဲ့ မုန့်ဆန်းလဲ ပြင်ထားပြီးသား. . ."

လုပ်အားပေးရော၊ လူငှားရော လာသမျှလူကို အမေက မုန့်ဆန်းနှင့်သကြား နယ်ကျွေးညှော်ခဲ့၏။ ရေနွေးကြမ်းကို မပြတ်စေရန် ကြာခိုင်က ကန်သင်းပေါ်သို့ သယ်ပို့နေသည်။

"အင်း. . . ပျော်စရာကောင်းတဲ့ မြင်ကွင်းကြီးပဲ၊. . . မိုးစပါး စံကွက်ရိတ်သိမ်းတာထက် ပိုစည်နေပါလား မောင်တို့. . ."

"ဟုတ်တယ်. . . မန်နေဂျာကြီးရဲ့. . . ရွာကလယ်သမားတွေ စိတ်ဝင်စားနေကြပြီ၊. . . ဘယ်လောက်ထွက်သလဲ၊ ကုန်ကျစရိတ် နှုတ်ရင် ဘယ်လောက်ကျန်တယ်ဆိုတာ သိချင်နေကြတာ. . ."

"ဟုတ်ပြီဗျာ. . . ဒီနေရာက ကျုပ်တို့ ကောင်းကောင်း စကားပြောခွင့်ရတဲ့နေရာပဲဗျ၊. . ဒါနဲ့ ကိုလေးအောင် အခြား လယ်သမားတွေပါ နေ့တစ်နာရီနားချိန်မှာ စုဝေးလာခဲ့ကြဖို့ ဆင့်ခေါ်ပါဦးဗျာ၊. . . ကျုပ်တို့ ဟိုရွာစပ်က စာသင်ကျောင်းမှာ စုကြစို့၊ ကျွဲကူးရေပါဆိုသလို ဆွေးနွေးသွားရအောင်. . ."

"ဟုတ်ကဲ့. . . ဒီနေ့ ကျောင်းပိတ်ရက်ဆိုတော့ အဆင်ပြေ ပါတယ်. . ."

"ကိုင်း. . . မောင်ထင်လင်းရေ မင်းတို့မောင်းလာတဲ့ ခြွေလှေ့ စက်ကို ကောင်းကောင်းသရုပ်ပြလိုက်ပော့၊ ရိတ်သိမ်းပုံတွေ. . . တိုက်ရိုက်အိတ်ဝင်သိမ်းနိုင်တာတွေ ရှင်းပြကြ၊ ဒီနေရာက တို့အတွက် ဟန်အကျဆုံးပဲ၊ ဒီနယ်မြေကလူတွေ စံပြစိုက်ကွင်းကို ခေါ်ပြီး လက်တွေ့သရုပ်ပြပွဲကို လာကြည့်နိုင်းတာ လာကိုမလာ ကြဘူး။ ခုမှပဲ သူတို့ကို တွေ့ရတော့တယ်. . ."

မြို့နယ်မန်နေဂျာကြီးက သဘောကျစွာ တတွတ်တွတ် မှာကြားစီမံနေ၏။ ရွှေရိုးအစဉ်အလာဖြင့်သာ လယ်ယာမြေကို ဖက်တွယ်ထားချင်ကြသူများကို ရွာအရောက် ခုလို လာရောက် ဟောပြောချင်နေသူပီပီ မြို့နယ်အဖွဲ့ အားရကျေနပ်နေကြ၏။ ကျေးရွာဥက္ကဋ္ဌကြီးမှတစ်ဆင့် နေ့လယ်တွေ့ဆုံပွဲကို ဆင့်ခေါ် နေသလို ဗေဒါဦး၏ စိုက်ခင်းလယ်များကိုလည်း စက်အားလူအား ဖြင့် ရိတ်ကြသည်မှာ အလုပ်တွင်လှပေသည်။

"ကိုလေးဒေအောင်ရေ အထွက်နှုန်းသိရအောင် တစ်ဧက သီးသန့်စက်နဲ့ရိတ်ပြီး ခြွေကြည့်ခိုင်းထားတယ်၊. . . လယ်သမား တွေကို လက်တွေ့ပြဖို့လေ၊. . . ကျန်တဲ့အကွက်တွေတော့ ကြိုက်သလို ရိတ်ကြပေတော့. . ."

"ဟုတ်ကဲ့. . . လက်ရိတ်သမားတွေအားလုံး တဲကုန်းမှာ စုပုံထားပြီး နောက်မှနယ်မှာပါ။. . . ကျွန်တော့ရိတ်စက်က တော့မှုံ အိမ်တွင်းလက်မှုလုပ်စက်ဗျ၊. . . မန်နေဂျာကြီးတို့စက်လောက် မမြန်ဘူး. . . သစ်သားကိုယ်ထည်နဲ့လေ. . ."

"အေးဗျ. . . မဆိုးပါဘူး၊. . . ကျွန်တော်တို့စက်ကတော့ နိုင်ငံခြားဖြစ် သံမဏိထည်ဆိုတော့ ပေါ့ပါးသွက်လက်တာပေါ့ အခု နောက်လာတာတွေ ဈေးလျှော့လာပါပြီ၊. . . ဖိန္နီယဘက်က လယ်ယာသုံးစက်တွေ ဝင်လာတော့မှာပါ. . ."

နေမင်းက ခေါင်းသို့ကျော်လေပြီ။ သို့သော် လူအများ မမောမပန်းလုပ်ကြဆဲဖြစ်၏။ ငယ်စဉ်ကလယ်တန်းတုန်းက သင်ကြားခဲ့ရသော ကဗျာတစ်ပုဒ်ကို ဗေဒါဦးသတိရမိသည်။

"...ပျို့ခေါင်းကိုနေကျော်...နားချိန်ကတော်...နားနေရင် ချိန်ချော်ရှော့မယ်...ငန်းဆော်ပါလေး..."

ဟူသော ကောက်စိုက်သီချင်းကဗျာတစ်ပုဒ်က ခေါင်းထဲ ရောက်လာ၏။ လယ်သမားတို့၏ ဌာကား ကြီးပြီးသားဖြစ်၏။

"အမိုးပြူးတို့ ဒေါ်လေးတို့ရေ...ထမင်းစားဖို့ရပ်ကြစို့လေ၊ နေပြင်းပြီ...အားလုံးတက်ကြစို့နော်..."

"နေပါဦးအေ...ဒီတစ်ငန်း အပြတ်ဆွဲလိုက်ပါဦးမယ်၊...ညည်းဦးလေးတွေ ကောက်လှိုင်းသယ်တာသာ အလျှင်မီအောင် လုပ်နိုင်းစမ်းပါ၊...ကျုပ်တို့ လက်ရိတ်သမားတွေလည်း စွမ်းကြောင်းပြချင်လို့ပါ..."

"စွမ်းပါတယ်...စွမ်းပါတယ်...အခုနေပြထားကြ၊..တို့က နောင်နှစ်ကျရင် ဟောဟိုစက်တွေ ဝယ်သုံးကြတော့မှာ၊ နောက်ကျရင် အစွမ်းပြဖို့ နင်တို့ခက်မယ်..."

အားကျမခံ ပြန်ပြောနေသော မမသင်းယောကျ်ားအား မမသင်းက

"အလိုတော်...ဝယ်ပါ...ဝယ်ပါ...ရှင်အာမရိုက်နဲ့၊ အဲသလိုဝယ်နိုင်အောင် ပဲကွက်ကို အမြန်ထွန်ပြီး စိုက်စမ်းပါ၊ စက်ကိုလေနဲ့ဝယ်လို့မရဘူးနော်..."

"ဟ...မိသင်းရ...နင့်ယောကျ်ားလေနဲ့စားလာတာ...တစ်သက်လုံးပဲဟာ၊...နင်ခုမှသိလား..."

"အရင်ကမသိလို့ ယူခဲ့မိတာပါတော်၊..အခုတော့ ခွာထုတ်လို့လဲမရ...ကပ်ထားတော့လဲ မွဲပြီးရင်းမွဲဖြစ်နေတာ..."

"ဒါနဲ့ ကလေးတွေ အပျိုပေါက်ဖြစ်နေပြီပေါ့. . . အဟား. . ဟား. . ဟား"

အားလုံးစကြနောက်ကြနှင့် ဆောင်းနေကိုအံတုကာ တံစဉ်တလက်လက် စက်သံတရျက်ရျက်ဖြင့် စံကွက်ငါးကွက် (နှစ်ဧက) မှ ပြီးသွားကြ၏။ ညနေဆိုလျှင် တစ်ဧကနှုန်းလည်းသိ. . . လယ်ကွက်များလည်း ရိတ်ပြီးဖြစ်ပေလိမ့်မည်။ ထမင်းစားတက်၍ စားသောက်ပြီးသော် အပန်းဖြေရင်း ကျောင်းခန်းမသို့ စုဝေးလိုက်ကြ၏။ လယ်ကို စိတ်ကုန်နေကြသော်လည်း စုဝေးကိုတော့ တက်ရောက်ကြပါသေး၏။

* * * * *

## အခန်း (၁၁)

မြို့နယ်စိုက်ပျိုးရေးရုံးမှ မန်နေဂျာကြီးသည် ရွာသူရွာသားလယ်သမားများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသော သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက်ပါ စည်းလက်ကမ်းစာစောင်လေးကို ဝေငှလိုက်၏။ ၎င်းအချက်များဖြင့် စိုက်ပျိုးကြပါက တစ်ဧကတင်း (၁၀၀) ရှုန်းအထက်ထွက်ကြောင်းလည်း ရှင်းပြပါသည်။

"အခု ဦးတင်လှလယ် (၅) ဧကနဲ့ ဦးလေးအောင်တို့ရဲ့ လယ်ဆယ်ဧကတစ်ပွဲတို့ဟာ ကုန်းပေါ်မျိုးထောင်စနစ်နည်းနဲ့ စိုက်ကြည့်ထားတာပါ. . . ဒါက ရေနက်ကွင်း စိုက်နည်းပါ၊ အခြားလယ်တွေ အခုမှ ရင့်ဖို့အားယူနေချိန်မှာ ဦးတင်လှတို့က ရင့်မှည့်မှု ညီညီညာညာနဲ့ ရိတ်သိမ်းလို့ရသွားပြီ. . .မောင်းညီ့ရိတ်မယ်ဆို ဒီထက်စောပြီးရိတ်လို့ရတယ်. . .၊ အခု တစ်ဧက (၉၇) တင်းကျော်ထွက်တယ်၊ ဒါ သမီးလေး ဇေဒါဦးက သူ့ကျောင်းမှာ သင်ထားတဲ့ အတိုင်း မျိုးနည်းလေးနည်းထဲက တစ်နည်းနဲ့စမ်းသပ်ပြီး လက်တွေ့စိုက်ထားတာ၊ ကလေးရဲ့စိတ်ဝင်စားမှုကို ချီးကျူးပါတယ်၊ ယုံယုံကြည်ကြည်နဲ့ အားပေးကူညီခဲ့တဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်. . . ကျွန်တော်တို့စိုက်ပျိုးရေးဌာနကပြောခဲ့. . . တင်ပြခဲ့တာ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်ကတည်းကပါ၊ ဒါပေမဲ့ မြို့နယ်အတွင်းမှာ

စိတ်ဝင်စားတဲ့သူက များပါတယ်၊. . . အဆိုးဆုံးကတော့ ဒီနားက ရွာတစ်ရွာပါပဲ၊. . . လာလည်း နားမထောင်ဘူး. . . စံပြစိုက်ကွက်တွေကို လာကြည့်ရှုလေ့လာတာလည်း မရှိဘူး။. . . လာကြည့်နိုင်းလို့ လာကြည့်သူတွေကလည်း အရင်းများတယ်ဆိုပြီး လက်လျှော့သွားသူတွေချည်းပါပဲ ခင်ဗျား။. . . လယ်မြင့်တဲ့ကုန်းတန်းမှာ လယ်ကွက်ထဲတင် မျိုးဘောင်တွေလုပ်ပြီး မျိုးထောင်စိုက်လို့ရပါတယ်. . . ”

ရွာသားများ ကွမ်းဝါးရင်း၊ ဆေးလိပ်ခဲရင်း နားထောင်နေကြသည်။ အချို့မှာ နံနက်စာစားပြီး ဗိုက်လေးကာ အိပ်ငိုက်နေကြပြီဖြစ်၏။

“တကယ်တော့ ကိုယ့်လယ်ကို သမားရိုးကျ ထွက်ယက်စိုက်ပျိုးတာနဲ့ ဘာမှမကွာပါဘူး။. . . မျိုးပေါင်နဲ့မျိုးတာရယ်. . . မြေဩဇာ အချိုးကျထည့်ရတာရယ်. . . ဒါပဲကွာတာပါ၊ မျိုးစေ့လည်း ကိုယ့်မှာရှိတာ ကိုယ်စိုက်လို့ရပါသေးတယ်၊ မျိုးစေ့ကာစ အသစ်မဝယ်နိုင်လည်း အခု ဦးတင်လှတို့လို ကိုယ့်ရှိတဲ့မျိုးနဲ့သာစိုက်နည်းလေးနည်းနည်းပဲပြင်ရမှာပါ၊. . . လုပ်ကြည့်စိုက်ကြည့်ကြပါဗျာ၊ အရင်က တစ်ဧက (၃၀-၄၀) လယ်တွေ (၁၀၀) နီးပါးရလာတာ ဘယ်လောက်ကွာသလဲခင်ဗျား၊ ပိုရတော့ ပိုသုံးစွဲရတာပဲ မဟုတ်လား။. . . ခုလို လက်တွေ့ကိုမြူမြင်ဘဲ နည်းစနစ်မပြောင်းဘဲ ထားတာ ဘယ်လောက်နှမြောဖို့ကောင်းလဲဗျာ. . . အခုဆို ဒီသမီးလေးက ဘာမဆို ကူညီပေးမှာ၊. . . ဦးလေးအောင်ဆိုလည်း နည်းသစ်နဲ့လုပ်ကိုင်တတ်နေပြီ။ နမူနာယူပြီး လိုက်စိုက်ပျိုးကြပါ၊ နောင်ဆို ထွန်ယက်စက်တွေ၊. . . ရိတ်သိမ်းစက်တွေ ပေါ်လာတော့

မှာပါ. . . ပိုပြီး အဆင်ပြေသွားမှာ. . . အချိန်တွေ အလေအလွင့်တွေ လျော့ပါးသွားပြီး ဝင်ငွေတိုးလာမှာကျိန်းသေပါပဲ. . . "

"အဲဒါ မန်နေဂျာကြီးပြောတာပဲ၊ ထွက်မဲ့စပါးနဲ့ ဓာတ်မြေဩဇာဖိုး . . . ဘောင်နဲ့ပျိုးတဲ့ကုန်ကျစရိတ်တို့က ဘယ်သွားထားရမလဲဗျ၊ ပြီးတော့ ထွန်ယက်ဖို့ စက်ကြီး. . . စက်သေးကရှိဦးမှ. . . ရေက အရန်သင့် အဆင်ပြေဦးမှ. . . အခက်အခဲတွေ အများကြီးပဲလေ"

"ဟုတ်ပါတယ် ဦးကြီးရယ်. . . ဒါကို တစ်ထစ်ချင်း ဖြေရှင်းသွားရမှာပေါ့. . . စိတ်မပျက်ပါနဲ့ အခု လယ်ယာစိုက်ပျိုးစရိတ်တွေကို ထပ်တိုးမြှင့်ပြီးလည်း ချေးမယ်၊. . . မျိုးစပါးတွေလိုရင်လည်း ထုတ်ပေးမယ်ဗျာ၊. . . ပြန်တော့ဆပ်ရမှာပေါ့။ စိုက်ပျိုးရေးသုတေသနက စမ်းသပ်ထားတဲ့မျိုးမို့ ပိုးကင်းတယ်၊. . . အထွက်နှုန်းသေချာတယ်. . .။ ဘာလိုလဲခင်ဗျာ. . . "

"လိုတာပေါ့ဗျာ၊. . . ကျုပ်တို့မြေတွေက ချောင်းနဲ့ဝေးတယ် . . . ရေလိုပါပြီတဲ့. . . ဘယ့်နှယ်လုပ်မလဲ. . . "

"ဟုတ်တယ်. . . ဟုတ်တယ်"

"မဖြစ်သေးတာကို ကြိုမပူပါနဲ့လေ၊. . . အခုနှစ်မှာ ဦးတင်လှတို့လယ်တွေ စိတ်ပူပြီး ချောင်းကမ်းဘေး လယ်ကွက်တွေချည်းပဲ စိုက်ကြတာ၊. . . သူ့ဖိုးသူ့ရေ အခြေအနေအတော်ပဲ၊. . . ဘာစက်မှတောင် မသုံးလိုက်ရဘူး၊. . . မြေဩဇာလည်း ဇီဝရှုပါ တစ်ကြိမ်ပဲ ထပ်ကျွေးပေးရတယ်။ ကဲ. . . အထွက်နှုန်းက ကွာသွားတာ လက်တွေ့ပဲ၊ စပါးမျိုးသာပြောင်းစိုက်ရင် ရာကျော်တယ်ဗျာ. . . "

"ဒါက ရာသီမဖျက်ဘဲ ဖြစ်သွားလို့ပါ အရင်းတွေနုတ်ရင် စပါးဈေးနဲ့ သိပ်မကိုက်ပါဘူးဗျ၊ ရာသီမဖျက်မှ ဝမ်းစာကျန်မှာ၊

နိုးရိုးစိုက်လည်း ကုန်ကျမှုမများဘဲ. . . ရာသီမဖျက်လို့ကတော့ ကျန်ပါတယ်၊ ရာသီသာမှန် နည်းသစ်နဲ့မစိုက်လည်း ရပါတယ်. . ."

"ဟုး. . . မလွယ်ပါလား. . . ဦးလေးအောင်ရေ ခင်ဗျားတို့ ရွာကလူတွေက တယ်ကပ်တာပဲဗျ. . . လက်ကိုမခံကြတာ. . ဟင်း"

မန်နေဂျာကြီး စိတ်ပျက်သွားပုံရ၏။ စိုက်/ကြွယ်ဦးသန်းကျော်က သကာ. . .

"အပျက်သဘောနဲ့ မပြောကြပါနဲ့ဗျာ. . . အပြုသဘောနဲ့ ဖြစ်နိုင်ချေကို ပြောကြပါ၊ ဘောင်ပိုးစနစ်က ရာသီမရွေး နေရာမရွေး စိုက်လို့ရပါတယ်၊ အခုဆို လယ်ယာသီးနှံရောင်းချခွင့်တွေ လွတ်လပ်ခွင့်ပေးလိုက်ပြီဆိုတော့ သီးနှံရောင်းအားတွေ ကောင်းလာမှာ ဖြစ်သလို ဈေးတွေလဲတက်လာမှာပါ၊ တိုက်ရိုက်ပြည်ပရောင်းချလို့ ရလာတော့ အရည်အသွေးကောင်းတဲ့ သီးနှံဆို ဈေးကောင်းရလာတော့မှာပါ။ မြေမအား. . . လူမနား အမြန်မြန်အလျှင်လျှင် စိုက်ပျိုးကြဖို့ပဲ လိုတော့တာပါ၊ လက်မှုလယ်ယာကနေ စက်တွေသုံးတဲ့ စက်မှုလယ်ယာတွေ တဖြည်းဖြည်းဖြစ်လာရင် အချိန်ကုန်၊ ငွေကုန်လည်း သက်သာ. . . ပစ္စည်းလည်း အရည်အသွေးကောင်းပြီး အလေအလွင့် နည်းသွားမှာပါ. . ."

"ဟိုတုန်းက မြန်မာ့ဆန်ဟာ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှခဲ့. . . အရောင်းသွက်ခဲ့တာပါ၊ အခု အဲသလိုမျိုး ပို့ကုန်အရည်အသွေးနဲ့ အရည်အတွက်တွေ စံချိန်မီဖို့ ကျွန်တော်တို့လယ်သမားတွေက ကြိုးစားပေးကြရမှာဖြစ်လို့. . . ကိုယ့်အတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းလာအောင် သိပ္ပံနည်းနဲ့ စိုက်ပျိုးကြပါလို့ တောင်းဆိုချင်တာပါ၊ ပြည်ပဈေးကွက်မှာသာ မြန်မာ့ဆန်နေရာ

ပြန်ရလာလို့ကတော့ လယ်သမားတွေရဲ့ ဘဝဆင်းရဲမွဲတေဘဝက လွတ်ပါပြီ၊ လယ်ယာထွက်သီးနှံမျိုးစုံကို ပြည်ပတင်ပို့နိုင်အောင် ကြိုးစားဖို့ နိုင်ငံတော်သမ္မတကြီးကစ အားပေးနေပါပြီခင်ဗျာ. . ."

"ဟုတ်ပါတယ်. . . ဆရာကျော်ပြောသလို ဆန်စပါးဈေးကွက် ချဲ့ထွင်နိုင်ရေးနဲ့ ဆန်းစပါးဖွံ့ဖြိုးတိုးတက်ရေးကိစ္စမှာ စပါးကောင်းမှ ဆန်ကောင်း၊ ဆန်ကောင်းမှ ဈေးကောင်းရမှာဖြစ်ပါတယ်. . . အခုဆို ပြည်ပက အခြောက်ခံစက် (Dryer) တွေ၊ စပါးသိုလှောင်ရုံ (silo) တွေလည်း ဖြစ်လာပါပြီ။ စက်မှုလယ်ယာစနစ်ကို မလွဲမသွေ ရောက်လာတော့မှာပါ၊ ဒေသအတွင်း တောင်သူလယ်သမားတွေ ဝင်ငွေတိုးစေဖို့ စပါး၊ ပဲအပြင် သစ်သီးဝလံစိုက်ခင်းတွေပါ စိုက်ကြပါလို့ ကျွန်တော်တို့က တိုက်တွန်းချင်ပါတယ်၊. . . ပဲတီစိမ်းဆို ရေဆင်း လေး၊ ငါး၊ ခြောက်၊ ကိုးမျိုးတွေက အထွက်ကောင်းပါတယ်"

မြို့နယ်မန်နေဂျာကြီး ဦးမောင်ကြွယ်က တိုက်တွန်းအားပေး စကားပြောပြပါသည်။

"ကျွန်တော်မေးပါရစေဦး. . . စိုက်/ကြပ်ကြီးရယ်"

"မေးပါ. . . မေးပါ. . . ဆွေးနွေးပါခင်ဗျ. . ."

"မြေမအား လူမနား စိုက်တယ်ပဲထား. . . ဒီမြေတွေ၊ မြေဆီမြေနှစ် ဘယ်လိုခံနိုင်မှာလဲဗျ၊ ဒီတော့ စပါးနဲ့ပဲလည်း ဘယ်အရည်အသွေးကောင်းပါ့မလဲ၊ ပြီးတော့ ပိုးတွေကိုက်တာ ဘယ်လိုလုပ်ကြမှာလဲ၊ ကျုပ်တို့က စပါးထက် ပဲကို အားထားရတာ. . ."

"ဟာ. . . ဟုတ်ပါတယ်. . . ဟုတ်ပါတယ်. . . ဒါ ဆွေးနွေးသင့်တဲ့ မေးခွန်းပါခင်ဗျာ။ ကျွန်တော်တို့ဒေသက စပါးနဲ့ မြေပဲ၊ ပဲတွေသာ စိုက်လို့ကိုက်ညီတဲ့ဒေသဆိုတော့ အခြားဒေသတွေလို

ဘဲတို့ ပြောင်းတို့ နေကြာတို့ ကြက်သွန်တို့ နှမ်းတို့ အစရှိတဲ့ သီးနှံတွေ တစ်မျိုးပြီးတစ်မျိုး ရေသွင်းစိုက်လို့ရတာမှမဟုတ်တာ. . . နှစ်မျိုးထဲပဲဟာ၊ မြေဆီမြေနှစ်သိပ်ပြုပြင် ခန်းခြောက်စရာ မရှိပါဘူးခင်ဗျာ။ တစ်နှစ်တစ်ခါသာ သဘာဝမြေဩဇာကိုချပေးကြရင် ဓာတ်မြေဩဇာအနည်းငယ်ကျွေးရုံနဲ့ စပါး ပဲ ဖြစ်ထွန်းပါတယ်. . . ဘကယ်လို့ ကိုယ့်လက်မှာ မြေဆီမြေနှစ် မကောင်းတော့ဘူးထင်ရင် မြေလွှာကိုစမ်းသပ်ပြီးမှ ပြုပြင်သင့်ပါတယ်၊ PH ကိုစမ်းပြီးမှ အချဉ်ဓာတ်လိုတာလား၊ အငန်ပေါက်နေတာလား ဆိုတာသိပြီး ဓာတ်မြေဩဇာအချိုးကျထည့်ပြီး ပြုပြင်သင့်တာပါ။ ဒါမှ ထွက်နှုန်းနဲ့အရည်အသွေးကောင်း ဖြည့်ဝပါတယ်. . . ဒီလို NPK တွေတိုင်းချင်ရင် ကျွန်တော်တို့ကူညီပါမယ်၊ ပြောပါ. . . ခေါ်ပါခင်ဗျာ. . ."

"ဟုတ်ပြီ. . . ကျုပ်က ပဲဧက (၂၀) လောက်စိုက်တာဗျ. . . ကိုယ့်စက်နဲ့ကိုယ်ထွန်ယက်တယ်၊ ကိုယ့်မျိုးနဲ့ကိုယ်သုံးတာပါ။ မြေဩဇာဆိုလည်း ရွက်ဖျန်းရော၊ အပင်အားတိုးဆေးရော၊ စုံအောင်လုပ်တာ၊ ဒါပေမဲ့ အထွက်နှုန်းကျတယ်ဗျာ၊ ပိုးလည်းကိုက်တယ်၊ ဒါကြောင့် စပါးကို အားထားစိုက်တော့မယ်. . ."

"ဟုတ်ကဲ့ပါ. . . မြေကို တိုင်းကြည့်ပါခင်ဗျ၊ ကျွန်တော်တို့ ပဲခူးတိုင်းက များသောအားဖြင့် မြေအချဉ်ဓာတ်နိမ့်တတ်ပါတယ်. . နာမည်ကြီးမြေဩဇာတွေကို ကုမ္ပဏီက ကြော်ငြာကောင်းတိုင်း ထည့်လို့မကောင်းပါဘူး။ သူ့အချိုးကျပဲကောင်းပါတယ်၊ ငွေတွေ သိပ်ကုန်ပြီး ကိုယ့်ဖို့မကျန်ဖြစ်တတ်ပါတယ်၊ ပြီးတော့ အပင်အသီးအားဆေးအချို့က ပိုးဥတွေကိုလည်း မြန်မြန်ကြီးထွားပေါက်ပွား

မြန်တာတော်ပါတယ်၊ ဝိုးကိုက်နည်းအောင် စပါးရိတ်သိမ်းပြီး ရိုးပြတ်တွေကို မီးရှို့ကြပါ. . . မြက်နဲ့ရိုးပြတ်ကြွင်းကို မီးရှို့တဲ့အခါ မြေကြီးမှာရှိတဲ့ ပဲပင်ဖျက်ပိုးတွေ ဖျက်စီးသွားစေတဲ့အပြင် မြာခေတ်ဟာလည်း မြေဩဇာအတွက်ကောင်းပါတယ်။ အချို့က ကောက်ရိုးကြွင်းနဲ့ မြက်တွေကို စက်နဲ့ခုတ်မောင်းပစ်ရင် ကြေညက်ပြီး သစ်ရွက်ဆွေးမြေ ဖြစ်တော့ မြေဩဇာရတယ်လို့ ဆိုကြပါတယ်၊ ဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်၊ သို့ပေမယ့် မြက်ခေါင်းတွေက ပြန်ပေါက်တတ်သလို ရိုးပြတ်ငုတ်တွေကလည်း ပဲပင်တွေအတွက် ဆွေးသွားမှသာ အသုံးဝင်တတ်ဟာဆိုတော့ မီးရှို့ပေးတာ အကောင်းဆုံးပါပဲခင်ဗျား ယုဉ်ကြည့်ကြပ်၊ ရိုးပြတ်ခုတ်ပြီး မီးရှို့တဲ့ လယ်နဲ့ မီးမရှို့ဘဲ စက်တန်း မောင်းတဲ့လယ် ပိုးအကျကွာပါတယ်. . ."

"အော်. . . ဒီလိုကိုး"

"အဲဒါမျိုးလုပ်တာပါပဲ. . . ပဲပိုးကျတော့ သေရောပေါ့ဗျာ. ."

"ကျွန်တော် အကြံပေးချင်ပါတယ် ခင်ဗျာ. . ."

"ပြောပါ. . . မန်နေဂျာကြီး. . . ပြောပါ"

"ပိုးဆေးကို တစ်မျိုးထဲမသုံးဘဲ ပြောင်းသုံးပါ၊ ဆေးမယဉ် အောင်လေ. . ."

"ဒါဆို. . . စမ်းကြည့်ရမယ်. . ."

ပရိသတ်က အပြန်အလှန် စိတ်ဝင်တစား ဆွေးနွေးလာ၍ မြို့နယ်ရုံးမှ တာဝန်ရှိသူများ အားတက်လာပါသည်။ အချို့မှာ အိပ်ချင်မူးတူး ငိုက်မျဉ်းနေရာမှ ခေါင်းထောင်လာကြပါသည်။ ဗေဒါဦးလည်း စိတ်ဝင်စားစွာ ကြည့်ရှုနားထောင်နေရပါသည်။ အဖိုးတန်သော ဆွေးနွေးမှုများမဟုတ်ပါလား။

"ဒီလိုပါ. . . အခုစိုက်တဲ့ ပေါ်မျိုးက ဒီအရပ်မှာ မနောသုခသာ စိုက်ကြတာများပါတယ်။ ကျွန်တော်တို့ဆီက မျိုးသန့်စပ်မျိုး ဆင်းကေရီ (၁) (၂) (၃) နဲ့ ဆင်းသုခ၊ မနောသုခ၊ ဧယျာမင်း၊ ပုလဲသွယ်စတာတွေကိုလည်း စိုက်စေချင်ပါတယ် ခင်ဗျား၊ အထွက်နှုန်းကျတော့ ကွာလို့ပါ။ သက်တမ်းရှည်ပြီး အထွက်နှုန်းကောင်းတော့ လယ်သမားတွေအတွက် "ပဲ" အဆင်ပြေလို့ပါ။ မျိုးစေ့မှန်မှ အဖိုးတန်တာမို့ပါ။ မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း အသီးဖျင်း၏၊ လို့ အဆိုရှိတယ် မဟုတ်လားခင်ဗျား. . ."

"အင်း. . . သက်တမ်းရှတော့ ရာသီဖျက်ဦးတော့ လွယ်တာပေါ့၊ ရိတ်သိမ်းခြွေလှေ့စက်တွေသာရှိရင် တလင်းပျောက်ပြီး အချိန်ကုန် ငွေကုန်သက်သာ အလေအလွင့်လည်း နည်းတာတော့ မှန်တာပေါ့၊ ဒါပေမဲ့ ကျုပ်တို့မှာက. . ."

"အားမလျှော့ပါနဲ့ အဖိုးရယ်. . . တစ်ကေကာစ ကေပေါင်း များစွာ တဖြည်းဖြည်း နည်းသစ်နဲ့ ပြုပြင်သွားလို့ရပါတယ်၊ အခု ဆင်းရဲနွမ်းပါးလျှော့ချရေးစီမံကိန်းတွေနဲ့ ငွေတွေ ချေးပေးနေပါပြီ၊ ညည်းညူနေမဲ့အစား ပြန်ပြီးထူထောင်ကြပါ၊ ဘာမှမလုပ်ရင်တော့ ဘာမှဖြစ်မလာပါဘူး၊ အခု ကျွန်တော်တို့ စံပြပြောပါမယ်၊ ဒီ ဦးတင်လှ ဒေါ်သန်းရှင်တို့ မိသားစုကိုပဲကြည့်ပါ၊ ကိုယ့်လယ်ယာ အပေါ်မှာ စိတ်ဝင်စားပြီး နည်းအမျိုးမျိုးနဲ့စဉ်းစားပြီး လုပ်ကိုင်ကြ တာတွေ့ရလို့ ချီးကျူးမိပါတယ်၊ သမီးဖြစ်သူလေးကာစ မြေယာကို စိတ်ဝင်တစားရှိလွန်းလို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုတက်ပြီး ခုလို လက်တွေ့ပြန်စိုက်ပျိုးနေတာ. . . အလွန်အားရကျေနပ်တယ်ဗျား၊ ဒီလိုမိသားစုမျိုး. . . ကလေးမျိုးတွေ များများပေါ်ထွက်လာမှ ကျွန်တော်တို့နိုင်ငံကြီးလည်း စိုက်ပျိုးရေးနိုင်ငံ ပီသလာမှာဗျ. . ."

"ဒါတော့. . . သူတို့မြေတွေကကောင်း. . . အရင်းလည်း တတ်နိုင်. . . သားသမီးတွေကလည်း ပညာတတ်ကူညီမယ့်သူတွေ ကလည်း ရှိတာကိုးဗျ. . ."

"ကျွန်တော်တို့ ဒီအရပ်လယ်တွေက ကောင်းပြီးသားပါ။ အညာက သဲလုံးလုံးဆန်တဲ့မြေတွေမှာတောင် အခြောက်စိုက်လို့ ဖြစ်ထွန်းကြသေးတာပဲ၊ မြစ်ဝှမ်းဒေသ ကျွန်တော်တို့က ပိုဖြစ်တာပေါ့၊ စိတ်မာတတ်မကျဖို့ပဲလိုတာပါ၊ ရွှေထုံးကိုလည်း မပယ်နဲ့လို့ တခို့ ရှိပေမယ့် ပယ်တာမျိုးလည်းမဟုတ်ဘဲ နည်းသစ်ကို တိုးပြီး စမ်းသပ် ကြည့်ကြပါလို့. . ."

"သမီး နည်းနည်းပြောပြပေးရမလား. . . ဘဘမန်နေကျာကြီး"

"ပြောပါ သမီး. . . ပြောပါ. . . ညည်းတို့ရွာက လူတွေကို ဝိုင်းနားချပါဦးကွယ်. . ."

"သမီးတို့စိုက်ပျိုးရေးသိပ္ပံကျောင်းမှာ သင်ခဲ့ရတဲ့သဘာဝ မြေဩဇာတို့၊ သစ်ရွက်ဆွေးမြေဩဇာတို့ဟာ အလွန်ကောင်းမွန်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေပါ၊ သမီးတို့ဆီမှာ နွားချေးတွေ လယ်ထဲချတာမျိုးပေါ့. . . ပြီးတော့ စက်ထဲက ဖွဲပြာတို့၊ ထုံးမှုန့်တို့ လယ်ထဲချတာတို့ဟာ အတော်အသုံးဝင်ပါတယ်၊ သဘာဝမြေဩဇာ တွေ ပြည့်ဝနေရင် ဓာတ်မြေဩဇာတွေ ထည့်ရသက်သာတာပေါ့၊ တစ်ခုပိုကောင်းတာက သမီးတို့တဲမှာလို အမြဲလုပ်ထားတဲ့ ပေဒါမြို့ မြေဩဇာလို သစ်ရွက်ဆွေးမြေဩဇာပါ၊ သစ်ရွက်ဆွေးဟာ အလွန် အာဟာရဓာတ်ပြည့်ပါတယ်၊ အထူးသဖြင့် ပေဒါပင်ဟာ အင်မတန် အဖိုးတန်တာပါ၊ ဒါကြောင့် သမီးတို့တဲမှာ နွားချေးနဲ့ပေဒါပင်တို့ သေသေချာချာ ထိန်းသိမ်းထားတာပါ၊ နွားချေးတွေကို အမိုး

အောက်မှာထားရင် ဝိုမြေဩဇာဓာတ် ပြည့်ဝပါတယ်. . . သမီးတို့ လယ်တွေဆို အဲ့ဒီနွားချေး၊ ဘဲချေး၊ ကြက်ချေး၊ ဝက်ချေးတွေလည်းချ၊ ပေဒါပင်သစ်ရွက်ဆွေးတွေလည်းချ၊ ဆန်စက်ကြီးကပြာတွေလည်း တိုက်ပြီးချထည့်ထားတာပါ၊ ပေဒါပင်က ပဲမှော်တွေ ကောက်ရိုးကြွမ်းတွေနဲ့ မှိုလည်းစိုက်လို့ အသုံးဝင်ပါသေးတယ်ရှင့်၊ ဒါကြောင့် ပေဒါပင်တွေကို ချောင်းစပ် ဖျက်စပ်တွေမှာတွေ့ရင် ဆယ်ယူကြပါ၊ ဝင်းပြီး နွားချေးနဲ့ မြေဩဇာလုပ်ထားကြပါ၊ ပြီးတော့ ဆောင်းသီးနှံအဖြစ် သမီးတို့ပဲခင်းတွေထဲမှာ စားပြောင်းတွေရော စိုက်လို့ရပါသေးတယ်၊ မျိုးစေ့လိုချင်ရင် သမီးဆီမှာယူကြပါ၊ သီးနှံတစ်မျိုးထဲနဲ့ မဟုတ်ရင် အခြားသီးနှံပါစိုက်လို့ရပါသေးတယ်၊ သမီးတို့ကျောင်းမှာ လက်တွေ့စိုက်ပြီး သင်ယူခဲ့ရတာပါ၊ စားလို့ရသမျှ စိုက်လို့ရရင် ငွေတွေဝင်လာမှာပါ. . . စိုက်ကြည့်ကြပါနော်. . . "

"ဟုတ်ပါတယ်ခင်ဗျာ. . . ကျွန်တော်တို့လည်း ကွင်းဆင်း ဆွေးနွေးတိုင်း ပြောပြရလွန်းလို့ မောနေပါပြီ၊ ကိုယ့်လယ်မြေတွေကို ပြန်ဆန်းစစ်ပြုပြင်ပြီး နည်းသစ်နဲ့စိုက်ကြပါ၊ နိုင်ငံတော်က ချေးတဲ့ ငွေကို ဓိမ်ခံပစ္စည်းတွေဝယ်သုံးပြီး လယ်တွေထဲမရင်းနှီးတာတော့ ကျွန်တော်တို့လည်း ဘာမှမတတ်နိုင်ပါဘူးခင်ဗျား. . . "

"အထွက်နှုန်းကောင်းတဲ့မျိုးစပါးသစ်တွေက မြို့နယ်မှာ ဝယ်လို့ရမှာလား မန်နေဂျာကြီးရဲ့. . . "

"ရမှာပါ. . . ရမှာပါ. . . ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်၊ စိုက်ချင်တဲ့စပါးကိုသာ ပြောပါခင်ဗျ. . . ပျဉ်းမနားရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်က "မျိုးစေ့ဘဏ်" မှာ လိုသလောက်ရပါတယ်၊ ကဲ. . . အချိန်လည်းလင့်သွားပြီ၊ လယ်ရှင်တွေကို အနှောင့်အယှက်

ပေးသလို ဖြစ်မှာစိုးလို့ ဆွေးနွေးပွဲရပ်ပြီး စပါးရိတ်ပွဲကို ဆက်နွှဲကြပါစို့ခင်ဗျား. . ."

"နေပါဦး. . . နေကြပါဦးခင်ဗျာ. . . ဒီမှာ. . . ဒီမှာ"

"ဦးလေးအောင် စံကွက်က စပါးထွက်နှုန်းသိရပါပြီခင်ဗျာ ပေါင်ပျိုးစိုက်ကွက်တစ်ဧက (၈၇) တင်းပါတဲ့ခင်ဗျား. . ."

"ဟေး. . ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . ."

လယ်သမားများ အားရဝမ်းသာပျော်ရွှင်သွားကြပုံကို ကြည့်၍ ပေဒါဦး ကျေနပ်ပျော်ရွှင်နေမိပါသည်။

"တဲ. . . အားလုံးကြားတဲ့အတိုင်းပါပဲခင်ဗျာ၊ ဦးလေးအောင်ရဲ့ တစ်ဧကနှုန်းက အစိုချင် (၈၇) တင်း၊ ဦးတင်လှရဲ့ တစ်ဧကနှုန်းက (၉၇) ဆိုတော့ ယခင်နှုန်းတွေထက် အများကြီးသက်သာပါတယ်။ မိုးဦးကျမှာ လယ်စိုက်ဖို့ ပျိုးခင်းကိစ္စမပူပင်ရတာ. . . မျိုးဆွဲခ မကုန်ရတာ. . . ကြခင်းလုပ်ထားရင် မြက်နဲ့စပါးရွေးမရတဲ့ ဒုက္ခတွေက ကင်းခဲ့ကြရတယ်. . . မဟုတ်ပါလား. . . ခင်ဗျား ဒါတောင် အစမ်းသဘောနဲ့ သူတို့လေးငါးဧကပဲ စိုက်ကြည့်ကြလို့ပါ။ လယ်ကုန်စိုက်ရင် ထားစရာနေရာတောင်ရှိမှာ မဟုတ်ပါဘူးခင်ဗျား။ ဒီတော့ သိပ္ပံနည်းစနစ်သစ်နဲ့ မျိုးစပါးသစ်တွေကို စိုက်ပျိုးကြပါ။ လိုတဲ့အကူအညီကို တတ်နိုင်သမျှ ကူညီပါမယ်၊ တတ်နိုင်တဲ့သူတွေ လည်း ထည်စက်တွေရိတ်စက်တွေ ဝယ်ချင်ရင်ပြောပါ၊ ဖက်စပ် ကုမ္ပဏီတွေကို လိုက်ပြပေးပါ့မယ်. . ."

"ကျုပ်တို့ကို စက်တွေငှားပေါ့ဗျာ. . အခုတော့ ဘယ်ဝယ်နိုင် ပါဦးမလဲ. . . ပဲကောင်းမှဝယ်နိုင်မှာ. . ."

"ဒီလိုစပါးကို စောစောရိတ်သိမ်းနိုင်ရင်ပဲ စောစောပဲစိုက်ပြီး ဟန်ကျလာမှာပါ။ ပြီးတော့ဗျာ. . . ဟိုတုန်းက ပညာမတတ်သူမှ လယ်လုပ်ကြတာဗျ" ခုခေတ်မှာက "ပညာတတ်တွေ လယ်လုပ်လာကြပြီ" ပညာတတ်တွေမှာမှ စိုက်ပျိုးရေးသိပ္ပံတွေတက်ပြီး သမီးလေးပေဒါဦးတို့လို ကိုယ့်လယ်ကိုယ်ပြန်စိုက်ပျိုးလုပ်ကိုင်တာမျိုး ပိုကောင်းပါတယ်၊ ဒီတော့ ဦးကြီးတို့ရဲ့ သားသမီးတွေကို ပညာတွေသင်ပေးကြပါ။ ပညာတတ်၊ စာတတ် လယ်သမားတွေဖြစ်အောင် လုပ်ပေးကြပါ။ ဒါမှ ခေတ်မီနည်းတွေနဲ့ လုပ်ကိုင်တတ်လာကြမှာလေ၊ သားသမီးတွေကို ပညာသင်ပေးနိုင်ဖို့ မိဘတွေက ဦးစွာပထမ လယ်တွေကို မြှုပြင်စိုက်ပျိုးကြပါဦးခင်ဗျာ၊ ကိုယ့်မိသားစုအတွက် ကိုယ့်နိုင်ငံအတွက် လယ်ယာထုတ်ကုန်တွေ တိုးတက်လာအောင် အရည်အသွေးတွေ ကောင်းမွန်လာအောင် ဝိုင်းဝန်းကူညီလုပ်ကိုင်ကြပါဦးလို့ ပြောကြားရင်း ဆွေးနွေးပွဲကို ရုပ်သိမ်းပါတယ်ခင်ဗျား"

အားလုံးလက်ခုတ်တီး၍ လှူစုခွဲလိုက်ကြပါသည်။ ပြန်သွားကြသူတွေအားလုံး၏စိတ်တွင် တစ်စုံတစ်ရာလေးပါသွားကြမည်မှာ မလွဲပေ။ အနည်းဆုံးတော့ ဦးတင်လှနှင့် ဦးလေးအောင်တို့ လယ်ထွက်စပါးကို အားကျသည့်စိတ်မျိုး ဖြစ်သွားကြပေလိမ့်မည်။

ယခင်က လယ် (၁၀) ဧက တစ်ပွဲလုံးမှ စပါး (၄၀၀) နီးပါးမျှသာ ထွက်ကြသော လယ်သမားများမှာ အံ့ဩနပမ်းဖြစ်ကြကုန်၏။ မိုးခေါင်သော်လည်း ရေ "အ"မှာ မစိုးရိမ်ရသော သက်နုမနော သုခမျိုးဖြစ်သဖြင့် မိုးစပါး၊ နွေစပါးစိုက်၍ အဆက်ပြေသော စပါးများဖြစ်၏။

နေ့နှစ်နာရီကျော်မှ လယ်ပြန်ရိတ်ကြသော် စပါးကွက် ခုနစ်ကေပြီး၏။ ရေနက်ဘက်၌ သမရိုးကျရိုက်ကွင်းများ မရိတ်ရသေးပေ။ ရိတ်ပြီးလယ်များ ရိုးပြတ်မခုတ်သေးဘဲ အခြောက်တပတ်မျှ ခံလိုက်၏။ မြေမာသွားမှ ရိုးပြတ်ကြမ်းခုတ်ကာ မီးရှို့၏။ ပြီးသော် ထယ်လှန်၏။ မြေအခြောက်ထပ်ခံရန် တစ်ပတ်မျှထားပြီးသော် စက်ခုတ်၍ မြက်ခေါင်းကောက်ကာ ဓာတ်မြေဩဇာနှင့် ဩဘာ ပိုးသတ်ဆေးကို ပက်ဖျန်းထားလိုက်ပါက မြေတွင်းပိုးမွှားများ သေကျေပျက်စီးပါသည်။ အားလုံးပြီးသော် ပဲမျိုးစေ့ကို ရေစိမ်၍ DDT ဆေးမှုန့်လူးကာ ကြပက်ပါသည်။

ဝေဒါဦး ကျောင်းမဖွင့်မီ ပဲခင်းများကို အပြီးမျိုးစေ့ကျအောင် နွားဖြင့်လည်းကောင်း၊ စက်မောင်း၍လည်းကောင်း အလျင်အမြန် ပြုလုပ်ကြရပါသည်။ မြေနိမ့်လယ်များကို ပဲစိုက်ရန် နောက်ကျနေပါက မစိုက်တော့ဘဲ အလွတ်ထားရန်သာ စိတ်ကူးထားလိုက်၏။ ပဲခင်းများထဲသို့ ဖူးစားပြောင်း အစေ့နှစ်ရာခန့် ထည့်ကြထားပါသည်။ အိမ်စားလေး ရရန်ဖြစ်၏။ နေကြာကိုလည်း ကြဲ၍ရပါသည်။ သို့သော် ပဲခင်းရှုပ်သည်ဟု ဖခင်က မကြိုက်၍ နေကြာ မထည့်တော့ပေ။

နေကြာစေ့သည်လည်း ကုန်ကြမ်းရောင်း၍ လွယ်ကူပါသည်။ ဖူးစားပြောင်းသည်လည်း ကုန်ကြမ်းရောင်းရလွယ်ပါ၏။ နောင်နှစ်များ၌ ဆီစားဖို့ မြေပဲနှစ်ဧကလောက်စိုက်လျှင် နေကြာများ ရောကြဲမည်ဟု စိတ်ကူးထားမိသည်။

"နောင်နှစ်ကို အဖေကြီးတို့လယ်တွေလည်း သက်နုစပ်စပါးကို သိပ္ပံနည်းနဲ့စိုက်ပါအဖေကြီးရဲ့၊ ဒါမှ စပါးတွေအတွက်တိုးပြီး များများ လျှိုနိုင်မှာပေါ့၊ သမီး အားလုံးပျိုးထောင်ပေးပါ့မယ်. . . နော်. . ."

အဖေကြီးဖိုးထွန်းကြိုင်က အင်းမလုပ်၊ အဲမလုပ် ကွမ်းမြုံ့နေ၏။ အဖေကြီး၏ ကျွဲ နွားများကား ထွန်တုံး၊ ထွန်တံမထပ်အောင် နိုင်းနိုင်သည့် အကောင်များပင်တည်း။ တော်ရုံပဲကွက်ကို စက်မလိုပေ။ ကျွဲနွား အကောင်နှစ်ဆယ်ကျော်ရှိသည်။

"ငါ့မြေးက မသိလို့. . . သက်တမ်းတိုတဲ့ အသီးအနှံဆန်စပါး စားရင် လူ့သက်တမ်းလည်း တိုးတတ်သတဲ့၊ ဒါကြောင့် အဖေကြီးက သက်လတ်တွေ၊ သက်ကြီးတွေ ရွေးစိုက်တာ ဝမ်းစာအတွက် ထားရမယ်လေ. . ."

"အဖေကြီးရယ်. . . သက်နုမှ "ပဲ" စိုက်လို့ အဆင်ပြေတာ မဟုတ်လား။ ကဲပါ အဖေကြီးရဲ့ ဝမ်းစာအတွက် သက်လတ်တွေ စိုက်ချင်ရင် လယ်နိမ့်တွေမှာစိုက်ပေါ့. . . ပဲစိုက်မဲ့အကွက်တွေကို သိပ္ပံသက်နုမျိုးတွေစိုက်မယ်၊ စပါးလည်းရ ပဲလည်းရပေါ့၊ အဖေကြီး ကိုယ်တိုင်က ခေါင်းခံပြီး မပြောင်းလဲရင် တစ်ရွာတစ်မျိုးလုံး ပြောင်းလုပ်ကြမှာမဟုတ်ဘူး. . . အဖေကြီးရဲ့၊ အဖေကြီးအသက်ပဲ အခု (၈၀) ကျော်နေပြီ. . . သက်တမ်းက ရှည်ပြီးသားပါ။ တော်ကြာ အသက် (၁၂၀) ရှည်နေဦးမှာပါ. . . ပြီးတော့ အဖေကြီးရဲ့ ကျွဲနွား အချို့ကိုလည်း ရောင်းပြီး "လယ်ယာ (၁၆)" စက်လေးတစ်စီးလောက် ဝယ်လိုက်နော်၊ နောက်နှစ်တွေကျတော့. . . ရိတ်သိမ်းစက်ဝယ်ပေါ့ ကျွဲနွားတွေက အစာရေစာရှားလာပြီ. . . အဖေကြီးရယ်၊ ဖြုတ်သင့်တာဖြုတ်ပါတော့. . ."

"တော်ပါငါ့မြေးရယ်. . . အဖေကြီး ကျွဲနွားတွေကို အဖေကြီး တစ်သက်မရောင်းဘူး။ အဖေကြီးတို့ရဲ့ ကျေးဇူးရှင်တွေကွဲ. . ."

မှန်ပါသည်။ ကျွဲအုပ်၊ နွားအုပ်ဖြင့် သားသမီး (၁၁) ယောက်ကို လုပ်ကိုင်ကျွေးမွေးခဲ့သော အဖေကြီး၏ဘဝမှာ သူတို့သည်သာ ကျေးလူရှင်အစစ်ကြီးများပင်တည်း။ သို့သော် ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုနှင့် စက်မှုလယ်ယာခေတ်သို့ ချဉ်းကပ်လာမည့် ခေတ်တွင် ကျွဲနွားအစာပြဿနာကိုကား မေ့ထား၍မရ။ ယခုလည်း စပါးမဖြစ်သော လယ်သမားများ ကောက်ရိုးမရကြပေ။ ရှေးက ပေါင်မုန့်တုံးကြီးသဏ္ဍာန် ကောက်ရိုးပုံကြီးများမှာ ဟီးတိုက်နေ သလောက် ယခုအခါ မှို့ပွင့်ကဲ့သို့ လုံးဝန်းသော ကောက်ရိုးပုံ အသေးလေးများသော လယ်တဲကုန်းများ၌ တွေ့ရတော့သည်။ ကျွဲနွား များလည်း ပိန်ညှောင်ကြသည်။ ကျွဲ၊ နွားဈေးများကတော့ အဖေကြီး၌ အပေါ်ဆုံး။

"စဉ်းစားပါဦးအဖေကြီးရယ်. . . ကိုယ်လိုလယ်လုပ်မို့ တစ်ကယ်လိုအပ်တဲ့သူဝယ်ရင် ခွဲရောင်းလိုက်ပါနော်၊ စက်ဝယ်မှ အဖေကြီးတို့ အချိန်ကုန်၊ ငွေကုန်သက်သာမှာ. . . အချိန်အခါမီမှာ"

"ဒီကလေးမ. . . တတ်တိုင်းပြောနေတော့တယ်၊ ကဲပါ. . . ညည်းသာအဖေကြီးလယ်တွေ စပါးထောင်နှီးထွက်အောင် စိုက်ချီ ပေးစမ်းပါ၊ အားလုံးကို ဘေးမဲ့ပေးလိုက်မှာ. . . အဟာမ်း. . . ဟမ်"

"အဟင်း ဟင်း ဟင်း. . . ဇာလိုသာဆို သားသမီးမြေးမြစ်တွေ ဝိုင်းဆွဲလုကြလို့ နည်းတယ်အောက်မေ့မှာ. . ."

အမေကြီးနှင့် သူ့မြေးများက ဝိုင်းထောက်ခံကြ၏။

"ဟုတ်တယ်. . . ဟုတ်တယ်. . . အဲ့ဒါမှ မြေးပါလည်းဆုံး. . . သားလည်းဆုံး ဖြစ်မှာ၊ အဖွားပြောတာကြားပေါ့. . . သတ္တဝါတစ်ခု ကိုတစ်ခု ရောင်းလိုက်ပါဆိုတာ မရဘူး။ နွားဈေး၊ နွားသေးတာ နပြောတာဘေး. . ."

"အခု စပါးကောင်းရင် ရောင်းမယ်တဲ့. . . အမေကြီးရဲ့ ဒီကြားထဲ သေသွားလို့မြှုပ်ပစ်ရဦးမယ်နော်. . ."

နွားသား၊ ကျွဲသားမစားရသော အမေကြီးကြောင့် ကျွဲနွား သေလျှင် မြေ၌သာမြှုပ်ပစ်ရလေသည်။ တွေဝေသွားသော အမေကြီး ကြောင့် ဗေဒါဦး အသာတပ်ဆုတ်ပြန်ခဲ့ရ၏။ တဖြည်းဖြည်း နားသွင်းယူရမည်လေ။ စနစ်တစ်ခုပြောင်းရန်မဆိုထားဘိ၊ ဆွေမျိုး မိသားတစ်စုကို ပုံစံပြောင်းဖို့ပင် မလွယ်ကြောင်း လက်တွေ့သိရ လေသည်။

* * * * *

## အခန်း (၁၂)

ပထမနှစ်ဝက်ကုန်ပြီးသော် ဗေဒါဦးတို့ကြိုးစားမှုများ အစွမ်းကုန်အရှိန်မြှင့်ရမည်ဖြစ်၏။ နောက်ဆုံးနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပေါင်းကူးဝင်နိုင်ရန်အတွက် ပထမနှစ်မှစ၍ အကျုံးဝင်သဖြင့် ပေါ့ဆ၍မရပေ။

ထိုသို့ သတိထားကြိုးစားနေရင်းမှ "လေ့လော့ရင်းတက်ကြိုး" ဆိုသလို ဗေဒါဦး ဆေးရုံပေါ်ရောက်ခဲ့ရ၏။ အဖြစ်မှာ ပိုးသတ်ဆေးရည်သုံးစွဲမှုတွင် အပင်များပေါ် လက်တွေ့စမ်းသပ်ကြရ၏။ လက်အိတ်စွပ်ခြင်း၊ နှာခေါင်းများ ပိတ်စည်းထားခြင်းတို့ ပြုလုပ်ကြပါ၏။ သို့သော် လက်၌ရိုက်ခတ်သောအငွေ့အသက်သည် ရေမှုတစ်ဆင့် အူလမ်းကြောင်းကို အန္တရာယ်ဖြစ်စေခဲ့ပါသည်။ အမှန်မှာ ဒိုင်မီကရွန် (Dimecron) ပါသော ဆေးကို ကိုင်တွယ်ပြီးနောက် လက်များကို အထပ်ထပ်ဆေးသော်လည်း အငွေ့အသက် အနည်းငယ်မျှ လက်မှတစ်ဆင့် အစားအသောက်ဖြင့် အူထဲရောက်ခဲ့ပုံရ၏။ ဆရာများ အလွန်စိုးရိမ်ကြကုန်၏။ ဗေဒါဦး ပေါ့ဆမိ၍သာ ဖြစ်ရခြင်းပင်။

ဗေဒါဦးနှင့် ရှမ်းပြည်နယ်မှ နှစ်ရှည်သီးနှံပင် အထူးလေ့လာသူ သူငယ်ချင်းတို့နှစ်ဦး အလူးအလဲ ဗိုက်အောင့်ကာ ဆေးရုံရောက်ခဲ့ရ၏။ မိခင် ဒေါ်သန်းရှင်သည် ဖုန်းရရချင်း မိရာရထားဖြင့်

ညချင်းရောက်လာ၏။ ဆေးရုံ ခုတင်ပေါ်၌ မှေးမြောနေသော ဗေဒါဦးအား မြင်ရသောအခါ ဒေါ်သန်းရှင် ရင်ဆို့စွာ မျက်စိများ ပြာဝေသွားရသည်။

"သမီး. . . သမီးကြီးရေ. . . အလိုလေး. . . ကျွန်မရဲ့သမီး ဘယ်လိုဖြစ်တာလဲ ဆရာမရယ်. . .၊ ဟင်. . သမီး. . . အမေ့ သမီးကြီး. . . အမေတို့တစ်ရွာလုံး အားကိုးရတဲ့သမီးကြီး။. . . ကယ်ကြပါဦး. . . ကျုပ်သမီးကို ကယ်ကြပါဦး. . . အီး. . ဟီး. . ဟီး. . . ဟီး. . ."

"စိတ်အေးအေးထားပါအန်တီ၊ အခုပဲ ခွဲစိတ်ခန်းဝင်ကြရမှာပါ. . . ပြန်ကောင်းသွားနိုင်ပါတယ်. . ."

"အမလေး သမီးရဲ့. . ဖြစ်ရလေ. .၊ ဖြစ်ရလေကွယ်. . .၊ ဒါ ဘယ်လိုဖြစ်တာလဲ. . . အမေရင်ကျိုးရပါပြီ၊ ပြန်ကောင်းနိုင်တယ်. . ဟုတ်လား. . .၊ အမေမျှော်ခဲ့တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ဘယ်လိုဖြစ်သွားပြီလဲ. . . သမီး ဗေဒါဦးရေ အမေ့ကို မျက်လုံးဖွင့်ကြည့်ပါဦးကွ. . . အီး. . ဟီး. . ဟီး ကျွန်မတို့သမီးကြီးကို ကယ်ပါ ဆရာဝန်ကြီးရယ်. . .၊ သူက စိုက်ပျိုးရေးကို သိပ်စိတ်အားထက်သန်တာပါ. . .၊ သူ့ရဲ့မျှော်လင့်ချက်တွေကို ကျွန်မတို့ ဖြည့်ဆည်းခဲ့တာပါ. . .၊ အဟင့်. . ဟင့်. . ဟင့်. .

"ဟုတ်ပါတယ်. . . အန်တီ၊ သူက အဲသလို စိတ်ဆန္ဒတွေ သိပ်ထက်သန်လွန်းလို့ သတိပေးပါရဲ့နဲ့ ခုလိုဖြစ်ရတာပါ. . .၊ အခု ပိုးသတ်ဆေးရဲ့အငွေ့အသက်တွေ ရေနဲ့အတူ အူထဲရောက်သွားလို့ ခွဲစိတ်ပြီး အူပေါက်တဲ့နေရာကို ပြန်ချုပ်ရမှာပါ. . .၊ ဘာမှ ဆက်ပြီး အန္တရာယ်မရှိတော့ပါဘူး. . .၊ ဟိုမှာ သူ့သူငယ်ချင်းရော အတူတူ

ပါပဲ. . .၊ သူ့တိမ်ကလူတွေ မလာနိုင်ကြသေးပါဘူး. . .၊ အန်တီတို့လက်မှတ်ထိုးရမှာ. . . သည်ဘက်ကြွပါရှင်. . ."

"ရှင်. . . ခွဲ. . ခွဲပြီး ဗျာကိုပြန်ချုပ်ရမယ်. . ဟုတ်. . ဟုတ်"

"အန်တီ. . အန်တီသတိထားပါရှင်. . ."

မူးဗိုက်မေ့လဲမတတ် ဒေါ်သန်းရှင်ခံစားရ၏။ အူပေါက်သည်တဲ့. . .။ သမီးကြီးရယ် ဖြစ်ရလေ. . ငါ့သမီးရဲ့ သီချင်းဖြစ်ချင်စိတ်တွေက သိပ်ပြင်းလွန်းလို့ စမ်းသပ်မှုတွေ လွန်ကဲနေခဲ့တာလား ကွယ်. . .။

"ကိုတင်လှရေ. . သမီးကို လာကြည့်ကြပါဦး. .၊ သမီးကြီး မျက်လုံးဖွင့်ကြည့်လေ. . . ဖွင့်ပါသမီးရယ်၊. . သမီးပြန်လာခဲ့ရမယ်နော်၊ အမေတို့ကို သမီး ဒီလိုပစ်မထားခဲ့နဲ့နော်. . . သမီး ဖေဒါဦး. . . ဖေဒါဦးရေ. . ."

"စိတ္တပဲဗျာ. . သနားပါတယ်. . သူတို့သမီးက တစ်ရွာလုံး အားကိုးရတဲ့ သမီးထင်ပါရဲ့၊ ပြောလိုက် ငိုလိုက်နဲ့ ကျုပ်တို့တောင် ငိုချင်လာပြီ. . . နှ်း. ."

"ဟုတ်ပါ့ရှင်. . . သနားလိုက်တာ. . . အဟင့်ဟင့်. ."

ဘေးမှ လူနာများပင် မျက်ရည်ကျသည်အထိ ဒေါ်သန်းရှင် ပြောပြောပြီး ငို၏။ ခွဲစိတ်ခန်းဝင်သွားသော ဒေါ်သန်းရှင် ဘုရားစာများ ကမောက်ကမရွတ်၍ မျက်ရည်တွေတွေ ကျရှာသည်။

ရွာမှ ခုန်ဖြင့် သတင်းစောင့်သူ ဦးတင်လှမှာမူ လယ်ကွင်းထဲတွင် ဟိုမြေး သည်မြေးဖြင့် စောင့်နေသည်တဲ့။

"သမီး. . ဖေဒါဦး. . သမီးရေ အမေ့ရင်ကိုမခွဲပါနဲ့၊ အမေ့သမီး ဘယ်လိုဖြစ်တာတုန်း. . . အမေတို့ကို ရင်ကွဲအောင် မလုပ်

ပါနဲ့ သမီးရှ ဒီး ဟီး ဟီး ဟီး ဒီစပါးတွေ ပဲတွေ ငါ့သမီးအားကိုးနဲ့ အဖေစိုက်ထားတာလေ. . . သမီးမရှိလို့မဖြစ်ဘူး. . သမီး. . ဒီး. . ဟီး. . ဟီး. . အစ်. ."

"ကဲ. . ကိုတင်လှရေ ကျုပ်တို့ ကားငှားပြီးလိုက်ကြမယ်. . .၊ မငိုပါနဲ့တော့ဗျာ. . စိတ်ပူရမယ့်အတူတူ လိုက်သွားကြမယ်. . . လုပ်. . လုပ်. . . ခင်ဗျား အဝတ်လဲတော့ ခုတင် (၂၀၀) ဆေးရုံ နေပြည်တော်တဲ့ လာ. . ဗျာ. . လိုက်ကြမယ်"

ဦးလေးအောင်နှင့် ဦးတင်လှတို့ နေပြည်တော်သို့ လိုက်ခဲ့ကြတော့၏။ ဆေးရုံသို့ရောက်သော် ခွဲစိတ်ခန်းမှ ထုတ်ပြီးသွားပြီ ဖြစ်၏။

သတိမရသေးသော ဗေဒါဦးနှင့် သူငယ်ချင်းတစ်ဦးကို အထူးခန်းထဲ၌ထားသေး၏။ စိုးရိမ်စိတ် တစ်ဝက်လျော့ကျကာ ဖြေသာသွား၏။ အသက်နှင့်ရင်းကာ ပညာကို အလွန်အကျွံ ရှာဖွေစမ်းသပ်သည့် သမီးကို တဖွဖွ သတိပေးကြရ၏။ ဆေးရုံ၌ နှစ်လ နီးပါး ကုသခဲ့ကြရသည်။ မိဘများအလုပ်ပျက်ကာ ငွေကုန်ကြေးကျ များသွားရသည်ကို ဗေဒါဦး စိတ်မကောင်းပေ။ မိမိ၏ စိတ်ဆန္ဒ လောကြီးသော အမှားကို ဗေဒါဦး သိခဲ့ရသည်။

"ဘာပဲလုပ်လုပ် သတိနဲ့လုပ်ပါသမီးရယ်. . သတိကြီးကြီးနဲ့ သေသေချာချာ သင်ယူကြပါကွာ. .၊ ပေါ့တီးပေါ့ဆနဲ့ လောမကြီး နဲ့နော်. . ."

"ဟုတ်ကဲ့ပါအဖေ. . သမီးကြောင့် အဖေတို့ရှာထားတာတွေ ကုန်ပါပြီ. . အဖေရယ်. ."

"ငွေကုန်တာ ရှာလို့ရတယ်သမီး. . လူကောင်းဖို့ပဲလိုတာ၊ ငါ့သမီးနေမြန်မြန်ကောင်းမှဖြစ်မှာ. . ."

"ဟုတ်တယ်. . . သမီး အမေတို့က လယ်သမားတွေလေ. . မြေရှိငွေရှိတာပေါ့. . . အားမငယ်နဲ့. . ."

မိဘများ၏ အားပေးမှု၊ စေတနာပါသော ဆရာဝန်များ၏ ကုသမှုကြောင့် ဖေဒါဦး ပြန်လည်ကောင်းမွန်လာခဲ့ရ၏။ အသက်နှင့် ရင်း၍ ပညာရခဲ့သော ပိုးဆေးများသုံးနည်းကို ဖေဒါဦးတစ်သက်တာ သင်ခန်းစာရလိုက်ပါပြီ။

ပထမနှစ်ကို အောင်မြင်အောင်၊ မနည်းကြိုးစားလိုက်မိအောင် လုပ်ရလေသည်။ ရည်ရွယ်ချက်ကြီးမားခဲ့သူ ဖေဒါဦးတို့အဖို့ အောင်မြင်ရုံနှင့် မတင်းတိမ်နိုင်သော်လည်း ယခုနှစ်၌ ကျန်းမာရေး အခြေအနေအရ လက်လျှော့ထားရတော့သည်။ ဒုတိယနှစ်အတွက် အားခဲကာ အမှတ်ကောင်းရရန် ကြိုးစားရတော့မည်။ "အားမတန် မာန်လျှော့" ခဲ့ရမှုကို ရင်ထဲ၌ ခံစားနေရ၏။ နောက်ဆုံးနှစ်ပစ်မှတ် အတွက် လွဲသွားမည်ကို ဖေဒါဦးအကြောက်ဆုံးဖြစ်သည်။ ဒုတိယနှစ် နှင့် တတိယနှစ်ကို အစွမ်းကုန်ကြိုးစားပါမှ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) ကျောင်းသို့ ပေါင်းကူးတက်နိုင်မည်မဟုတ်ပါလော. . .။ ထိုမှတစ်ဆင့် မိမိပန်းတိုင်သည် စိုက်ပျိုးရေးပညာရှင်ဘဝသို့. . .။

ကျန်းမာရေးကြောင့် အားနည်းနေသော ခန္ဓာကိုယ်ကို စောင့်ရှောက်ရင်း ကျောင်းပိတ်ရက်များ၌ တဲအိမ်တွင် ပါးစပ်ဖြင့် စီစဉ်ညွှန်ကြားနေရသည်။ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနေသော ပဲခင်းကြီးများကိုလှည့်ကြည့်၍ တစ်နေ့တစ်နေ့ ရှေ့လုပ်ရမည့် လယ်ယာလုပ်ငန်းများကို တွေးတောစီစဉ်နေရသည်။

"ဖေဒါဦးရေ. . . ဟေး. . . ဖေဒါမ ငါ့ပဲခင်းကြီးလာကြည့်ပါဦး ညီမလေးရယ်၊ ကုန်ပါပြီတော်. . . ပဲခင်းကြီးတစ်လွှာတစ်ညြိုရှိမှ ပိုးကွေကိုက်လို့ ကုန်ပါပြီ. . . ဟီး. . ဟီး. . ဟီး. . ဟီး. . ဟီး. ."

"မမအိပါလား. . မငိုပါနဲ့မမရဲ့. . . ပြောပါဦး၊ စောစောရက်တွေက အကောင်းကြီးပါ. ."

"ဟုတ်တယ်. . . အခုရက်မှ ဘယ်ကပိုးတွေထလာလဲမသိဘူး၊ အပင်အရွက်တွေ အပေါက်တွေနဲ့ချည်း ဖြစ်ပြီးကုန်တော့မယ်. . . ဟီး. . ရင်းထားသမျှ ပြောင်ပြီနဲ့တူပါရဲ့. ."

"နေပါဦး. . . မမရယ်. . . ကျွန်မလိုက်ကြည့်ပါမယ်. . . ပိုးသတ်ဆေးတွေလည်း ဖျန်းထားရဲ့နဲ့ ဘယ်လိုဖြစ်တာပါလိမ့်. ."

အခြားပဲခင်းများ စိမ်းလန်းဖြစ်ထွန်းနေကြသည်မှာ ကြည့်၍ ပင်ကောင်းနေချေပြီ။ ပဲတီစိမ်းခင်းသည် ပဲဖြူခင်းလောက် မနုနယ် အပင်အကြွမ်းခံသည်။ အိမ်သုံးစားရန် ပဲဖြူတစ်ကေစိုက်ထားသဖြင့် အပင်နုကို ဂရုစိုက်နေမိရာ ပဲတီစိမ်းခင်းများကို သတိမေ့သွား၏။

"ဟင်. . . ဒါ ဦးကျော်တို့လယ်ဘက်ကဝင်နေတဲ့ ပိုးတွေမျိုးပေါ့. . . ဟုတ်ပြီ. . တောင်ဘက်လယ်က ပိုးဝင်လို့ အကြိတ်အနယ် ဆေးဖျန်းလိုက်လို့ ဒီဘက်ကူးတာကိုး. . . ကြည့်ပါဦး. . ပိုးကောင်ကြီးတွေ နည်းတာမှ မဟုတ်တာ. .၊ ဘယ်နှယ်လုပ်ရပါ့"

"အပင်က နည်းနည်းနုနေတော့ အချိန်မီမလုပ်ရင် တစ်ကွက်လုံးသွားမှာ မမအိရေ. . . ကဲ ညနေဆေးထပ်ဖျန်းကြမယ်"

"အဲ့ဒါကြောင့် အမေ့ကိုပြောတာပေါ့. . .၊ ဒီလယ်တွေ မလုပ်ပါနဲ့ဖေဖော့ဆိုတာ. . . ခုတော့ ကုန်တော့မယ်။ ကျွန်တော်

ကျောင်းထွက်ပြီး နယ်စပ်သွားလုပ်တဲ့သူတွေနဲ့ လိုက်သွားပါမယ်ဆို. . ."

"တော်စမ်း. . . မင်းဘာသိလို့လဲ. . . စာမတတ်ပေမတတ်သူများရောင်းစားခံရမဲ့အလုပ်တွေ. . . မသွားရပေါင်တော်၊ ကိုယ့်လယ်ကိုလည်း ရောင်းမပေးနိုင်ပါဘူး. . . ဟင်း"

"အမေညီမကရော ဘာများတတ်လို့တုန်း. . အမေတို့အားကိုးနေကြတာ၊ အခုတော့ ပိုးစားဖြစ်ပြီ. . . ဆိုင်ကယ်ဝယ်စီးလိုက်တာကမှ အဖတ်တင်ဦးမယ်. . . မိုးစပါးလေးရထားတာ ပြောင်ပြီ"

"တယ်လေ. . . ငါစိတ်ရှုပ်ရတဲ့အထဲ. . သွား. . သွား. . မင်းစာမင်းသွားကျက်စမ်း. . . ရွှေလှ၊ မင်းတို့ပညာတတ်ဖြစ်မှလယ်ထဲလုပ်ခိုင်းမယ်၊ ဘယ်မှာမှ အလုပ်သွားလုပ်ဖို့ မစဉ်းစားလေနဲ့၊ ခေတ်ကာလက ကောင်းတာမဟုတ်ဘူး. . "အလှမ်းကျယ်. . . အလယ်လပ်" ဆိုတာ သိထားစမ်းပါဟဲ့. ."

သားအမိ စကားများနေကြ၍ ဖေဒါဦးလှည့်ပြန်ခဲ့သည်။ မမဖဒီသား ရွှေလှမှာ အဌမတန်းကျောင်းသားဖြစ်၏။ စပါးရော၊ ပဲပါ နှစ်စဉ်ရှုံးနေသဖြင့် ကျောင်းထွက်ကာ အလုပ်သွားလုပ်ချင်နေသူ။ မမဖဒီကလည်း လက်မခံသူ. . .။

ရွာထဲ၌ ထိုသို့တစ်ရပ်တစ်ဝေး အလုပ်သွားလုပ်သူတွေ ဒုနှင့်ဒေးဖြစ်နေကြ၏။ အလိမ်အညာခံရသူများနှင့် အဆင်မပြေကြသူကများပါသည်။ အဆင်ပြေသူအချို့မှာလည်း နေစရိတ်၊ စားစရိတ်နှုတ်ပါက ငွေသိပ်မပို့နိုင်ကြပါ။ သွားမည့်သူတိုင်းကို ဖေဒါဦး တားဆီးချင်ပါသည်။ အမှန်မှာ ကိုယ့်လယ်ယာလေး

ဖြစ်ထွန်းအောင်မြင်လေလျှင် ထိုပြဿနာများ မရှိနိုင်။ မြေကြီးမှ ရွှေသီးအောင် ကြိုးစားပေးချင်လှသည်။ တဂယ်ကိုလည်း ကြိုးစား ပေးခဲ့ပါသည်။

မမအိကို ပြောနေ၍ မရတော့ပေ။ အိမ်ပြန်၍ ပေဒါဦး ဆေးရွက်ကြီးဖြူတ်ရည်ကို အချိုးအတိုင်းလုပ်ရတော့သည်။ အပင်ခြေနှင့်အရွက်များကို နိုင်နိုင်ဖျန်းရင် တဲမှအလုပ်သမားများ နှင့် မိမိကိုယ်တိုင် ဆင်းဖျန်းပေးရတော့၏။ မမအိ၌ ဖျန်းစက်လည်း မရှိပေ။ ကျောပိုးဖျန်းစက်သည် တစ်သိန်းကျော်ပေးရ၏။ လယ်တဲ တိုင်း မဝယ်နိုင်ကြ။ ဆေးရွက်ကြီးဖြူတ်ရည်ကလည်း အသီးအပွင့် ထိ၍မဖြစ်။ ယခုလိုအပင်ပျိုဖြစ်တုန်းသာ သုံး၍ရသည်။

"ဒီတစ်ညတော့ စောင့်ကြည့်ရမယ်. . ."

မမအိလယ်နှင့်ကပ်လျက် မိမိပဲတီစိမ်းခင်းမှာ သန်စွမ်း ယိမ်းနွဲ့နေပြီ။ ပိုးလွတ်ဖွာ ငွားစွင့်နေကြသဖြင့် စိတ်အေးရသည်။ သို့သော် "ပိုး" ဆိုသည်မှာ ပြော၍မရ။ ဘေးဘက်ဝဲ၊ ယာ၊ လေဝင် လေအောက်ပါမကျန် အချိန်မရွေး ကူးနိုင်သည်။

"မမအိ အခင်းလေး ဘာမှထပ်မဖြစ်ပါစေနဲ့. . ."

ပေဒါဦး ညဉ့်အိပ်မပျော်၊ မိုးလင်းသည်နှင့် မမအိ ပဲခင်း ပြေးကြည့်ရာ ပဲပင်များကို ရှေ့ဆက်စားထားခြင်းမရှိ၊ တော်ပါသေးရဲ့ ဟုပင် ရင်ဖိကာ ပြန်ခဲ့ရသည်။ နောင်တစ်ပတ်မျှကြာသော် မမအိနှင့်ကပ်လျက် မိမိတို့၏ အပွင့်ယှမ်းတော့မည့် ပဲတီစိမ်းကွက် မှာ ပိုးကောင်ကြီးများ တလွှားလွှားတက်နေကြပြီဖြစ်၏။

"အလို. . . ဘုရား. . . ဘုရား. . . မမအိရေ. . . မမအိ လာကြည့်ပါဦး. . . ဒီကောင်ကြီးတွေ ရောက်လာပြီမြန်လိုက်တာ။

တစ်ရက်နှစ်ရက်နဲ့ ကိုကြီးထွားလာတာပဲ၊ ဘောက်ဖတ်ကြီးတွေတော့ . . . ဟား ကုန်တော့မယ် . . . ပဲခင်းတော့"

"လုပ်ပါဟဲ့ . . . လုပ်ပါ . . . ငါ့ဘက် လယ်ပြန်ကူးနေပါဦးမယ်"

"ဒီလောက်ကြီးတဲ့ ပိုးကောင်ကြီးတွေဖြစ်တာမြန်လိုက်တာ ဆေးနဲ့မရတော့ဘူး . . လူနဲ့ကောက်ယူမှဖြစ်တော့မယ် . . . မမဒီရေ"

"ဟဲ့ . . ဒါဆို မြန်မြန်နေ့စားခေါ် ကောက်ပါ . . ဖေဒါမရော ငါ့လယ်လေးဘက်ပြန်ကူးလို့ ငုတ်တိုဖြစ်သွားဦးမယ်အေ . . ."

နှစ်စဉ်ပိုးကြောင့် ပဲခင်းငုတ်တိုဖြစ်ဖြစ်နေသော မမဒီခမျာ ယခုနှစ်၌ အပင်လေးမြင့်ရသည်ကိုကြည့်၍ စိုးရိမ်နေ၏။ ရွာထဲမှ အလုပ်သမားလေးငါးယောက်ခေါ်၍ ဖေဒါဦး ပိုးကောက်ရပြန်သည်။ နဖူး၌မီးသီးပါ ခေါင်းစည်းကိုတပ်ကာ ညအခါ ထွက်ကောက်ကြရ၏။ နေ့၌ပူသဖြင့် ပိုးကောင်ကြီးများ မြေကြီးများကြားဆင်းဝပ်နေကြတတ်သည်။ အေးသောအချိန် ညနေ၊ နံနက်၊ ညမှ ထွက်လာကြကာ ပဲပင်ကြီးများပေါ်သို့ တက်၍ ကိုက်ဖြတ်စားသောက်ကြလေတော့၏။ လယ်ဦးစီးက-

"ဟင်း . . နည်းတဲ့ကောင်ကြီးတွေမဟုတ်ဘူး၊ ဦးချိုကြီးတွေနဲ့ . . . စိမ်းဖန့်နေတာပဲ၊ ဒါတွေကို မြေတွင်းတူးမြှုပ်လို့လည်း မရဘူးတွေ ပြန်တိုးထွက်တယ် . . ရေနံဆီးဖျန်းပြီး ကောက်ရိုးအုပ် မီးရှို့မှ ဖြစ်တာ . . ."

"ဟင်း . . ."

ဖေဒါဦးစိတ်ပျက်သည်မှာ ထိုကိစ္စပဲဖြစ်သည်။ လယ်သမားများဘဝမှာ ပိုးနှင့်အပြိုင်လုယက်စားသောက်နေရသလိုဖြစ်သည့်အပြင် ပိုးကောင်များကို မီးရှို့သတ်ရသေးသည်။ ရှေ့လယ်သမားတို့ဘဝလို အကုသိုလ်မကင်းကြတော့ပေ။

"ဒီလိုတွေ မလုပ်ချင်ဘူး. . . မမရယ်. . . ဒါပေမဲ့. . ."

ဖေဒါဦး မျက်နှာလွှဲ၍ တဲသို့ပြန်ခဲ့လိုက်ရသည်။ ကျောင်းပြန်ရန် နောက်ဆံတင်းသွားသည်။ ကျောင်းသို့ ဒုတိယနှစ်အတွက် ပြန်တက်နေရ၍ နှစ်ပတ်တစ်ခါမှ ပြန်လာဖြစ်တော့မည်ဖြစ်၏။ လယ်တွေကို စိတ်မချ။ တဖွဖွမှာရ၏။

"အမေ. . . ပိုးကျတဲ့ လယ်တွေကို ပိုးသတ်ဆေးတကြော ဖျန်းဦးမှထင်တယ်၊ အခြေအနေမကောင်းရင် လုပ်ခကုန်တာကို မတွက်တော့ဘဲ လူငှားပြီးဖိလုပ်ပါ အမေရယ်၊ ပဲဖြူလေးခင်းက အပင်ပျော့တော့ အထူးဂရုစိုက်ရမယ်၊ ခရမ်းချဉ်ခင်းတွေ အဝါရောင်မသန်းပါစေနဲ့ အမေရာ. . . ရေနိုင်အောင်ဖျန်းပါနော်"

"အေးပါ. . ညည်းအဖေက ဂရုစိုက်ပါ့မ‌ေ၊ မပူပါနဲ့ ကိုယ့်ကျောင်းကိုသာပြန်ပြီး စာလိုက်နိုင်အောင်လုပ်. . ."

ဒုတိယနှစ်တွင် သင်ကြားရသော (လယ်ယာသီးနှံစပ်မျိုးနှင့် အပင်ရောဂါအမျိုးမျိုး) များမှာ ဖေဒါဦးအဖို့ အရေးကြီးသော ပညာရပ်များဖြစ်သဖြင့် ကျောင်းမပျက်လိုပါ။ ကျောင်းသို့ပြန်ခဲ့ရသော်ငြား လယ်များကို စိတ်မချပေ။ စပါးများ ကျီဝင်ခြင်ထည့်သော် လယ် (၁၇) ကေလွက်မှာ တင်း (၁၂၅၆) တင်းဖြစ်၏။ တစ်ရွာလုံး အားရစွာ လာမည့်မိုး၌ ခေတ်မီသိပ္ပံနည်းဖြင့် စိုက်ပျိုးကြတော့မည်ဟု ကြိမ်းဝါးနေကြတော့၏။ နှစ်ဆွေးကြွေးမြီများ ကျေလောက်သည့် စပါးထွက်နှုန်းဖြစ်ပေသည်။

ဖေဒါဦးစိတ်၌ ပဲပင်များကို ဘဝင်မကျ။ မိမိတို့လယ်သည် နုံးပြတ်မိုးရှိသည်။ လယ်မြေပြုပြင်၍ ထုံးထည့်သည်။ ဆေးရွက်ကြီး ပြုတ်ရည်ဖျန်းသည်။ ပိုးဝင်စရာအကြောင်းမရှိပေ။ လယ်နီးပါးက ခနစ်တကျမလုပ်၍ ပိုးဝင်မြန်ပြီး ကူးလေလျှင်လည်း ဘာမှ

မတတ်နိုင်ပေ။ အပင်ဖြစ်ပြီးမှ ပိုးကိုက်ခံရလေလျှင် ကုန်ကျမှုက နှစ်ဆဖြစ်တတ်သည်။ ဦးကျော်ကို သူမ ပြောပါသေးသည်၊ နည်းစနစ်ကျအောင်လုပ်ပါဟု၊ ဦးကျော်က အလွယ်ပြောသည်။ ပိုးကျလျှင် ပိုးသတ်ဆေးအပြင်းသုံးမည်။ လယ်ထဲပဲ အကျစောဖို့ လိုသည်ဟု ဖေဒါဦးအကြံကို လက်မခံခဲ့ပေ။ ယခုတော့ စပါးနယ် မည့်တာလင်းပြောင်လို ဦးကျော် ပဲခင်းတက်တက်ပြောင်သွားသည်။ ထိုမှ မမအိ လယ် ပိုးတွေကူးလာကြသည်။ မမအိ ပဲခင်းကို အပြတ် နှိမ်နင်းသော် မြေတွင်းအောင်းခူကြီးများက ဖေဒါဦးလယ်သို့ ဝင်လာကြခြင်းပင်။

ဒီဇင်ဘာလဆန်း၌ ဖေဒါဦး ရွာသို့ ပိတ်ရက်နှစ်ရက်ကို အရ ပြန်ခဲ့မိသည်။ အိမ်သုံးပဲဖြူလေး တစ်ကောနီးပါး အကွက်ကြီး ပြောင်နေပြီဖြစ်၏။ အရိုးငုတ်တစ်မိုက်မျှတွင် ဟီးလေးခိုကာ ချောတိုင်တက်နေကြသည့် ပိုးကောင်စိမ်းကြီးများက ဦးချိုထောင်ကာ အောင်ပွဲခံယူနေကြ၏။ ကန်သင်းနှုံပေါ် ဖေဒါဦးထိုင်ချတာ. . . စိတ်ပျက်အားပျက်ဖြစ်မိသည်။

"သွားပြီ. . . မိုးစာစားဖို့ ပဲဖြူခင်းကြီး တက်တက်ပြောင်ပြီ အမလေး. . . ရက်စက်လိုက်ကြပါဘိ. . ."

"အဖေလည်း ဆေးဖျန်း၊ လူနဲ့ညှိုးကောက်လုပ်တာပဲ. . . ဘယ်လိုမှမရဘူး၊ ပဲဖြူပင်က ပျော့တာလည်းပါတယ်. . . ခင်နိုးက ဒီညနေ ကောက်နှံဖြူပြီး မီးတင်မယ်လို့ပြောတယ်ကွာ. . .၊ ဒီမြင် လယ်ကို မကျူးခင် လုပ်မှရတော့မယ်. . ."

ပိုးများကြောင့် ဖခင်၏စိတ်မသက်သာပုံကို ဖေဒါဦး သနား နေမိသည်။ အခြားလယ်များအားလုံး အခြေအနေကောင်းမ

သည့်ပိုးများကြောင့် သီးနှံပျက်စီးမှုများနေရသည်ကို ဗေဒါဦး ဘဝင်မကျပေ။ ပိုးကို နှိမ်နင်းနိုင်သည့်ဆေးကို ဗေဒါဦး ကောင်းကောင်း သိလိုလှ၏။ ရောင်းတမ်းဆေးများမှာ သိန်းချီကုန်အောင် ဖျန်းကြ သော်လည်း ခူစိမ်းကြီးများကို မနိုင်ပေ။ ဆေးများသုံးရာ၌ အန္တရာယ်များသည်ကို လူတို့ဂရုမစိုက်နိုင်ကြ။ ဝဲပင်များဖြစ်တွန်း ရန်သာ အာရုံထားနေကြသည်။ မဖြစ်ချေတော့ပြီ။ ဗေဒါဦး အရဲစွန့်မှရပေတော့မည်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်စွာဖြင့် ဝဲဆေးပြင်းပြင်းကို စပ်ရတော့သည်။ ပျက်စီးသွားသော ဝဲခင်းများ စရိတ်နှင့် စိတ်ဆင်းရဲမှုက မိဘဆွေမျိုးများကို နှိပ်စက်ကြလေသည်။ ဦးလေးအောင်အကူအညီဖြင့် ထောက်ကြံမှ ဆေးရည်မှာယူကာ အဆိပ်စာတတ်ပြင်းသော (ဒိုင်ယာဇီနွန်-၄၀ ရာခိုင်နှုန်း) ပါသည့် ဆေးရည်ကို ဗေဒါဦး သတိကြီးကြီးထား၍ (တမာဆီ) နှင့် အချိုးအဆများရောစပ်ကာ ပိုးသတ်ဆေးကို ပြုလုပ်ရတော့၏။ ဆေးပြင်းသဖြင့် လူကို အထပ်ထပ်ကာကွယ်ထားရသည်။ ဆေးအချိုး အစား မမှန်လျှင်လည်း အပင်နာသွားတတ်သည်လေ။

"တော်ပါတော့. . . ဗေဒါမရာ နှင့်ဆေးတွေလောက်တော့ ပိုးတွေက ရယ်တာပေါ့ဟ. .၊ ဟိုး ယိုးဒယားကလာတဲ့ မိသိုမ္ဘိုင်း ဆေးလောက် ဘယ်ဆေးကကောင်းဦးမှာလဲ. . .၊ အဲ့ဒါတောင်မရဘဲ . . . နင်ဖော်တဲ့ဆေးလောက်ကတော့ ငွေကုန်ရုံပဲရှိမယ်. . ."

"ဒါ. . . နောက်ဆုံးလက်နက်ပဲ. . . ဦးကျော်ရေ ဒါမှမဟုတ် ရင် စားချင်တဲ့ပိုးစားကြပေတော့. . . လှည့်မကြည့်တော့ဘူး။ တကယ်တော့ ပိုးမဖြစ်အောင် ကြိုပြီးဆေးဖျန်းရမှာ. . . ပိုးစပိုးန တွေ့တာနဲ့ လုပ်ရတာ. . . အခုလို အကောင်ကြီးတွေဖြစ်မှဆိုရင်

မလွယ်တော့ဘူးလေ၊. . . ဆေးပြင်းတွေကြောင့် လူတွေမှာ အန္တရာယ်ရှိသလို အပင်နဲ့အသီးမှာလည်း ထိခိုက်တယ်. . . ဦးကျော်ရဲ့. . .”

“နင့်ပညာလေး မတောက်တခေါက်နဲ့ ဘယ်ရပါ့မလဲဟာ. .”

ဆေးဖျန်းပြီးသော် ပိုးများဆက်မစားတော့ပေ။ ပိုးလက်ကျန်များကိုကား ညဘက်ပိုးကောက်အဖွဲ့ဖြင့် ကောက်ယူပစ်ရမည်။ နဖူး၌မီးသီးတပ်သားရှေ့သွားဆောင်းကာ ပိုးရှာရသည်။ တစ်ကွင်းလုံး မီးတလက်လက်ဖြင့် ညရှုခင်းက စိတ်ပျက်စရာ ကောင်းလှပေသည်။ ပိုးဆေးမျိုးစုံတို့က လယ်သမားများ၏ ငွေကိုချွေ၍ယူသွားကြတုန်လေသတည်း။

ပဲဈေးမှာ တစ်တင်း (၂၇၀၀၀) ကျပ်ပေါက်လေ၏။ ပိုးလွတ်သွား၍ တစ်ဧက (၇) တင်း၊ (၈) တင်းမှ တင်း (၁၀)၊ တင်း (၁၂) တင်းထိထွက်ကြသော် ဆေးဖိုးကာမိသူရှိသလို ရှုံးသူများလည်း ရှိကြ၏။ အများအားဖြင့် စိုက်ကေနည်းသူများ ပိုးဆေး၊ ရွက်ဖျန်းဆေး၊ အသီးအားတိုးဆေး၊ အပင်အားတိုးဆေးဖိုးများကြောင့် ရှုံးလေ၏။ ဗေဒါဦးတို့မှာ မြေကို သဘာဝမြေဩဇာနှင့် အမာခံ ဓာတ်ပေါင်းမြေဩဇာပိုတက်တို့ ထည့်သွင်းထားပြီးဖြစ်၍ အပင်အားဆေးအဖြစ် အပွင့်လှမ်းမှသာ တစ်ကြိမ်ကုန်၏။ ပိုးကြောင့် ပျက်စီးသွားသော ပဲကွက်မှတစ်ပါး အခြားပဲခင်းများ သန်စွမ်းစွာ သီးပွင့်ကြ၏။ မိမိဘာသာစပ်သော ပိုးဆေးများကြောင့် ပိုးဆေးဖိုး သိပ်မကုန်လိုက်ပေ။

“ဗေဒါမရေ. . . ညည်းကတော့ တယ်ဟုတ်ပါလားဟ၊ ပဲတွေကလည်း သီးလိုက်တာ. . . တစ်ဧက (၁၃) တင်းလောက်တောင်

ရတယ်ဆို. . .၊ ညည်းတို့ ဖိုးထွန်းကြိုင်တစ်စုလုံး ညည်းနည်းအတိုင်း လုပ်ကြတာ ဒီနှစ်ဟန်သွားပြီပေါ့ လေးအောင်ကြီးလယ်တွေတောင် ပိုးအကျနည်းသွားပြီ. . ."

"လုပ်ပါဦးဟ. . . ငါတို့ကို နည်းနာလေးပေးပါဦး။. . . ဒီမိုးတော့. . . ပေဒါမနည်းအတိုင်း တို့တစ်ရွာလုံးစိုက်ကြမှပဲ၊ စပါးနဲ့ ပဲ အဆင်ပြေသွားလို့ကတော့ အားလုံး နာလန်ပြန်ထူနိုင်ကြပြီပေါ့"

ပေဒါဦး ကျေနပ်ပါသည်။ မိမိတို့၏ ခေတ်မီသိပ္ပံနည်းများကို ဤသို့ ဖြန့်ဝေပေးချင်သူအဖြစ် စိုက်ပျိုးရေးသိပ္ပံကျောင်းသူ၏ တာဝန်ကို ကျေချင်သူဖြစ်ပါသည်။ မြေပြုပြင်မှုနှင့် သဘာဝ မြေဩဇာကျွေးပေးမှုက အဓိကဖြစ်ကြောင်း ပြသရမည်။

"ဟုတ်ပြီလေ. . . ဦးကျော်တို့ ဘဘလေးတို့ကသာလက်ခံရင် သမီးကလုပ်ပေးချင်နေတာ၊ အခုပဲ သိမ်းပြီးတာနဲ့ ရေတက်နဲ့ပါလာ တဲ့ ပေဒါတွေကို အမှိုက်ရဆွဲတင်ထားနော်၊ ဗျက်စပ်မှာပေါက်နေတဲ့ ပေဒါဒိုက်တွေကို အားရင် သွားဆွဲထားပြီး စင်းထား။ နွားချေးနဲ့ သမထားလေ၊. . . ဒါဟာ ပထမဆုံး ဦးကျော်တို့လုပ်ရမယ့် အလုပ်ပဲ၊ သဘာဝမြေဩဇာနဲ့ မြေပြုပြင်ကြရမှာလေ. . ."

"ဟုတ်ပြီဟေ့. . . လိုက်နာပါ့မယ် ဆရာမကြီးရယ်၊ တော်ကြာ ငါတို့ လိုက်သိမ်းလိုက်လို့ ညည်းတောင် ဆယ်စရာပေဒါမရှိ ဖြစ်သွား မယ်နော်. . . ဟင်း"

"ပေဒါမလို့ မပြောရဘူး. . . ပေဒါပင် အဖိုးတန်ကြောင်း ချည်းပဲ ပြောနေတော့တာပဲဟေ့. . ."

"ရပါတယ်. . . ဘဘရဲ့. . . ဘဘလေးတို့သာ လုပ်ကြစမ်း ပါနော်၊ သမီးတို့လယ်အတွက် ပေဒါတွေ ဟိုးမှာ တွေ့လား. . . ကန်နှစ်လုံးအပြည့်ရှိတယ်၊. . . အဟင်း. . . ဟင်း. . . ဟင်း"

"အဟား . . . ဟား . . . ဟား . . . ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့"

ဖေါ်ဦးနှင့် ဘကြီး၊ ဘထွေးတို့၏ ရယ်မောသံကြောင့် အစာကောက်နေသော ငှက်ကလေးများပင် ပဲပင်များကြားမှ လန့်၍ ပျံပြေးကြလေတော့သည်။

* * * * *

# အခန်း (၁၃)

“ငွေနှင်းငယ်မှုန်
လေညှင်းရယ်တသုန်သုန်နှင့်
ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့
မန်းတုံအောင်လမ်းဆုံက ဟစ်ချင်တော့
သည်ခေတ်မှာ သည်လိုဟာဖြင့်
သည်ကိုယ်မှာ သေသေလှပါပေါ့
တမ္ဘာကို ဖြဟ္ဗာတို့ပြုခဲ့တယ်
ဆောင်းရတုပွဲ. . .”

အထက်တန်း၌သင်ခဲ့ရသော “အချုပ်တန်းဆရာဖေ” ၏ ဆောင်းရတုပွဲလေးချိုလေးကို ဖေဒါဦး ရွတ်နေမိသည်။ ဆောင်းနှောင်းကာလဖြစ်လာပြီမို့ နှင်းကြွင်းနှင်းကျန်တို့က အစွမ်းကုန် ကြဲဖြန့်ကျဆင်းနေကြ၏။ လယ်ကွင်းထဲ၌ အလုပ်လုပ်နေသူများကိုပင် သဲကွဲစွာမမြင်ရသေးပေ။ ဖေဒါဦးသည် ကိုယ်လက်လေ့ကျင့်ခန်းများကို လုပ်ပြီးသော် လယ်ကန်သင်းရိုးအဆုံးသို့ လမ်းလျှောက်ရင်းရှာနှင့် မိမိတို့တဲပိုင်းကို ရပ်ကြည့်နေမိသည်။ နေမင်းသူရိန်၏ ရောင်နီဦးက တဖြည်းဖြည်းပေါ်ထွက်လာလေပြီ။ နွေလာနှင်းပျောက်ဆိုသကဲ့သို့ နှင်းများ ကွယ်ပျောက်သွား၏။ သုံးနှစ်တာကာလအတွင်း မိမိစိုက်ပျိုးရေးသိပ္ပံကျောင်းပြီး၍ ရေဆင်းတက္ကသိုလ်သို့

ပေါင်းကူးဝင်ခွင့်ရအောင် ကြိုးစားခဲ့သမျှသောကာလတို့တွင် မိမိလယ်နှင့် ဆွေမျိုးသားချင်းတို့၏ လယ်မြေများလည်း အတော်အတန်ပြုပြင်ပေးနိုင်ခဲ့ပြီတည်း။ တစ်နှစ်တစ်ခါ ကုမ္ပဏီမှ စက်ရုံများ၊ လယ်မြေများသို့ လေ့လာရေးသွား၍ လက်တွေ့ကြည့်ရှုခဲ့ရမှုများက အလွန်အကျိုးကျေးဇူးရှိလှသည်။ ဆင်းရွှေလီသကြားစက်နှင့် ငွေရည်ပုလဲမိုင်းနှင်းကုမ္ပဏီများတွင် ဗေဒါဦးတို့ သွားရောက်လေ့လာစဉ် ထိုင်းမှ စိုက်ပျိုးစာအုပ်များ၊ ဗီယက်နမ်မှ သစ်သီးဝလံစိုက်ပျိုးရေးစာအုပ်များကို နယ်စပ်သူဌေးချင်းထံမှ လေ့လာခွင့်ရခဲ့ပါသည်။ ကျောင်းစာကြည့်တိုက်မှလည်း စိုက်ပျိုးရေးစာအုပ်မှန်သမျှ ဖတ်ရှုလေ့လာခဲ့သည်။ မိမိလေ့လာသင်ယူခဲ့ရမှုများကို လက်တွေ့ပြန်လည်စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ခဲ့ရာ အောင်မြင်မှုရှိလာသည်။ တစ်ရွာလုံး ဗေဒါဦး၏ လယ်ယာနှင့် တောင်ယာခင်းများကို စိတ်ဝင်စားစွာ အားကျအတုယူလာကြ၏။ ဗေဒါဦးဖြစ်ချင်ဆုံးဆန္ဒမှာ ဤသို့သော အခြေအနေပင်ဖြစ်သည်။ မိသားစုဝင်ဆွေမျိုးသားချင်းများ စိုက်ပျိုးရင်း ဘဝကို အဆင်ပြေစွာ နေထိုင်သွားစေလိုသည့် ရည်ရွယ်ချက်က တဖြည်းဖြည်းပြည့်ဝလာပေတော့မည်။

ရောင်နီဦး၌ ကြည့်ရှုရသည့်မြင်ကွင်းက ဗေဒါဦး၏ရင်ကို အေးမြစေပါသည်။ လယ်ကန်သင်းဆုံမှ လမ်းလျှောက်မျှော်ကြည့်လိုက်တိုင်း ချောင်းစပ်မှအစိမ်းနုရောင် နွေစပါးခင်းပျိုများ၊ ကျောက်စိမ်းရင့်ရောင် ထိုင်ဝမ်ခရမ်းချဉ်ပင်နှင့် ပတ္တမြားလုံးကဲ့သို့ အသီးများ၊ ရွှေဝါရောင်သန်းနေသော ပဲသီးမှည့်များ၊ အိပ်စက်အားမြည့်နေသော မြှူမြှူဖွေးဖွေးကျောက်ဖရုံသီးကြီးများ၊ ပီးလေး

ခိုနေသော ဘူးသီးကြီးများ၊ သရက်၊ သဘော်၊ ငှက်ပျောတောနှင့် ဖွံ့ဖွံ့ခဲခဲ မိမိတို့တဲပိုင်းများက ရောင်စုံဆေးစက်များချထားသလို သူ့နေရာနှင့်သူ လှပတင့်တယ် ရှုချင်စဖွယ်ရှိနေပါသည်။ ရွာဆီသို့ မျက်နှာမူလိုက်ပါလျှင်လည်း ထုံးရောင်မှ ရွှေရောင်ဝင်းပြောင် နေသည့် ရွာဦးစေတီတော်ကြီးက ထင်လင်းစွာ ဖူးနိုင်သလို ဘုံအဆင့်ဆင့်မြင့်မားလှသော ဘုန်းတော်ကြီးကျောင်းများမှ စည်သံမြောသံ၊ အလှူပေးရေစက်ချ သာခုခေါ်သံတို့ကလည်း မကြာခဏ ကြားနေရတတ်ပါသည်။ တွဲဖက်အထက်တန်းကျောင်းမှ စာအံသံက ရွာ၏မျိုးဆက်သစ်ကြယ်ပွင့်တို့၏ အားမာန်ဖြစ်သလို ကျေးလက်ဆေးပေးခန်းကလည်း ရွာကျက်သရေဆောင်ပင်တည်း။

ဤမြင်ကွင်းအလှများကြောင့် ဗေဒါဦးဘဝဠ် မောသမျှပြေ၊ ပန်းသမျှ လန်းဆန်းပြီး ပီတိဟူသော အသက်ရှည်ဆေးကို စားနေရ သလို ခံစားနေရပါသည်။ လယ်တစ်ပွဲရှိသူသည် လယ်ထွက်စပါး ထောင်ချီ၍ရသည့်ပြင် ပဲထွက်နှုန်းလည်း သင့်လာသောကြောင့် လယ်ဧကနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သူ့ဝင်ငွေနှင့်သူ ပြေလည်လောက်လောကြပါသည်။ နွေ၊ မိုး၊ ဆောင်းရာသီပင် သစ်သီးဝလံဖြင့် အပိုဝင်ငွေလေးရလာကြသဖြင့် တဲအိမ်တိုင်း သွပ်မိုးဖွေးဖွေးက မျက်လုံးကျိန်းလောက်၏။ သွပ်မိုးနှင့်အပြိုင် တိုက်ပို တိုင်ကလေးများကလည်း ဝေဟင်တွင် နေရာယူနေကြပေပြီ။ ဆိုင်ကယ်သံတဝီးဝီးက အိမ်တိုင်းလိုလို ရှိနေသည်။ အချို့မှာ ငါးသိန်းတန်ဟန်းဖုန်းခါးချိတ်လို့ပင် နှံ့ထုတ်လာကြပြီ။

"အများအကျိုး ရွယ်သယ်ပိုးက

ခန်းခန့် ဆိုကဲ့ရဲ့လည်း

မဖွဲ့မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင့်လော့...”

ဟူသော ဩဝါဒဆုံးမစာလို ဖေဒါဦးမှာ ကိုယ့်လယ်ကို စံပြကြိုးစားပမ်းစားလုပ်ကိုင်ပြသခဲ့ပြီး စိတ်ဝင်စားသူကိုလည်း ကူညီလုပ်ကိုင်ပြသပေးခဲ့သဖြင့် အထင်သေးသူ၊ မယုံကြည်သူများ၏ယုံကြည်မှုကို ရရှိခဲ့ပါသည်။ မိမိကိုကြည့်၍ ရွာမှမိဘများ သူတို့ကလေးများကို ပညာဆက်လက်သင်ကြားပေးနေကြပြီး ရွာ၌လည်းတွဲဖက်အထက်တန်းကျောင်းထိဖြစ်လာ၍ ကလေးများကို တစ်ရပ်တစ်ရွာမသွားရဘဲ အထက်တန်းပညာကို သင်ယူနိုင်ခဲ့၏။ ရွာတွင်းမှအထက်တန်းအောင်ပြီးသူများသည် ဂျီတီစီ၊ ကွန်ပျူတာ၊ ပညာရေးကောလိပ်၊ သူနာပြုစသည်ဖြင့် သွားရောက်တက်နေကြသူများရှိလာကြပေပြီ။ “ပညာမတတ်သူ လယ်လုပ်သည်” ထက်စာလျှင်“ပညာတတ်သူ လယ်လုပ်” ပါက ပို၍တိုးတက်ကြောင်း ရွာသားများသိလာကြချေပြီ။ ထို့ကြောင့် သားသမီးများပညာရေးကို စိတ်ဝင်စားလာကြပါသည်။ အဆင့်မြင့်ပညာအထိ ကျောင်းထားလာကြသည်။အထူးသဖြင့် မိမိလို စိုက်ပျိုးရေးသိပ္ပံကျောင်းများ ထားချင်လာကြလေသည်။

ညနေဆည်းဆာနေဝင်ချိန်၌လည်း ဤလှပသောမြင်ကွင်းကိုဖေဒါဦး မျှော်ကြည့်မပြန်သည်။ ချိုးကူသံနှင့် ဘုတ်အိုသံတို့ကနွားရိုင်းသွင်းချိန်ကို အလှဆင်ပေးသလို ဥဩပျို၏တေးသံကိုလည်းအဝေးမှ ကြားတတ်ပါသည်။ လယ်ယာလုပ်ငန်းခွင်သိမ်း၍ ပြန်လာကြသော သူတို့၏သီချင်းသံတကြော်ကြော်ကိုလည်း ဆည်းဆာနှင့်အတူ ကြည်နူးစွာ ကြားနေရတတ်ပါသည်။ လှပလိုက်သည့်

မြင်ကွင်းများ။ သည်မြင်ကွင်းများသည် မိမိမြင်လိုသည့် သဘာဝ အလှတရားများပင်တည်း။ သည်မြေ သည်ရေကို ခွဲခွာ၍ တစ်မိနစ် မျှပင် အဝေးသို့မသွားချင်။ သို့သော် သည့်ထက်ပို၍လှပသည့် မြင်ကွင်းများဖြစ်လာစေရန် ဗေဒါဦး ကြိုးစားလေ့လာရပေဦးမည်။ မကြာမီ စိုက်ပျိုးရေးသုတေသနမှ ပို့လွှတ်သော ပြည်ပလေ့လာရေး ခရီးအဖြစ် တရုတ်နှင့်ဗီယက်နမ်သို့ ဗေဒါဦးတို့ကြိုးစားသော ကျောင်းသားများ သွားရပေဦးမည်။ ဆွေမျိုးများမှာ အရှိန်ရနေပြီ ဖြစ်သော စပါးရာသီကာလတွင် ကိုယ့်လယ်ကို ကိုယ့်နည်းသစ်ဖြင့် ပျိုးထောင်စိုက်ပျိုးတတ်နေကြပြီဖြစ်၏။ ဗေဒါဦး စိတ်မပူရတော့ပါ။ လယ်ကွက်ထဲ၌ပင် ပျိုးဘောင်မြှင့်၍ ပျိုးထောင်တတ်နေကြပေပြီ။ တစ်နှစ်တစ်ခါ လယ်ပြုပြင်တတ်နေကြပြီဖြစ်၏။

"ဟေး. . . ဗေဒါမရေ ချောင်းရေတွေတက်နေပြီဟေ့၊ ရေတက်နဲ့ပါလာတဲ့ ဗေဒါတွေ ငါတို့ဆယ်ယူပြီနော်. . . ဒါဘဲ"

ချောင်းတစ်ဖက်ကမ်းမှ ဒေါ်လေးတို့က လှမ်းအော်၏။ ဦးကျော်တို့တဲမှလည်း ဗေဒါဒိုက်များ ထွက်ဆွဲနေသည်ကို မြင်နေရပါသည်။ ဝင်းလက်သော လိမ္မော်ရောင်နေခြည်က ချောင်းရေကို နှုတ်ဆက်ကျီစယ်နေကြပြီး လွှတ်ထားသော "ဘဲ" များ ရေတက်မှာ မြူးနေကြသည်။ ဈိုင်းအောက်နှင့် ရေကြက်များက ဗျက်စပ်၌ ငုပ်ချည်ပေါ်ချည် နားတွဲ ပျံတွဲရှိကြသည်။

"ဆယ်ယူကြပါ. . . ဆယ်ယူကြပါ. . . မလုံလောက်သေးရင် ဟိုး ဗျက်စပ်တွေမှာ သွားဆွဲသယ်ကြပါဦးနော်၊ အဖိုးတန်ရတနာပင် တွေကို စုနိုင်သမျှ စုကြပါဖို့. . ."

"အေးဟေ့. . . အရသာသိသွားလို့ အလွတ်မပေးတော့ဘူးဟ"

မိုးစပါးအတွက်တာစုနေကြသော ဆွေမျိုးများကို ပေဒါဦး သဘောကျနေမိသည်။ ပေဒါဦးတို့ မိဘများမှာ ပေဒါမြေဆွေး တန်ဖိုးကို မိမိမမွေးခင်ကတည်းက သိခဲ့ကြသည်။ မိမိပင် "ပေဒါဦး" ရယ်လို့ အမည်ရခဲ့သည်မဟုတ်ပါလား. . .။ ဘဲလွှတ်ပြီး မိမိအနီးသို့ မိခင် ဒေါ်သန်းရှင် ရောက်လာသည်။

"သမီး မရှိရင် သူတို့အားပျက်ကုန်တော့မယ်. . . ငါ့သမီး သွားရမယ့်အကြောင်း မပြောနဲ့ဦးနော်. . ."

"ဟုတ်ကဲ့ပါ. . . အမေ. . . မမသင်းသိရင် ငိုဦးမှာ၊ အမေလည်း သမီးမရှိရင် ပင်ပန်းပြီ၊ ကလေးတွေကို စာကျက်ဖို့နေ့တိုင်း ပြောပေးနော်အမေ. . . သူတို့စာညံ့လို့မဖြစ်ဘူး. . ."

"အေးပါအေ. . . အမေပင်ပန်းပေမယ့် ကျေနပ်ပါတယ်၊ ငါ့သမီးက အခု အသက် (၁၉) နှစ်ကျော်ပဲရှိသေးပေမယ့် အစစ ဦးဆောင်လုပ်ကိုင်နိုင်တဲ့အပြင် ကိုယ့်ပညာရေးလည်းကြိုးစားလို့ အမေတို့ဂုဏ်ယူပါတယ်၊ ကလေးတွေကိုလည်း စာကျက်ရင် အမေ ထိုင်စောင့်ပေးပါ့မယ်. . . မပူနဲ့. . . ငါ့သမီးသာ ကျန်းမာရေးကို ဂရုစိုက်. . ."

"ဟေး. . . ပေဒါမရေ ငါ့တူမ ဘယ်တော့ ကျောင်းပြန်သွား ရမလဲဟေ့. . ." ဦးလေးအောင်က သူ့လယ်ဘက်မှ ကူးလာ၏။

"ဟော. . . ဘဘအောင် နောက်တစ်ပတ်သွားရမှာပါ။ ဘဘအောင်လယ်တွေကို ကန်သင်းနှိုးဖောက်ဖို့ သမီးထပ်ပြောချင် သေးတာ၊ ဘဘအောင်က စက်နဲ့လုပ်တဲ့သူဆိုတော့ ကန်သင်းဖြို လိုက်ရင် လယ်သားပိုထွက်လာသလို စက်ဝင်စက်ထွက်လည်းကောင်း . . . ပေါင်းလိုက်၊ ရိတ်သိမ်းလို့လည်း အဆင်ပြေတာပေါ့. . ."

"အေး. . . ဟုတ်တယ်. . . ဒီမိုးတွင်းရင်လုပ်မယ်လေ. . .၊ ငါ့တူမလေးလာရေးက အပြန်ဆို အထူးရှယ်စိုက်ခင်း တွေ့ရစေမယ်ဗျာ. . . ငါ့တူမလေးလာခဲ့သမျှလည်း ဘဘအောင် အကုန်လိုက်လုပ်မှာနော်၊ တူမကြီးကျေးဇူးက ဘဘအောင်တို့အပေါ် များလှပါတယ်ကွယ်၊ ငါ့တူမရဲ့လယ်တွေကို ဘာမှ နောက်ဆံမတင်းနဲ့၊ ကိုတင်လှနဲ့အတူ ဘဘအောင် စက်တွေသုံးပြီး လုပ်ပေးမှာပေါ့. . ."

"ကျေးဇူးတင်ပါတယ်. . . ဘဘ. . . သမီးကတော့ သင်ယူလို့ရသမျှ အကုန်ကြိုးစားလေ့လာသင်ယူခဲ့မှာ၊ ဘဘတို့လိုက်လုပ်ဖို့ပဲ ပြင်ထား. . ."

"အေးပါကွယ်. . . ပြင်ထားပါ့မယ်၊ အခုဆို ဘဘရည်ရွယ်ချက်က ဒီနယ်တစိုက်မှာ စပါး၊ ပဲတွေကောက်ယူပြီး ကိုယ်တိုင်ပြည်ပပို့ကုန်အဖြစ် တိုက်ရိုက်လုပ်ချင်နေတာ၊ စက်တွေလည်း ဝယ်ယူလာပြီး ကိုယ့်ရွာသားတွေကို အရစ်ကျပေးနဲ့ ရောင်းပေးချင်တာ. . . တဖြည်းဖြည်းအကောင်အထည်ဖော်ရမယ်. . ."

"ကောင်းလိုက်တာ ဘဘအောင်ရယ်. . . အဲဒါဆို အဖေကြီးကို အရင်ဆုံးရောင်းပေးပါနော်၊ အဖေကြီးတို့ပင်ပန်းတာ မကြည့်ရက်လို့ပါ. . . သူ့နွားတွေကိုလည်း ချစ်ပြီး မရောင်းရက်ဘူးတဲ့လေ. . ."

"ဒါပေါ့. . . ဘိုးဘွားအမွေဆိုတာ စွန့်ရခက်တယ်၊ ဒီမိုးကို ဘဘစက်တွေနဲ့ ဝင်မောင်းပေးပါ့မယ်ကွာ. . . ငါ့တူမ စိတ်ချမ်းသာပါတော့"

"ဖိုး. . . ကောင်းလိုက်တာ. . . သမီးပြန်လာရင် ဘဘအောင်အတွက် ပဲဆေးတွေ ကောင်းကောင်းစပ်ပေးပါ့မယ်နော်. . ."

"လိမ္မာလိုက်တဲ့တူမလေးကွာ. . . မြေကြီးက ရွေသီးအောင် ပညာအားပါ ဖြည့်ဆည်းပေးရတာ ဘဘသိပါပြီ၊ ဘဘအောင် သားအငယ်လေးကိုလည်း ဆယ်တန်းအောင်ရင် အခြား ဘာကျောင်းမှ မတက်ခိုင်းတော့ဘူး. . . ကိုယ့်အလုပ်နဲ့ အဆင်ပြေ မယ့် စိုက်ပျိုးရေးကျောင်းပဲ တက်ခိုင်းတော့မှာကွ. . . မကောင်းဘူး လား သမီး"

"ကောင်းတာပေါ့. . . ဘဘရယ်၊ ဒါမှ ကိုယ့်လယ်ယာကို ကိုယ်တိုင်စီမံလုပ်ကိုင်နိုင်မှာပေါ့. . . ကောင်းတယ်. . . ကောင်းတယ်"

"ကဲ. . . တူအမိုးနှစ်ယောက် တဲမှာစကားပြောကြလေ. . . လာကြ"

"သွားပြီဗျာ. . . ဒီနေ့ပဲခွဲစက် ဒီဘက်ရွှေ့မလို့၊ ကိုတင်လှ လာခေါ်တာ. . . သွားပြီသမီးရေ. . ."

"ဟုတ်ကဲ့. . . ဘဘ သမီးပြန်လာရင် ရွာအတွက် စိုက်ပျိုး ရေးစာအုပ်ဝယ်ခဲ့မယ်၊ ရွာမှာ စာကြည့်တိုက်လေး လုပ်ချင်လိုက်တာ ဘဘရယ်. . ."

"ဘဘလည်း စိတ်ကူးထားတယ်. . . ငါ့တူမပြန်လာရင် ရွာကျောင်းနားမှ ဆောက်ကြစို့. . . ဘဘ တာဝန်ယူပါ့မယ်. . ."

"ဟယ်. . . ဝမ်းသာလိုက်တာ. . ."

ငွားမသုံးဘဲ စက်နှင့်သာ အားလုံးလုပ်ကိုင်သူ ဦးလေးအောင် မှာ လယ်များသလောက် အချိန်ကုန်၊ ငွေကုန် သက်သာ၏။ စပါး ပဲပိုရ၏။ ပို၍ချမ်းသာသည်မှာ ပြောဖွယ်မရှိတော့ပေ။ မိမိတို့ လယ်ကေနည်းသူများလည်း စက်ကလေးများ ဝယ်ယူနိုင်ပါက ပိုကျွန်ကြပေမည်။ တစ်နေ့တော့ ဖြစ်ရပေမည်။ မိမိ၌ဖြစ်ချင်သော

ဆန္ဒသာရှိပါစေ။ တစ်နေ့ ဖြစ်ကိုဖြစ်ရမည် မဟုတ်ပါလော. . .။ အမှန်မှာ လယ်သမားများ၌ စပါးသာရှိလျှင် စက်လည်း ဖြစ်နိုင်၊ ရွှေလည်း ဖြစ်နိုင်၊ ငွေလည်း ဖြစ်နိုင်၊ အဝတ်အစား၊ မော်တော်ကားနှင့် တိုက်တာနေအိမ်၊ ခုံညားထည်ဝါသော ဗိမာန်ကြီးတွေလည်း ဖြစ်နိုင်၏။ ဆန်စပါးခေါ်သော ရွှေဝါသီးကား ကုဗ္ဗာသယလိုတိုင်း ရသော အသီးတစ်မျိုးဖြစ်သောကြောင့် အားပါးတရ လုပ်ကိုင်ကြပြီးလျှင် ရွှေဝါသီးမှ ရွှေစေတီကြီးအသီးသီး တည်ဆောက်ကာ သာသနာ့ဒါယကာဘွဲ့မျိုးကိုလည်း ခံယူရရှိနိုင်ပေ၏။ လူ့လောကအလျောက် တောက်ပသောအဆောင်တို့ဖြင့် ပြောင်ပြောင်လက်လက်ကျက်သရေမင်္ဂလာရှိရှိ နေနိုင်၏။ စိုက်ပျိုးရေးကိုအခြေခံသော မိမိတို့နိုင်ငံတွင် လူဦးရေသန်း (၆၀) ၏ (၇၀) ရာခိုင်နှုန်းကျော်သည် လယ်ယာသားငါးလုပ်ကိုင်နေသူများဖြစ်နေသည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန်မှာ ထိုတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်မှုက အဓိကလိုအပ်ချက်ဖြစ်နေ၏။ ထို့ကြောင့်လည်း တောင်သူများကို အတိုးနှုန်းနည်းနည်းဖြင့် ငွေထုတ်ချေးခြင်းဖြစ်၏။ နောင်တွင် သည့်ထက် ပိုမိုထောက်ပံ့ပေးလာနိုင်ပါက ပို၍ အဆင်ပြေပေမည်။ သီးနှံဘက်မှ စပ်မျိုးများနှင့် စက်ကိရိယာများ ပိုမိုသုံးစွဲလာပါက အရှေ့တောင်အာရှတွင် မြန်မာကို မီအုံ့မထင်။ တစ်ချိန်က နာမည်ရှိခဲ့သော မြန်မာ့ဆန်စပါးနေရာသို့ ပြန်ရောက်လာမည်မှာမလွဲပေ။

ဗေဒါဦး ချောင်းကမ်းစပ်ဘက်သို့ ထွက်လာခဲ့သည်။ ရေတက်ချိန်ဖြစ်နေ၍ ချောင်းရေပြာများ တငြိမ့်ငြိမ့်စီးဝင်နေကြသည်။ နိဗ္ဗာန်ရွာချောင်းရေသည် ပဲခူးမြစ်မှ ခွဲဖြာစီးဝင်သော ရေထိန်းတံခါး

မှလာသော ရေဖြစ်၏။ ရွာမြောက်ဘက်မှ ချောင်းရိုးသည် သနပ်ပင် မြို့နယ်အစပ် မိုးယွန်းကြီးမှတဆင့်လာသော ရေသွယ်ချောင်းဖြစ်၏။ ရေးကရေ ဤမျှမများပေ။ ယခုအခါ ရေလမ်းကြောင်းများ မြှုပြင်လာပြီဖြစ်၍ နွေစပါးအတွက် အဆင်ပြေ၏။ တရိပ်ရိပ်မြင့် တက်လာသော ချောင်းရေပြာတို့သည် ကမ်းကိုရိုက်ခတ်နေ၏။ နွေရာသီ၏နှုပြင်ကို ဖြတ်တက်လာသောကြောင့် မိုးအခါလို ဝါမနေ၊ မည်းပြာနေကြ၏။ ချောင်းရေပြာနှင့်အတူ တရွေ့ရွေ့တငြိမ့်ငြိမ့် မျောပါလာသော ဗေဒါပင်များမှာ ကမ်းစပ်ကို မခင်၊ တမင်ခွာ မျောပါလာကြသည်။ ရေဇလာ၌ တွယ်ရာမဲ့မျောခဲ့ကြသော ဗေဒါ များကို လယ်သမားများ ဆယ်ယူရမှန်း သိကြလေပြီ။ မိမိဘဝနှင့် တူသော ဗေဒါပင်လေးများကို ဗေဒါဦး ကြည့်၍ ပြုံးနေမိပါသည်။ နီလာရောင်ဗေဒါပန်းခိုင်လေးများက ချစ်စရာကောင်းနေသည်။

အထက်တန်းမြန်မာစာ၌ သင်ခဲ့ရသော ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာကို သတိရနေမိသည်။ မိခင်ဒေါ်သန်းရှင်သည် ထိုကဗျာကို သိဖူး၊ ဖတ်ဖူးမည်မဟုတ်၊ ရွာဦးဘုရားပွဲ၌ ရှေးက ရုပ်ရှင်ဗလာပွဲများပြစဉ် ဒေါ်ကြည်ကြည်ဌေး၏ ပန်းပန်လျက်ပါ ခေတ်ဟောင်းရုပ်ရှင်ကားကို မကြာခဏပြတတ်သည်။ ထိုကားထဲမှ ဗေဒါသီချင်းကို တစ်ရွာလုံး အလွတ်ရနေကြသည်။ ကလေးချော လည်း သည်တေး၊ ရေခပ်တော့လည်း သည်သီချင်း၊ ဘဲကျောင်း၊ ရေကွင်းထောင်လည်း သည်တေးသွားဖြင့် ဗေဒါဦးတို့ လူဖြစ်ခဲ့ရ သည်။ မိမိပင် ဗေဒါလမ်းသီချင်းကို ဆိုတတ်သည်မဟုတ်ပါလား။

ပြည်တ်သွားရာခေတ်သက်ပါနေခဲ့လေသလား မသိပေ။ ဗေဒါဦး၏ဘဝသည်လည်း အခက်အခဲများစွာဖြင့် ကျော်ဖြတ်ခဲ့ရ

လေသည်။ လှိုင်းဒဏ်၊ လေဒဏ်ကို သည်းခံ၍ ပေဒါ၏စွမ်းရည်သတ္တိကို ပိုင်ဆိုင်ခဲ့ရသည်။ အခက်အခဲအကျပ်အတည်းကို ဌာ၊ လှံ့လ၊ ဝီရိယ၊ သတ္တိတို့နှင့် အားမာန်အပြည့်ဖြင့် ကြိုးစားအောင်မြင်ခဲ့ရ၏။ ယခုအခါ ချောင်းရေပြာဖြင့် စိုက်ပျိုးထားသော ရွာသားတို့၏ နွေစပါးတို့က တစ်မျှော်တစ်ခေါ်ကြီး အောင်မြင်နေချေပြီ။ မိုးစပါး၊ နွေစပါးတို့ဖြင့် ဝမ်းစာအပြင် ရောင်းချသုံးစွဲနိုင်ကြပေပြီ။ ပဲအမျိုးမျိုးနှင့် သစ်သီးဝလံများကြောင့် စားဝတ်နေရေးများ အဆင်ပြေလာကြ၏။ နိုင်ငံ၏ ရေ မြေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့ အစွမ်းကုန်သုံးချနိုင်ပေပြီ။

တစ်ခုပဲလို၏။ ထိုအရာကား အသိပညာ၊ အတတ်ပညာများ ဖြန့်ဖြူးပေးရန်နှင့် လက်တွေ့အသုံးချကြတတ်ရန်သာတည်း။ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံဖြစ်ရန် ခေတ်မီဖွံ့ဖြိုးသောနည်းပညာများ လက်တွေ့အသုံးချမှ ရပေမည်။ သင်တန်းကျောင်းများ၊ နည်းပညာကျောင်းများ၊ သိပ္ပံကျောင်းများတွင် သင်ကြားရသမျှ ကိုယ့်မြေ၌ လျှင်မြန်စွာ အကောင်အထည်ဖော် ကြိုးစားလုပ်ကိုင်သူတိုင်း ကိုယ့်မိသားစု ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်အတွက် အကျိုးရှိကြောင်း ကောင်းကောင်းသိခဲ့ရပြီဖြစ်၏။

"သမီး. . . ဘာတွေကြည့်ပြီး ပီတိဖြစ်နေတာလဲ. . . သမီး သွားဖို့ပြင်ဆင်ပါကွယ်၊ ပေဒါတွေ. . . ကလေးနှစ်ယောက်ဆယ်ထားတယ်လေ"

"အမေ. . . ချောင်းပိုဘက်ကမ်းက အဖေကြီးတို့ ဘဘကြီးတို့ လယ်တွေများ ပဲတွေကောင်းလိုက်တာနော်၊ ခရမ်းချဉ်ခင်းနဲ့ မြေပဲခင်းလည်း သန်စွမ်းတယ်၊ သမီးပြန်လာရင် "ဖရဲနဲ့ကျောက်ဖရုံ"

တွေ တိုးစိုက်ကြည့်မယ်၊ ခရမ်းချဉ်သီးက စက်ရုံပို့ဖို့ အဆင်ပြေသွားပြီ. . . နောက်ထပ်အသီးတိုးစိုက်ရမယ်၊ တရုတ်ဘက်က ဖရဲသီး အဝယ်လိုက်နေတော့. . . ဖရဲစိုက်ကြည့်ရမယ်၊ သမီး အသေအချာ လေ့လာခဲ့ပါမယ်. . ."

"သင်လို့ရသမျှ သင်ယူခဲ့ သမီး. . . ကိုယ့်မှာ စိုက်မကုန်တဲ့ မြေတွေရှိတယ်၊ အမေတို့ လုပ်နိုင်သမျှ လုပ်ကြတာပေါ့. . ."

"နောက်. . . အဆင်ပြေရင် ရိတ်စက်တွေ၊ ထွန်စက်တွေ၊ ပဲခွဲစက်တွေ၊ ဂွန်ဒေါင်းနောက်တွဲတွေနဲ့ ဝယ်ကြတာပေါ့အမေရာ၊ စက်နဲ့လုပ်တော့ အလုပ်တွင်ပြီး လုပ်သက်သာတာပေါ့. . ."

"ကွန်ဒေါင်းလောက်တော့. . . ဘာလုပ်ရမှာလဲသမီးရဲ့ အခု ပေါ်နေတဲ့ လိုက်ထရက်ဆိုလား၊ ဘာလား. . . အဲဒါ ဝယ်မှာပေါ့ သီးနှံတွေတင်ပြီး သွားရောင်းလို့ရအောင်လေ၊ သမီးကျောင်းပြီးရင် အမေ လယ်တွေထပ်ဝယ်ရမယ်၊ ငါ့သမီးသာ များများတတ်အောင် သင်ခဲ့ အဟင်း. . . ဟင်း. . . ဟင်း"

"စိတ်ချပါ အမေ. . . လယ်တွေတိုးပွားအောင်လုပ်ပြီး အမေတို့အဖေတို့ကို တိုက်နဲ့ကားနဲ့ ဟန်းဖုန်းနဲ့ထားဦးမှာ၊ အဖေကြီး တို့ကိုလည်း ဆိုင်းနဲ့ဝိုင်းနဲ့ အလှူပေးခိုင်းဦးမှာ၊ မောင်လေးတွေနဲ့ အမျိုးတွေကို ဆင်နဲ့ရှင်လောင်းလှည့်နိုင်အောင် နောက်တစ်ကြိမ် ထပ်လှူဦးမှာ. . ."

"ဟေး. . . ငါ့သမီးကြီး ဘာတွေလျှောက်နေတာလဲ. . ."

"အဖေပြန်လာပြီ. . . အဖေ ဒီချောင်းရေပြောနဲ့ ဗေဒါတွေ ကြောင့် သမီးတို့လယ်မြေတွေကောင်းလာတာ. . . နောက်ထပ်လည်း

ကောင်းအောင်ကြိုးစားပြီး. . . အလှူတွေပေးဦးမယ်လို့ အမေနဲ့ ပြောနေတာ. . ."

"ကိုလှရေ. . . ရှင်အားတင်းထား၊ ရှင့်သမီးက စက်တွေနဲ့ လယ်လုပ်ပြီး ကျုပ်တို့ကို တိုက်နဲ့ကားနဲ့ထားဦးမှာတဲ့တော့. . ."

"အဟား. . . ဟား. . . ဟား. . . ဟား ဟုတ်တာပေါ့. . . ငါ့သမီးကြီးဟာ၊ ကိုယ့်မိသားစုဆွေမျိုးတွေသာမက ကိုယ့်နိုင်ငံကိုပါ အကျိုးပြုမယ့် စိုက်ပျိုးရေးထူးချွန်ကျောင်းသူကြီးပဲကွ. . . ဖြစ်လာရမှာပေါ့. . ."

"အဟင်း. . . ဟင်း. . . ဟင်း သမီးကို ယုံကြည်တယ် မဟုတ်လား၊ အဖေတို့ အမေတို့ရယ်. . ."

"ယုံကြည်တာပေါ့ကွယ်. . . ယုံကြည်တာပေါ့၊ ငါ့တူမကြီးလို လူငယ်မျိုးတွေ တို့နိုင်ငံမှာ များများပေါ်ထွက်လာပါစေလို့သာ ဘဘအောင် ထပ်ဆုတောင်းပေးနေပါတယ်. . ."

"ဟော. . . ဘဘအောင်"

နောက်မှရောက်လာသော ဦးလေးအောင်ကပါ ထောက်ခံလိုက်သဖြင့် အားလုံး ပြုံးရွှင်စွာ ရယ်မောလိုက်ကြပါသည်။ သူတို့၏ ရယ်မောပျော်ရွှင်သံသည် ချောင်းရေပြာသို့ရိုက်ခတ်၍ ဗေဒါပင်လေးများပင် လန့်သွားသလားဟု ထိုးရိမ်သွားမိပါသည်။ နေလုံးနီနီက ရွာရိုပ်သို့မေးချိတ်နေပေပြီ။ နောက်တစ်နေ့အတွက် အားသစ်တွေစုဆောင်းရန် အနောက်ကျွန်းသို့ ကွန်းခိုနားတော့မည်ဖြစ်၏။

ဗေဒါဦးလည်း ချောင်းရေပြာနှင့် ပန်းဗေဒါတို့ကို နှုတ်ဆက်၍ တဲအိမ်သို့ပြန်ဝင်လာခဲ့သည်။ ရေသင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်း

သို့ ပြန်၍ ပြည်ပလေ့လာရေးခရီးစဉ်အတွက် စီစဉ်စရာရှိသည်များ စီစဉ်ရပေဦးမည်။ ရှည်ရှည်ချက်အပြည့်နှင့် ဖေဒါဦး၏မြေလှမ်းများက သွက်၍နေပါတော့သည်။ တစ်ခဏခွဲလိုက်ကြဦးစို့ ဖေဒါသခင်တို့ရေ. . . .။

* * * * *

## အခန်း (၁၄)

ခရီးတကာ့ခရီးတွင် ဇာတိမြေကို ပြန်ရသောခရီးလောက် အရသာရှိတာမရှိပေ။ ကိုယ့်မြေကိုယ့်ရေဟူသော အစွဲကြောင့် လူရောစိတ်ပါ လန်းဆန်းတက်ကြွနေခဲ့ရသည်။ လေယာဉ်ပေါ်မှ မြင်ရသော မှုန်ဝါးဝါးမြင်ကွင်းကား တဖြည်းဖြည်း ပီပြင်လာကြ၏။ ချမ်းမြေ့လှဘိခြင်း။ နှလုံး၌သိုမှီးလာခဲ့သော ပညာရပ်အတွေ့အကြုံများကို ဗေဒါပြီး အိတ်သွန်ဖာမှောက် သွန်ချရန် တာစူထားပါ၏။ စိမ်းလဲ့လဲ့ယိမ်းနွဲ့နေကြသော ကောင်ပင်ခင်းများကို မြင်နေရချေပြီ။ ကိုးလကြာ ပြည်ပခရီးသည် စပါးပင်တို့ဖူးပွင့်ရန် အားယူနေကြသည့်အချိန်သို့ ရောက်ရှိနေပေလိမ့်မည်။ တရုတ်နိုင်ငံ၏ စိုက်ကွင်းများနှင့်တော့ ကွာသေး၏။ အပင်ပုပြီး အသီးအခိုင်ပြည့်ဖြိုးသော သက်နုစပါးများ၏ အထွက်နှုန်းကား အံ့မခန်းပေ။

သက်တမ်းရက် (၆၀) ကျော်ဖြင့် တစ်ကေတင်း (၁၀၀) ကျော် ထွက်ရှိမည့် တရုတ်နိုင်ငံ "ဟိုင်နန်မှုရင်း" မျိုး မြေပဲအား ဆောင်းသီးနှံအဖြစ်စိုက်ပျိုးရန် အသေအချာလေ့လာခဲ့မှုများကို စိုက်ကွင်း၌ လက်တွေ့စမ်းသပ်ပြုလုပ်ရန် စိတ်စောနေသလို. . .၊ ဖရဲအမျိုးမျိုး၊ ဖရုံအမျိုးမျိုး၊ သခွား၊ သခွားမွှေး၊ ငရုတ်၊ ဘူး၊ ချဉ်ပေါင်၊ ခရမ်း၊ ခရမ်းချဉ်၊ ရုံးပတီ၊ ပြောင်းချို၊ ကန်စွန်း၊ မုန်ညင်း၊ မုန်လာ၊ ပင်စိမ်း၊ ကြက်ဟင်းခါး၊ ပဲတီ၊ မတ်ပဲ၊ ကုလားပဲများကို နည်းစနစ်ကျစွာ

မျိုးစေ့ကောင်းများဖြင့် စိုက်ပျိုးရန် အားကျခဲ့သော စိတ်များက ဗေဒါဦးတို့ လေ့လာရေးအဖွဲ့ဝင် ကျောင်းသားကျောင်းသူများ၏ နှလုံးသားဝယ် တက်ကြွစွာ ကိန်းအောင်းလာခဲ့ကြ၏။

လေယာဉ်ကွင်း၌ ကြိုဆိုနေသော ဆရာ၊ ဆရာမများ မိဘများကြား၌ ဗေဒါဦး၏မိခင် ဒေါ်သန်းရှင်ကား ဘွားဘွားကြီး ပြုံးရွှင်နေသည်။

"အမေ. . . အဖေရော မပါလာဘူးလား. . ."

"မပါဘူး သမီး. . .၊ ဘဘအောင်နဲ့ အလုပ်တွေရှိနေလို့ နေခဲ့တယ်. . .၊ ရွာကပဲ မျှော်နေမယ်တဲ့. . ."

"သည်ကနေ့ ချက်ချင်းပြန်လိုက်လို့ရမှာ မဟုတ်သေးဘူး. . . အမေ. . .၊ ကျောင်းမှာ တွေ့ဆုံပွဲရှိဦးမှာ. . .၊ သမီးကတော့ အမြေးပြန်ချင်လှပါပြီ. . .၊ ချက်ချင်းကို သီးနှံတွေစိုက်ပျိုးချင်လာပြီ အမေရဲ့. . ."

"ဖြစ်ရမှာပေါ့ သမီးရယ်. . . ဖြည်းဖြည်းပေါ့. . ."

"စပါးတွေကောင်းလား အမေရယ်. . ."

"ကောင်းတာပေါ့. . .၊ တို့ဆွေမျိုးအားလုံး စပါးတွေကောင်းကြပါရဲ့. . .၊ ဆောင်းသီးနှံအတွက် သမီးကို အားကိုးမျှော်နေကြလေရဲ့ကွယ်. . ."

"အို. . . သမီးကလည်းလေ. . . မျိုးစေ့တွေရော စိုက်ပျိုးရေးစာအုပ်တွေရော ဝယ်လာခဲ့တာ. . . တွေ့လား. . . အမေ၊ ရတနာတွေ"

"အဟင်းဟင်း. . . အေးပါကွယ်. . .၊ ဒါ ရတနာတွေပဲပေါ့"

အဓိပ္ပာယ်ပါသော အပြုံးများဖြင့် သားအမိနှစ်ယောက် ရယ်ရွှင်ပြုံးနေမိကြသည်။

"ရွာအတွက် အမေ သယ်သင့်သလောက် သယ်သွားနှင့်၊ သမီးလာလို့ရမှ အပြေးပြန်ခဲ့မယ် အမေ. . ."

"ကောင်းပြီ သမီး၊ သမီးရဲ့ မမသင်းတို့ကို ရတနာလက်ဆောင်တွေပါလာတဲ့အကြောင်း ပြောလိုက်မယ်. . ."

"ဟုတ်ကဲ့အမေ. . . ပြောထားနှင့်ပါ. . ."

"ရတနာတွေ သိမ်းဆည်းထားရမယ့် အဆောက်အဦးကို အဖေနဲ့ အဘအောင်တို့ ဆောက်လုပ်ထားကြလိမ့်မယ်ကွဲ့. . ."

"အို. . . ဝမ်းသာစရာကြီး. . . သမီးခွင့်ရတာနဲ့ ပြန်ခဲ့မယ်"

အတွေးဖြင့် ပျော်နေရှာသော သမီးကို ဒေါ်သန်းရှင်ကြည့်ကာ ပီတိဖြစ်နေ၏။ ဘဝတိုက်ပွဲကို အောင်မြင်စွာ ကျော်ဖြတ်နိုင်သော သမီးလေးကို များစွာကျေးဇူးတင် အားကိုးမိသည်။ သူ့ဘဘလေးအောင်သည် သူမအား မည်မျှမျှော်လင့်ထားကြောင်းကိုကား ဒေါ်သန်းရှင် မပြောမိ။ ရွာပြန်လာမှ သမီးသဘောထားကို မေးရပေဦးမည်။ ကိုလေးအောင်၏ သားကြီး အငယ်တန်း အင်ဂျင်နီယာသားကြီးနှင့် ဇေဒါဦးအား လက်ထပ်ပေးရန် ရည်မှန်းထားသည်ကို လူကြီးများက ထုတ်မပြောဝံ့။ ရည်မှန်းချက်ပန်းတိုင်နှင့် ကြိုးစားနေရှာသော သမီးမွန်အား အိမ်ထောင်ရေးဝဲဂယက်ထဲ မနစ်မျောစေချင်သေးပါ။ သမီးကညာ အခါမလင့်ဆိုထားသော်လည်း ဘွဲ့ကောင်းကောင်းရပြီး ကိုယ့်ရပ်ရွာနှင့် နိုင်ငံအတွက် အလုပ်အကျွေးပြုသူ နိုင်ငံ့သမီးမွန်အဖြစ် တက်ကြွစွာ လုပ်ကိုင်စေချင်သေး၏။

ဇေဒါဦး ပြန်လာမည့်ရက်ကို ဆွေမျိုးသားချင်းများ မျှော်နေကြသည်။ ပြည်ပအတွေ့အကြုံကိုလည်း အားလုံးနားထောင်နေချင်ကြပါသည်။ ဇေဒါဦးမှာ ကျောင်း၌ ဆွေးနွေးပွဲများပြုလုပ်ပြီးသော် ရွာသို့ အပြေးပြန်လာခဲ့၏။ တစ်ပတ်မျှသောခွင့်သည် ရွာသားများ

အတွက် တစ်နှစ်စာလောက် အားကိုးအားထားဖြစ်နိုင်သည်။ ပဲခူး ရထားဂိတ်တွင် ဆီးကြိုနေသော ဦးလေးအောင်က. . .

"ငါ့တူမကြီး ပေဒါဦးကို ဘဘအောင်က ခုလို ကားလေးနဲ့ ကြိုပို့ပေးချင်နေတာကြာပြီကွ. . .၊ အခုမှ ဆန္ဒပြည့်ဝတော့တယ်၊ ကဲ သမီးရဲ့ ရတနာထုပ်တွေ ကားပေါ်တင်ပေတော့. . ."

"ပေး. . . ပေး. . . အဖေ့ကို သမီးတက်တော့. . ."

"ဟုတ်ကဲ့. . . အဖေ ဒါ ဘဘအောင် အခုမှ ဝယ်ထားတဲ့ အိမ်စီးကားလေးလား၊ တန်ကျတာပေါ့. . . သမီးတို့ကပ်စီးရတော့မယ်. . ."

"အမလေးဗျာ. . . ကပ်စီးစရာမလိုပါဘူး. . .၊ ကျောင်းသားတွေကြိုပို့လုပ်ဖို့ကို ဝယ်ထားတာ. . .၊ သားကြီးရယ်. . . သားငယ်ရယ်. . . သမီးတို့ရယ်. . . ကျောင်းသွားကျောင်းပြန် မနှောင့်နှေးရအောင် ဘဘတမင်ဝယ်လိုက်တာ. . . ငါ့တူမကြီးရဲ့ ကျေးဇူးတွေ ရှိပါတယ်ကွယ်. . ."

"အာ. . . ဘဘကလည်း သမီးတို့ကသာ ဘဘတို့ကို ကျေးဇူးတင်ရမှာ. . .၊ အဖေ့ကို စက်အင်အားသုံးပြီး နွေနွေမိုးမိုး မောင်းပေးနေတာ. . . နည်းတဲ့ကျေးဇူးလား. . ."

"ကဲ. . . အပြန်အလှန်ကျေးဇူးသိတာ မင်္ဂလာရှိတာပေါ့ဗျာ၊ ဒီထက် ကျေးဇူးတင်ရမှာက လယ်ယာစိုက်ပျိုးရေးကို အားပေးတဲ့ နိုင်ငံကိုဗျ. . .၊ ကျုပ်တို့လယ်သမားတွေကို ငွေလည်းချေးတယ်. .၊ နည်းစနစ်တွေလည်း ပေးတယ်. . .၊ မျိုးသီးနှံတွေလည်း ဖြန့်ဝေပေးတယ်. . .၊ အဲသည်တော့ ကျုပ်တို့က သီးနှံအထွက်တိုးအောင် ကြိုးစားပြီး ကျေးဇူးပြန်ဆပ်ရမယ်လေ. . ."

"ဟုတ်ပါတယ်. . . ကိုတင်လှရယ်. . . ဟုတ်ပါတယ်. . .၊ ကျွန်တော်တို့ အခုဆို အထွက်နှုန်းကောင်းတဲ့ မျိုးစေ့တွေ သိုလှောင်ထားနိုင်ပြီ. . . မြေဩဇာမိုးပါ စိုက်နိုင်ပြီ. . .၊ ရွာသားတွေလည်း စိတ်ပါဝင်စားစွာ နည်းစနစ်သစ်ကို လိုက်လုပ်နိုင်ခဲ့ပြီပဲ၊ ကိုယ့်ရပ်ရွာလုံး အထွက်ကောင်းပြီး စီးပွားပြေလည်ရင် နိုင်ငံ့အတွက်လည်း တစ်တပ်တစ်အား ဖြစ်ပြီပေါ့. . ."

"သမီးရေ. . . အဖေတို့ ဆေးပေးခန်းနားမှာ စာကြည့်တိုက်လေးဆောက်ထားပြီးပြီ. . .၊ သမီးရဲ့ ရတနာထုပ်တွေ ထည့်ထားလို့ရပြီဗျာ. . ."

"အိုး. . . လှလိုက်တာ. . .၊ ပန်းပင်လေးတွေနဲ့ လှပသပ်ရပ်နေတာပဲ. . .၊ စာအုပ်တွေလည်း များသားပဲ. . .၊ ဝမ်းသာစရာကြီးအဖေရယ်. . . သမီးဝင်ကြည့်ဦးမယ်၊ လှပတဲ့မြင်ကွင်းပဲ. . ."

"ဟေး. . . ဗေဒါမ ပြန်လာပြီလားဟေ့. . .၊ အမလေးနိုင်ငံခြားပြန်မကြီးရယ်. . . လွမ်းလိုက်တာတော်. . ."

"ဗေဒါဦးရေ. . . ငါတို့ဖို့ ဘာလက်ဆောင်ပါသလဲဟေ့. . ."

"ဟုတ်တယ်ဟေ့. . . ပေး. . . ပေး. . . ပေးမှရမယ်. . ."

"ပါတယ်. . . ပါတယ်. . . အားလုံးအတွက် ရတနာလက်ဆောင်တွေပါတယ်. . .၊ မမတို့အတွက်တင်မဟုတ်ဘူး. . .၊ တစ်ရွာလုံး. . . တစ်ရပ်လုံးအတွက်. . . အဟင်း. . . ဟင်း. . . ဟင်း"

"အေး. . . အေး. . . ဟေး. . . ဒါမှပေါ့အေ. . ."

ဗေဒါဦး၏ ရတနာထုပ်များအား ကားပေါ်မှချကာ စာကြည့်တိုက်ထဲ မ သွင်းကြ၏။ စာကြည့်တိုက်မှူး မမသင်း၏ သမီး ယမုံဦးက တံဆိပ်ရိုက်၍ လက်ခံနေ၏။ စာကြည့်ကတ်ဖြင့် ဖတ်ရှုလိုသည့်

စာအုပ်များကို ညအိပ်ငှားယူနိုင်ကြောင်း စာကြည့်တိုက်၌ ဗီနိုင်း ဖြင့်ကပ်ထား၏။ ဟုတ်ပြီ။ ဖေဒါဦးလည်း ဆရာကြီးမြင်းမူမောင်နိုင်မိုး၏ ကဗျာတစ်ပုဒ်ကို ကြိုက်လွန်း၍ ဗီနိုင်းဖြင့် ကူးလာခဲ့သည်။

"ညီမလေးရေ. . . ဒါလေး. . . သည်နားမှာ ထပ်ကပ်ရအောင် ဟေ့. . .၊ စာအုပ်တွေကို မျိုးတူစုနဲ့ ခွဲထားရဲ့လားဟင်. . ."

"ညီမက စာကြည့်တိုက်အလုပ်ကို သိပ်မသိပါဘူး. . . မမရဲ့ အမေက လုပ်ပေးရမယ်ဆိုလို့သာ မမဖေဒါဦး ပြပေးလေ၊ ညီမလေး လုပ်ထားမှာပေါ့. . ."

"အေး. . . ဟုတ်ပြီ. . . နောက်နေ့ကျရင် မမလာလုပ် ပေးမယ်. . .၊ စင်လေးတွေ ထပ်ရိုက်ပြီး မျိုးတူစုတွေ ခွဲရမှာ. . .၊ သုတ၊ ရသ၊ စာစောင်၊ မဂ္ဂဇင်း၊ ဗုဒ္ဓစာပေစသည်ဖြင့်ပေါ့ကွယ်. . .၊ သီးခြားခွဲထားရမှာ. . .၊ စာအုပ်တွေမှာ နံပါတ်တွေတပ်ရမယ်ကွဲ့"

"ဟုတ်ကဲ့. . . မမ. . . အခု ကဗျာလေးချိတ်ဆွဲလိုက်ဦး မယ်နော်. . ."

"ဘယ်သူဖတ်ဖတ် ခွန်းထောက်ဌာနီ
ဘယ်သူသောက်သောက် ဝမ်းမြောက်ပါသည်
စာပေရေအေး တိုက်ကျွေးပါသည်
သဒ္ဒါဆန်း စာပန်းပွင့်ငုံချီ. . .။"

အနည်းငယ်ပြည့်စုံသွားသော စာကြည့်တိုက်ကလေးကို ဖေဒါဦး လမ်းမပေါ်မှ ပြန်၍ကြည့်နေမိသည်။ **"ပညာဘဏ်တိုက် စာကြည့်တိုက်" "ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့" "အလိမ္မာစာမှရ" "စာအုပ်စာပေလူ့မိတ်ဆွေ" "ပညာ အလင်းရောင် ဘဝတန်ဆောင်" "စာပေမြင့်မှ လူမျိုးတင့်မည်"**

စသည်ဖြင့် ဆောင်ပုဒ်များ ရေးကပ်ရပေဦးမည်။ တဖြည်းဖြည်းဖြင့် ပြီးပြည့်စုံသော တကြည့်တိုက်ကလေး ဖြစ်လာရန် ကြိုးပမ်းရပေမည်။ ရွာသူရွာသားများ ဗဟုသုတရှိစေရန် လုပ်ပေးချင်သည်မှာ ကြာခဲ့ပြီ. . .။ ရပ်ရွာပဒေသာအဖြစ် ရုံးဌာနလေးနှင့် လူတိုင်းအတွက် ပညာရေးကို ကြိုးစားရပေဦးမည်။

ယခုမှ ပြည့်ဝတော့၏။ မိမိဝယ်လာသော စိုက်ပျိုးရေးနည်းနာစာအုပ်များ၊ မွေးမြူရေးနည်းနာစာအုပ်များကို တစ်ခဏာဖတ်သည်ဖြစ်စေ အသိတစ်ခုတော့ရမှာ သေချာသည်။ ထိုအသိသည် ဘဝအတွက် အထောက်အကူဖြစ်စေမှာ အမှန်ဖြစ်၏။

"ကိုင်း. . . ငါ့တူမရေ တို့ရွာမှာ စာသင်ကျောင်းရော. . . စာကြည့်တိုက်ရော ဆေးပေးခန်းရော အားလုံးပြည့်စုံတဲ့ ရွာကြီးဖြစ်နေပြီ. . .၊ အယူသီးတဲ့ အဖေကြီးတွေကိုလည်း ခေတ်မီနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ လက်တွေ့ပြသပြောင်းလဲဖြစ်နိုင်ပြီ၊ ဒီတော့ ငါ့တူမလေးရွာအတွက် စိတ်အေးပေတော့. . .။ ကျောင်းပြီးတာနဲ့ ဘဝတစ်ခုကို တည်ထောင်တော့. . ."

"အာ. . . ဘဘအောင်ကလည်း ဘယ်မှာ ပြည့်စုံရဦးမှာလည်း . . .၊ နိုင်ငံတော်သမ္မတရဲ့ ဂုဏ်ထူးဆောင်လက်မှတ်တွေ ဘာတွေ ရအောင် ဘဘအောင်ရဲ့ လယ်တွေကို စိုက်ပျိုးထုတ်လုပ်ပေးရဦးမယ်လေ. . ."

"အလိုလေး. . . ဆုအထိမလိုပါဘူးကွယ်. . .၊ ကိုယ့်ရပ်ရွာက လယ်သမားတွေကိုသာ တိုးတက်အောင်လုပ်ပေးပါ၊ စပါးစိုက်လို့ တွက်ခြေမကိုက်ဘူးဆိုပြီး လယ်ယာမြေကို စွန့်ခွာပြီး အခြားမှာ ကျပန်းလုပ်ငန်းတွေ သွားလုပ်တာတို့၊ လယ်မြေတွေရောင်းချပြီး

လုပ်ငန်းပြောင်းတာတို့ မလုပ်ရင်ပဲ တော်ပါပြီ။ လယ်ယာထွက်ကုန်များကို နည်းလမ်းသစ်များ ရှာဖွေပြီး စိုက်ပျိုးကြဖို့သာ အားပေးပညာပေးကြအောင်ပါ. . ."

"ဒါပေါ့. . . ဘဘအောင်ရဲ့. . .၊ သမီးကလေ စွမ်းဆောင်ရှင်တွေလို လုပ်ငန်းပမာဏကြီးမားပေမယ့် တစ်နိုင်တစ်ပိုင် ပြေလည်လာဖို့ အစွမ်းကုန် ကူညီပေးမှာပါ. . .၊ စာတွေ့လက်တွေ့ နှစ်မျိုးလုံး ပညာပေးရင်းပေါ့. . ."

"အေး. . . ဟုတ်တယ် သမီး. . . ဘဘကူညီမယ်. . ."

ဦးလေးအောင် ဧဒါဦးကို ကြည့်၍ သဘောကျနှစ်လိုစွာ ပြုံးပြုံးကြီး ကတိပေးနေမိသည်။ ဧဒါ၏ သတ္တိ၊ ဧဒါ၏ဂုဏ်၊ ဧဒါ၏ဘဝတို့ကို ပိုမိုနားလည်လာတော့၏။ လှိုင်းဒဏ်၊ လေဒဏ်ကို သည်းခံနိုင်သော စွမ်းရည်က ဧဒါ၏ သတ္တိ၊ ချမ်းသာ ဆင်းရဲ၊ ဝမ်းနည်း၊ ဝမ်းသာ လောကဓံတရားကို သည်းခံနိုင်သော စွမ်းရည်က လူတော် လူကောင်းတို့ သတ္တိဖြစ်၏။ ဘဝ၏အခက်အခဲအကျပ်အတည်း၊ ခလုတ်၊ ကန်သင်းတွေဆိုသည်မှာ ရှိတတ်စမြဲမို့ ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ အားမာန်တို့ အပြည့်ရှိနေသင့်သည်မဟုတ်ပါလား. . .။ ထိုအားမာန်တို့သည် ဧဒါဦး၌ အပြည့်ရှိနေ၏။

ဤအရည်အချင်းများကို ဦးလေးအောင် သဘောကျ၏။ မိမိ၏ ဘဝသည်လည်း အောက်ခြေမှစခဲ့ရ၍ မိမိလို ရိုးသားကြိုးစားသူများကို အားပေးချစ်ခင်နှစ်သက်သည်။ မိမိ၏ သားကြီးပြုရသည် ဘဝကို လေးနက်စွာမသိ။ ငွေကို လွယ်လွယ်ရ လွယ်လွယ်သုံး၏။ ပေ့ပ်ငန်းကို စိတ်မဝင်စားချေ။ အမေ အဖေရှိလျှင်

ငွေရှိသည်ဆိုသည့် အစားထဲက ဖြစ်နေသည်။ ဘဝနောင်ရေး အတွက် စိတ်မအေးရ။ မသိသူကို သိသူနှင့် လက်တွဲခေါ်ယူရမည်။

အစစအရာရာ တတ်သိနားလည်အောင် ကြိုးစားသင်ကြား နေသူ ပေဒါဦးလို ကလေးမျိုး ဖြစ်စေချင်သည်။ ဘဝကို အလေး အနက်ထား၍ အတ္တနှင့် ပရညီမျှစွာ စဉ်းစားမျှော်မြင်တတ်သူ လူငယ်သည် မိမိရပ်ရွာအတွက်သာမက နိုင်ငံအတွက်ပါ အရေး ပါသည့် သားကောင်းရတနာအဖြစ် ဦးလေးအောင် အားကိုးချစ်ခင် ရပါသည်။

* * * * *

## အခန်း (၁၅)

အချိန်ရထားကြီးသည် လျင်မြန်သော အဟုန်ဖြင့် ခုတ်မောင်းနေ၏။ အတိတ်ပောင်းတို့က တရိပ်ရိပ်ကျန်ခဲ့ကြသလို အရိပ်သစ်တို့ကား တောက်ပစွာ ထင်ဟပ်နေကြ၏။ နေမင်းနှင့် လယ်ခင်းများအကြား မိုးတိမ်လွှာတို့က အံ့တခါ သာတလှည့် အပြိုင်အဆိုင် နယ်ချဲ့နေကြ၏။ ဤသို့သော မပူမအေးရာသီဥတုကို ပေါ်ဦး အလွန်နှစ်သက်၏။ မိုးတိမ်လွှာဖြူဖြူများအောက်မှ တမျှော်တခေါ်ကြီး ရွှေဝါရောင်တောက်နေသည့် ပဲနှင့်မြေပဲစိုက်ခင်းများ အစိမ်းရောင်ကျောက်စိမ်း ကျောကြီးတွင် ပတ္တမြားခဲကြီးများ တင်ထားသလို နီရဲနေသည့် ထိုင်ဝမ်ခရမ်းချဉ်သီးကြီးများ၊ အတုံးအရုံးအနားယူအိပ်မောကျနေသော ဖရဲနှင့် ကျောက်ဖရုံသီးကြီးများ၊ ခေါင်းမော့ရင်ကော့စွာ ငွားငွားစွင့်နေသော နေကြာပန်းခင်းကြီးများကဆေးခြယ်ထားသော ပန်းချီကားကြီးပမာ ကြည့်ကောင်းလှ၏။ ခင်တန်းကုန်းလယ်များမှာ ဆောင်းရာသီ သီးထပ်များအောင်မြင်သလို ရေနက်ဘက်လယ်နိမ့်များက နွေစပါးများအောင်မြင်ဖြစ်ထွန်းနေကြပေပြီ။ တစ်ရွာလုံးလည်း ခေတ်မီဖွံ့ဖြိုးလာနေပြီဖြစ်၏။ စီးပွားပြေလည်ပါက ဘာမဆိုသုံးစွဲနိုင်၊ ခေတ်မီမီနေထိုင်နိုင်ကြသည်။

ကိုယ်ပိုင်လိုင်းကားများ၊ ဈေးဆိုင်ကြီးများ၊ တီဗီ၊ ဗီစီဒီ၊ ဒီဗီဒီ၊ ကွန်ပျူတာ၊ အင်တာနက်၊ စကိုင်းနက် စသည်ဖြင့် အိမ်အတော်

များများ၌ တပ်ဆင်နိုင်ကြပေပြီ။ ကမ္ဘာကြီးကို မိမိတို့အိမ်ထဲထည့်ထားနိုင်မှတော့ ရွာသူရွာသားများ ကမ္ဘာနှင့်ယှဉ်၍ တိုးတက်လာနိုင်ဖွယ်ရှိပြီဟု ကျေနပ်နေမိသည်။ ရပ်ရွာအတွက် ဘုံဖက်အထက်တန်းကျောင်း၊ မီဒီယာ၊ ကွန်ပျူတာ၊ ကျေးလက်ဆေးပေးခန်း၊ စာကြည့်တိုက်နှင့်ရပ်ရွာပဒေသာဌာန၊ အားကစားကွင်း၊ ကားဂိတ်၊ ဆိုင်ကယ်ဂိတ်၊ စတိုးဆိုင်ကြီးများ၊ ကုန်စုံဆိုင်ကြီးများ၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ မိုဝ်သာစခန်း၊ ရွှေရောင်တောက်နေသောရွာဦးစေတီ၊ ဘိုးဘွားပိုင်ဖြင့် ဆောက်လုပ်ထားသော ကွန်ကရစ်တံတားကြီးနှစ်စင်း၊ စိုက်ပျိုးရေးသုံးဆေးဆိုင်များ၊ ဓာတ်မြေဩဇာဆိုင်များ၊ ရွာအဝင်၌ စားသောက်ဆိုင်များပါ ဖွင့်လာ၍ ရောင်းဝယ်ဖောက်ကားစည်ကားသော ရွာကြီးဖြစ်နေပေသည်။ ရွှေက မြို့၌သာရရှိနိုင်သော အရာအားလုံး ယခုတော့ရွာ၌ အလွယ်တကူ ဝယ်ယူနိုင်ပေပြီ။ လိုလေသေးမရှိ ပြည့်စုံလာသော လူမှုဘဝများ၏ အခြေခံမှာ လယ်ယာမြေတိုးတက်ဖြစ်ထွန်းလာသောကြောင့်ဟု ဗေဒါဦး ယုံကြည်သည်။ စက်မှုလယ်ယာလုံးလုံးဖြစ်သွားပါက ပို၍ တိုးတက်နိုင်၏။ ခေတ်၏စိန်ခေါ်မှုနောက်သို့ ရှေ့ထုံးပယ်၍ ရောက်သင့်သလောက် ရောက်လာကြသည်ကို ဗေဒါဦး ကျေနပ်နေမိသည်။

မိမိဆွဲခေါ်၍ဟု ကိုယ်ကောင်းမပြောလို။. . . အားလုံး၏ဉာဏ်မျက်စိကို ဖွင့်ပေးနိုင်၍သာဟု ပြောချင်သည်။ **စာပေတတ်မြောက်လာကြလျှင် ဉာဏ်ပညာမျက်စိတ အလိုလိုပွင့်လာကြမည်ပင်။ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံပီပီ လယ်ယာမြေကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဘဝအရေး စိတ်အေးရကြောင်းကို လူတိုင်းသိစေချင်ပါသည်။ "ဆီကိုရေချိူ ဆေးမှိုမီးလှူ၊ စုပါးတောင်လိုပုံ" သော ခေတ်ကို ပြန်ရောက်မည်မှာ မလွဲပေ။**

"ဟေး. . . စိုက်ပျိုးရေးမန်နေဂျာမကြီး ဒေါ်ဖေဒါဦးရေ. . . ဒါ ရုံးသွားမလို့ပေါ့လေ. . .၊ ဆိုင်ကယ်ကြီးနဲ့ ရုံးတက်မနေပါနဲ့ဟာ၊ ကားလေးတစ်စီးလောက် ဝယ်စီးပါဟာ၊ ကိုယ့်ကားလေးကိုယ်မောင်းပြီး ရုံးတက်ပေါ့၊ ဒါမှမဟုတ် နင့်ယောက္ခမလောင်းကြီးကို ဝယ်ခိုင်း"

"အဟင်း ဟင်း. . . ဖေဒါဦးဆိုတာ ကိုယ့်အားကိုယ်ကိုးပြီး အများအတွက် လမ်းပြပေးသူဆိုတာ. . . ဦးလေးစိန်လှ မေ့သွားပြီလား. . ."

"အဟေး ဟေး ဟေး မမေ့ပါဘူးဗျာ. . . မမေ့ပါဘူး. . .၊ ငါ့တူမကြီးအကြောင်း ကောင်းကောင်းသိပါတယ်. . .၊ ဟား ဟား"

တဟားဟားရယ်၍ စနောက်ပြီး လယ်ထဲသွားသော ဦးလေးကို ကျေနပ်စွာကြည့်နေမိသည်။ လှေကလေးလှော်၍ ဘဲကျောင်း၊ လယ်ထဲသွားနေရသော ဦးလေးက ယခုမော်တော်စက်လေးမောင်း၍ လယ်ထဲသွားနိုင်နေပေပြီ။ ဥညြသံနွဲ့နွဲ့က ကျေးရင်သာမောစွာ မြည်နေ၏။ ဖေဒါဦး ကြည်နူးနှစ်သက်စွာ ရွာရှုခင်းကို ငေးမောကြည့်ပြီး အားရမှ ဆိုင်ကယ်စက်နှိုးကာ မြို့နယ်ရုံးသို့ ထွက်ခဲ့၏။ ဒါ သူမ၏ နေ့စဉ်အလုပ်ဖြစ်သည်။ အရိပ်တကြည့်ကြည့် ကျေနပ်ခဲ့ရသော မိဘဆွေမျိုးများ၏ တိုးတက်မှုကို ဖေဒါဦး နှလုံးသားမှာ တစိမ့်စိမ့် ပီတိဝေနေသည်။

လမ်းပွင့်လာသောနိုင်ငံ၏ ပြောင်းလဲမှုနှင့်အတူ နိုင်ငံသားတိုင်း နိုင်ငံ၏ ရေမြေတိုင်း တိုးတက်ပြောင်းလဲလာကြပါစေဟု ဆုတောင်းရင်း လတ်ဆတ်အေးမြသောလေကို တဝကြီး ရှူရှိုက်လိုက်မိသည်။ တာလမ်းဘေးချောင်းထဲမှ ဖေဒါသခင်များက နီလာရောင်ပန်းခိုင်များ ဝေဆာစွာဖြင့် နှုတ်ဆက်ကျီစယ်နေကြသည်မှာ လှပလွန်းလှ

ပေသည်။ မိမိမက်ခဲ့ရသောအိပ်မက်များ ရုပ်လုံးပေါ်စပြုလာပြီဖြစ်၍ ပေဒါဦး ကြိုးစားရကျိုးနပ်လေသည်။ ရှေ့ဆက်လည်း ကြိုးစားရဦးမည့်အရေးကို အတွေးဖြင့် ပျော်နေမိပါတော့သည်။

"မြေဆီကို အတန်မြည်းကာပ
မြေသီးကို နာနာခဲပါလို့
ရဲတော့မည့်ဟန်ကို ဆင်လိုက်ပေါ့
ချာန်ခင်သူ ချာန်ကစားသလိုပေါ့
မြေခင်သူ မြေမှာ တွားကာဖြင့်
အားသစ်မယ်လေး. . ." ဟူသော ဆရာကြီး ဇော်ဂျီ၏ 'တိမ်လွှာကဗျာ' တစ်ပိုင်းတစ်စကို ရင်တွင်းမှရွတ်ဖတ်ရင်း မြို့နယ်စိုက်ပျိုးရေးရုံးသို့ ဆက်ထွက်လာခဲ့ပါသည်။

* * * * *

# ကိုးငြမ်း


- Agriculture (U Hla Maung)
- လယ်ယာစိုက်ပျိုးရေးပညာရေးစာစောင်
- ဒို့ကျေးရွာဂျာနယ်များ
- မြန်မာ့အလင်းသတင်းစာမှ  သမ္မတမိန့်ခွန်းများ
- သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက် (ဖြန့်ဝေစာစောင်)
- နိဗ္ဗာန်ကျေးရွာ၊ ဆင်ဖြူတော်သမိုင်း (ကြခတ်ဝိုင်းဆရာတော်)

၂၀၁၃ ခုနှစ် ပန်ဂ္ဂျူဦးဖြဲ့ဆေးတည်ဆောင်သော ပန်ဂ္ဂျူဆုရာပေဆု
ဝတ္ထုရှည် တတိယဆု

# တိမ်လွှာအောက်မှ စိမ်းလန်းသည့်မြေ



နန္ဒာခင် (ပဲခူးလမ္ဘ)

အဖ ဦးချစ်မြင့်၊ အမိ ဒေါ်စိန်တို့မှ ၁၉၆၀ ခုနှစ်၊ ဧပြီလတွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သဏ္ဍာလမြို့တွင် မွေးဖွားခဲ့သည်။

၁၉၈၁ ခုနှစ်မှစ၍ မြဝတီမဂ္ဂဇင်း၊ မဂ်လာဆောင်ဖယ်၊ ပညာတန်ဆောင်နှင့် ရှာနယ် မဂ္ဂဇင်းများတွင် စာပေရေးသားခဲ့သည်။

ပညာတန်ဆောင်စာပေပြိုင်ပွဲတွင် ဆုလေးကြိမ်၊ မှုယမ်းဆေးဝါး တိုက်ဖျက်ရေးရေး စာပေပြိုင်ပွဲတွင် ဆုရှစ်ကြိမ်၊ တပ်မတော် စာပေပြိုင်ပွဲတွင် ဆုနှစ်ကြိမ်၊ အမျိုးသား ဆောင်ပုဒ် စာပေပြိုင်ပွဲတွင်တစ်ဆု၊ စာပေဗိမာန် စာမူပြိုင်ပွဲတွင် ဆုသုံးဆု၊ ပန်ဂ္ဂျူ ဦးဖြဲ့ဆေး စာပေပြိုင်ပွဲတွင် ဆုသုံးဆု၊ ကမ္ဘာ့ဆေးရာမှုများနေ့ စာပေပြိုင်ပွဲတွင် ဆောင်းပါး ပထမဆု၊ SEA Games အကြို စာပေပြိုင်ပွဲတွင် နှစ်သိမ့်ဆု၊ တရုတ်-မြန်မာ ချစ်ကြည်ရေး ကဗျာဆု၊ သန့်ရှင်းစင်ကြယ်၊ လူကုန်ကူးမှု စာပေပြိုင်ပွဲတို့တွင် ဝတ္ထုတိုဆုများနှင့်စုပေါင်း ၂၅ ဆု ရရှိခဲ့သည်။ စာအုပ်ရှစ်အုပ် ထုတ်ဝေခဲ့ပြီး စာမူအရေအတွက်ပေါင်း ၅၀၀ ကျော် ရေးသားခဲ့ပြီးဖြစ်သည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သဏ္ဍာလမြို့တွင် အလယ်တန်းပြ ဆရာမ အဖြစ် တာဝန်ထမ်းဆောင်ရင်း စာပေများကို ဆက်လက်ရေးသားလျက်ရှိပါသည်။

အမည်ရင်း၊ ဒေါ်ခင်အုန်းမြင့် ဖြစ်သည်။

နေရပ်လိပ်စာ- ၆/၁၁၃၊ ရပ်ကွက် (၂)လမ်း၊ မြို့မရပ်၊ သဏ္ဍာလမြို့၊
ပဲခူးတိုင်းဒေသကြီး။

စာပေဗိမာန် ?
12435
Ks 700